ကိုဘုန်းဝေ

ခြင်္သေ့အို နှင့် ကျားသစ်များ



တို တာ ဝန် အ ရေး သုံး ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်ခြင်ရေး ဒို့အရေး

ပြည် သူ သ ဘော ထား

- ပြည်ပအားကိုးမဝိန်းကိုး အဓိပ္ပာယ်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံထော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင် ငံ ရေး ဦး တည် ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- နိုင်ငံသားညီမျှခွင့်ပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

စီး ပွား ရေး ဦး တည် ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများစိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်နှင့် စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူ မှု ရေး ဦး တည် ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၂၁၀၂၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၈၀၀၆၁၂
ပထမအကြိမ် – ၂၀၁၂ နိုဝင်ဘာလ
အုပ်ရေ – ၅၀၀
မျက်နှာဖုံးဒီဇိုင်း – ဇင်မင်း (လ–တ–စ)
အတွင်းဖလင် – ကိုဦး
တန်းဖိုး – ၁၅၀၀/–
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးကျော်ညွန့် (လမင်းပုံနှိပ်တိုက်) (၈၆၃၄)
အမှတ်– ၂၈ရ၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ထုတ်ဝေသူ
သင်းစာပေ
ဒေါ်သင်းသင်းမွန် (မြ)၁၄၂၃၂၂
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကိုဘုန်းဝေ
ခြင်္သေ့ဘိုနှင့်ကျားသစ်များ
သင်းစာပေ၊ ဒေါ်သင်းသင်းမွန်
၃၃၀–စာ၊ ၁၃ × ၂၀စင်တီ၊
ခြင်္သေ့ဘိုနှင့်ကျားသစ်များ

CIP ၈၉၅.၈၃

ခြင်္သေ့ဘိုနှင့်ကျားသစ်များ

ကိုဘုန်းဝေ

ဖြန့်ချိရေး
ငြိမ်းနိုင်စာပေ
သုဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း– ၀၁–၅၅၁၆၄၂

အမှာစာ

ဤစာအုပ်သည် စာဖတ်ပရိသတ်များအား ဖတ်ရှု ကောင်းမွန်ဧရန်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် အဖွဲ့အနွဲ့ အကွန့်အမြူးများကို ဦးစားပေးရေးသားထားသည့် စာအုပ်တစ်အုပ် မဟုတ်လေဘဲ အကြောင်းအရာကိုသာ အခြေခံ၍ စကားပြောများမှအစ မူလဘူတအတိုင်း အလျှော့အတင်း အချဲ့အကားမရှိလေဘဲ သဘာဝကျကျ၊ ရေးသားထားသည့် စာအုပ်ဖြစ်ခြင်းကြောင့် စာဖတ်ပရိသတ်များအား ထူခြားသည့်ရသတစ်မျိုး ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ...

လေးစားစွာဖြင့်
ကိုတုန်းဝေ
၃၀. ၈. ၂၀၁၁

ကျေးဇူးတင်မှတ်တမ်း

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှ အားပေးကူညီပံ့ပိုးပေးသော ဦးဘကျော်လမ်း၊ တာမွေလေးနေ အစ်မကြီး ဒေါ်ခင်မေမေအေး (ကမ္ဘာကျော်ကားဆားဗစ်) မိသားစုအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရေးသူ

အခန်း(၁)

ကျွန်တော်သည် (အဘ) ဆရာကြီးဦးရွှေဂန်နှင့် ပတ်သက်သည့် ထူးဆန်းသည့် အကြောင်းအရာများအား ဝတ္ထုအဖြစ် အတော်များများ ရေးသားခဲ့ပြီးဖြစ်၏။ သို့သော် ဝတ္ထုတိုကလေးများဖြစ်နေသည့်အတွက် ကောင်းစွာအရာမထင်ခဲ့ချေ။ ဆရာကြီး ဦးရွှေဂန်၏အကြောင်းချင်းရာများသည် ဝတ္ထုတိုကလေးများအဖြစ် မတူမတန် ရေးသားနေခြင်းင့ာ မည်သို့မျှမသင့်လျော်ကြောင်း နားလည်လာသည့်အတွက် ယခုကဲ့သို့ ကျွန်တော် ဝတ္ထုရှည်ကြီးအဖြစ် ကောင်းစွာရေးသားဖော်ပြလိုက်ရခြင်းဖြစ်သည်။

ကျွန်တော်သည် (အဘ)ဆရာကြီး ဦးရွှေဂန်နှင့် မြေးအဘိုး

တိုသော်လည်း ဆရာကြီး ဦးရွှေဂန်ကား စိတ်ရှည်သူပီပီအသက်လည်း များစွာရှည်လေ၏။ အသက်ခြောက်ဆယ်နှင့် ကွယ်လွန်သွားသည့် အဘိုးနေရာတွင် ကျွန်တော်တို့ မိသားစုအတွက် ဆရာကြီး ဦးရွှေဂန်မှ ဆက်ခံခဲ့သည်ဟုဆိုလျှင် မမှားနိုင်ချေ။ ကျွန်တော့်အမေကြီး (အဘွား) ဒေါ်ဆင်မယ်သည် ဆရာကြီး ဦးရွှေဂန်နှင့် မောင်နှမဝမ်းကွဲ တော်နေသည့်အတွက်လည်း မည်သည့်သံသယမျှ ဝင်ရန်မရှိပေ။

ကျွန်တော် ရှင်လူထွက်လာသည့်အခါ၌ ကျောင်းဆက် မတက်ဘဲ တောလိုက်နေခြင်းကြောင့် ဆရာကြီးမှ အကြိမ်ကြိမ် တားမြစ်ခဲ့ဖူး၏။ ကျွန်တော်ကလည်း ကျွန်တော်ပင်။ လုံးဝ နားမထောင်ခဲ့ချေ။ တောတွင်း လှည့်လည်သွားလာနေရသည်ကို အလွန်ဝါသနာကြီး လှသောကြောင့် ဖြစ်၏။ ဆရာကြီးသည် နောက်ဆုံး ကျွန်တော့်အား ခေါင်းတဆတ်ဆတ် လုပ်၍ အထူးတလည် မတားမြစ်တော့ချေ။ သူ့ပညာရပ်များအား ကျွန်တော့်သင်ကြားပေးရန် ကြိုးစားပြန်၏။

ကျွန်တော်သည် တောလိုက်ခြင်း၊ စာအုပ်ဖတ်ခြင်းများ လောက်သာ စိတ်ဝင်စားလေရကား သူ့ပညာရပ်များအား စိတ်ဝင် စားသည့် ကျွန်တော့်ညီအစ်ကိုဝမ်းကွဲ မျိုးမြင့်အား အသေအချာ သင်ကြားပေးခဲ့လေ၏။ မျိုးမြင့်မှာ ဆရာကြီး၏ ပညာရပ်များ ကျွန်တော့် ထက်များစွာ တတ်မြောက်ခဲ့ရလေသည်။ ကျွန်တော်ကတော့ စာအုပ်

ကဲ့သို့ အလွန်ချစ်ခင် ကျမ်းဝင်ခဲ့သော လူတစ်ယောက်ဖြစ်ခဲ့ရကား ကျွန်တော့်ကိုယ် ကျွန်တော်လည်း ယခုအချိန်တွင် များစွာကျေနပ်ခဲ့ ရလေသည်။ ဆရာကြီးနှင့် ကျွန်တော်ကား အနှစ်နှစ်ဆယ်လောက်မျှ ဆရာတပည့် အဖြစ်နှင့်သော်လည်းကောင်း၊ မြေးအဖိုးအဖြစ်နှင့်သော် လည်းကောင်း အတူယှဉ်တွဲ နေထိုင်ခွင့်ရခဲ့လေသည်။

ဆရာကြီးသည် ကွယ်လွန်သူ ကျွန်တော့်အဘ(အမေ့၏အဖေ) နှင့် ကျောင်းနေဖက်၊ ပညာသင်ဖက်သူငယ်ချင်းများဖြစ်ခြင်းကြောင့် ကျွန်တော်တို့မိသားစုအတွင်းသို့ ကျွန်တော် လူမဖြစ်ခင်ကတည်းကပင် ဦးစွာ ထဲထဲဝင်ဝင်ရောက်ရှိနေသည့် ဆရာကြီးဖြစ်သည်။ ကျွန်တော် ငါးနှစ်သားအရွယ်ရောက်သည့်အခါတွင် ကျွန်တော်သည် (အဘိုး) အဘနှစ်ယောက်ဟူ၍ ကလေးတို့၏ ဘာသာဘာဝ ထင်မှတ်နေခဲ့၏။

ကျွန်တော့် (အဘိုး) အဘရင်း ကွယ်လွန်သူ ဦးဆွယ်မောင်အား (အဘိုး) အဘရင်း မမှတ်လေဘဲ ဆရာကြီးအား ကျွန်တော့်အဘရင်း ဟူ၍လည်း မှားယွင်းစွာ ထင်မှတ်ခဲ့ဖူး၏။ ကျွန်တော် (အဘိုး) အဘ ဦးဆွယ်မောင်ထက် ဆရာကြီး ဦးရွှေဂန်မှ ပို၍သဘောကောင်း ပို၍စိတ်ရှည်သောကြောင့် ဖြစ်၏။

ကျွန်တော့်အဘကား ဆရာကြီး ဦးရွှေဂန်ကဲ့သို့ မဟုတ်။ စိတ်တိုတတ်သူဖြစ်၏။ ကျွန်တော့် အဘကား စိတ်တိုတတ်၍ အသက်

ဖတ်၊ တောလိုက်ရင်းနဲ့သာ အချိန်တို့များစွာ ကုန်ခဲ့ရတ်။

ဆရာကြီးသည် ကျွန်တော့်အား လွန်စွာချစ်ခင် သံယောဇဉ်ရှိခြင်းကြောင့် ကျွန်တော်နှင့်ပတ်သက်၍ ရည်ရွယ်ချက် တစ်စုံတစ်ရာ ရှိနေကြောင်း ကျွန်တော် နားမလည်ခဲ့သေးပေ။ ဆရာကြီးက ကျွန်တော့် အဘအား မမေးမြန်းဘဲ တွက်ချက်ကြည့်ဖူး၏။ ''အင်း ... မင်းက အဂိသား၊ ရာဇဖွားပဲ။ နှယ်နှယ်ရရကောင်တော့ မဟုတ်ဘူး ဒါကြောင့် ငါ့ပညာရပ်တွေထက် စာအုပ်စာပေတွေကို ပိုစိတ်ဝင်စားနေတာပဲ ကောင်းပါတယ် ကောင်းပါတယ်'' ဟူ၍ဖြစ်၏။ ထို့ထက်လည်း ဆရာကြီးမှ ပို၍ဟောကိန်းမထုတ်ပေ။ ကျွန်တော်ကလည်း မမေးမိပေ။ ဆရာကြီးသည် စကားအား လိုအပ်သည်ထက် ပိုပြော၍မရှိသကဲ့သို့ ကြိုပြော၍လည်း မရှိပေ။

ကျွန်တော်ကလည်း ပညာရပ်ဆိုသည်များထက် စာအကြောင်းပေအကြောင်းကိုသာ ပို၍မေးမြန်းလေ့ရှိ၏။ လယ်တီဆရာတော်ကြီး၏ အကြောင်းအား ပြောပြတတ်၏။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးအကြောင်း၊ အချုပ်တန်း ဆရာဖေအကြောင်း၊ နန်းတော်ရှေ့ဆရာတင်အကြောင်း၊ ဆရာကြီး ဦးဖိုးကျားနှင့် ဆရာကြီးပီမိုးနင်း စသူတို့၏အကြောင်းများအား ပြောပြတတ်၏။ အလွန်လည်း နားထောင်ကောင်းလှပေသည်။

စာပေအကြောင်းအရာများအား ပြောဆိုသည်၌သာ နားထောင်

ကောင်းသည် မဟုတ်သေး။ သူ အသက်သုံးဆယ်ခန့်က တရုတ်ပြည်နှင့် တိဗက်ပြည်သို့ သူငယ်ချင်းတစ်ယောက်နှင့် စွန့်စားထွက်ခွာသွားရောက်ခဲ့ပုံများအား ပြောပြသည့်အခါ၌လည်း တစ်ထောင့်တစ်ညပုံပြင်က ရှုံးလောက်၏။ လွန်စွာစိတ်ဝင်စားဖွယ်၊ အားကျဖွယ်၊ ထိတ်လန့် တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

ဆရာကြီး၏ ဉာဏ်ရည်ဉာဏ်သွေးအား သူလုပ်ဆောင်ချက်များနှင့် စာအုပ်စာပေ စိတ်ဝင်စားသည့် ကျွန်တော်မေးခွန်းများဖြေသည်ကို ထောက်၍ သိရ၏။ ဆရာကြီး၏ သတ္တိ၊ ဗျတ္တိ၊ ဇွဲလုံ့လကိုမူကား မြန်မာပြည် အရပ်ရပ်တွင်သာမက တိုင်းတစ်ပါးသို့ ထိုးဖောက်သွားလာဖူးသည်ကို ထောက်၍သိရ၏။ ကျွန်တော် လေ့လာမိသလောက် အကြမ်းဖျင်းအားဖြင့် ကောင်းခြင်းသုံးမျိုးရှိကြောင်း တွေ့ရ၏။ ဉာဏ်ရည် ဉာဏ်သွေးကောင်းခြင်း၊ စေတနာကောင်းခြင်း၊ သတ္တိကောင်းခြင်းတို့ ဖြစ်၏။

ကျွန်တော်က ဆရာကြီးအားကြည့်၍ ထိုသို့လေးစားအားကျဝေဖန်သော်လည်း ကျွန်တော့်ကိုတော့မူ မည်သည့်အကောင်စားဟူ၍ တစ်ကြိမ်တစ်ခါ တစ်လုံးတစ်ပါဒမျှ မဝေဖန်ဘူးပေ။ ကျွန်တော် စာဖတ်ဝါသနာပါသည်ကိုသာကြည့်၍ ဝေဖန်သကဲ့သို့ ခေါင်းတဆတ်တတ် လုပ်ခဲ့ဖူး၏။ ထို့ကြောင့် ဆရာကြီးသည် ကျွန်တော့်အား မည်သည့်

ဂုဏ်သတ္တိကြောင့် ချစ်ခင်သံယောဇဉ်ရှိနေသည် ဟူ၍တော့ ကျွန်တော့် တို့ယ်ကျွန်တော် မသိခဲ့ပေ။ ချစ်သည်ကတော့ အလွန်ချစ်၏။

ထူးခြားသည့် ကိစ္စတစ်ခုခု ပြုလုပ်တော့မည်ဆိုလျှင် ကျွန်တော့်အား ခိုင်းစေလေ့၊ အသိပေးလေ့ရှိ၏။ ကျွန်တော်သည် ဆရာကြီး၏ ထူးခြားသည့် အစွမ်းသတ္တိအား နဖူးတွေ့ ဒူးတွေ့စတင် သိခွင့်ရခဲ့သည်မှာ အသက်ဆယ့်ခြောက်နှစ်ခန့်က ဖြစ်၏။ ဤကိစ္စအတွက် ဆရာကြီးသည် လူငယ်ဖြစ်သည့် ကျွန်တော့်၏ စိတ်ဓာတ်နှင့် သတ္တိအားလည်း စမ်းသပ်ခြင်း ဖြစ်ဟန်တူ၏။

ကျွန်တော်ကတော့ ဘာမျှ မသိခဲ့ပေ။ ဆရာကြီးခိုင်းလျှင် လုပ်ပေး၏။ ဆရာကြီးခေါ်လျှင် လိုက်၏။ ဆရာကြီးလွှတ်လျှင် သွား၏။ ကျွန်တော်သည် ဆရာကြီးခိုင်းသည့်ကိစ္စအား အဘလည်းဖြစ်၊ ဆရာကြီးလည်း ဖြစ်နေခြင်းကြောင့် စနေ၊ အဂါရွေးလေ့မရှိပေ။ လက်တွေ့ကျကျ လုပ်ပေးလေ့ရှိ၏။

ကျွန်တော် ဆယ့်ခြောက်နှစ်သားအရွယ်ခန့်၌ ကျွန်တော့် ဦးသားစုတွင် ပြဿနာတစ်ခု ကြုံလာရ၏။ ထိုပြဿနာကား ကျွန်တော်တို့ စိုက်ပျိုးကြဲချထားသည့် ပြောင်းဖူးခင်းအား ညစဉ်ညတိုင်း အခိုးခံနေခြင်းဖြစ်၏။ ကျွန်တော့်အဖေနှင့်အမေသည် ထိုပြောင်းဖူးခင်းအား ညှော်ရွယ်ချက်ရှိရှိနှင့် စိုက်ပျိုးထားခြင်း ဖြစ်၏။ ထိုပြောင်းဖူးခင်းအတွက်

ငွေကုန်ကြေးကျလည်း ခံခဲ့၏။ လုံ့လ၊ ဝီရိယလည်း စိုက် ထုတ်ကြ၏။ သုံးလလောက်မျှ ဂရုတစိုက်လည်း စောင့်ရှောက်ကြ၏။

ထိုသို့ အဖက်ဖက်မှ ကြိုးစားအားထုတ်မှုကြောင့်ပင် ကျွန်တော်တို့ ပြောင်းဖူးခင်းသည် အခြားသူများ၏ ပြောင်းဖူးခင်းများထက် အဆပေါင်းများစွာ ဖြစ်ထွန်းနေခဲ့သည်။ ကျွန်တော်တို့ သားသမီးများမှ နေ့ပိုင်းတွင် သူခိုးသူဝှက်ထက် ကျွဲ၊ နွား၊ ဝက်၊ ဆိတ် စသည့် တိရစ္ဆာန်များ၏ ရန်စွယ်အန္တရာယ်ကို ပို၍ ဂရုစိုက်ကြရ၏။ ထို့အတူ ညဘက်များ၌လည်း အဖေနှင့် အမေတို့မှ ညအိပ်ညနေ တဲထိုး၍ ကြည့်ရှုစောင့်ရှောက်ကြ၏။

ထိုသို့ ကျွန်တော်တို့ မိသားစုမှ နေ့မအား ညမနား ဂရုစိုက်သည့်ကြားမှ အလွန်အံ့သြဖွယ် ကောင်းလောက်အောင်ပင် ပြောင်းဖူးများ ညဘက်တွင် လာရောက်အခိုးခံရလေသည်။ တစ်ည၊ နှစ်ည အခိုးခံရခြင်းသည် ဘာမျှအံ့သြစရာ မရှိ။ တစ်ခါတစ်ရံ ဖြစ်တတ်သည့် အကြောင်း ချင်းရာသာ ဖြစ်၏။

ယခုတော့ ထိုသို့ ညစဉ်ညဆက် အခိုးခံနေရသည်မှာ ဆယ်ညထက်မနည်း ရှိခဲ့ပေပြီ။ နေ့ဘက် ကျွန်တော်တို့ ညီအစ်ကို မောင်နှမများ တာဝန်ယူစောင့်ရှောက်သည့်အချိန်၌ အခိုးခံရပါမူ လူငယ်များမို့ စောင့်ရှောက်မှု ပေါ့လျော့သည့်အတွက် ယခုကဲ့သို့

အခိုးခံနေရခြင်း ဖြစ်သည်ဟု အဆုပူခံရမည်မှာ မြေကြီးလက်ခတ်မလွဲ ကျိန်းသေလှ၏။.

ယခုတော့ လူကြီးများဖြစ်သည့် အဖေနှင့်အမေ တာ၀န်ယူ စောင့်ကြပ်သည့်အချိန်၌ ထ၍ ထ၍ အကြိမ်ကြိမ် အခိုးခံနေရခြင်းကြောင့် ကျွန်တော်တို့နှင့်တော့ အလွတ်ကြီးလွတ်၍ နေလေ၏။ မလွတ်မကင်း ဖြစ်နေရသည်ကား အဖေနှင့် အမေတို့ဖြစ်သည်။

"ကဲ ... ကိုညီခင် ပြောင်းဖူးခင်းအတွက် ဘယ်လိုလုပ်မလဲ။ စဉ်းစားပါဦးတော့။ ဒီပုံစံအတိုင်းဆိုလျှင် ပြောင်းဖူးခင်းကကုန်တော့မှာပဲ"

"အေး ... ငါလည်း အဲဒါစဉ်းစားနေတာ။ ပြောင်းဖူးခင်းကတော့ ငါတို့ပင်ပန်းရကျိုးနပ်မှာ မဟုတ်တော့ဘူး။ တော်တော်များများကို ပါနေပြီ"

ကျွန်တော့်အဖေနှင့် အမေမှ ပြောင်းဖူးခင်းအတွက် စိတ်ဓာတ်ကျစွာ ပြောဆိုလာခြင်းဖြစ်၏။ မအိပ်မနေ စောင့်ရှောက်သည့် အကြားမှ အလစ်အငိုက်တွင် ဝင်၍အခိုးခံနေရခြင်း ဖြစ်၏။ ပြောင်းဖူးသူခိုးကလည်း အလွန်ထူးဆန်းလှပေသည်။ မနက်လင်းသည်နှင့် ထကြည့်၊ ခပ်လှမ်းလှမ်းတစ်နေရာမှ ပါနေပြီးဖြစ်၏။ အလွန်မခံချင်စရာတော့ ကောင်းလှပေသည်။

ကျွန်တော် ထိုစဉ်ကတည်းက အိမ်တွင် ခွေးကောင်းကောင်း နှစ်ကောင်လောက်တော့ ရှိမွေးမြူဖို့စဉ်းစားမိလာပြီ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ပြောင်းဖူးသူခိုးသည် အဖေနှင့်အမေ အိပ်ပျော်နေခိုက် မနိုးကြားနိုင်ရန် အိပ်ငွေ့ချပြီးမှ ခိုးနေကြခြင်း ဖြစ်၏။ လက်တွေ့မခံရပါက ထိုအကြောင်းတရားအပေါ်၌ ကျွန်တော့်အဖေသည် ယုံကြည်မည် မဟုတ်ပေ။

သူခိုးသည် ခိုးတော့မည့်ဆဲဆဲကာလ မည်သို့သောနည်းပညာနှင့် အိပ်ငွေ့ချသည်တော့ မသိရ။ မနက်လင်းသည်နှင့် အဖေ၊ အမေတို့ အိပ်သည့်ခေါင်းရင်းအနီး၌ ချေးပုံတစ်ပုံလည်း အမြဲတွေ့ရသည်ချည်း ဖြစ်၏။ မည်သည့်အစီရင်နှင့် မည်သို့ပါထားသည်တော့ မသိရ။ အပေါ်ယံသဲလွန်စအဖြစ်နှင့် စဉ်းစားတွေးတောဖွယ်အဖြစ် တွေ့နေရခြင်းကြောင့် သာဖြစ်သည်။ မြန်မာနည်းပညာများသည် အလွန်လျှို့ဝှက်ဆန်းကြယ်လှကြောင်း အထင်အရှားတွေ့ရ၏။

ကျွန်တော့်အဖေသည် ယခင်က ထိုလူပြောသူပြောစကားများနှင့် ထိုပညာရပ်များအား အယုံအကြည် နည်းရုံမက မည်သူ မည်ဝါ မည်သို့သော အရပ်က တစ္ဆေ သရဲ အခြောက်ခံလိုက်ရသည် ဟူသည့် ဝေါဟာရများကိုပင် လုံးဝလက်ခံ ယုံကြည်သူမဟုတ်ပေ။ ယခု သူ ဆယ်ညလောက်မျှ ဆက်ကာ ဆက်ကာ ထူးထူးခြားခြား အနှိပ်ကွပ်ခံ

နေရတော့မှ လက်ခံလာရခြင်း ဖြစ်၏။

အောက်လမ်းနည်းလား၊ အထက်လမ်းနည်းလား၊ မှော်နည်းလား သူခွဲခြားမသိပေ။ ခံကတော့ လက်တွေ့ခံနေရပြီး ဖြစ်၏။ ထို့ကြောင့် ထိုပြဿနာ ထိုကိစ္စရပ်အား နည်းမျိုးစုံနှင့် စဉ်းစားတွေးတော အကြံထုတ်လာရသည်။ ပြောင်းဖူးက တစ်ညလျှင် အဖူးသုံးလေးရာလောက် မှူပါနေရသည်က တစ်ကြောင်း၊ နောက် စိတ်ဝင်စားဖွယ်ကောင်းသည့် ဤအဖြစ်၏ အကြောင်းရင်းအား ခြေခြေမြစ်မြစ် သိလိုသည်က တစ်ကြောင်းမို့ ကျွန်တော့်အဖေသည် ဤညတော့ အကြောင်းချင်းရာအား သိနိုင်ရန်အတွက် မိုးလင်းပေါက် မအိပ်မနေ စောင့်ကြည့်မည်ဟူ၍ ဆုံးဖြတ်ချက်ချပြီး နေ့ခင်းနေ့လယ်တွင် ဘာအလုပ်မျှမလုပ်ဘဲ အိပ်စက်လေတော့သည်။

အိပ်စက်နေသည့်အဖေ့အား အမေနှင့်တကွ ကျွန်တော်တို့ သားသမီးများ မည်သူမျှ မနှိုးကြ။ ညနေစောင်းသို့တိုင်အောင် နှစ်ခြိုက်စွာ အိပ်စက်စေလေသည်။ ညပေါင်းများစွာ အဖေသည် အိပ်ရေးပျက်ထားသည့်အတွက် ပြောင်းဖူးအခိုးခံရသည့် ကိစ္စထက် လောလောလတ်လတ် အိပ်ရေးကတော့ လက်တွေ့ဝသွားလေ၏။ ကျွန်တော့် အဖေသည် ညဘက်များ၌ မည်မျှအိပ်ရေးပျက်စေကာမူ နေ့ဘက် အိပ်လေ့ရှိသူမဟုတ်ပေ။ အလုပ်ကိုသာ ဇယ်ဆက်သကဲ့သို့ လုပ်ကိုင်

တတ်သူ ဖြစ်၏။

ထိုညနေကတော့ တစ်နေကုန် တစ်နေခန်း အိပ်စက်ပစ်သည်မို့ ညဘက်တွင်မတော့ ပြောင်းဖူးသူခိုးနှင့် ထူးထူးခြားခြား ရင်ဆိုင်ကြုံတွေ့လိမ့်ရမည်ဟူ၍ မိသားစုအားလုံးက မျှော်လင့်ထားကြပြီး ဖြစ်၏။ ထိုသို့ မျှော်လင့်ထားကြသည့်အတိုင်းပင် အဖေနှင့် အမေသည် ညနေစာ စားသောက်ပြီး ရေနွေးဘူး၊ လက်ဖက်သုပ်ချိုင့်နှင့် အခါတိုင်းကဲ့သို့ပင် ထွက်ခွာသွားကြသည်။ ကျွန်တော့်အဖေ့ အစီအစဉ်က လက်ကျန်ရှယ် ပြောင်းဖူးများအား ဤနည်းသုံး၍ အဆင်ပြေက ဤနည်းသုံး၍ စောင့်ရှောက်မည်ဟူ၍ ဆုံးဖြတ်ထားခြင်း ဖြစ်၏။

နောက်တစ်နေ့ မိုးလင်းတော့ အဖေနှင့်အမေတို့ ဘာမျှမတတ်နိုင်။ ပြောင်းဖူးသူခိုးလက် အဖူးသုံးလေးရာမျှ ပါမြဲပါသွားသည်သာ ဖြစ်၏။ အဖေသည် အခါတိုင်းညများတွင် ညဉ့်တစ်နာရီလောက်မျှထက် ပို၍မနေနိုင်။ နေ့ဘက် ပင်ပန်းထားသည့်အတွက် အိပ်မြဲအိပ်လေ့ရှိ၏။ ထိုညကတော့ နေ့ဘက် မည်သည့်အလုပ်မျှ မလုပ်ကိုင်သည့်အပြင် အိပ်ရေးဝဝပါ အိပ်ထားခြင်းကြောင့် ညဉ့်တစ်နာရီ မဆိုထားနှင့်။ မနက်လေးနာရီထိုးခါနီးလာသည့်တိုင် သန်းဝေခြင်း မရှိသေး။ လက်ဖက်သုပ်စားလိုက်၊ ရေနွေးသောက်လိုက် လမ်းလျှောက်လိုက် လုပ်နေ၏။

မနက်လေးနာရီ ထိုးခါနီးဆဲဆဲကျမှပင် ကျွန်တော့်အဖေသည်

ညောင်ညာ ကိုက်ခဲလာသည့်အတွက် ခါးဆန့်သည့်အနေနှင့် သတိထား အိပ်ရာထက်တွင် တုံးလုံးလဲလိုက်ခြင်းဖြစ်၏။ ထိုအခိုက်အတန့်၌ပင် ကျွန်တော့်အဖေသည် မိုက်ခနဲဖြစ်ကာ အိပ်ပျော်သွားပြီး ထိုမနက် လေးနာရီနှင့် ငါးနာရီအတွင်း ပြောင်းဖူးများ ထုံးစံအတိုင်း ပါသွားခြင်း ဖြစ်၏။

သူခိုးသည် အကောင်းဆုံး ပြောင်းဖူးခင်းဖြစ်သည့် ကျွန်တော် တို့ပြောင်းဖူးခင်းအတွင်းမှ ပြောင်းဖူးများချည်းသာ မက်မောစွာလာ ရောက် ခိုးယူနေခြင်းဖြစ်၏။ ထို့ကြောင့် ဤမျှအထိ အခက်ကြုံနေရခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် ပြောင်းဖူးခင်း၏ အနာဂတ်သည် မည်သို့မျှ အကျိုးခံစားခွင့်ရှိတော့မည် မဟုတ်ကြောင်း ဘစ်မိသားစုလုံး နားလည် လာခဲ့ရ၏။ ကျွန်တော်တို့ မိသားစုအတွက် ထိုကိစ္စသည် အလွန် ထူးခြားသည့် ကိစ္စ တစ်ခုဖြစ်နေခြင်းကြောင့် အမှတ်တရလည်း ဖြစ် စေခဲ့သည်။

ထို့ထက်ပို၍ မေ့မျောက်နိုင်စွမ်း မရှိသည်ကား ဆရာ ဦးရွှေ ဂန်က ထိုကိစ္စအား သူပညာနှင့် ကာကွယ်ပေးမှုဖြစ်၏။ ဆရာ ဦးရွှေဂန် သည် ခရီးထွက်ရာ ပုပ္စားမှပြန်ရောက်လာသည့်အခိုက်၌ ထိုစဉ်းစားဖွယ် အနှောင့်အယှက် အဖျက်အဆီးနှင့် လာရောက်တိုးနေရခြင်း ဖြစ်၏။ ကျွန်တော့်အဖေသည် မိဘအရွယ်ရှိသည့် ဆရာ ဦးရွှေဂန်အား ထိုကိစ္စ

တစ်လုံးမကျန် အကျိုးအကြောင်း ပြောပြသည့်အခါ ဆရာ ဦးရွှေဂန်သည် ခေါင်းတဆတ်ဆတ်နှင့် ငြိမ်သက်စွာ နားထောင်နေလေ၏။ ပြီးမှ ...

''မောင်ညီခင် ... ဆရာ သဘောပေါက်တယ်။ မပူပါနဲ့။ မင်း က ဆရာနဲ့ နီးစပ်နေတာကို ဒီလောက်တော့ ရှိမှာပေါ့။ ပါသွားတဲ့ ပြောင်းဖူးတွေကတော့ အလျှူလို့ပဲ သဘောထားလိုက်ပါ။ စိတ်ချရအောင် ဆရာ လုပ်ပေးပါ့မယ်'

''အဘရေ ... အဘရောက်လာလို့မှ တော်သား''

''ဩော် ... ငါ့မြေးကလည်း တစ်ခါတစ်ခါ လူတောင် သေရသေးတာ။ လူထက် တန်ဖိုးရှိတာ လောကမှာ ဘာရှိတုန်း လူတွေသာ အထူးဂရုစိုက်ကြ''

''ဆရာရေ ကျုပ်က ဒီနှစ်ကထိန်ခင်းဖို့ စိတ်ကူးထားတာ။ အခုတော့ သူခိုးက နှပ်ပြီးကြိုက် သူခိုးဖြစ်နေတယ်''

''သူခိုးဆိုတာ ဒီလိုပဲကွ၊ သူတို့ဟာ ဘာမှစဉ်းစားတာ မဟုတ် ဘူး။ အချောင်ရရင်ယူတာပဲ။ ဒုက္ခရောက်မှာ သူတို့ထည့်မစဉ်းစားဘူး''

ဆရာဦးရွှေဂန်သည် ထိုသို့ပြောပြီး မနက်ပိုင်းတွင် ကောင်းစွာ အနားယူလေ၏။ နေ့ခင်းပိုင်းတွင် ကျွန်တော့်အမေမှ ဆရာဦးရွှေဂန် ကြိုက်နှစ်သက်သည့် ထမင်းဟင်းလျှာများအား ကောင်းစွာချက်ပြုတ်၍ နေ့လယ်စာ ကျွေးမွေးလေသည်။ ထိုနေ့ ညနေပိုင်းမှာပင် ဆရာဦးရွှေဂန်

မှ လုပ်ငန်းစဖို့ ကျွန်တော့်အား အိမ်အပေါ်ထပ်သို့ မတိုးမကျယ် ခေါ်ယူပြောဆိုလေ၏။

"ငါ့မြေး ... မင်းကြောက်တတ်သလား"

ထိုမေးခွန်းအား ဆရာကြီး ဦးရွှေဂန်မှ ကျွန်တော်အား စတင်မေးမြန်းခြင်း ဖြစ်၏။ ထိုမေးခွန်းကို ကျွန်တော့်အား တစ်စုံတစ်ယောက်က မေးမြန်းပါက ကျွန်တော်မခံချင်စွာ ဘုဘောက်ဖြေပစ်မည်မှာ သေချာလှ၏။ သို့သော် ကျွန်တော်သည် အဘ ဆရာကြီး ဦးရွှေဂန်မှ မေးမြန်းခြင်းကြောင့် မည်သည့်သံသယမှ မဖြစ်ပေ။ ဆရာကြီးအား လိမ်လည်း မလိမ့်ဝံပေ။ ထို့ကြောင့်အမှန်အတိုင်း ဖြေလိုက်ရ၏။

"အဘ ... ကျွန်တော် လူလူချင်းတော့ မကြောက်ဘူး။ သရဲတို့၊ မြွေတို့တော့ ကြောက်တယ်"

ကျွန်တော့် အဖြေစကားကြောင့် ဆရာကြီး ဦးရွှေဂန် ပြုံးသွား၏။ ပြီးမှ ဖြည်းညင်းသည့်လေသံနှင့် ကျွန်တော့်အား ပြောပြလေသည်။

"ဟ ... ငါ့မြေးက မဟုတ်သေးပါဘူး။ မင်းကြောက်တာက ပြောင်းပြန်ကြီး ကြောက်နေတာပဲ။ သရဲယုတ်မာတို့၊ မြွေယုတ်မာတို့ မင်းကြားဖူးလား"

"ဟင့်အင်း ... မကြားဖူးဘူး အဘ"

"ဒါဖြင့် လူယုတ်မာလို့ရော မင်းကြားဖူးလား"

"လူယုတ်မာလို့တော့ ကြားဖူးတယ် အဘ"

"အေး ... သရဲယုတ်မာတို့၊ မြွေယုတ်မာတို့ မရှိတဲ့အတွက် သူတို့ကို မကြောက်ရဘူး။ လူယုတ်မာလို့ရှိတဲ့အတွက် လူယုတ်မာတွေဆိုရင်တော့ ကြောက်ရတာတတ်တယ်"

အဘပြောတော့မှပင် ကျွန်တော် အတော်ကလေး သဘောပေါက်သွားရ၏။ ဟုတ်ပေသားပဲ ဟူ၍လည်း ကျွန်တော့်စိတ်အာရုံတွင် အသိဝင်လာရသည်။ ကျွန်တော် ထိုသို့တွေးတောနေစဉ်မှာပင် အဘက ဆက်ပြော၏။

"မကြောက်တတ်ပါနဲ့ကွာ။ ယောကျ်ားဆိုတာ သတ္တိရှိရတယ်ကွ။ ညဆယ်နာရီ အဘနဲ့ ရွာပြင်လိုက်ခဲ့ကွာ လိုက်ရဲတယ်မဟုတ်လား"

"ဟုတ်ကဲ့။ လိုက်ရဲပါတယ် အဘ"

ဟုတ်ကဲ့ လိုက်ရဲပါတယ် အဘဟူ၍ ကျွန်တော်ပြန်၍ ဖြေလိုက်သော်လည်း ရွာအပြင် ဘယ်အရပ်ဒေသဟူ၍တော့ ကျွန်တော် မသိနိုင်သေးပေ။ သီတင်းကျွတ်ပြီမို့ ကျွန်တော်တို့ အညာဒေသအတွက် ဆောင်းဓာတ်ကလည်း မသိမသာ ကြိုတင်ဝင်ရောက်လာ၏။ ထို့ကြောင့် ညသည် ဆောင်းဓာတ်ကလေးနှင့် ခပ်စိမ့်စိမ့် ဖြစ်လာလေသည်။ ညဦးပိုင်း ခပ်စိမ့်စိမ့်မှုရှိသေးသော်လည်း ညဉ့်နက်လာသည်နှင့် အအေးဓာတ်လွန်ကဲပြီး ချမ်းလာလေသည်။ လေတိုက်က ပိုဆိုးသေး၏။

အခန်း (၂)

"ဂီး ... ဂီး ... ဂီး

တစ်တီတူး ... ဝိတ် ...

တစ်တီတူး ... ဝိတ် ..."

ကျွန်တော်နှင့်အဘ ရွာအနောက်တံခါးမှ အနောက်မြောက်သို့ ဖြတ်တက်လာသည့် အချိန်၌ အကာလညာသည် ငှက်ဆိုးများ၊ တစ်တီတူးများ၏ အသံမှလွဲ၍ မည်သည့်အသံဗလံမျှ မကြားရချေ။ ငှက်ဆိုးများသည် မည်သို့ရှိသည်မသိ။ ကျွန်တော်တို့ ဦးခေါင်းအထက်မှ နီးကပ်စွာ လိုက်လံထိုးပျံ အော်ဟစ်နေခြင်းဖြစ်၏။ ကျွန်တော်ကြာတော့ ထိုအမင်္ဂလာ

ကျွန်တော်သည် ဆရာကြီး အဘ ဦးရွှေဂန်ပြောသကဲ့သို့ပင် ညဆယ်နာရီအချိန်တွင် ရွာပြင်သို့ ထွက်လိုက်ခဲ့ရလေသည်။ အဘက အပေါ်အကျီပါ အဝတ်ခိုင်းခြင်းကြောင့် အပေါ်အကျီပါ ကျွန်တော် ဝတ်ခဲ့ရ၏။ မဝတ်ရှုလည်း မဖြစ်ပေ။ ရွာပြင်ရောက်လေ ပိုချမ်းလေဖြစ်မည့်သဘောရှိ၏။ လရောင်အောက်တွင် နှင်းများကျဆင်းနေသည်ကို တွေ့ရလေသည်။ အဘနှင့် ကျွန်တော်သည် ရွာအနောက် တံခါးမှပင် တိတ်ဆိတ်စွာ ထွက်လာခဲ့၏။

❖ ❖ ❖

အကောင်များအား သောက်မြင်ကပ်လာလေသည်။

အဘက ရှေ့မှသွား၏။ ကျွန်တော်က နောက်မှ နောက်ကျော မလုံစွာ လိုက်ပါနေရ၏။ အဘက စကားမပြောတော့ ကျွန်တော်တို့၏ ခြေလှမ်းများသည် ဆိတ်ငြိမ်စွာလှမ်းနေရသကဲ့သို့ ရှိ၏။ အဘက ကျွန်တော့်အား ရွာပြင်ဘယ်အရပ်သို့ သွားမည်ဟု ပြောမထားခြင်းကြောင့် ရှေ့မှ အဘခြေလှမ်းများမှ ဘယ်အရပ်ဒေသသို့ ဦးတည်နေမှန်း ကျွန်တော်မသိနိုင်သေးပေ။

လေအဝှေ့လရောင်အောက်တွင် ရွာပြင်မှ တချို့သစ်ပင်ကြီးများက အကာလညာအချိန်၌ တစ္ဆေကြီးများ မြူးတူးပျော်ပါး ကခုန်နေသကဲ့သို့ ထင်ရလေ၏။ ကိုင်းချင်းယှက်သံများကလည်း တစ်ခါတစ်ခါ တဖျောဖျော တဖျန်းဖျန်း အသံဗလံများ ထွက်လာပြန်သည်။ ကျွန်တော် ထိုသစ်ပင်ကြီးများ သရက်ပင်၊ ညောင်ပင်ကြီးများအားကြည့်၍ အဘအဘယ်သို့ ဦးတည်သွားနေပြီဖြစ်ကြောင်း ခန့်မှန်းမိလိုက်လေ၏။ ထိုခန့်မှန်းမှုနှင့်အတူ အေးချမ်းနေသည့်အကြားမှ ကျွန်တော်ဖောရွေးများ ပြန်တက်လာခဲ့ရသည်။

"ငါ့မြေး အိပ်ချင်နေပြီလား"

ထိုအခါကျမှ ရှေ့မှ အဘအသံ ထွက်ပေါ်လာ၏။ အဘအသံပေါ်လာတော့ ကျွန်တော် အားရှိစွာ ပြန်၍ဖြေလိုက်လေသည်။

"မအိပ်ချင်ပါဘူး အဘ"

"အေး ... မအိပ်ချင်ပါနဲ့ကွာ။ ငါ့မြေးကို ဒီခေါ်လာတာ အကြောင်းရှိလို့ ခေါ်လာရတာကွ။ ငါ့မြေးအတွက် ဗဟုသုတရှိပါတယ်။ မင်းက စာပေဝါသနာပါတဲ့ အကောင်ဆိုတော့"

"အဘက အခုဘယ်ကို ဦးတည်သွားနေတာလဲ"

ကျွန်တော် ခန့်မှန်းမိလျက်နှင့် လွဲလိုလွဲငြား မေးလိုက်ခြင်းဖြစ်၏။ ကျွန်တော့်အမေးအား အဘကလည်း ဟုတ်တိုင်းမှန်စွာ ပြန်၍ အဖြေပေးလေ၏။

"အဘတို့ အခုဦးတည်နေတာ သုသာန်ကို ဦးတည်သွားနေတာ။ ဘာတုန်း ... မြေးကကြောက်လို့လား"

အဘ အမေးအား ကျွန်တော်ချက်ချင်း မဖြေနိုင်။ တစ်ဆို့ဆို့နှင့် လည်ချောင်းသို့ တက်လာသည့်တံတွေးအား အတော်မျိုချကြိုးစားပြီးမှ ပြန်ဖြေနိုင်လေ၏။

"မကြောက်ပါဘူး အဘ။ နည်းနည်းတော့ စိတ်ထဲလန့်တဲ့အတွက် မေးကြည့်တာပါ"

"ငါ့မြေးကလည်း စကားအရောင်အတိမ်းကတော့ အလွန်ကောင်းသကွာ။ ကြောက်တာနဲ့လန့်တာ အတူတူပဲပေါ့ကွ"

အဘက ကျွန်တော့်အား သာသာနှင့် ပိတ်ပြောလိုက်ခြင်း

ကြောင့် ကျွန်တော် နှုတ်ဆိတ်သွားရတ်။ အဘ ညကြီးမင်းကြီး အချိန်မတော် သုသာန်ကုန်းသို့ ဘာသွားလုပ်မည်ကို ကျွန်တော် မသိပေ။ ကျွန်တော့်လက်ထဲတွင် တူရွင်းပြားကလေးတော့ သူအကိုင်ခိုင်း၍ ကိုင်လာခဲ့ရတ်။

မဟုတ်မှလွဲရော လူသေကောင် အဖော်ခိုင်းနေမှ ဒုက္ခ ဟူ၍လည်း ကျွန်တော် စိုးရွံ့ပူပန်စွာ တွေးမိသေးတ်။ ထိုအတွေးနှင့် ကြောက်စိတ်တို့ တရှိန်ရှိန်တက်လာရုံမျှမက နားထင် ကုပ်ပိုးများပါ ပူတက်လာသည်ဟု ကျွန်တော် ထင်မိတ်။ ငါတော့ အဘနဲ့ လိုက်လာခဲ့မိတာ မှားပြီနဲ့တူတယ်ဟူ၍ အတွေးရောက်လာစဉ် အဘမှ ကျွန်တော့်အား အေးဆေးသည့် လေသံနှင့် စကားဆိုပြန်တ်။

''သုသာန်က မန်ကျည်းပင်ကြီးတွေအောက် မင်းရောက်ဖူးလား''

''ဟုတ်ကဲ့။ ရောက်ဖူးတယ် အဘ''

''အေး ... ရောက်ဖူးရင် ပြီးတာပဲလေကွာ။ မင်း ပီယဆေးမလိုချင်ဘူးလား။

အဲဒီ မန်ကျည်းမြစ်ကို ဒီည ဆယ့်နှစ်နာရီတိတိ အချိန်မှာ ရအောင်ဖြတ်ယူပြီး ပီယဆေးဖော်ရင် အစွမ်းထက်တယ်ကွ''

''ဟင် ... ဒါဆို အဘက ကျွန်တော့်အတွက် ပီယဆေး

ဖော်ပေးဖို့ ဒီညဘက်ကြီး သုသာန်ကို လာတာလား''

''အင်း ... အဲဒီလိုတော့ မမေးနဲ့။ အဲဒီလို မင်းမေးလို့ ငါဖြေလိုက်ရင် ဖော်တဲ့ဆေးက စွမ်းမှာမဟုတ်တော့ဘူး။ ဆေးဖော်ပြီးမှ မင်း ဘာဖြစ်မယ်ဆိုတာကြည့်''

အဘသည် ပြောစဉ်က ပြောင်းဖူးခင်း အခိုးခံရလွန်းသည့် ကိစ္စအတွက်ပြောပြီး အခုကျွန်တော့်အား ပီယဆေးအကြောင်း မဆီမဆိုင် ပြောနေခြင်းကြောင့် ကျွန်တော် နားမလည်နိုင်စွာ ထိုသို့ပြန်မေးလိုက်ခြင်းဖြစ်တ်။ ပြောင်းဖူးခင်း ဆိုးဆိုးရွားရွား အခိုးခံရသည့်ကိစ္စအား ဤညကြီး သန်းခေါင် သုသာန်ကုန်း မန်ကျည်းပင်ကြီးများမှ မန်ကျည်းမြစ်အား ဖြတ်၍ မည်သို့လုပ်ဆောင်မည်ကို ယခုလိုက်လာသည့် ကျွန်တော် ကိုယ်တိုင် မသိသကဲ့သို့ ကျွန်တော့်မိဘများလည်း သိနိုင်လိမ့်မည် မဟုတ်ပေ။

အဘနှင့်ကျွန်တော်ကား စကားတပြောပြောနှင့် သုသာန်ကုန်းမြေသို့ ချဉ်းနင်းဝင်ရောက်လာပြီး ဖြစ်တ်။ ခပ်လှမ်းလှမ်းမှ လရောင်အောက်တွင် မြင်နေရသည့် သုသာန်တစပြင်အထက်မှ မန်ကျည်းပင်ကြီး သုံးပင်ကား လရောင်အောက်တွင် တုန်လှုပ်ချောက်ချားဖွယ် မည်းဂုတ်ဂုတ်ကြီးများ အသွင်နှင့် တစ္ဆေကြီးများ ငုတ်တုတ်ထိုင်နေကြသကဲ့သို့ ရှိလေတ်။

အရပ်ရောက်တော့မှပင် ဘာစိတ်ကူးပေါက်သည် မသိ။ အဘသည် သုသာန်ဝန်းထဲသို့ ကျွန်တော့်လက်တစ်ဖက်အား ဆုပ်ကိုင်၍ ဝင်လေသည်။ လရောင်သည် မွန်းတိမ်းလရောင်ဖြစ်ခြင်းကြောင့် သုသာန်ဝန်းကြီးသည် သစ်ပင်ချုံနွယ်များ၊ မြေပုံများ၊ မီးသင်္ဂြိုဟ်ကွက်များအား အထင်းသား တွေ့ မြင်နေရ၏။ နေ့အခါများ၌ပင် အရပ်ဆိုး အကျည်းတန် ခြောက်ချားစေသော ဤနယ်မြေသည် ယင်းကဲ့သို့ အကာလ ညအချိန်တွင်မတော့ ဆိုဖွယ်ရာပင် မရှိနိုင်ချေ။

အဘမှ သူအလိုရှိသည့် မန်ကျည်းမြစ်များ၏ သွားရာလမ်းကြောင်းအား တိတ်ဆိတ်စွာ ကြည့်ရှု၏။ ကျွန်တော်ကတော့ သုသာန်မြေဝန်းထဲသို့ ဝင်လိုက်မိသည်နှင့် နွေးခနဲဟူသော ဖောင္ဒယ္ဒအာရုံနှင့် အတူ ကြောက်စိတ်တို့ အထွတ်အထိပ်သို့ ရောက်လာရ၏။ ထိုကြောက်စိတ်များအား ကျွန်တော် အဘသိမည်စိုး၍ အားတင်းစိတ်နှင့် အကြိမ်ကြိမ်ခွာချရ၏။

သို့သော် ကြောက်စိတ်က ကြောက်စိတ်၊ အားတင်းစိတ်က အားတင်းစိတ်မို့ မည်သို့မျှ မယှဉ်သာအောင် ရှိလေ၏။ ကျွန်တော့် ဘဝတွင် ထိုမျှကြမ်းတမ်းဆိုးရွားသည့် အတွေ့အကြုံ တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးသေးပေ။ ထို့ကြောင့် ကျွန်တော်စိတ်တို့သည် ဦးမနိုင် ပဲ့မနိုင် ပရမ်းပတာ ထိန်းချုပ်မရဘဲ ဖြစ်နေခြင်းဖြစ်၏။ အတွေ့အကြုံမှ စကား

ထိုလူသေ အလောင်းကောင်များ မြို့ပိန်သင်္ဂြိုဟ်ရာ ထိုသုသာန်မြေ၏ မင်္ဂလာမရှိမှုအား ပို၍ပီပြင်စေရန် ပံ့ပိုးနေသည့် အရာများကား ထိုမည်းဒုတ်ဒုတ် မန်ကျည်းသုံးပင်ကြီးနှင့် လေတိုက်လျှင် သရဲသဘက် ခြောက်လှန့်နေသည့်အလား တဂျုံးဂျုံး တဂျိုင်းဂျိုင်း မြည်သံပေးနေသည့် ဇရပ်ကြီးဖြစ်၏။ ထိုဇရပ်ကြီးကလည်း မိုးရွာလျှင် ဘောင်မှ တော်ရုံလှုမျှား မိုးဝင်မခိုဝံ့လောက်အောင် အမြင်အာရုံ ချောက်ချားစေသည့် ဇရပ်ကြီးဖြစ်၏။ ဖျက်၍ ပြန်ပြုပြင်ပစ်လောက်အောင်လည်း မစုတ်သေး၊ မပြုပြင်ဘဲ ပစ်ထားကြခြင်းကြောင့်လည်း အကျည်းတန်၊ သိုနှစ်ခု၏ စပ်ကြားတွင် ရပ်တည်နေသည့် ဇရပ်ကြီးဖြစ်၏။

သုသာန်ဝသို့ ရောက်ရှိလာသည့်အခိုက် သုသာန်မြေဝန်းထဲသို့ တောင်ဘက်အရပ်မှ ဝင်ကြရမည် ဖြစ်သော်လည်း အဘသည် မည်သို့ရှိသည်မသိ၊ မဝင်သေးပေ။ ထိုတောင်ဘက်အရပ်မှနေ၍ အရှေ့ဘက်သို့ တစ်ဖန်ပတ်ပြန်၏။ အဘမှ ရှေ့ကသွားတော့ ကျွန်တော် ဘူရွှင်းပြားကလေးကိုင်ရင်း နောက်ကလိုက်ရပြန်သည်။

အရှေ့ဘက် ခြံစည်းရိုးအပေါက်မှ ဝင်မည်ဟု ကျွန်တော် ထင်သွားသော်လည်း အဘသည် မဝင်ပြန်ဘဲ တစ်ဖန်အရှေ့မြောက်ထောင့်။ ထိုအရှေ့မြောက်ထောင့်မှတစ်ဆင့် မြောက်အရပ်။ ဤသို့ အားဖြင့် အစဉ်အတိုင်း လှည့်လည်ပြီး အနောက်မြောက်ထောင့်

ပြောခြင်းလည်း ပါပေမည်။

''ငါ့မြေး တွေ့ပြီ။ ဒီမှာလား အဘတုတ်ခြစ်တဲ့နေရာကို တိတိကျကျတူး။ လက်မထိစေနဲ့။ လက်ထိရင် မင်းအနာတစ်သက်လုံး ပျောက်မှာ မဟုတ်တော့ဘူး''

အဘစကားကြောင့် တူးရွင်းကိုင်ထားသည့် ကျွန်တော်သည် ဆံပင်များပါ ထောင်တက်သွား၏။ ညအချိန်မို့ အဘပြောလိုက်သည့် စကားကပင် သရဲျင်းမြေမှပစ္စည်းတစ်ခုအား သေမင်းခွင့်မပြုလေဘဲ ကျွန်တော်တို့က အတင်းအကြပ် အရယူနေသည့်အလား ခံစားလိုက်ရသည်။ လောကၣ သူပစ္စည်းအား သူ့ခွင့်ပြုချက်မရှိဘဲ အတင်းအကျပ် ယူက အပြစ်ရှိသူ မဟုတ်ပါလား။

''အဘ ... တူးရတော့မလား''

''ခဏနေဦး ငါ့မြေး။ အဘ တူးဆိုတော့မှတူး''

ထိုသို့ပြောပြီး အဘသည် ကောင်းကင်သို့ မော့ကြည့်နေသည်ကို တွေ့ရ၏။ ကျွန်တော်လည်း တူရွင်းအရန်သင့်ကိုင်ရင်း အဘခိုင်းမည့်အချိန်ကို စောင့်နေလိုက်၏။

''ငါ့မြေး လက်မထိစေနဲ့နော်။ အဘ ပုပ္ပာဏသုတ်ကို ရွတ်မယ်။ မင်းက အဘရွတ်မပြီးခင် ရအောင်ဖြတ်မှ။ တောင်စုပ်လောက် ရအောင်ဖြတ်။ ကဲ ... တူးတော့''

လရောင်အောက် ညဉ့်ဆယ့်နှစ်နာရီအချိန်တွင် ''အဘက ပုပ္ပဏာသုတ်အား ရွတ်၏။ ကျွန်တော်ကလည်း တစ်တောင်ပတ်လည် လောက်မှ အဘတုတ်ခြစ်ပေးသည့်မြေကွက်အား တဒုတ်ဒုတ်နှင့် တူး၏။ သစ်ပင်ချုံနွယ်များ ထူထပ်သည့် သုသာန်ဝန်းလည်း ဖြစ်ပြန်၊ ညအချိန်လည်းဖြစ်ပြန်မို့ ကျွန်တော် တဒုတ်ဒုတ်တူးနေသည့် အသံသည် ကျွန်တော့်ထံသို့သာ တစ်စုံတစ်ယောက်ယောက်က ဖမ်းဆုပ်ပြီး ပြန်ပစ်နေသည့်အလား ရှိလေ၏။ ထို့ကြောင့် ကျွန်တော် တူးရင်း လန့်နေရသေး သည်။

အဘက တူးဆိုတော့ ကျွန်တော်ကလည်း ဖြစ်ချင်ရာဖြစ် ''သေမင်းကြီး မင်း ကျေနပ်ရင်လည်း ကျေနပ်၊ မကျေနပ်ရင်လည်း နေကွာ။ ငါကတော့ တူးပြီ။ အဘတူးခိုင်းလို့တူးတာ မင်းမကျေနပ်ရင် အဘကို ကန့်ကွက်ပေါ့''ဟူသည့် သဘောထားနှင့် ကျွန်တော် မြန်နိုင်သမျှ မြန်အောင်တူး၏။ အဘထက် နောက်ကျနေ၍ မဖြစ်မေ။ ကျွန်တော် တူးရင်း တူးရင်းနှင့်ပင် ကံအားလျော်စွာ ကျွန်တော့် လက်တွင်းသို့ လက်ကောက်ဝတ်ခန့်ရှိသည့် မန်ကျည်းမြစ်ပါလာသည်နှင့် အဘရွတ်အပြီးနှင့် တိုက်ထားသကဲ့သို့ ကွက်တိဖြစ်သွားလေသည်။

ကျွန်တော့်လက်တွင်းသို့ အလုံးလက်ကောက်ဝတ်ခန့် အရှည် တောင်ခုပ်သည့် ပြတ်ပါလာသည့် ထိုလမ်းကူး မန်ကျည်းမြစ်အား

ကျွန်တော် အမှတ်တမဲ့ မြေပြင်သို့ ချမည့်ဆဲဆဲအခိုက်၌ အဘသည် မြေပြင်သို့ ချမပစ်ဖို့ အလောတကြီး သတိပေးလေသည်။

''ဟာ ... ငါ့မြေး မြေကြီးပေါ် မချနဲ့။ အဘပေး ... အဘပေး''

ထိုသို့ပြောဆိုပြီး အဘသည် ကျွန်တော့်လက်တွင်းမှ ထိုမန်ကျည်းမြစ်အား အရေးတကြီး ဆွဲယူလိုက်လေသည်။ ပြီးမှ ...

''လာ ... ထ ငါ့မြေး။ အောင်ပြီ။ ပြန်ကြစို့''

ထိုသို့ပြောပြီး အဘနှင့် ကျွန်တော်သည် သခြုံင်းမြေအတွင်းမှ ကိစ္စပြီးမြောက်၍ ပြန်ထွက်ခဲ့ကြ၏။ ကျွန်တော့်စိတ်တွင် သတိပြုမိသည် ကားအဂင်တုန်းက အဘသည် အပေါက်ရွေး၍ အနောက်မြောက်ထောင့် အရပ်မှဝင်ခဲ့သော်လည်း အပြန်တွင်မတော့ အလာတုန်းကကဲ့သို့ အပေါက်မရွေးတော့။ သခြုံင်း၏ တောင်ဘက်စည်းရိုး တံခါးမှ ကျွန်တော်တို့ တည့်မတ်စွာ ထွက်ခဲ့ကြ၏။ ထိုတောင်ဘက်စည်းရိုး၏ သခြုံင်းတံခါး အမှတ်အသားသည် ကြီးမားသည့် မတ်တတ် သပွတ်ပင်ကြီးနှစ်ပင် ဖြစ်လေ၏။

မှတ်ချက်။ ။ ကျွန်တော်တို့ရွာတွင် သေငယ်ဖောနှင့် မြောသွားသော လူနှစ်ယောက်မှ သူတို့လိပ်ပြာကွဲ၍ မြောသွားစဉ်က ထိုသပွတ်ပင်ကြီး နှစ်ပင်၏ တံခါးဝသို့တိုင်အောင်

မကောင်းဆိုးရွားများက ဖြားယောင်း၍ **အခေါ်ခံခဲ့ရ** ဖူးကြောင်း၊ ထိုအချိန်တွင် ရွာထဲမှ သေပြီးသူတစ်ယောက်နှင့် တွေ့ရပြီး ထိုသေပြီးသူမှ ဒီထဲကိုမဝင်နဲ့ ဟူ၍ စိုးရိမ်ပူပန်စွာ ရင်ဘတ်အား အတင်း ဆောင့်တွန်းလိုက်မှ နောက်သို့ ပက်လက်လန်ကျပြီး သတိဝင်လာခဲ့ရကြောင်း ပြောပြဖူး၏။ ထိုသူတို့ အကယ်၍ အတွင်းသို့ဝင်မိက သေဆုံးဖွယ်ရှိသည်။

ထိုကဲ့သို့ လူပြောသူပြောများနှင့်အစဉ်လာကြီးလွန်းလှသည့် ထိုတံခါးဝမှ သပွတ်ပင်ကြီးများအားလည်း ကျွန်တော်တို့ရွာမှ လူများစွာတို့ ထိတ်လန့်ကြောက်ရွံ့ကြပြန်သည်။ အဘနှင့် ကျွန်တော်ကတော့ အောင်ခဲ့ကြပြီမို့ ထိုတံခါးဝ အပင်ကြီးများအားလည်း နူတ်ဆက်၍ ထွက်ခွာလာခဲ့ကြ၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် အဘမှ ကျွန်တော့်အား အလုပ်ပေးလေတော့သည်။ ထိုအလုပ်ကား သနပ်ခါးသွေးခြင်း အလုပ်မဟုတ်။ ကြီးမားသည့် ဆေးကျောက်ပြင်ကြီးပေါ်တွင် ညကဖြတ်ယူလာသည့် မန်ကျည်းမြစ်ကြီးအား ရေကုန်ရေခန်း သွေးပေးရခြင်းဖြစ်၏။ ကျွန်တော့်အတွက် အဘခိုင်းသည့်အလုပ်သည် အလွန်တန်ဖိုးကြီးလှပါပေသည်။

မနက်ခြောက်နာရီမှ စသွေးရသည့် အသွေးသည် နေ့ခင်း ဆယ့်နှစ်နာရီမှ ကျွန်တော် အသွေးရပ်ရတော့၏။ သွေးထားသည့် အရည်များအား ထပ်ချည်တလဲလဲပြန်၍သွေးရခြင်းကြောင့် သွေးပြီး အရည်က နှစ်ဆယ်သားခန့်သာ ရှိလေသည်။ ထိုနှစ်ဆယ်သား ပမာဏ လောက်မျှရှိသည့် သွေးပြီးအရည်များအား တိုက်ပန်းကန်တစ်ချပ် အတွင်းသို့ထည့်၍ နေပူလှန်းပေးရပြန်၏။ အရည်ပျစ်များဖြစ်ခြင်းကြောင့် နေဒဏ်နှင့် မကြာခင်ခဲသွားလေသည်။

ထို့ရှဲ့ကဲ့သို့ ခပ်ပျော့ပျော့အခဲများအား အဘသည် သူ၏ကြေး ပြားကလေးနှင့် ခြစ်ယူပြီးလျှင် အမွှေးနုံသားများနှင့် ရောစပ်၍ လက် တစ်ဆစ်လောက်မျှရှိသည့် အတုံးကလေးများ ပြုလုပ်လေ၏။ ကျွန်တော့် မျက်စိတွင် ရေတွက်ကြည့်ရရသည်မှာ တစ်ဆယ့်ခြောက်တုံးမျှ ရေတွက် ရရှိလေသည်။ ထို့နောက် အဘက သူ့ကြေးဖလားခွက်နှင့် ရေအခပ်ခိုင်း ခြင်းကြောင့် ကျွန်တော် အောက်ရှိစဉ့်အိုးအတွင်းမှ ရေခပ်ယူလာသည့် အခါ အဘသည် ဘုရားရှေ့တွင် ဆောင့်ကြောင့်ထိုင်ရင်း သီလယူ ဘုရားဝတ်ပြုနေသည်ကို တွေ့ရလေသည်။

တစ်အောင့်ကြာသည့်အခါ ဘုရားဝတ်ပြုရာက ပြီးသွားသည့် အဘ၌သည် ကျွန်တော် ခပ်လာသည့်ရေနှင့် သူ့ကြေးလင်ဗန်းကလေး အား သူကိုယ်တိုင် ပြောင်စင်အောင်ဆေးကြောပြီး ထိုလင်ဗန်းကလေး

အား အဝတ်ဖြူနှင့် ခြောက်သွေ့အောင် စိတ်ရှည်လက်ရှည်သုတ်ပေး ၏။ ထို့နောက် အားလုံးပြီးစီးသွားသည့်အခါ အဘသည် ကျွန်တော့် အား အောက်ထပ်သို့ အဆင်းခိုင်းခြင်းကြောင့် ကျွန်တော်အောက်ထပ် သို့ ဖယ်ရှားဆင်းလာခဲ့ရသည်။ ရှေ့ဆက် အဘဘာတွေလုပ်သည်ကို ကျွန်တော် မသိရတော့။ ကျွန်တော် အိမ်အောက်ထပ်သို့ ရောက်သည့် အချိန်တွင် ကျွန်တော့်အမေသည် ညနေစာထမင်းပွဲ ပြင်ဆင်နေပြီးဖြစ် သည်။

အဘ ကိစ္စပြီးသည်နှင့် တစ်ခါတည်းစားနိုင်ရန် ဖြစ်၏။ ကျွန်တော်တို့ ကြောင်းဖူးခင်းကတော့ အဘ ထိုကိစ္စများအား ပြုလုပ် နေသည့်နှစ်ရက်အတွင်းမှာပင် နှစ်ညဆက်တိုက် အခိုးခံရသေးသည်။ ထိုရက်ပိုင်းများအရောက်တွင် အလွန်ကျယ်ပြောလှသည့် ကျွန်တော်တို့ ပြောင်းဖူးခင်းသည် သုံးချီးတစ်ချီးလောက်မျှ ပါသွားပြီးဖြစ်၏။ ယခု အဘသည် သူ့အာမခံချက်နှင့်သူ ထိုကိစ္စအတွက် ဆောင်ရွက်နေခြင်း ဖြစ်၏။ ပြောင်းဖူးခင်းအား သူခိုးအခိုးခံရသည့်ကိစ္စအတွက် ဆရာကြီး အဘ ဦးရွှေဂန်မှ အာမဘန္ဓေခံပြီး ယခုကဲ့သို့ အိမ်ပေါ်တွင် ဘုရားရှေ့၌ ငုတ်တုတ်သွားရောက်ထိုင်နေခြင်းအား ကျွန်တော်တို့ မိသားစုသာ သိရှိနိုင်ကြ၏။ အခြားလူများ လုံးဝမသိရှိနိုင်ကြချေ။

အခြားလူများ သိရှိလျှင်လည်း ထိုကဲ့သို့ မဆီမဆိုင် ပြုမူ

လုပ်ကိုင်နေမှုအား မည်သူက ယုံကြည်ပါမည်နည်း။ သူ၏ ကျိန်းသေ ရဲဝံ့စွာ အာမဘန္တေခံထားသည့် အာမခံချက်နှင့် ညဘက် ညဘက် များတွင်မှသာ လာရောက်အခိုးခံရသည့် ထိုအခိုးခံရမှုအား ဆက်စပ် ကြည့်လေ ဆရာကြီး အဘဦးရွှေဂန်၏ လုပ်ရပ်အထင်သေးလျှင်သာ သေးကြမည်ဖြစ်၏။ သို့သော် ကျွန်တော်တို့ မိသားစုကား ဆရာကြီး အဘဦးရွှေဂန်နှင့် သားသမီးနှင့် မိဘကဲ့သို့ ရှိလေရကား ဆရာကြီး အဘ ဦးရွှေဂန်အပေါ်၌ မည်သို့မျှ ဝေဖန်မှတ်ချက်ပေးလေ့ မရှိပေ။ ယုံကြည်စွာ လက်ခံလေ့သာ ရှိလေ၏။

အမေ ထမင်းပွဲပြင်ဆင်၍ အားလုံးပြီးသွားသည်နှင့် ဆရာကြီး အဘ ဦးရွှေဂန်သည် သိနေသကဲ့သို့ အိမ်အပေါ်ထပ်မှ ဆင်းလာလေ သည်။ အစဝိုင်းတွင် ကျွန်တော်ထို့မိသားစုမှ သီးသန့်ခွဲကျွေးလေ့ ရှိသော်လည်း နောက်ပိုင်း ဆရာကြီးဦးရွှေဂန်မှ အားလုံးမိသားစုများနှင့် စုံစုံညီညီ စားလိုသောကြောင့် ကျွန်တော်တို့မိသားစုသည် အတူသာ လက်စုံစားလေ့ရှိကြသည်။

"ကဲ ... ဆရာ နေ့ခင်းကလည်း အစားနည်းတယ်၊ အားရပါးရသာ စားပေတော့"

ကျွန်တော့်အဖေသည် ထို့ပို့ပြောရင်း ဆရာကြီး ဦးရွှေဂန် ထမင်းပန်းကန်အတွင်းသို့ ကြက်သားဟင်းတုံးအား ဦးစွာဦးချ

ထည့်ပေးလိုက်၏။

(ကျွန်တော်တို့ အညာဒေသသည် ထိုအသုံးအနှုန်းသာ သုံးနှုန်းကြခြင်းကြောင့် ဆရာကြီး ဦးရွှေဂန်အား "ကဲ ... ဆရာ သုံးဆောင်ပါ" ဟူ၍ မပြောသည်ကို မပြောသည့်အတိုင်းသာ ရေးသား ခြင်း ဖြစ်၏။ ရိုင်းပြသည်ဟု မည်သူကမျှ မထင်မှတ်ကြပေ) (စကားချော်)

ဆရာကြီး အဘဦးရွှေဂန်သည် နေ့ခင်း၌ အစားနည်းသဖြင့် ယခု ညနေစာတွင် ပြိန်ရွှက်စွာ စားသောက်လေသည်။ ညနေစာ ထမင်း စားသောက်ပြီးမှပင် ကျွန်တော်တို့ အခိုးခံနေရသည့် ပြောင်းဖူးခင်း အတွက် သူ စိမံထားသည့် အစီအမံအား ပြောပြလေသည်။

"ကဲ ... မောင်ညီခင် ဘာမှစိုးရိမ်မနေနဲ့တော့။ ဒီပုလင်း ကလေးကိုသာ မင်းယူသွားတော့။ မင်းလည်း မအိပ်နဲ့။ ပြန်လာခဲ့။ မင်းယာခင်းတောင်အစပ်က ရှားပင်အခေါင်းထဲကိုသာ အသေအချာ ထည့်ထားခဲ့။ အဖုံးကိုတော့ ပိတ်မထားခဲ့နဲ့နော်"

"ဟုတ်ကဲ့။ ဒါဆို အခုပဲသွားလိုက်မယ်"

"သွား ... သွား ... သွား ... မမောင်ခင်"

ထိုအခိုက်အတန့်၌ ဆရာကြီး အဘဦးရွှေဂန်ပေးသည့် ဖန်ဘူးကလေးအတွင်းမှ အရာဝတ္ထုကလေးအား ကျွန်တော် စိတ်ဝင်စား နေမိသည့်အတွက် စူးစမ်းသည့်အနေနှင့် အသေအချာ ကြည့်မိ၏။

လက်သန်းမရှိတရှိ ညိုညွတ်ညွတ် အရုပ်ကလေးတစ်ရုပ်ပင်။ ထိုအရုပ်ကလေးအား ကျွန်တော်သည် အရေးကောင်း ဒိန်းဒေါင်းမှောက် ဆိုသကဲ့သို့ စပ်စပ်စုစု ကိုင်တွယ်ကြည့်ရှုဖို့ဆိုတာလည်း မဖြစ်နိုင်။ သို့ကြောင့် ဆယ်ပေ ဆယ့်ငါးပေ အကွာခန့်လောက်မှသာ မမှိတ်သော မျက်လုံးအစုံနှင့် ကြည့်ရှုနေမိ၏။ ထိုအကွာအဝေးမှ မြင်နေရသည့်အတွက် ထိုအရုပ်ကလေးအား လူရုပ်လော၊ နတ်ရုပ်လော၊ သိကြားရုပ်လော၊ ဘီလူးရုပ်လော ဆိုသည်ကို ခွဲခွဲခြားခြား သိနိုင်စွမ်းမရှိပေ။

ကျွန်တော့်အဖေကတော့ ဆိုးဆိုးရွားရွား ညစဉ်ညတိုင်း နီးနီးလောက်မျှ အခိုးခံနေရသည့် ပြောင်းဖူးခင်းဆီသို့ သွက်လက်သည့် ခြေလှမ်းများနှင့် ထွက်သွားပြီဖြစ်၏။ ကျွန်တော့်အဖေထွက်သွားတော့ ဆရာကြီးအဘဦးရွှေဂန်သည်လည်း အိမ်အပေါ်ထပ်သို့ ပြန်တက်သွား၏။

ကျွန်တော်နှင့် အမေသည်သာ အောက်ထပ်သို့ သို့လော သို့လော စိတ်များနှင့် ကျန်ရစ်ခဲ့ရ၏။ အခါတိုင်း အဖေနှင့်အမေ လူကြီးနှစ်ယောက် စောင့်ကြပ်၍ အိပ်သည့်အကြားမှပင် အခိုးခံနေရသည့် ပြောင်းဖူးခင်းအား ဆရာကြီး အဘဦးရွှေဂန်သည် ဤအရုပ်ကလေး ထည့်သွင်းထားသည့် ဖန်ပုလင်းကလေးအား ယာခင်း၏ တောင်အစပ် စည်းရိုးမှ ရှားပင်ခွကြားသို့ သွားရောက်ထားစေပြီး လူပင်အခါတိုင်းကဲ့သို့ စောင့်အိပ်ရန် မလိုဆိုသည့် ဤအာမခံချက်အား

ပြောင်းဖူးများ ဆက်တိုက် အခိုးခံနေရသည်ဟူသော အသိစိတ်၊ ခံပြင်းစိတ်နှင့်ပင် ဘာတွေထူးခြားမလဲဟူ၍ သိလိုနေလှပြီ ဖြစ်၏။

ကျွန်တော့် စိတ်အာရုံထဲတွင် ထိုစေ့စေ့မူကြောင့်ပင် ဆရာကြီး ဦးရွှေဂန်ရှိရာ အိမ်အပေါ်ထပ်သို့ ကျွန်တော် မေးမြန်းလိုသည့် အာသီဝတများနှင့်အတူ တက်လိုက်သွားမိသည်။ ထိုအချိန်တွင် ကျွန်တော့်အမေမှ အလွန်တရာ ထူးခြားလှသည့် အသက်ဆယ့်ငါးနှစ်ခန့်အရွယ်ရှိ ကြက်အိုမကြီး မိကျားအား အစာကျွေး အိပ်တန်းတင်လျက် ရှိလေ၏။

မရှင်းသည့် အရာများအား အကုန်မေးပစ်မည်ဟူသည့် ရည်ရွယ်ချက်နှင့် အိမ်အပေါ်ထပ် ဆရာကြီး ဦးရွှေဂန်ရှိသည့်နေရာသို့ ထလိုက်လာသည့် ကျွန်တော်သည် ထိုအချိန်တိုကလေးအတွင်း၌ပင် မေးခွင့်မရလိုက် နောက်ကျသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီးဦးရွှေဂန်သည် အလွန်ကြီးမားသည့် ကြေးပုတီးကြီးအား တချောက်ချောက်နှင့် ထိုင်စိပ်နေပြီဖြစ်သောကြောင့် ဖြစ်၏။

❖ ❖ ❖

အခန်း(၃)

"ဒေါင် ... ဒေါင် ... ဒေါင်"

"ဒေါင် ... ဒေါင် ... ဒေါင်"

ဘုန်းကြီးကျောင်းမှ မနက်ခြောက်နာရီ သံချောင်းခေါက်သည်နှင့် ကျွန်တော့်အဖေသည် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ပြောင်းဖူးခင်းဆီသို့ အစောတလျင် ထပြေးလေသည်။

ထိုအချိန်တွင် ဆရာကြီး အဘဦးရွှေဂန် အိမ်တွင်မရှိ။ မနက်လေးနာရီလောက်ကတည်းက လမ်းလျှောက်သည့်အနေနှင့် လေကောင်းလေသန့်ရနိုင်သည့် ရေတွင်းရေကန်များဘက်ဆီသို့ ထွက်သွားပြီဖြစ်၏။

မနက်ခြောက်နာရီခွဲခန့်တွင် သန့်ရှင်းရေးအဖြစ် ကျွန်တော်နွားချေးကြွေး တံမြက်စည်းလှည်းတော့မှပင် ဆရာကြီး အဘဦးရွှေဂန်နှင့် ကျွန်တော့်အဖေသည် မည်သည့်နေရာတွင် ဆုံမိကြသည် မသိ။ အိမ်သို့ စကားတပြောပြောနှင့် အတူပြန်ဝင်လာကြ၏။

ကျွန်တော် ပြောင်းဖူးခင်းကိစ္စ အဖေ့အခြေအနေအား ကြည့်လိုက်သည့်အခိုက်အတန့်၌ အခြေအနေကောင်းမွန်ကြောင်း အဖေ့မျက်နှာက ဖော်ညွှန်းလျက်ရှိ၏။ ကျွန်တော်သည် ထိုအကြောင်းအရာအား အလွန်စိတ်ဝင်စားနေသူပီပီ အဖေနှင့် ဆရာကြီး အဘဦးရွှေဂန်တို့၏ ထမင်းကြော်စား ရေနွေးသောက်ပိုင်း၌ ဝင်ထိုင်လိုက်၏။

"လူလေး ... မင်းထမင်းကြော် တစ်ခါတည်း စားမလား"

"ဟင့်အင်း ... ကျွန်တော် မစားသေးဘူး။ နောက်မှစားမယ်"

ကျွန်တော် နောက်မှစားမယ်ဟူသည့် ငြင်းပယ်မှုသည် လူကြီးများနှင့် ရောနှော၍ မရှုပ်လိုသောကြောင့် ဖြစ်၏။ ကျွန်တော် ဤပိုင်းသို့ လာရောက်ထိုင်ခြင်းသည် ထမင်းကြော်စားလိုသော ဆန္ဒကြောင့်မဟုတ်။ ဆရာကြီး အဘဦးရွှေဂန်နှင့် ကျွန်တော့် အဖေတို့ပြောသည့် စကားများ၏ အကျိုးအကြောင်းအား နားထောင်လိုသော ဆန္ဒကြောင့်ဖြစ်၏။

"ဆရာရေ ... တကယ်အံ့သြစရာ ကောင်းတယ်ဗျာ။ ညက တစ်ဖူးမှ မပျောက်ဘူး"

''လူဝင်လူထွက် ခြေရာလက်ရာရော တွေ့ရသေးလား၊ကွ''

''ခြေရာလက်ရာတော့ တွေ့ရတယ် ဆရာ။ ဒါပေမယ့် အခင်း ၁၀ ဝါးတစ်ရိုက်လောက် တိုးဝင်ပြီး ပြန်ထွက်သွားတယ်''

''ပြန်မထွက်လို့ မရဘူးလေကွာ။ ပြန်မထွက် သေသွားမှာပေါ့''

အဖေနှင့် ဆရာကြီး အဘဦးရွှေဂန်ပြောသည့် စကားများအား ကျွန်တော် နားမလည်တော့။ ကျွန်တော် နားလည်သည်မှာ ပြောင်းဖူးခင်းအတွင်း ယခင်ရက်များက စောင့်ကြပ်အိပ်ကြသည့်တိုင် အခိုးခံရမြဲ အခိုးခံရပြီး ယခု ဆရာကြီး အဘဦးရွှေဂန် လုပ်ပေးသည့် နည်းကလေး ကြောင့် လူပင်မှ စောင့်ကြပ်မအိပ်ရလေဘဲ ပြောင်းဖူးများ အခိုးခံရခြင်း မှ လွတ်မြောက်သွားခြင်း ဖြစ်၏။

ဆရာကြီး အဘဦးရွှေဂန်သည် ဤကိစ္စအား အဘယ်သို့ ပြုလုပ်ဆောင်ရွက်သည်ကိုမူ ရှင်းလင်းပြောဆိုခြင်း မရှိပေ။ အကြမ်း ဖျင်းအားဖြင့် ပြောင်းဖူးများ အခိုးမခံရဟူသည့် သဘောလောက်သာ သိရှိရင်းတို့ရှင်း မှတ်ယူ၍ရ၏။

ပထမည၌သာ ပြောင်းဖူးသူခိုး၏ အခိုးခံရခြင်းမှ ကောင်းစွာ လွတ်ခဲ့ရသည် မဟုတ်သေး။ ဒုတိယ၊ တတိယည စသည်အားဖြင့် နောက်ပိုင်း လုံးဝအခိုးမခံရတော့ခြင်း ဖြစ်သည်။ မည်မျှ အံ့သြဖွယ် ကောင်းလေသနည်း။ ကျွန်တော် အလွန်အံ့သြမိ၏။

ထို့ထက်ပို၍ အံ့သြဖွယ်ကောင်းသည်ကား **နောက်တစ်နေ့၌** ကျွန်တော့်အဖေသည် ကျွန်တော့်အား ကိစ္စတစ်ခုနှင့် တောင်ဘက်ရွာသို့ လွှတ်ခြင်းကြောင့် ကျွန်တော် သွားရလေသည်။ တောင်ဘက်ရွာနှင့် ကျွန်တော်တို့ လေးတိုင်စဉ်ရွာကား(တစ်တိုင်) နှစ်မိုင်ကျော်ကျော် သုံးမိုင် မျှသာ ဝေးကွာ၏။ ထို့ကြောင့် ကိစ္စရှိက ကျွန်တော့်ရွာမှလူများ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ မလွဲမရှောင်သွားရလေ့ရှိ၏။

တချို့က စက်ဘီးနှင့် သွားတတ်ကြပြီး တချို့က မြင်းနှင့်သွား တတ်ကြသည်။ ကျွန်တော်သည် မြင်းစီးလေ့မရှိသလို စက်ဘီးလည်း စီးလေ့မရှိ။ လမ်းလျှောက်ရင်းသာ သွားလေ့ရှိ၏။ တောင်ဘက်ရွာသည် ကျွန်တော်တို့လို လူပျိုပေါက်ကလေးများအား အလွန်ဆွဲဆောင်မှုရှိသည့် ရွာတစ်ရွာဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တောရွာဖြစ်ပေသည့် ကျွန်တော်တို့ ရွာကြီးထက် လူချမ်းသာများ ပေါများသည့်အားလျော်စွာ ဖြူဖြူစင်စင် ကျော့ကျော့ရှင်းရှင်း မိန်းကလေးများ အလွန်ပေါများသော ရွာဖြစ်ခြင်းကြောင့်ဖြစ်၏။

ကျွန်တော်သည် စာအုပ်စာပေနှင့် ထူးခြားသည့် အဖြစ်အပျက် တောအကြောင်း၊ တောင်အကြောင်းများမှလွဲ၍ မိန်းကလေးများအား စိတ်ဝင်စားသူ မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်သွားရောက်ရန်ရှိသည့် ကိုဖိုးဇောင်နှင့် မဖြူတို့အိမ်သို့သာ တန်းတန်းမတ်မတ်လျှောက်လာခဲ့၏။

ကျွန်တော် ဝင်သည့်အချိန်သည် အချိန်ကောင်း ဖြစ်နေသည့် အတွက် ရွာမြောက်ပိုင်း လမ်းမ၌ လူဝင်လူထွက် အတော်များများ တွေ့ရလေ၏။ လူတိုင်းအား မသိသော်လည်း တချို့က ကျွန်တော့်အား လေးတိုင်စဉ်ရွာမှ ကိုညီခင် မတင်မြတို့၏ သားတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာသိခြင်းကြောင့် ကျွန်တော် နှုတ်ဆက်သူများအား ပြန် လည်နှုတ်ဆက်ရ၏။

အထူးသဖြင့် လှပသည့် မိန်းကလေးများအား ကျွန်တော် အကျမ်းတဝင် မရှိခြင်းကြောင့် ထိုမိန်းကလေးများအား နှုတ်ဆက်ရန် အကြောင်းတရားမရှိ။ အသာရှောင်ကွင်း၍သာ လာခဲ့၏။ တချို့ မိန်းကလေးများမှ တရွာသားဖြစ်သည့် ကျွန်တော့်အား မမြင်ဘူးသည့် သတ္တဝါအလား ခပ်စိမ်းစိမ်း ခပ်စူးစူးကြည့်ကြ၏။ ကျွန်တော် ထိုသို့ အကြည့်ခံရတိုင်း အကြည့်ခံရတိုင်း မျက်နှာပိုးသတ်ပြုရုံမှအပ သူတို့အား ပြန်၍မကြည့်ရဖြစ်ပေ။ တချို့ ခပ်ပြောင်ပြောင် ခပ်ကဲကဲ မိန်းကလေးများက သူတို့အချင်းချင်း နောက်သလို ပြောင်သလို အစခံရသေး၏။

ကျွန်တော် ကိုဖိုးထောင်တို့၏ အိမ်အရောက်၌ နေ့ခင်းနေ့လယ်မို့ တင်းကုပ်အတွင်း ကိုဖိုးထောင် ထန်းရည်လာသောက်သူ သုံးယောက်အား ညှဉ်ခံစကားပြောရင်း ထိုင်နေသည်ကို တွေ့ရ၏။ မဖြူအား မတွေ့ရပေ။

"ဟာ ... လာ လေးတိုင်စဉ်သား ထိုင်။ ကိစ္စအထူးရှိပုံရ တယ်။ ချကွာ ... ချရင်းလိုရင်း ကိစ္စပြော"

ကိုဖိုးထောင်အား ကျွန်တော် ရင်းနှီး၏။ သို့သော် ထိုထန်းရည် သောက်ရင်း စကားပြောနေကြသည့် မျက်နှာစိမ်း သုံးယောက်ကိုတော့ ကျွန်တော် ကောင်းစွာမသိပေ။ ကျွန်တော် ဝင်လာခိုက် သူတို့ပြောသည့် စကားများကား ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ် ကောင်းလှ၏။

ကျွန်တော် ဝင်ထိုင်လိုက်သည့်အတွက် သူတို့ပြောစကားများ ခေတ္တပြတ်တောက်သွား၏။ ကျွန်တော့်အား သုံးမျက်နှာ မျက်လုံး ခြောက်လုံးနှင့် အသေအချာကြည့်ရှုပြီးမှ ဆက်ပြောကြ၏။ သောက်ပါဦး ဟူ၍ကား တစ်ဦးတစ်ယောက်မှ ကျွန်တော့်အား လောကွတ်မပြုကြပေ။

"ဆက်စမ်းပါဦး ဒေါက်ရ။ နောက်ညတွေ ဘယ်လိုဆက် အခြောက်ခံရတုန်း"

"ဟာ ... အခြောက်ခံရတာမှ မပြောနဲ့။ နောက်ဆုံး လပြည့်ကျော် တစ်ရက်နေ့ညမှာ ပုဆိုးကိုကျွတ်အောင် ပြေးလာရတယ်။ ညိုကြီးဆိုရင် ကြောက်ချေးတောင်ပါသလား မသိဘူး"

ထိုအခါ သုံးယောက်ထဲမှ အသားမည်းမည်းနှင့်လူက စပ်ဖြဲဖြဲ လုပ်နေ၏။

"ဟော့ကောင် ... ညိုကြီး မင်းဟုတ်သလား"

"ဟာ ... အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး။ ပြေးတော့ တကယ်ကို ပြေးခဲ့ရတာ။ ကျုပ်လည်း ဒေက်စကားကို မယုံလို့ အဲဒီ ညက လိုက်သွားတာ။ အစက ငဒက် ထွားပြောနေသလားလို့ဆိုပြီး မယုံဘူး။ ဒီကောင်က တစ်ခါတစ်ခါ ကြွားလွန်းလို့မို့ သိချင်တာ"

"အကောင်အထည်ကော မြင်ရလား"

"အကောင်အထည်တော့ မမြင်ရဘူးဗျ။ ပထမ အခင်းထဲဝင်တော့ ပြောင်းဖူးပင်တွေက လေမတိုက်ဘဲ တဖျော့ဖျော့ မြည်လာတယ်။ ကျုပ်က ဟော့ကောင် ညိုကြီး စပြီသတိထားလို့ ပြောတုန်းရှိသေး။ ညိုကြီးက ပြောင်းဖူးတစ်ဖူးကို ဖြောင်းခနဲ ချိုးချလိုက်ပါရော။ ဘာပြောကောင်းမလဲ"

ထိုသို့ပြောပြီး ဒေက်ဆိုသူသည် သူစကားအားရပ်ပြီး ထန်းရည်တစ်ကျိုက်မော့နေခြင်းကြောင့် ကျွန်တော်တို့မှာ ဆန့်တင်ငင် ဖြစ်နေရသေး၏။ အားလုံးစိတ်ဝင်စားနေကြသည်။ ပြီးမှ ဒေက်က သူစကားအား မှိန်းကုပ် မှိန်းကုပ်နှင့် ဆက်ပြော၏။

"ပထမ မယုံဘူးဆိုတဲ့ ညိုကြီး နောက်ကျောကို အုန်းခနဲ သဲခဲတစ်ခဲ လာမှန်တယ်။ သဲခဲငို့ကြည့်တော့ ဘာခဲမှမတွေ့ရဘူး။ ငို့ကြည့်နေတုန်း နောက်တစ်ချက် ကျုပ်နောက်ကျောကို အုန်းခနဲ ထပ်တွယ်လိုက်တော့ လူက ထူပူသွားတယ်။ ဒုတိယညက ဒီလောက်မဆိုးဘူး။

သိသာရုံကလေးတင် ညိုကြီးက ရွတ်ကမ်းကမ်းနဲ့။ ဒုတိယအဖူး ထပ်ချိုးဖို့ ကြိုးစားလုပ်ရော နောက်တစ်ချက် ခဲက ညိုကြီးခေါင်းကို ခွပ်ခနဲ လာထိတယ်။ ဒီတစ်ခါတော့ ဘယ်ရမတုန်း၊ ကျုပ်က အရင် စပြေးတာပေါ့"

"ငဒက်ရ ... မင်းတို့ကို ခဲနဲ့ပေါက်တာ လူရောမဖြစ်နိုင်ဘူးလားကွာ"

"ဟာ ... လူမှမမြင်ရတာ။ နောက်မှာ ဘာမှမရှိဘူး။ ရှားပင်ကြီးပဲ ရှိတယ်"

"ဟ ... ဒါဆိုရင် ရှားပင်ကြီးက ပစ်နေတာပေါ့"

"ဒါပေါ့ဗျာ။ ဟော့ကောင် ညိုကြီး ... မင်းတစ်သက် အဲဒီလိုကြုံဖူးလား"

ဒေက်ဆိုသူ၏ မေးခွန်းအား ညိုကြီး ထန်းရည်မော့ရင်း ခေါင်းယမ်းပြ၏။ သူတို့က ကျွန်တော့်ရွေ့မျောက်၌ မသိလိုက်ဘာသာ ဟုတ်တိုင်းမှန်စွာ ထိုသို့ပြောနေကြသော်လည်း ကျွန်တော်သည် အကြောင်းရင်းအား သိပြီးနေသည် ဖြစ်သည်မို့ စိတ်ထဲတွင် ပြုံးနေမိ၏။ သူတို့စကားက အလွန်ကောင်းနေသည်မို့ ကျွန်တော့်လာရင်း ကိစ္စကို ပင် ကိုဖိုးထောင်အား မပြောဖြစ်သေးချေ။ ကိုဖိုးထောင်ကလည်း အထောက်အခံအဖြစ် အင်း ... အဲ ... ဟာ ... ဟုတ်လား

စသည်အားဖြင့် စိတ်ဝင်စားနေခြင်းကြောင့် ကျွန်တော်နှင့် နားထောင်ဘက် ပရိသတ်ဖြစ်နေရ၏။

ဒေါက်ဆိုသူသည် မျက်နှာပေါက်ဆိုးသော်လည်း စကားပြောကောင်းသူဖြစ်ကြောင်း၊ ကျွန်တော် သတိပြုမိ၏။ ရုပ်ကတော့ ကြမ်းလုံးသမှ တော်ရုံသရဲ သူ့အား ပြန်လန့်သွားနိုင်သည်။ ကျွန်တော်သာ တစ်စုံတစ်ယောက်အပေါ်၌ အလွယ်တကူ ပြဿနာရှာတတ်သူဖြစ်က ဤဒေါက်နှင့် ညိုကြီးဆိုသူအား ရဲတိုင်အဖမ်းခံရုံသာ ရှိတော့ဏ်။ သို့မဟုတ် ''အခုပြောတဲ့ ခင်ဗျားတို့ဝင်ဝိုးနေတဲ့ ပြောင်းဖူးခင်းက ကျုပ်တို့ ပြောင်းဖူးခင်းဗျ၊ အဲဒါ ကျုပ်မခံနိုင်ဘူး၊ လာလိုက်ခဲ့ကြ'' ဟူ၍ ခေါ်လိုက်က ဒေါက်နှင့်ညိုကြီး ဤတစ်မဟုတ်ချင်းအတွင်း ဒုက္ခကောင်းကောင်း ရောက်သွားနိုင်လေသည်။ ထိုနှစ်ယောက်သည် ကျွန်တော့်ရှေ့သို့လာ၍ မှောက်ရက်လဲနေကြခြင်းဖြစ်၏။ အမှန်က ကျွန်တော် ဆိုးဆိုးရွားရွား ခိုးထားသည့် ပြောင်းဖူးသူခိုးအား လာ၍ရှာခြင်းမဟုတ်ပေ။ အလိုအလျောက် မရှာရဘဲ လာတွေ့နေခြင်း ဖြစ်၏။ ထို့ကြောင့် သူတို့ပြောစကားများအား ကျွန်တော် မှုင်မပျက် ဆက်နားထောင်နေလိုက်၏။ အလွန်ကြားရခဲသည့် စကားများ မဟုတ်ပါလား။

''ဒါဆိုရင် မင်းတို့ အဲဒီဆက်မသွားတော့ဘူးပေါ့''

''ဟင့်အင်း ... တော်ပြီ။ နောက်ညတွေဆိုရင် သေမှာ၊

အဲဒီ ညကတောင် အလွတ်ရုန်းပြေးတဲ့ကြားထဲက ညိုကြီး ခုနစ်ချက်ထိပြီး ကျုပ်ငါးချက် အထိခံရတယ်ဗျာ။ ခုချိန်ထိအောင် ကျောတွေအောင့်နေတုန်းရှိသေးတယ်''

''လူလူချင်းဆိုရင် မင်းတို့ပြေးမလား၊ ခံတွယ်မလား''

''ဟာ ... လူလူချင်းဆိုရင်တော့ သာသာလေး သိပ်ပေးလိုက်မှာ။ လူမဟုတ်လို့ပေါ့ဗျ။ နောက်ပိုင်း တဝေါဝေါမြည်သံကြီးကပါလာသေး။ ပြေးနိုင်လို့လွတ်တာပါ။ မပြေးနိုင်ရင် ဘာတွေဆက်ဖြစ်မယ် မတွေးဝံ့ဘူး''

''မင်းတို့ ညတိုင်းသွားလုပ်နေတဲ့ကောင်တွေ ဒီတစ်ချီတော့ တန်အောင်ခံလိုက်ရတာပေါ့ ... အဟားဟား''

ထိုသုံးယောက် သောက်စားအားရပြန်သွားတော့မှပင် ကျွန်တော့်လာရင်းကိစ္စအား ပြောပြရ၏။ ကိစ္စကား ရေနံချောင်းမြို့ပေါ်မှ သူညီတစ်ယောက်က လူကြုံနှင့်အမှာပါးလိုက်သည့် အရေးကြီးစကားအား သွားရောက်ပြောပေးရခြင်းဖြစ်၏။ ကျွန်တော် ဤခရီးသည် အလွန်တန်ဖိုးရှိသည့် ခရီးဖြစ်သွားသည်။

ကျွန်တော် ရွာရောက်တော့ ထိုအကြောင်းများအား မည်သူကိုမျှ ပြောမပြဖြစ်။ နှုတ်လုံအောင် လျှိုထားလိုက်သည်။ သံသရာရှည်နေမည် စိုးသောကြောင့် ဖြစ်၏။ အပင်ပန်းခံ စိုက်ပျိုးထားသည့်

ပြောင်းဖူးခင်းအား ဆိုးဆိုးရွားရွား အခိုးခံနေရသည့်အတွက် ကျွန်တော့် အဖေသည် ယနေ့အချိန်အထိ ထိုသူခိုးများအပေါ်၌ နှလုံးမသာယာ နိုင်အောင် ရှိနေသေး၏။ ထိုသို့ရှိနေသည့် အခြေအနေတွင် ကျွန်တော် အကြောင်းရင်းအား ပြောပြလိုက်ပါက ရာဝင်အိုး တုတ်နဲ့သွားထိုးသကဲ့သို့ ဖြစ်သွားပေမည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့် အဖေသည် ထိုတောင်ဘက်ရွာတစ်ရွာလုံးအား စိတ်ရှိက ပတ်ဆဲ၍ရလောက်အောင် အနေအထားရှိသူဖြစ်၏။ ယခု ခိုးခြင်းအမှုအား ပြုခဲ့ကြသည့် အသက်သုံးဆယ်ကျော် လေးဆယ်ခန့်များရှိသည့် ဒေက်ဆိုသူနှင့် ညိုကြီးဆိုသူတို့အား စာရင်းပင် ထည့်သွင်းမည် မဟုတ်ပေ။ ထို့ကြောင့် အဆိုပါ ညိုကြီးနှင့်ဒေက်တို့အား ငဲ့ညှာသောအားဖြင့် ပြီးပြီးသား ပြီးစေဟူသည့် သဘောနှင့် ကျွန်တော် သိုသိပ်ထားလိုက်ခြင်းဖြစ်၏။

ထိုအကြောင်းများအား သူခိုးများဖြစ်သည့် ဒေက်နှင့် ညိုကြီးတို့ထံမှ ပြည့်ပြည့်စုံစုံ သိခွင့်ရလိုက်သည့်အတွက် ကျွန်တော့်အနေနှင့် ဆရာကြီး အဘဦးရွှေဂန်အား အထူးတလည် မေးမြန်းရန်အကြောင်း မရှိတော့ပေ။ ပြောင်းဖူးများသာ ရိတ်သိမ်းပြီး ဖြစ်သွားသော်လည်း ထိုအကြောင်းခြင်းရာများနှင့် ပတ်သက်၍ ဆရာကြီး အဘ ဦးရွှေဂန်သည် သူလုပ်ရပ် သူအစွမ်းအစက အထူးတလည် ထုတ်ဖော်ပြောဆို

မှု မရှိတော့ပေ။ မေ့မေ့ပျောက်ပျောက်သာ ဘာမျှ မထူးဆန်းသည့် အလားနေထိုင်လေ၏။

ထိုနှစ်က ကထိန်သည် အမှန်က ကျွန်တော့်အဖေ၊ အမေနှင့် ဘိုးဘွားမိဘများ၏ နာမည် တပ်ကြသော်လည်း ကျွန်တော့်အမြင်အရ ဆိုပါမူ ဆရာကြီး အဘဦးရွှေဂန်၏ ကထိန်သာ အမှန်တကယ်အား ဖြင့် ဖြစ်နိုင်လေ၏။ ပြောင်းဖူးခင်းအား အဘမှ ထိုသို့ပြုလုပ်မပေးက တရိပ်ရိပ်နှင့် ကုန်ဖွယ်သာရှိလေသည်။ ဤပြောင်းဖူးခင်းအား အကြောင်းပြု၍ (၀၊) ဤပြောင်းဖူးများ ရောင်းရငွေနှင့် မည်သို့မျှ ကထိန်ခင်းရန် အကြောင်းမရှိသောကြောင့် ဖြစ်၏။

ဆရာကြီး အဘ ဦးရွှေဂန်သည် အကြောင်းခြင်းရာတစ်ခု အပေါ်၌လည်းကောင်း၊ ကိစ္စတစ်ခုအပေါ်၌လည်းကောင်း သူအမေး အမြန်းမရှိက ရှင်းပြလေ့မရှိပေ။ ဤသည်ကပင် အဘသည် ပညာရှိကြောင်း ကျွန်တော် လက်ခံမိ၏။ ဆရာကြီး၏ ထိုထူးထူးခြားခြား အစွမ်းအစအား ကျွန်တော်တို့မိသားစုမှလွဲ၍ ရွာသူရွာသားများ တစ်ဦးတစ်ယောက်မျှ မသိရှိလိုက်ကြချေ။

ဤသည်က ကျွန်တော် ဆယ့်ခြောက်နှစ်သားအရွယ်တွင် နှဖူးတွေ့ ဒူးတွေ့ တွေ့ကြုံလိုက်ရသည်။ ထူးခြားမှုတစ်ခုဖြစ်၏။ ကျွန်တော် လူမဖြစ်ခင် လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ခန့်က တစ်ရွာလုံးသာဓက

ရွာနီးချုပ်စပ်ကပါ အုပ်အော်သောင်းနင်းသိခွင့်ရခဲ့သည့် စွမ်းဆောင်မှုတစ်ခု ရှိသေး၏။ ထိုကိစ္စသည် တစ်ရွာလုံးအား ကိုယ်စားပြုနေသည့် ကိစ္စဖြစ်နေခြင်းကြောင့် ဆရာကြီးမှ ဓမ္မဓိဋ္ဌာန်ကျကျ ဝင်ရောက်ဆောင်ရွက်ပေးလိုက်ခြင်း ဖြစ်၏။

ကျွန်တော်တို့ လေးတိုင်စဉ်ရွာကြီးသည် မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်း၊ ရေနံချောင်းမြို့နယ်တွင် ပါဝင်သည့် ရွာကြီးတစ်ရွာဖြစ်၏။ သမိုင်းကြောင်းအရလည်း အစဉ်လာကြီး၏။ နိုင်ငံသားကောင်းခေတ်ပညာတတ်များလည်း ပေါ်ထွက်၏။ အစိုးရအရာရှိကြီးများလည်း ရှိ၏။ စီးပွားရေးနှင့် သာရေးနာရေးမှအစ ဘာသာရေးသို့တိုင် ရွာနီးချုပ်စပ်ရွာတို့၏ လမ်းပြရှေ့ဆောင်ဖြစ်နေရကား ရွာ၏သတင်းသည် မသမာသူတို့၏ သွားရည်ကျဖွယ်ဖြစ်လာရသည်။

ကျွန်တော်တို့ရွာကြီး၏ အရှေ့မြောက်အရပ်ဒေသ နယ်မြေများသည် အထူးသဖြင့် ပို၍ အစဉ်လာကြီးသည့် နယ်မြေများဖြစ်၏။

မှတ်ချက်။ ။ ကျွန်တော်တို့ရွာ၏သမိုင်းကြောင်းအား ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်မောင်မှ ဇာတ်ထုပ်အဖြစ် ကပြဖူးပြီဖြစ်၏။

စာရေးသူ

ထိုနယ်မြေသည် ရွာနယ်မြေပိုင်နက် နှစ်မိုင်ခန့်အတွင်း၌သာ တည်ရှိလေ၏။ ထိုတည်ရှိသည့်အရာများကား တောင်ကိုးလုံး၊ မန်ကျည်းကိုးပင်၊ စမ်းကိုးသွယ်၊ ပေကိုးပင်တို့ဖြစ်သည်။ အရေအတွက်အားဖြင့်လည်း ဆတူ အညီအမျှဖြစ်သကဲ့သို့ နေရာဌာနများသည်လည်း ရှင်းလင်း သိသာငြင်းမရနိုင်သည့် နေရာဌာနများ ဖြစ်၏။ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာမှ ယနေ့ထက်တိုင် ပကတိ တည်ရှိနေခဲ့သည့် နေရာဌာနများဖြစ်၏။ ထိုနယ်မြေသည် ရွှေသတင်း ငွေသတင်းများမှာလည်း အလွန်ကြီးလှပေသည်။ အစောင့်အရှောက်များ ရှိသည် ဟူသည့် ယုံကြည်မှုအားလည်း ယနေ့လူငယ်များအထိ လက်ခံနေရဆဲဖြစ်၏။ လက်မခံ၍လည်း မရပေ။

ထိုသတင်းကြီးနယ်မြေအတွင်းသို့ ပါဝင်နသည့် ကျွန်တော်တို့ရွာမှ စေတီကြီးတစ်ဆူရှိလေ၏။ ထိုစေတီတော်ကြီး၏ ဘွဲ့အမည်ကား ကောသလ္လဗုဒ္ဓစေတီဖြစ်၏။ ထိုစေတီကြီးသည် သတင်းကြီးသော်လည်း လူသူအရောက်အပေါက် နည်းလေရကား တစ်နေ့တွင် မသမာသူများနှင့် ပြဿနာကြုံလာရ၏။

ကြုံလာရသည့်ပြဿနာကား လူတစ်စုသည် ဘုရားကြီး၏ အောက်တည့်တည့်သို့ မြေအောက်တွင်းဂလိုင်ကြီး တူးနေကြခြင်း ဖြစ်၏။ အစောပိုင်းတွင် ထိုလူစိမ်းတစ်သိုက်၏ ထိုလုပ်ဆောင်မှုအား ရွာ

သူရွာသားများ လုံးဝမသိကြချေ။ ထိုအချိန်တွင် ရွာမှ နွားကျောင်းသား တစ်ယောက်သည် မထင်မှတ်ဘဲ သွားရောက်တွေ့မြင်လိုက်ရခြင်း ကြောင့် ရွာသူ ရွာသားများအား ပြန်လည်တိုင်ကြားရာမှ ထိုပြဿနာ လုသိရှင်ကြား ဖြစ်လာရခြင်း ဖြစ်သည်။

လူစိမ်းများကား ဆရာလုပ်သူအပါအဝင် ကိုးယောက် ဖြစ် ၏။ ဆရာကြီးသည် သျှောင့်ထုံးကြီးထုံးလျက် ယောဂီရောင်များ ဝတ် ဆင်ထားသည့်အတွက် တော်ရုံလူများ မြင်ရုံနှင့် လန့်ဖျပ်သွားနိုင်သည့် ဥပဓိရုပ်ရှိလေသည်။ သို့သော် အလိုလောဘနှင့် ကောက်ကျစ်စဉ်းလဲ မှုများကြောင့် ရွာသူရွာသားများနှင့် အချင်းများကြရလေ။

ရွာသူကြီးသိသွား၍ သူကြီးကိုယ်တိုင် သွားရောက်တားမြစ် သည့်အခါ ထိုဆရာကြီးနှင့် ကိုးယောက်အုပ်စုသည် ထိုနယ်မြေတွင်း သို့ သူကြီးနှင့် ရွာသူရွာသားများအား အဝင်မခံကြချေ။ သူကြီးသည် လည်း အလွန်ကြောက်တတ်သည့် ရွာသူကြီးဦးပေါဖြစ်လေရကား ထို ဟိတ်ဟန်ကောင်းသည့် လူများအား မတားဆီးနိုင်ဘဲ ဖြစ်နေရလေ သည်။ ထိုလူစုသည်ကား ဘုရားကြီး၏အောက်ခြေသို့ တူးမြဲတူးနေ ကြသည်သာ ဖြစ်၏။

ထိုသူများမှ သူကြီးအပါအဝင် ရွာသူရွာသားများအား ခြိမ်း လားဟောက်လား လုပ်၍ တူးမြဲဆက်တူးဓနခြင်းကြောင့် ရွာသူရွာသား

များသည် ကျိတ်မနိုင် ခဲမရ အလွန်ခံပြင်းစွာ တအုံနွေးနွေးဖြစ်နေကြ ရသည်။ ရွာအတွက် ထိုအရေးသည် ကြိမ်မီးအုံးသကဲ့သို့မျှ ရှိလေ၏။

ထိုလူစိမ်းများကား နောက်သုံးရက်အတွင်းလောက်၌ပင် ဘုရားကြီးအား ဖြိုချဖွယ်ရှိလေသည်။ အကြောင်းသော်ကား ဘုရား ကြီး၏ အောက်တည့်တည့် မြေတွင်း၌ ရွှေကိုးစည်၊ ငွေကိုးစည် အကြောင်းသည်လည်း တစ်ရွာလုံး လေးဖက်ကုန်းကလေး မကျန် သိထားပြီးဖြစ်လေ၏။

ထိုရွာသူရွာသားများ သိထားသည့် အသိနှင့် ထိုလူစိမ်းများ သည် ထားသည့်အသိကား ဗာစ်ထပ်တည်းမျှ ဖြစ်နေခြင်းကြောင့် ဟုတ်၏, မဟုတ်၏ ဟူသည့် အချင်းအရာအား မည်သူမျှ တစ်ထစ်ချ ဝေဖန်နိုင်စွမ်းမရှိကြချေ။ ထိုအချိန်၌ ဆရာဦးရွှေဂန်သည် ဆေးကျမ်း တစ်ကျမ်းပြုစုလျက်ရှိလေ၏။ ထိုဆေးကျမ်းအား ဆရာဦးရွှေဂန်တို့ ပင့်ကူနက်ဂိုဏ်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဖိုးသူတော်ကြီး ဦးဝေယံမှ အရေးစားပြုစုရန် တာဝန်ပေးထားခြင်း ဖြစ်၏။ ထိုဆေးကျမ်းအား သုံးလလောက်မျှ အချိန်ယူ ပြုစုပေးနေရသည့်အချိန်ဖြစ်၏။ ထိုသုံးလ အတွင်း ထိုကိစ္စပေါ်ပေါက်လာရခြင်း ဖြစ်၏။

ထိုဆေးကျမ်းအား အာရုံစိုက်နေသည့်အချိန်ပင် ရွာသူ ရွာ သားများ၏ ခံစားချက်အား ကောင်းစွာနားလည်နေပြီ ဖြစ်၏။

ထို့ကြောင့် ဆရာဦးရွှေဂန်သည် အလွန်ကြောက်တတ်သည့် သူကြီးအား သက်သေအဖြစ်ထား၍ ထိုလူစုများ လုပ်ကိုင်နေရာ ဘုရားကြီးသို့ သွားရောက်ကြည့်ရှုလေသည်။ ထိုနေရာအရောက်၌ ရွာသူရွာသားများ ပြောသကဲ့သို့ အလွန်ခံ့ညားသည့် ယောဂီဝတ်သျှောင်ထုံးနှင့် ဆရာကြီးအား တွေ့ရလေ၏။ ထိုဆရာကြီးသည် သူထက် အသက်အလွန်ငယ်သေးသော ဆရာဦးရွှေဂန်အား အတွင်းသို့ ဝင်ခွင့်မပြုသောကြောင့် ဆရာဦးရွှေဂန်သည် သူသဘောနှင့်သူ အတွင်းသို့ အရောက်ဝင်ရလေသည်။

ပထမ ထိုဆရာကြီးသည် ပင့်ကူနက်ပိုင်ရှင် ဆရာဦးရွှေဂန်*အား ပင့်ကူနက်ဂိုဏ်းဝင်တစ်ယောက် ဖြစ်မှန်းသိဟန် မတူပေ။* ထို့ကြောင့် အခြိမ်းအပောက်နှင့် မချေမငံ ဆက်ဆံနေခြင်းဖြစ်၏။ ထိုသို့ ရှိစဉ် ဆရာဦးရွှေဂန်မှ အကျိုးအကြောင်း ပြောပြလိုက်သည့် အခိုက်တန်၌ ထိုဆရာကြီးသည် ပါးစပ်အပောင်းသားနှင့် အလွန်မျက်နှာပျက် အံ့သြတုန်လှုပ်သွားရသော ဟူ၏။

ဆရာဦးရွှေဂန်သည် ထိုဆရာကြီးနှင့် ထိုလူစုအား ထိုသို့ ပြောပြီး ချက်ချင်းအဖယ်ရှားခိုင်းလေသည်။ ထိုအုပ်စုသည် ဆရာဦးရွှေဂန်၏ အမိန့်အား မလွန်ဆန်ဝံ့။ ထိုညနေမှာပင် ချက်ချင်းပြောင်းရွှေ့သွားကြ၏။ သူကြီးဦးပေါ ဆရာဦးရွှေဂန်အား ထိုကိစ္စ ကြည့်

၍ အလေးပြု ဦးညွတ်လိုက်ရ၏။ ဦးမညွတ်၍လည်း မရနိုင်ပေ။ ဆရာဦးရွှေဂန်သည် အသက်ငယ်သော်လည်း ထိုဆရာကြီးအား ရဲစံပြတ်သားစွာ ဤသို့ပြောခြင်းကြောင့် ဖြစ်၏။

"ခင်ဗျားတို့ ဒီညနေ နောက်ဆုတ်ပေးရင် အချိန်ရှိသေးတယ်။ ဒါကို ဆက်လုပ်မယ်ဆိုရင် ကျုပ်ကလည်း ခင်ဗျားတို့ရဲ့ခေါင်းကို သန်းတောင် အသက်ရှင်ခွင့်ပြုမှာမဟုတ်ဘူး ဒါပဲ။ ကျုပ် ခင်ဗျားကြားဖူးတဲ့ ရွှေဂန်ပဲ။ ဒီရွာသားပါ"

ဤအဖြစ်ပျက်သည် လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ခန့်က ကျွန်တော်တို့ရွာအတွက် အလွန်အောက်မေ့ဖွယ်ရာအဖြစ်အပျက်တစ်ခု ဖြစ်လေတော့သတည်း။

❖ ❖ ❖

အခန်း(၄)

ဆရာကြီး အဘ ဦးရွှေဂန် မန္တလေး၊ မတ္တရာ၊ ရှမ်းပြည်စသည့် နယ်မြေများသို့ ခရီးထွက်ခွာသွားတော့ ကျွန်တော်တို့အိမ်တွင် ငေါင်းစင်းစင်းကြီး ကျန်ရစ်ခဲ့လေသည်။ ညည့်သည်များလည်း မလာကြတော့။ ပညာရပ်များအကြောင်း ဆွေးနွေးပြောဆိုကြသည့် ဆရာများလည်း မလာကြတော့။

ထို့နောက် ဘေးဒုက္ခနှင့် ကြုံတွေ့နေရ၍ အကူအညီတောင်းခံသည့်လူများလည်း မလာကြတော့။ ကျွန်တော်တို့အိမ်သည် ဆရာကြီး အဘ ဦးရွှေဂန် ရှိစဉ်ကနှင့်မတူတော့လေပဲ။ အချိန်ပြည့် တိတ်ဆိတ်

နေသကဲ့သို့ရှိ၏။ ထိုအရာအားလုံးများအနက်မှ ပြောစရာဟူ၍ တစ်ခုသာ ရှိလေသည်။ ထိုပြောစရာကား ကျွန်တော့်အမေ မီးဖိုချောင်အတွင်းမှ သက်သာခွင့်ရပြီး အဖေနှင့် ရန်ဖြစ်ခွင့်ရလေတော့သည်။

အဖေသည် ကျွန်တော့်အမေအား မည်သည့်အချိန်ကမှ မိုက်ပုတ်လေ့ မရှိပေ။ ကျွန်တော့်အမေကလည်း အနေအေး၏။ အဖေ့အား ပြန်၍ ဆဲရေးတိုင်းထွာလေ့ မရှိပေ။ သဘောထား မတိုက်ဆိုင်က အပြန်အလှန် နှုတ်အားဖြင့် ပြောဆိုပြီး ပြီးသွားလေ့ရှိ၏။ ယခု ကျွန်တော့်အတွက်နှင့် အဖေနှင့်အမေ စကားများရခြင်း ဖြစ်သည်။

အိမ်တွင် ကျွန်တော်က သားအကြီးဆုံး နောက် လက်ကျော်လည်း မတင်းဆုံးဖြစ်သည်။ ဆရာကြီး အဘ ဦးရွှေဂန် ရှိစဉ်က အဖေသည် ကျွန်တော့်အား ဆရာကြီး အဘ ဦးရွှေဂန် အနေရ အထိုင်ရကြပ်မည်စိုး၍ ကြည့်နေခြင်းဖြစ်၏။ ငေါက်လား ငန်းလား တစ်ခွန်း တစ်ပါဒမျှ မပြုလုပ်ခဲ့ပေ။

ယခုတော့ ထိုသို့မဟုတ်။ ကျွန်တော် စာအုပ်ဖတ်သည်ကိုလည်း ပြောလာ၏။ ကျွန်တော် သူငယ်များအိမ်သို့ သွားရောက်လည်ပတ်သည်ကိုလည်း ဆူလာ၏။ ကျွန်တော် တောတွင်းသို့သွားသည်ကိုလည်း ကျိန်းလာ၏။

''ဟေ့ကောင် ... မင်း ဒီနေ့ ယာထွန်မှာလား၊ ထင်ဆုတ်

မှာလား၊ ရေတိုက်သွားမှာလား။ တစ်ခုခု ပြော။ မင်းပုံစံကို ကြည့်နေတာ ကြာပြီ။ စာအုပ်ကလေး တကိုင်ကိုင်နဲ့ မိသားစုအလုပ်ကို ဘာမှ လက်ကြောတင်းအောင် မလုပ်ဘူး''

''အို ... တော်ကလည်း သက်သောင့်သက်သာ ပြောစမ်းပါ။ စပြောကဲတည်းက ဒေါသနဲ့ထောင်းထောင်း။ ဘာဖြစ်တုန်း သူဟာသူ စာအုပ်ဝါသနာပါလို့ စာအုပ်ဖတ်တာ။ ဖဲရိုက်၊ ကြက်တိုက်နေတာမှ မဟုတ်ဘဲ''

''အောင်မာ .... ဒီကောင့်ကိုပြောရင် ခင်များက ကာဆီးကာဆီးနဲ့။ ကြာရင် ခက်မယ်။ ရောင့်တက်တယ်။ ဒီကောင့်ကို အကျင့်ပျက်အောင် ဖျက်ဆီးနေတာက မိခင်ဖြစ်တဲ့ ခင်များပဲ''

''ဘာမှမဆိုင်ဘူး။ သူ အလုပ်မလုပ်တာပဲရှိတယ်။ မိသားစုကို ဒုက္ခမပေးဘူး။ တချို့ကလေးတွေ သောက်လိုက် စားလိုက်ကြ၊ ရန်ဖြစ်လိုက်၊ လျှော်လိုက်ကြနဲ့ တော့်အမြင်ပဲလေ။ အဲဒီလိုမဖြစ်တဲ့ အတွက်ကို ကျေးဇူးကို ကျေပဲ သဘောကျတယ်''

အမေ၏ အချက်ကျကျစကားကြောင့် ကျွန်တော့်အဖေ ဘာမျှ မပြောတော့။ လှည်းနှင့်တောတွင်းသို့ ထင်းခုတ်ထွက်သွား၏။ ကျွန်တော့်ညီမ ကျောင်းသွားသည့်အချိန်၌ ကျွန်တော့်ညီက ယာစည်းရိုးသွားခတ်နေသည်။ အဖေ ပြောမည်ဆိုလျှင်လည်း ကျွန်တော်

က ပြောချင်စရာပင်။ ဆရာကြီး အဘ ဦးရွှေဂန် ရှိစဉ် ကျွန်တော် တောလိုက်နည်းခဲ့၏။

ဆရာကြီးမှ တစ်ပတ်လျှင် လေးငါးရက်မျှ ကျွန်တော့်အား တစ်ခုခု ရှာဖွေခိုင်းစေလေ့ရှိသောကြောင့်ဖြစ်၏။ အဘသည် ကျွန်တော့်အား ခိုင်းစရာမရှိလျှင် ကျွန်တော့်အား တောတွင်းသို့ မသွားဖြစ်စေရန် ဟန့်တားသည့်အနေနှင့် စကားပြောရင်း လမ်းလျှောက်ခေါ်လေ့ရှိ၏။ ကျွန်တော့်စိတ်ဓာတ်၊ ဉာဏ်ရည် ဉာဏ်သွေးနှင့် ကျွန်တော့်သတ္တိအား အမြဲတမ်း အကဲစမ်းလေ့ရှိလေသည်။ ထို့ကြောင့် အဖေမှ ကျွန်တော့်အား ဆူပူကျိန်းမောင်းခြင်း မရှိ။ လွတ်ငြိမ်းချမ်းသာခွင့် ပေးထားခြင်း ဖြစ်၏။

သို့နှင့် ကျွန်တော်သည် မင်း ဘာလုပ်မှာတုန်း ဟူသည့် အလုပ်သုံးမျိုးထဲမှ တစ်လုပ်မှမလုပ်ဘဲ သူငယ်ချင်းဖြစ်သူ စံမင်းအိမ်သို့သာ ထွက်လာခဲ့သည်။ စံမင်းအိမ်အရောက်၌ စံပင်းသည် ကောက်ညှင်းပေါင်းစားရင်း ရေနွေးသောက်လျက် ရှိ၏။

''ဟေ့ကောင် ... လာ။ မင်းကလည်း အိမ်လာဖော်တောင် မရဘူး''

''ငါ အိမ်လာတော့ကော မင်းက အိမ်ရှိလို့လား။ နောက်ပြီး ငါ့မှာ အဘခိုင်းရင်လည်း လုပ်ပေးရသေးတယ်''

''ဒါတော့ ငါသိတာပေါ့ကွ။ ဒီလိုပဲ လုပ်ပေးရမှာပဲ။ အိမ်မှာ မင်းပဲရှိတာကို''

''ဒါဆိုရင် ငါမလာတာကို မင်း ဘာလို့အထူးအဆန်းလုပ်ပြီး ပြောနေတာတုန်း''

ကျွန်တော် ထိုသို့ပြောရင်း ကောက်ညှင်းပေါင်းအား နှိုက်စားလိုက်သည်။ ကျွန်တော် အနည်းငယ်မျှ စားသောက်ပြီး ကျွန်တော် တို့နှစ်ယောက် တောတွင်းသို့ ထွက်ခဲ့ကြ၏။ ကျွန်တော်တို့နှစ်ယောက် ထွက်လာချိန်သည် မနက် ရှစ်နာရီခန့်ရှိခဲ့ပေပြီ။ မိုးဦးကာလလည်း ရောက်ရှိနေပြီမို့ အပူဒဏ်သည် သိသိသာသာ သက်သာလို့နေ၏။ ကျွန်တော်တို့သည် ပထမ မကွဲချောင်းတောအား ဖြတ်ကျော်လာခဲ့ကြ၏။ ထို့နောက် ညောင်ပင်ကန်တောအားလည်း စကား တပြောပြောနှင့် ဖြတ်ကျော်လာခဲ့ပြန်သည်။ ဖြတ်ကျော်ရင်း ဖြတ်ကျော်ရင်း တဖြည်းဖြည်း ရွာနှင့်ဝေးလာခဲ့၏။

ကျွန်တော်တို့ သွားမည်က လိပ်ကန်တောဖြစ်သော်လည်း မြူထူးတောကြီးအား ဖြတ်ကျော်ပြီးမှ လိပ်ကန်တောသို့ ရောက်ရမည် ဖြစ်၏။ ထိုဖြူထူးတောနှင့် လိပ်ကန်တောသည် တစ်ဆက်တည်း ဖြစ်ပြီး ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက အမည်နာမများ သတ်မှတ်ပေးထားခြင်းကြောင့် ထိုသို့ကွဲပြားနေရခြင်း ဖြစ်၏။

အမှန်ကတော့ တစ်ဆက်တည်းသာ ရှိလေသည်။ တစ်ဖက်ခြမ်းရှိ လိပ်ကန်ကုန်းတောကြီးမှ လိပ်များ ပေါများပြီး ယခု ကျွန်တော်တို့ ဝင်သည့် ဖြူထူးတောကြီးမှ အပေါက်များ၊ ဂလိုင်များ၊ တွင်းပေါက်များ၊ ချိုနွယ်များ ပေါများခြင်းကြောင့် မြွေအလွန်ပေါများ၏။

တစ်ခါက မိုးဦးကျတစ်နေ့၌ ကျွန်တော့်တို့ကဲ့သို့ တောလိုက်နေသည့် မုဆိုးကိုသိုင်းကျော်သည် ဤဖြူထူးတောကြီးအတွင်းမှ တစ်ဖက်လောက်မျှရှိသည့် မြွေအလုံးကြီးအား ဒလိမ့် ဒလိမ့်နှင့် ရွေ့လျားနေသည်ကို ထိတ်လန့်ကြောက်ရွံ့ဖွယ် တွေ့မြင်လိုက်ရခြင်းကြောင့် ကိုသိုင်းကျော်ခမျာမှာ တစ်နှစ်လောက်မျှ ထိုတောတွင်းသို့ မဝင်ရဲ မထွက်ရဲ သွေးလန့်နေခဲ့ဖူး၏။

အမှန်ကား မုဆိုးအရင့်အမာကြီးဖြစ်ပြီး သားကောင်ရှာခြင်းနှင့် အသက်မွေးကျောင်းပြုလုပ်နေသည့် ကိုသိုင်းကျော်သည် မိုးကျကာလ၌ တိုက်ဆိုင်စွာ မြွေအရွေ့လိုက်နေသည်နှင့် သွားရောက်ကြုံတွေ့လိုက်ရခြင်း ဖြစ်၏။ ထို့ကြောင့် မြွေများ ထိုမျှလောက် များပြားနေခြင်း ဖြစ်သည်။

ကျွန်တော်က ထိုတောတွင်းသို့ ခြေချမိသည်နှင့် အဓိကထား သတိပြုသည်မှာ မြွေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မုဆိုးကြီး ကိုသိုင်းကျော် တွေ့ခဲ့ရသည့်ရာသီနှင့် တိုက်ဆိုင်နေခြင်းကြောင့် ဖြစ်

သည်း တချို့တောတွင်း၌ ကြီးမားသည့် မြွေကြီးတစ်ကောင်ကောင် မြင်လိုက်ရရုံနှင့် အကြောက်လွန်ပြီး တောတွင်းအမှောင့်ပယောဂ ဝင်မူးသည်ကိုလည်း တွေ့ရဖူး၏။

အသည်းယေါသူများ ပို၍ ဖြစ်တတ်ကြသည်။ ကျွန်တော်က ထိုအတွေးများနှင့် မျက်လုံးအား ရှင်ရှင်ထား၍ သတိပြု ကြည့်ရှုရင်း သွားနေသော်လည်း ကျွန်တော့်သူငယ်ချင်းဖြစ်သူ စံမင်းမှာမူ သူ အသွေနကြိုက်နှစ်သက်သည့် Lucky-strike စီးကရက်အား စတိုင် တကျ ဖွာရှိုက်ရင်း ရှေ့မှ သွားလျက်ရှိ၏။

''ဘုန်း မင်း ဓဆးလိပ်သောက်မလား ... ရော့''

''ဟင့်အင်း ... မသောက်ပါဘူးကွာ''

ကျွန်တော် ထိုသို့ပြောတော့ စံမင်းသည် သူစီးကရက်ဘူးအား သူဘောင်းဘီအိတ်အတွင်းသို့ ပြန်ထိုးထည့်လိုက်၏။ သူပုံစံက ကျွန်တော့်လောက် သောကဗျာပါဒမရှိကြောင်း တွေ့ရ၏။ သူကပင် အမှု မထား၍လော၊ ဂရုမစိုက်၍လော မဆိုနိုင်။ ကျွန်တော်ကတော့ တော တွင်း နက်လာလေ ပို၍ ဂရုစိုက်မိလေဖြစ်၏။ မိုးဦးကာလမို့ သစ်ပင် များကလည်း ပို၍အုံ့ဆိုင်းလျက်ရှိ၏။ သစ်ပင်၊ မြက်ပင်များ၊ ချုံနွယ် များ ထူထပ်နေခြင်းကြောင့် ကျွန်တော်တို့ခရီးသည် သိပ်မတွင်လှပေ။

ထိုစဉ် တော၏တစ်နေရာအရောက်၌ သစ်ပင်ကြီး တစ်ပင်

အောက်တွင် လူငါးယောက် စုထိုင်စကားပြောနေသည်ကို တွေ့လိုက် ရခြင်းကြောင့် ကျွန်တော် အလွန်အံ့အားသင့်သွား၏။

''စံမင်း''

'ဟေ ... ဘာတုန်း''

''ခဏရပ်။ မင်းမျက်စိ ဘာထူးထူးခြားခြား မြင်ရတုန်း''

''ဟင့်အင်း ... ဘာမှမမြင်ရပါဘူး။ ဘာဖြစ်လို့တုန်း''

ကျွန်တော်တို့နှစ်ယောက် ရှေ့ဆက်မတိုး။ ခြေလှမ်းများ ရပ် ထားလိုက်၏။ ဆိုလူစုနှင့် ကျွန်တော်တို့ရပ်နေသည့်နေရာသည် ကိုက် ငါးဆယ်ခန့်လောက်မျှ အကွာအဝေးရှိလေသည်။ သူတို့ပြောနေသည့် စကားများအား ကျွန်တော်တို့ ရှင်းလင်းစွာမကြားရသကဲ့သို့ ကျွန်တော် တို့ပြောသည့်စကားများအားလည်း ထိုလူစု ကြားရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့က လေသံလျှော့၍ ပြောဆိုနေ ကြခြင်းကြောင့်ဖြစ်၏။

''ဟော့ကောင် ... ဟိုမှာကြည့် လူငါးယောက် တွေ့လား''

လှိုက်မမ်းပါးကြီးအနီးရှိ သစ်ပင်ကြီးအောက်သို့ ကျွန်တော် စံမင်းအား လက်ညှိုးညွှန်ပြလိုက်၏။ ထိုအခါကျမှ ဘကြီးသားသည် ကောင်းစွာမြင်သွားလေတော့၏။ စီးကရက်၏ အရသာပင် ကြက် ပျောက် ငှက်ပျောက် ပျောက်သွားပုံရ၏။

"ဘုန်း ... အဲဒီလူတွေဟာ တို့နယ်ကလူတွေ မဖြစ်နိုင်ဘူး။ ဝတ်တာစားတာတွေက မြို့ပုံစံတွေပဲ။ ဒီတောထဲလာပြီး စကားပြောနေကြတယ်ဆိုတော့ အကြောင်းတော့ရှိရမယ်ကွ။ မဟုတ်မှလွဲရော ဂျပန်ရုတနာသိုက်ကို လိုက်နေတဲ့လူတွေများ ဖြစ်နေမလား"

"ဟာ ... မင်းကလဲညည်း ကြဲကြီးစည်ရာ ဘာတွေလျှောက်ပြောတာတုန်း။ ပုံပြင်အဆင့်လောက်ရှိတဲ့ကိစ္စကို ဖြစ်နိုင်ပါ့မလား။ အခြားအကြောင်းတစ်ခုနဲ့ ဖြစ်နိုင်တယ်။ သူတို့ပုံစံတွေက အရွယ်ကောင်းတွေချည်းပဲ။ ခရီးသွားလမ်းကြုံလည်း မဖြစ်နိုင်ဘူး"

"ဟ ... မင်း ရူးသလား။ ဒီလို ချောင်ကြိုချောင်ကြား တောထဲ ဘယ်ကခရီးသွားက ရောက်လာမှာတုန်း။ စဉ်းစားလည်း ပြောပါဦး ငါ့လူရ"

ထိုသို့ပြောရင်း အခြေအနေကို ကျွန်တော်တို့ တစ်အောင့်မျှ အကဲခတ်ကြည့်ရှုနေမိ၏။ ထိုလူစုကတော့ ကျွန်တော်တို့နှစ်ယောက်အား မြင်တွေ့ဟန်မတူပေ။ ကျွန်တော်တို့ရှေ့မှ ချုံကြီးနှင့် ကွယ်နေခြင်းကြောင့် ဖြစ်၏။

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် လိုရင်းကိစ္စမဟုတ်သဖြင့် ထိုထူးထူးဆန်းဆန်း လူတစ်စုအား ဖယ်ခွာ၍ လိုရာခရီးသို့ ဆက်ခဲ့ကြလေသည်။ ထိုလူစုနှင့် ပတ်သက်၍ ကျွန်တော့်စိတ်ထဲတွင်

မည်သည့်တွေးတောမှုမျှ မထားတော့သလို စံမင်း၏စိတ်ထဲတွင်လည်း မည်သည့်တွေးမှုမျှ ထားတော့ဟန် မတူတော့ချေ။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲတွင် ရသည့်အကောင်ဗလောင်ကိုသာ ပစ်ခတ်ဖမ်းဆီးတော့မည်ဟူ၍ စိတ်ကူးထားပြီး ဖြစ်၏။

ထိုသို့ စိတ်ကူးထားစဉ်မှာပင် ခပ်လှမ်းလှမ်းမှ တောကြက်တစ်ကောင်အား ကျွန်တော် အပိုင်ချိန်ရွယ်ပစ်ခတ်ရလေသည်။

"ဒိုင်း"

"ဖလွှမ်း ... ဖလမ်း ... ဖလမ်း ... ဖလမ်း"

တောကြက်သည် ဦးခေါင်းပိုင်းတွင် ကျည်သင့်သွားပြီဖြစ်သောကြောင့် တောင်ပံတစ်စုံ ရိုက်ခတ်ရုံမှအပ မည်သို့မျှ မလှုပ်ရှားနိုင်တော့။ ကျွန်တော် သွားရောက်၍ အသာကောက်ယူလိုက်လေသည်။

"ဟာ ... ငါ့လူ တောကြက်မှဟုတ်ရဲ့လား။ ကြီးလှချည်လားဟ"

"ဟုတ်ပါတယ်ကွ။ တောကြက်ပါ။ အကောင်ဝပြီး ထွားနေလို့"

စံမင်းမှ ကျွန်တော့်လက်တွင်းမှ တောကြက်ကြီးအားကြည့်၍ ပြောခြင်းကြောင့် ကျွန်တော် ပြန်ပြောရင်း သူလက်တွင်း ထည့်ပေးလိုက်သည်။

ထို့နောက် ကျွန်တော်တို့ လိပ်ကန်ကုန်းတောအတွင်းသို့ ခရီးဆက်တိုးဝင်ခဲ့ကြပြန်၏။ မြွေဆိုး မြွေဟောက်များ အလွန်ပေါများသည့် ဖြူထူးတောမှ လွန်မြောက်လာခဲ့ပြီမို့ ကျွန်တော့်စိတ်ထဲတွင် အနည်းငယ် ပူပန်စိတ် လျော့နည်းသွားရ၏။ လိပ်ကန်ကုန်းတောသည် ဖြူထူးတောလောက် မြွေဆိုးများ မပေါများသောကြောင့် ဖြစ်၏။

''ဟေ့ကောင် ဘုန်း ... မင်း ခုနက တွေ့ခဲ့တဲ့လူတွေကို ဘယ်လိုစဉ်းစားမိတုန်း ငါ့စိတ်ထဲတော့ နည်းနည်းထူးနေသလိုပဲ''

''ထူးတယ်လို့ပြောရင်လည်း ပြောလို့ရတယ်။ မထူးဘူးလို့ ပြောရင်လည်း ပြောလို့ရတယ်။ ငါတို့တောင် ငါတို့ကိစ္စနဲ့ ထွက်လာခဲ့ကြသေးတာ''

ကျွန်တော့်စကားကြောင့် စံမင်း ဘာမှမပြောတော့ နှုတ်ဆိတ်သွား၏။ ထိုလူစု၏အကြောင်းအရာ ကိုယ့်အကြောင်းလုပ်၍ အတွေးနယ်ချဲ့နေလျှင် ကျွန်တော်တို့ အလိုရှိသည့်အရာ ရရှိမည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်သည် သားကောင်ပစ်ခတ်ဖို့လောက်သာ စိတ်ကူးရှိ၏။

သားကောင်ကား တောကြက်တစ်ကောင်သာ ရရှိထားပြီး ဖြစ်သော်လည်း နေလည်း အလွန်မြင့်၍ မွန်တိမ်းလာပြီဖြစ်သလို ကျွန်တော့်ဝမ်းထဲတွင်လည်း တကြုတ်ကြုတ်နှင့် ဆာလောင်နေပြီ ဖြစ်

ခြင်းကြောင့် အိမ်မှထည့်လာသည့် ကောက်ညှင်းပေါင်းထုပ်အား ဖြေ၍ ကျွန်တော်တို့နှစ်ယောက် စားသောက်ကြလေသည်။ တောတွင်း၌ ထူးထူးခြားခြား ကြုံတွေ့တတ်မှုအား မျော်လင့်နေသည့် ကျွန်တော့်အတွက် ဘာထူးခြားမှုမျှ မတွေ့ရသေး။

တောသည် လှို့ဝှက်တတ်တ၏။ ဆန်းကြယ်တတ်တ၏။ ထို့ကြောင့် ကျွန်တော်သည် တောတွင်း လှည့်လည်တိုင်း လှည့်လည်တိုင်းတို့၌ အမှတ်တမဲ့နေခဲ့၏။ အမြဲတမ်း သတိဝိရိယသာ ထားလေ့ရှိ၏။ ထို သတိဝိရိယများကြောင့် ကျွန်တော်သည် ထောနှင့်ပတ်သက်သည့် ဘေးဥပါဒ်အန္တရာယ် တစ်စုံတစ်ရာ မကျရောက်ခဲ့ဖူးသေးပေ။

''ငါ့လူ ကောက်ညှင်းပေါင်းက နည်းနေလို့လား မသိဘူး အတော်စားလို့ကောင်းသဟ''

''မင်းက ဆန်မရှိ သောက်စားကြီးကိုး။ ဒါကြောင့် ကောင်းနေတာ''

''ကောင်းတာ မကောင်းတာက အရေးမကြီးဘူး။ ငါတို့ ဘာကောင်မှ တူတန်အောင် မရသေးဘူး။ အချိန်ရှိခိုက် လှုံ့လစိုက်မှ ဖြစ်မယ်။ လာ ... သွားစို့''

စံမင်း၏လောဆော်မှုနှင့်အတူ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပြန်၏။ ရှေ့ဆက်တိုးလာသည်နှင့် သစ်ပင်များ ပို၍ထူထပ် တောရှုပ်

လာကြောင်း ကျွန်တော် သတိပြုမိသည်။ စံမင်းကတော့ စီးကရက် ကလေးခဲလျက်ရှိ၏။ ဖြူထူးတောအတွင်းကမှ လူတွေ့ရသေး၏။ ဤလိပ်ကန်ကုန်းတောကြီးအတွင်း၌မူ လူဟူ၍မဆိုထားနှင့် ခွေးတစ်ကောင် ကြောင်တစ်ဖြီးမှ မမြင်တွေ့ရချေ။ လူဟူ၍ ကျွန်တော်တို့ နှစ်ယောက်သာလျှင် စကားတပြောပြောနှင့် ချီတက်နေကြခြင်း ဖြစ်၏။ ထိုစဉ် တစ်နေရာအရောက်၌ ...

"ဟေ့ကောင်တွေ ... မင်းတို့ ဘယ်ကကောင်တွေတုန်း။ ရပ်စမ်း"

ထိုအမိန့်ပေးသံနှင့်အတူ ချုံကြီးအတွင်းမှ လူငါးယောက် ရုတ်တရက် ပေါ်ထွက်လာသည့်အတွက် ကျွန်တော်တို့နှစ်ယောက်စလုံး အံ့အားသင့်သွား၏။

"မင်းတို့ကောင်တွေ ဘယ်ကကောင်တွေတုန်း ပြောစမ်း။ မင်းသေနတ်ကို ချလိုက်"

ခေါင်းဆောင်ဖြစ်ဟန်တူသည့်လူမှ ကျွန်တော့်အား စူးစူးဝါးဝါး ကြည့်ရှု အမိန့်ပေးပြောဆိုခြင်းကြောင့် ကျွန်တော့်လက်တွင်းမှ သေနတ်အား မချချင် ချချင် ချပေးလိုက်ရ၏။

"ဒုတ် ... ဝွတ်"

သေနတ်ဒင်နှင့်မြွေဆောင့်၍ လဲကျသွားသည်။ ပြီးနောက်

မကြည်တကြည်ပင် ကျွန်တော် ပြန်ဖြေလိုက်၏။

"ကျုပ်တို့ ဟိုဘက်ရွာက တောလိုက်ထွက်လာတာ။ ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ရမှာလဲကွ။ မင်းတို့ တောလိုက်ချင်ယောင်ဆောင်ပြီး ငါတို့နောက်ကို လိုက်နေတာ မဟုတ်လား။ မှန်မှန်ပြောစမ်း။ မင်းတို့ကို ဘယ်သူခိုင်းတာလဲ"

"ခင်ဗျားပြောနေတာ တစ်ခုမှ မမှတိဘူး။ ကျုပ်တို့ တောလိုက်ထွက်လာတာ။ ဟောဒီမှာ တောကြက်ဓာစ်ကောင်တောင် ပစ်ခဲ့ပြီးပြီ။ ခင်ဗျားက ကျုပ်တို့ကို ဘာမသက်ာလို့ မေးတာတုန်း"

"မသက်ာဆို မင်းတို့ကို ဟိုဘက်တောထဲမှာလည်း တွေ့ရတယ်။ နောက်ပြီး ဒီဘက်တောထဲမှာလည်း မင်းတို့ကို လာတွေ့နေရတယ်။ မင်းတို့မြွေတွေဆိုရင်တော့ ငါတို့ ထားလို့မဖြစ်ဘူး"

"ခင်ဗျားပြောတာ ဘာမှ ကျုပ်နားမလည်ဘူး။ မြွေတွေရောကင်းလိပ်တွေရော ရှုပ်နေတယ်။ ခင်ဗျားတို့က ဘယ်ကတုန်း"

"ဟေ့ကောင် ... မင်း ငါတို့ကို ပြန်မမေးနဲ့။ ငါတို့မေးတာပဲ ဖြေ။ ယီးတီးယားတားမလုပ်နဲ့။ သေသွားမယ်"

ခေါင်းဆောင်ဖြစ်သူသည် ကျွန်တော့်ရင်ဝသို့ ခြောက်လုံးပြူး သေနတ်နှင့် တည့်တည့်ချိန်ရွယ်ပြီး ထိုသို့ ခပ်ထင်းထင်း ခပ်မာမာ

ပြောခြင်းဖြစ်၏။ ကျွန်တော် သူသေနတ်အားကြည့်၍ အတုလား အစစ်လား တွေးတောလိုက်မိသေးသည်။

"ဟေ့ကောင် ... ဘာကြည့်တာလဲ။ ဒီမှာတွေ့လား"

"ဒိုင်း ... ဒိုင်း"

ထိုသူသည် ထိုသို့ပြောဆိုပြီး သူသေနတ်အား မိုးသို့ ထောင်ပစ်လိုက်ခြင်းကြောင့် ယမ်းခိုး ယမ်းငွေ့များ သန်းထွက်လာသည်။ ကျွန်တော် သူလက်တွင်းမှ သေနတ်အား သံသယမရှိတော့။ သူတို့ ကျွန်တော်တို့အား ဘာအဆုံးအဖြတ်ပေးလေမလဲဟူသည့် သိလိုစိတ်နှင့် ကျွန်တော်တို့နှစ်ယောက် ငြိမ်သက်စွာ စောင့်ကြည့်နေမိသည်။

ကျွန်တော်ထင်သည့်အတိုင်းပင် ကျွန်တော်တို့နှစ်ယောက်အား သူတို့အလိုရှိရာအရပ်သို့ ခေါ်ဆောင်သွားခြင်းကြောင့် ကျွန်တော်တို့ မငြင်းပယ်နိုင်ဘဲ ဘုမသိ ဘမသိ လိုက်ပါသွားရသည်။

❖ ❖ ❖

အခန်း (၅)

"ဟေ့ကောင်တွေ ... မင်းတို့ မှန်မှန်ပြောစမ်း။

ဦးရွှေဂန်ရဲ့ တပည့်တွေမဟုတ်လား။ ဦးရွှေဂန်ရဲ့တပည့်တွေ ဆိုရင်တော့ မင်းတို့ဟာ ငှဲရန်သူတွေပဲ"

"ဘယ်ကဦးရွှေဂန်တုန်း။ မဆီမဆိုင် ကျုပ်တို့ မသိဘူး။ နေစမ်းပါဦး ဦးရွှေဂန်နဲ့ ခင်ဗျားက ဘာကိစ္စ ရန်သူဖြစ်တာတုန်း"

"နို့ ... အဲဒါ မင်းမမေးနဲ့။ မင်း သိစရာမလိုဘူး။ ငါတို့ မေးတာကိုပဲ ဖြေ"

ထိုအခါ စံမင်းသည် စိတ်မရှည်စွာ လက်နက်ကိုင်ခေါင်းဆောင်

နှင့် ကျွန်တော့်အကြား ဝင်ရောက်ပြောဆိုလိုက်၏။

"ကဲ ..., ခင်ဗျားတို့ မေးချင်ရာကို မေး။ ကျုပ်တို့ သိသလောက် ဖြေပေးမယ်။ ခြိမ်းလားဟောက်လားတော့ မလုပ်နဲ့"

"ဟုတ်ပြီ။ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျုပ်နာမည် စံမင်း"

"မင်းနာမည်ကရော ဘယ်လိုခေါ်လဲ"

"ကျုပ်နာမည် မောင်ဘုန်း။ စာအုပ်ဖတ်တယ်၊ တောလိုက်တဲ့အလုပ်ကို အပျော်တမ်းလုပ်တယ်။ ကျန်တာ ဘာမှစိတ်မဝင်စားဘူး"

ကျွန်တော်သည် သောက်မြင်ကပ်ကပ်နှင့် သူ မေ့နိုင်ဖွယ် ရှိသည့်မေးခွန်းများအား တစ်ခါတည်း စုပြုံဖြေပစ်လိုက်၏။

"ဟေ့ကောင် ... မင်းကရော ဘာလုပ်လဲ။ မှန်မှန်ဖြေစမ်း"

"ကျုပ်က ဘာမှမလုပ်ဘူး။ အချိန်ရရင် တောပဲလိုက်တယ် မဟုတ်ရင် မခံတတ်ဘူး။ လူလူချင်းလည်း မကြောက်ဘူး။ ကျုပ် ဒါပဲ သိတယ်။ ကျန်တာ မသိဘူး"

စံမင်းကလည်း ကျွန်တော့်ထက်ပင် ပိုဆိုးသေး၍ ထိုသို့ ပိတ်ပြောလိုက်ခြင်းကြောင့် ခေါင်းဆောင်လုပ်သူနှင့် အဖွဲ့သားလေးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထို့နောက်

ခေါင်းဆောင်မှ ကျွန်တစ်ယောက်အား အကြည့်ဏ်တောင်းလိုက်၏။

"ဟေ့ကောင် ... နဂါး ဒီကောင်တွေကို ဘယ်လိုလုပ်မလဲ။ သူတို့ပြောတဲ့စကားတွေက တို့ကိစ္စနဲ့တော့ မပတ်သက်ဘူး။ အဲဒါ မင်း ဘယ်လိုလုပ်မလဲ စဉ်းစားစမ်း"

နာမည်က နဂါးတဲ့။ လူက နှုတ်သီးချွန်ချွန်။ ထိုလူက ကျွန်တော်တို့နှစ်ယောက်အား ခြေဆုံးခေါင်းဆုံးမျှ ကြည့်ရှုလေ၏။ ပြီးမှ ...

"ဒီကောင်တွေကို ဒီတိုင်းပြန်လွှတ်ပေးလို့ မရဘူး။ ဒီကောင်တွေ ဒီကိစ္စအတွက် အနည်းအကျဉ်းတော့ သိနိုင်တယ်။ မင်းတို့ရွာထဲမှာ ဘာတွေထူးခြားတုန်း ပြောစမ်း။ သောင်းရင် ထိုင်၊ ပြေးဖို့တော့ မကြံနဲ့။ ဒီမှာတွေ့လား"

"ကျုပ်တို့ရွာထဲမှာ ထူးခြားတာတွေတော့ ရှိတာပေါ့ဗျာ။ ရွာထဲ ကြက်နာတွေကျပြီး ကြက်တွေ တဖုတ်ဖုတ် သေနေတာတွေ့နေနောက် မနေ့ကမှ လေးတင် ကိုသာလုံး ခွေးရူးအကိုက်ခံရတာတွေ"

"ဟိတ်ကောင် ... တော်တိတ်။ ငါမေးတာက အဲဒါတွေ မေးတာ မဟုတ်ဘူး။ မင်းတို့ရွာထဲမှာ ဆရာဦးရွှေဂန်ဆိုတာ ရှိတယ် မဟုတ်လား။ အဲဒီဆရာနဲ့ မင်းတို့ ရင်းနှီးလား"

"ဟင့်အင်း ... မရင်းနှီးဘူး"

''ဒါဆိုရင် အဲဒီဆရာဆီမှာ ဝင်ထွက်နေတဲ့လူတွေကိုရော သိလား''

''ကျန်တာတွေတော့ မသိဘူး။ ပိတ်ဖြူကြီးခတ်တဲ့ ခေါင်းတုံးနဲ့ ဖိုးသူတော်ကြီးတစ်ယောက်ကိုပဲ ကောင်းကောင်း သိတယ်''

''အေး ... ဟုတ်ပြီ။ အဲဒီဖိုးသူတော်ကြီးက ဘယ်ကလာတာလဲ၊ ဘာလာလုပ်တာလဲ မင်းတို့သိလား''

''ဟင့်အင်း ... အဲဒါတော့ မသိဘူး။ လေ့လာကြည့်မှ သိမယ်လေ''

''ဆရာဦးရွှေဂန်နဲ့ မင်းတို့ ကင်းတာ၊ မရင်းနှီးတာ သေချာတယ်နော်''

''သေချာတယ်။ ကျွပ်တို့နဲ့ တခြားစီပဲ''

''ဒါဆိုရင် ဟုတ်ပြီ။ မရင်းနှီးဘူးထားလိုက်တော့ မရင်းနှီးတာက ရင်းနှီးအောင် လုပ်ယူလို့ရပါတယ်။ မင်းတို့နှစ်ယောက်ကို တစ်ခုမေးမယ်။ မင်းတို့ ချမ်းသာချင်ကြသလား''

''ဟာ ... ချမ်းသာချင်တာပေါ့။ လူပဲ''

''အေး ... မင်းတို့ချမ်းသာချင်ရင် ငါတို့ခိုင်းတဲ့အတိုင်း လုပ်မလား''

''ဘာခိုင်းမှာတုန်း ပြောပါ။ ကျွပ်တို့ လုပ်နိုင်ရင်လုပ်ပေး

မယ်''

ကျွန်တော့်စကားကြောင့် နဂါးဆိုသူ၏ မျက်နှာဝင်းလက်သွား၏။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်အပေါ်တွင် ခေါင်းဆောင်ဖြစ်သူရော လက်ထောက်နဂါးဆိုသူပါ ယခင်ကလောက် မခက်ထန်တော့။ မိတ်ဖွဲ့တော့မည့်အလား လေပြည်ထိုးလာကြသည်။

ထိုမျှမက အစားအသောက်များနှင့်ပါ ကျွန်တော်တို့ နှစ်ယောက်အား ဧည့်ခံကျွေးမွေးလေသည်။ ကျွန်တော်တို့ကလည်း ညနေလေးနာရီခန့်လောက်ရှိ၍ ဆာလောင်နေကြသည်မို့ သူတို့ကျွေးသည့် ပေါင်မုန့်ထောပတ်သုတ်များနှင့် နွားနို့များအား အဝစားသောက်ပစ်လေသည်။

ကျွန်တော်တို့ ဆာလောင်မှုကြောင့် မြိန်ရှက်စွာ စားသောက်နေကြသည်ကို သူတို့အားရကျေနပ်စွာ ကြည့်နေကြ၏။ ထိုလူတို့၏ သဘောလက္ခဏာ မည်သို့ရှိသည်ကို ကျွန်တော် လုံးဝခန့်မှန်းမရနိုင်အောင် ရှိလေ၏။ စံမင်းကမူ သူ့စရိုက်လက္ခဏာနှင့်သူ မာကြောင်ကြောင် မျက်နှာထားနှင့် စီးကရက်သောက်လျက် ရှိ၏။ အချိန်သည် တဖြည်းဖြည်းနှင့် ဆုတ်ယုတ်လျက်ရှိ၏။ နေဝင်ခါနီးခဲ့ပေပြီ။

ထိုလူတို့သည် ကျွန်တော်တို့နှစ်ယောက်အား အစားအသောက်များ ကောင်းစွာကျွေးမွေးပြီး အကဲခတ်နေဆဲသာ ဖြစ်၏။

ခေါင်းဆောင်ဆိုသူ၏ အသက်မှာ ငါးဆယ့်ငါး၊ ခြောက်ဆယ်ခန့် လောက်မျှသာရှိသေး၍ ကောင်းစွာလှုပ်ရှားနိုင်သေးသည့် အခြေအနေ တွင် ရှိနေသေးကြောင်း ကျွန်တော် နားလည်မိ၏။ ထို့ထက် ပို၍ ဆိုရချေသော်.သူတို့၏စရိုက်လက္ခဏာများအား ကြည့်၍ နလပိန်းတုံး များ၊ ငရွှတ်ငခြောက်များ မဟုတ်ကြောင်းကတော့ အထင်အရှား တွေ့ရ၏။ ဝတ်ပုံ စားပုံများကလည်း-လူငယ်များဖြစ်သည့် ကျွန်တော် တို့နှစ်ယောက်ထက် များစွာ အချိုးအစားကျနကြောင်း သိသာလှ၏။ မည်သည့်အရပ်ဒေသက လူများဟူ၍သာ ကျွန်တော် ခွဲခြားမသိနိုင် သေးခြင်း ဖြစ်၏။

ထို့နောက် မှောင်မိုက်လာသည့်အတွက် လိုဏ်ဂူကြီးအတွင်း သူတို့ အသင့်ပါလာသည့် မီးပုံမှ မီးခြောင်းနှစ်ခြောင်းအား ပြိုင်တူ ထွန်းညှိလိုက်ခြင်းကြောင့် ဂူတစ်ဂူလုံး လင်းထိန်သွားလေသည်။ ဂူ အတွင်း ကျွန်တော်နှင့်စံမင်းအပါအဝင် စုစုပေါင်း လူသားခုနစ်ယောက်။

ကျွန်တော်တို့ နယ်မြေခံများဖြစ်ကြသော်လည်း ဤဂူကြီး အတွင်းသို့ တစ်သက်နှင့်တစ်ကိုယ်-တစ်ခါမျှ မရောက်ဖူးရုံမက ရှိမှန်း ပင် မသိနိုင်ခဲ့။ ယခု ဤလူစုမှ ဤဂူကြီးအတွင်းသို့ ကောင်းစွာ အခြေ တည်နေရာယူထားသည်မှာလည်း အံ့သြဖွယ်တော့ ကောင်းလှပေ သည်။ မည်သည့်ရည်ရွယ်ချက် မည်သည့်အကြောင်းကြောင့် ဤဂူကြီး

အတွင်းသို့ စွပ်စွပ်ရွှပ်ရွှပ် လာရောက်စတည်းချနေထိုင်နေကြသည့် အဖြေကလည်း စိတ်ဝင်စားစရာတော့ ကောင်းလှ၏။

ကျွန်တော်တို့နှစ်ယောက်အား အစားအသောက်များ ရက် ရက်ရောရော ကျွေးမွေးကြသည့်အတွက် အချိန်တန်လျှင် ကျွန်တော်တို့ နှစ်ယောက်အား လာလမ်းသို့ ပြန်လွှတ်ပေးလိမ့်မည်ဟု ကျွန်တော် တွက်ဆထားမိ၏။ သို့သော် ကျွန်တော် တွက်ဆသည့်အတိုင်း ဖြစ် မလာခဲ့ချေ။ စံမင်းကြည့်လိုက်တော့ စံမင်း၏မျက်နှာသည် မည်သည့် ခံစားချက်မျှမရှိ။ ပကတိ အေးစက်စက်သာ ရှိလေ၏။

''မင်းတို့ပြန်ချင်ကြသလား''

''ပြန်ချင်ကြတာပေါ့ဗျာ။ ကျုပ်တို့က လူဆိုးတွေမှမဟုတ်တာ။ ခင်ဗျားတို့က ကျုပ်တို့ကို ဖမ်းချုပ်ထားတာပဲ''

''အဲဒါတော့ မင်းမှားနေပြီကွ ကောင်လေးရ။ မင်းတို့ကို ဖမ်း ချုပ်ထားတယ်ဆိုရင် ဘယ်ဒီအတိုင်းထားမလဲ။ အစားအသောက်ရော ဘယ်ကျွေးမလဲ''

''ဒါတော့ ဒါပေါ့ဗျ။ ကျုပ်တို့အိမ်တွေက ကျုပ်တို့အတွက် စိတ်ပူနေရင် ဘယ်လိုလုပ်မတုံး။ သဘောတရားအရ ပြောပြတာ။ ဒါပေမယ့် ကျုပ်တို့အိမ်တွေက ကျုပ်တို့အကြောင်းသိနေတဲ့အတွက် စိတ်တော့မပူပါဘူး''

"ဒါက ဒီလိုရှိတယ်ကွ ကောင်လေး။ ဘယ်သူ ... မောင်ဘုန်း။ မင်းတို့နဲ့ မိတ်ဖြစ်ဆွေဖြစ် ဒီည စကားကောင်းကောင်းပြောချင်တဲ့အတွက် မင်းတို့ကို ဖိတ်ခေါ်ထားတာ။ ဖမ်းချုပ်ထားတာ မဟုတ်ဘူး"

ဆရာကြီး၏စကားသည် အထာတော့ ညက်လှ၏။ ကျွန်တော် တို့နှစ်ယောက်အတွက် ဒေါသဖြစ်နေလျှင်တောင်မှ ထိုဒေါသသည် ချုပ်ငြိမ်းပြေပျောက်သွားစေနိုင်သည့်စကား ဖြစ်၏။

"ဟေ့ကောင် ... မင်းက အေးလှချည်လား။ စကားလေး ဘာလေးပြောစမ်းပါဦး။ မင်းနာမည်က စံမင်းနော်။ ရုပ်ကတော့ ရုပ်ရှင်မင်းသားရွှေဘဲနဲ့ ညီအစ်ကိုဆိုရင် ယုံတယ်"

ထိုဆရာကြီး၏စကားကြောင့် ကျွန်တော့်သူငယ်ချင်း စံမင်း မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ဖြစ်သွားရ၏။ ဆရာကြီးနှင့် နဂါးတို့နှစ်ယောက်က ငုတ်တုတ်ထိုင်ရင်း ကျွန်တော်တို့နှစ်ယောက်နှင့် စကားပြောနေသော်လည်း ကျန်သုံးယောက်မှာမူ နေရာအသီးသီးသို့ တုံးလုံးလဲ့လျက် ရှိကြ၏။ အားလုံး ကျွန်တော်တို့ထက် အသက်ကြီးသူများချည်းဖြစ်ကြ၏။

စံမင်းပုံစံသည် ကျွန်တော့်ပုံစံကဲ့သို့မဟုတ်၊ စကားသိပ်မပြောသော်လည်း လိုအပ်ပါက အသက်ချင်းလဲပစ်မည့်သဘောရှိသူဖြစ်၏။ ထို့ကြောင့် စကားကလည်း ချေချွေငံစကားတော့ သိပ်ထွက်မလာချေ။

"ရုပ်ရှင်မင်းသားရွှေဘဲနဲ့တူတယ်လို့ ပြောတာကတော့ ခင်များတစ်ယောက်တည်းမှ မဟုတ်ဘူး။ အတော်များများက ပြောကြတယ်။ ရုပ်ရှင်မင်းသားရွှေဘကိုတော့ ကျုပ် ဖြူလေ မည်းလေ မမြင်ဖူးဘူး။ ရုပ်ရှင်ဝါသနာမပါလို့"

စံမင်းစကားကြောင့် ဆရာကြီး သဘောကျစွာ တဟဲဟဲ ရယ်လေသည်။ နဂါးဆိုသူကတော့ ငြိမ်ကုပ်နားထောင်လျက်ရှိ၏။

"မင်းတို့ကောင်လေးတွေနဲ့ မိတ်ဆွေဖြစ်ရတာ့ မင်းတို့အတွက်ရော တို့အတွက်ပါ တစ်ခုခုတော့ အကျိုးထူးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ငါ့နာမည်က ဦးယက္ခလို့ခေါ်တယ်။ မင်းတို့ရွာက ဦးရွှေဂန်တို့နဲ့က ငယ်ပေါင်းကြီးဖော်တွေပဲ။ ဒါပေမယ့် သူက ငါ့ထက် ဆယ်နှစ်လောက်ကြီးတယ်။ ပညာလည်း အတူသင်ခဲ့ရဖူးတယ်"

"ဒါဆိုရင် ဦးရွှေဂန်အကြောင်း သိချင်တာပဲ။ ခင်များတို့ ကဘာလို့ ရွာထဲမဝင်ဘဲ ဒီမှာတစ်ဆင့်နေပြီး မေးမြန်းနေရတာလဲ။ ရွာထဲဝင်လိုက်ရင် ခင်များတို့သိချင်တာတွေ အကုန်လုံးသိရနိုင်တာပဲလေ"

"ဒါကတော့ အကြောင်းရှိလို့ပေါ့ ကောင်လေးရ"

"ဘယ်လိုအကြောင်းများလဲဗျာ"

"ဦးရွှေဂန်နဲ့ငါက အစတုန်းက မိတ်ဆွေတွေ၊ နောက်ပိုင်းမှ

ရန်သူတွေဖြစ်သွားရတာကွ။ မင်းတို့ ဒီလောက်ပဲသိချင်ပါ။ ငါတို့လည်း ဒီတောထဲ ခရီးကြုံရင်း ဝင်လေ့လာတာပါ။ မနက်ဖြန်ဆို ပြန်ကြမယ်။ မင်းတို့က တကယ်မသိတဲ့ကောင်တွေပဲ။ ငါပြောနေတဲ့ ဦးရွှေဂန်က မင်းတို့ရွာထဲမှာ မရှိတော့ဘူး။ ခရီးထွက်သွားတယ်''

ဆရာကြီး၏စကားအား ကျွန်တော် ဘာမှမတုံ့ပြန်။ အသာငြိမ်နေလိုက်၏။ သူစကားမှန်နေခြင်းကြောင့်ဖြစ်သည်။

''ဆရာဦးရွှေဂန်ဆီမှာ ထူးထူးခြားခြား ပစ္စည်းတစ်ခုရှိတယ်ကွ။ အဲဒီပစ္စည်းကို ငါတို့ကလိုချင်နေတာ။ အဲဒီပစ္စည်းရလိုက်ရင် အားလုံးကိစ္စပြီးသွားပြီ။ မင်းတို့ရွာကရော အဲဒီပစ္စည်းသတင်းကို သိကြရဲ့လား''

''ဟင့်အင်း ... မသိကြဘူး။ ကျုပ်တို့ရွာသူရွာသားတွေဟာ ကိုယ့်အလုပ်ကလွဲလို့ ကျန်တာ ဘာမှစိတ်မဝင်စားကြဘူး''

''အဲဒီအထဲမှာ မင်းတို့တောင်ပါကြသေးတယ် မဟုတ်လား''

''အစစ်ပေါ့ဗျာ''

''မင်းတို့နှစ်ယောက် အပြန် ငါတို့နဲ့လိုက်ခဲ့ကြမလား''

''ဘယ်ကိုလိုက်ရမှာတုန်း''

''မင်းတို့ပြောတဲ့ ဖိုးသူတော်ကြီးရှိတဲ့ စစ်ကိုင်းကို ငါတို့သွားမှာ''

''မလိုက်ချင်ပါဘူးဗျာ။ စစ်ကိုင်းက ကျုပ်တို့ရွာလောက် ပျော်စရာကောင်းမှာ မဟုတ်ပါဘူး''

''ဒါက မင်းတို့အမြင်ကိုးကွ။ စစ်ကိုင်းဆိုတာ မြန်မာပြည်ရဲ့ နာမည်ကြီးအရပ်တစ်ခုပဲ။ ဘယ်မင်းတို့ရွာလို ဟုတ်ပါ့မလဲ''

ဆရာကြီးသည် ထိုသို့ပြောပြီး ကျွန်တော်တို့ လိုက်လိုစိတ် ရှိလာရန် စစ်ကိုင်းအား ချီးမွမ်းခန်းဖွင့်၍ ပြောဆိုနေ၏။

အချိန်သည် တဖြည်းဖြည်း လင့်လာခဲ့လေပြီ။ ကျွန်တော်တို့ လေးယောက်ကား စကားပြောကောင်းနေဆဲရှိ၏။

''မင်းတို့နှစ်ယောက် ငါတို့ကို ဘယ်လိုမြင်လဲကွ''

''ခင်ဗျားတို့ကို ကျုပ်တို့ နားမလည်ဘူး။ လူဆိုးတွေဖြစ်ရင်လည်း ဖြစ်လိမ့်မယ်၊ လူကောင်းတွေ ဖြစ်ရင်လည်း ဖြစ်လိမ့်မယ်''

''တို့က မင်းပြောတာ တစ်ခုမှမဟုတ်ဘူးကွ။ တို့က လူဆိုးတွေမဟုတ်သလို၊ လူကောင်းတွေလည်း မဟုတ်ဘူးကွ။ မကောင်းတကောင်းတွေ။ ပွင့်ပွင့်လင်းလင်းပြောဘာနော်။ ကောင်းစရာရှိရင်လည်း ကောင်းတတ်တယ်။ ဆိုးစရာရှိရင်လည်း ဆိုးတတ်တယ်။ အဲဒါပဲ''

ထိုဆရာကြီး၏စကားသည် အလွန်ပွင့်လင်းလွန်းလှပါပေသည်။ သူတို့ပုံစံတွေက သူပြောသကဲ့သို့ အမှန်တကယ်လည်း ဖြစ်နိုင်ပေ၏။ ဤတောတွင်းသို့ မည်သည့်အကြောင်းကြောင့် ရောက်ရှိလာကြသည်

ဆိုသည့်အကြောင်းရင်းကိုတော့မူ ပွင့်လင်းသဲကွဲစွာ မပြောကြပေ။ ထိုအရာသည် မြို့ပိုက်ကွက်ဖြစ်၍နေလေ၏။

ဤတော ဤလူစုနှင့် ဆရာကြီး အဘ ဦးရွှေဂန်သည် အဘယ်သို့ ပတ်သက်နေကြောင်းကိုမူ ကျွန်တော် ဆက်စပ်တွေးတော၍ မရပေ။ အကြောင်းတော့ရှိရမည် ဖြစ်၏။

ဆရာကြီး အဘ ဦးရွှေဂန်မှလည်း ထိုအကြောင်းချင်းရာများနှင့်ပတ်သက်၍ ကျွန်တော့်အား တစ်လုံးတစ်ပါဒမျှ ပြောကြားထားခြင်း မရှိဘူးသေးချေ။ ထို့ကြောင့် ထိုကိစ္စရပ်သည် ကျွန်တော့်အတွက် ကြီးစွာသော ပဟေဠိတစ်ခုဖြစ်ခဲ့ရလေ၏။

အချိန်လင့်လာသည်နှင့်အမျှ ကျွန်တော်တို့လေးယောက်ကား မည်သူမျှ အိပ်ရကောင်းမှန်း မသိကြချေ။ ကျွန်တော်တို့နှစ်ယောက်သည် မအိပ်ချင်သကဲ့သို့ သူတို့နှစ်ယောက်သည်လည်း ခြောက်လုံးပြူးသေနတ်များနှင့် မအိပ်ရဲသကဲ့သို့ ရှိလေ၏။ အမှန်က သူတို့ဒုက္ခသူတို့ရှာပြီး သူတို့ကြောက်နေကြခြင်းဖြစ်သည်။ ကျွန်တော်တို့ကား သူတို့အား ရန်သတ္တုရှုပြဖို့ စိတ်ကူးရှိသူများ မဟုတ်ကြချေ။

"ကောင်လေးတွေ မင်းတို့ကို ငါ မိတ်ဆွေအဖြစ် သတ်မှတ်တယ်ကွာ။ နောင်တစ်ချိန်မှာ မင်းတို့နှစ်ယောက်နဲ့ငါတို့ ပြန်ရေစက်ဆုံလိုတဲ့ဆန္ဒ ရှိတယ်။ မင်းတို့နှစ်ယောက်ဘက်က အကောင်းဆုံး ဖြစ်

ပါစေလို့ ငါ ဆန္ဒပြုပါတယ်"

"ဩော် ... ဒီလိုရှိတော့လည်း ကျွန်တော်တို့ကလည်း ဒီလိုပဲ ဆန္ဒပြုရမှာပေါ့။ ဟုတ်ဖူးလား စံမင်း"

ကျွန်တော့်စကားကြောင့် စံမင်း ခေါင်းညိတ်ပြ၏။ စံမင်း၏ မျက်လုံးအစုံတို့သည် ထိုအချိန်သို့တိုင်အောင် မှေးမှိန်သွားခြင်း မရှိသေး။ တောက်ပြောင်နေဆဲသာရှိသေး၏။ စကားကိုကား ကျွန်တော့်လောက် သူဝင်ရောက်မပြောဆိုပေ။ သူလည်း ထိုလူစုနှင့်ပတ်သက်၍ အဖြေတစ်ခုခု ထုတ်နေသကဲ့သို့ ရှိ၏။ သို့သော်ငြားလည်း ကျွန်တော်တို့သည် ထိုလူစုနှင့်ပတ်သက်၍ မှန်ကန်သည့်အဖြေမဆိုထားနှင့် အနည်းငယ် နီးစပ်လောက်သည့်အဖြေကိုမျှ ထုတ်နိုင်ခြင်းငှာ မစွမ်းသာကြချေ။

မနက်မိုးလင်းသည်နှင့် ၎င်းလူစုတို့မှ ကျွန်တော်တို့နှစ်ယောက်အား လက်ဆောင်ပစ္စည်းများလည်း ပေး၏။ ရန်သူများမဟုတ်သကဲ့သို့ တကယ့်လှိုက်လဲစွာ မိတ်ဆွေများအဖြစ် မိတ်လည်းဖွဲ့၏။ ကျွန်တော်တို့နှစ်ယောက်အား ကင်မရာများနှင့် ဓာတ်ပုံများလည်း တဖျပ်ဖျပ်ရိုက်၏။ ကျွန်တော်တို့နှစ်ယောက်အတွက် အလွန်ထူးခြားလွန်းလှသည့် မနက်ခင်းတစ်ခင်းဟုသာ ဆိုရချေမည်။

"ကောင်လေးတွေ မင်းတို့နှစ်ယောက် ငါတို့ကို မမေ့နဲ့နော်။

ငါတို့ တစ်ချိန်ချိန်မှာ ပြန်ဆုံပြီး တစ်ခုခုလုပ်ကြမယ်။ အဲဒီအတွက် မင်းတို့ကလည်း အဓိကနေရာက လိုအပ်လိမ့်မယ်။ အားလုံး သူရဲကောင်းရဲဖော်ရဲဖက်တွေပေါ့ကွာ ဟုတ်ပြီလား''

''ဟုတ်ပါတယ်ဗျာ။ ကျွန်တော်တို့လည်း ကြိုးစားပါ့မယ်။ မသေသေးရင်ပေါ့''

အမှန်အားဖြင့် ကျွန်တော်သည် သူတို့ပြောစကားများအား ကောင်းစွာနားမလည်ပေ။ အလိုက်အထိုက်သာလျှင် သူတို့အား ကျွန်တော် ပြန်လည်ပြောဆိုနေရခြင်းဖြစ်၏။ အနာဂတ်ထိအောင်တောင် သူတို့က ကျွန်တော်တို့နှင့် မိတ်ဆွေဖြစ်ချင်နေကြသည်ဆိုပဲ။ စဉ်းစားဖွယ်တော့ ကောင်းလှ၏။

ကျွန်တော်တို့ စဉ်းစားသကဲ့သို့ သူတို့ကလည်း စဉ်းစားနေကြမည်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိ ဖြစ်နေကြရသောကြောင့်ဖြစ်၏။ သူတို့ပေးသည့်ပစ္စည်းများကား ကျွန်တော်တို့အတွက် တန်ဖိုးရှိလှပါပေသည်။ ဖောင်တိန်တစ်ချောင်း၊ ဇစ်ပိုမီးခြစ်တစ်လုံး၊ ဂျပန်ဓားတစ်ချောင်းနှင့် ဂျပန်ဖြစ် နေရှင်နယ်ကင်မရာတစ်လုံး ဖြစ်၏။ ဖလင်လိပ်ပါ လိုအပ်က အလွယ်တကူရှိက်နိုင်ရန်အလို့ငှာ အပိုစောင်းပေးသေး၏။

သူတို့က ကျွန်တော်တို့အား ထိုသို့လက်ဆောင်များပေးသော်

လည်း ကျွန်တော်တို့နှစ်ယောက်မှာမူ သူတို့အား မည်သည့်ပစ္စည်းမျှ ပြန်လည်မပေးနိုင်ခဲ့ချေ။ ကျွန်တော်တို့နှစ်ယောက် ပေးနိုင်သည့်အရာကား သူတို့ တဖျပ်ဖျပ်ရိုက်ယူသည့် ကျွန်တော်တို့၏ ရုပ်ပုံလွှာများသာ ဖြစ်၏။

အားလုံးပြီးစီး၍ ထွက်ခွာကြတော့မည့်ဆဲဆဲတွင် နောက်ဆုံး လမ်းခွဲခြင်းအဖြစ် ကျွန်တော်တို့ နှုတ်ဆက်ကြရသည်။

''ကဲ ... ကောင်လေးတို့ရေ သွားပြီကွာ။ နောက် ဆက် ဆက်ပြန်ဆုံကြမယ်နော်။ ငါတို့ပြန်ဆုံကြတဲ့ တစ်နေ့ သူဌေးဖြစ်တဲ့နေ့ပေါ့ကွာ။ ဒါပါပဲ ... သွားပြီ''

''ဟုတ်ကဲ့ဗျာ။ ကောင်းပါပြီ။ ပြန်ဆုံကြတာပေါ့''

ထိုသို့နှုတ်ဆက်ကြပြီး သူတို့လည်း သူတို့လမ်းသွားကြ၏။ ကျွန်တော်တို့လည်း ကျွန်တော်တို့လမ်းသို့ ပြန်လာခဲ့ကြ၏။ ကျွန်တော်တို့ မူလယူဆောင်လာခဲ့ကြသည့် လွယ်အိတ်၊ ကြိုး၊ ဓားမြှောင်နှင့် သေနတ်၊ တောကြက်တစ်ကောင် အပါအဝင် ပစ္စည်းအားလုံးအား တစ်ခုမကျန် ပြန်၍ယူဆောင်ခဲ့ကြသည်။ ကျွန်တော်တို့ပြန်သည့် လမ်းခုလတ်အရောက်တွင် ကျွန်တော် ပထမနေ့က ပစ်ခတ်ထားသည့် တောကြက်က သိပ်အခြေအနေမကောင်းတော့သဖြင့် စံမင်းမှ လမ်း၌ပင် လွှင့်ပစ်ခဲ့၏။

''ဘုန်း တို့တော့ ဘာတွေနဲ့လာတိုးနေတုန်း မသိဘူး။ ဒီလူတွေကတော့ လူထူးဆန်းတွေပဲကွ။ ရွာထဲကလူတွေ သိရင် အကုန် အုံသြသွားကြမယ်။ တို့ ဒီလူတွေနဲ့ အခုလိုဆုံလိုက်ရတာ ဆုံးရှုံးမှုတော့ မဖြစ်ပါဘူးနော်''

''ဟာ ... မင်းကလည်း တို့မှာ ဘာဆုံးရှုံးစရာရှိလို့ ဆုံးရှုံး ရမှာတုန်း''

''ငါပြောတာက အဲဒီလိုမဟုတ်ဘူးလေကွာ။ နောင်တစ်ချိန်မှာ သူတို့နဲ့ ပြန်ပတ်သက်နေရရင် ပြောတာ''

''ဩော် ... ဒါက နောင်တစ်ချိန်ကိုးကွ။ နောင်တစ်ချိန်ကို မင်းလည်း မပိုင်ဘူး။ ငါလည်း မပိုင်ဘူး။ သူတို့လည်း မပိုင်ဘူး။ ဘာမှကြိုပြောလို့ မရဘူး။ မနက်ဖြန်ဟောင် ငါတို့ မင်းတို့ သူတို့ ဘာဖြစ်မယ်မှန်း မသိကြတာ။ နောင်တစ်ချိန်ဆိုတာက အဝေးကြီးပါ။ ငါတို့လည်း ဦးနှောက်ရှိတာပဲ။ ကြည့်လုပ်ကြတာပေါ့''

ကျွန်တော် ထိုသို့ပြောလိုက်တော့မှ စံမင်းသဘောပေါက်သွား၏။ သို့နှင့် ကျွန်တော် ကြုံခဲ့ရသည့် ထိုအကြောင်းများအား လည်း ထိန်ချန်ထားကြဖို့ ကျွန်တော်တို့ သဘောတူ ကတိပြုလိုက်ကြသည်။

❖ ❖ ❖

အခန်း (၆)

ဆရာကြီး အဘ ဦးရွှေဂန်သည် ခရီးထွက်သွားစဉ်ကာလမှ ခေတ္တ ခဏ ခရီးဟု ပြောဆိုနှုတ်ဆက်ထွက်သွားသော်လည်း ယခု အချိန်တွင်မူ ထိုခရီးမှ ခြောက်လကျော်ခုနစ်လသို့တိုင်အောင် ရောက်ရှိမလာလေပဲ ကြာမြင့်လာပြီဖြစ်သောကြောင့် ကျွန်တော်တို့ မိသားစုသည် ဆရာကြီး အဘ ဦးရွှေဂန်အတွက် ဘယ်အကျိုး ဘယ်အကြောင်း ဟူသော သို့လော သို့လော အတွေးများနှင့်အတူ ပူပန်စိတ် ဝင်လာကြရလေသည်။

သို့သော် ကျွန်တော်တို့ မိသားစုသည် ဆရာကြီး အဘ

တဲ့ အခြားအကြောင်းကိစ္စတွေက ပေါ်ပေါက်လာသည့်အတွက် ဆရာ နောက်ထပ် အနည်းဆုံး ခြောက်လလောက်မျှ ကြာမြင့်ရလိမ့်ဦးမည်။ သို့အတွက်ကြောင့် မိသားစု ကျန်းမာရေး ဂရုစိုက်ကြဖို့နှင့် ဆရာ့အတွက် ဘာမှစိတ်မပူကြဖို့အတွက် အသိပေး မှာကြားလိုက်ရခြင်းဖြစ်တယ်။

ဆရာ့အကြောင်း တစ်စုံတစ်ယောက်က လာရောက်မေးမြန်းပါက ဆရာ ခရီးထွက်နေတယ်ဟူ၍သာ လိုရင်းတိုရှင်း ဖြေလိုက်ပါ။ အထူးသဖြင့် မောင်ဘုန်း ဘာ့တွေလုပ်နေလဲ။ ဆရာမရှိခိုက် လမ်းတွေများမနေဖို့ ဆရာ မှာကြားလိုက်ပါတယ်။

ဒါပါပဲ။

ဆရာဦးရွှေဂန်

၁၃၃၅ ခု၊ တော်သလင်းလပြည့်၊

အင်္ဂါနေ့၊

ခေတ္တ စစ်ကိုင်း။

ထိုစာဖတ်ရှုပြီးတော့မှပင် ကျွန်တော်တို့ မိသားစု ဆရာကြီး အဘ ဦးရွှေဂန်အတွက် စိတ်အေးသွားရတော့သည်။ ကျွန်တော့်အား အထူးသဖြင့် အမှာပါးထားသေးသည့်အတွက် ကျွန်တော် မော်လမြိုင်

နှင့်ရွှေဂန်၏ ခရီးလမ်းကြောင်းများအား တစ်ရံတစ်ဆစ်မျှ လိုက်လံသွားရောက်ခဲ့ဖူးခြင်း မရှိသောကြောင့် အလွန်အခက်ကြုံနေရလေသည်။

ထိုကြားကာလအတွင်း ကျွန်တော်တို့မိသားစုအား မည်သည့် အပေါ်ဒေသကဟူ၍ ခွဲခြားမသိနိုင်သည့် မျက်နှာစိမ်းနှင့် လူသုံးယောက်မှလည်း သုံးကြိမ်ထက်မနည်း လာရောက်မေးမြန်းခဲ့ကြပြီ ဖြစ်၏။ အကြောင်းရင်းအား မေးမြန်းကြည့်တော့ ဂဃဏန အဖြေပေးလေ့မရှိပေ။ ထို့ကြောင့် ထိုလူများအတွက်နှင့်ပင် စဉ်းစားဖွယ် ဖြစ်လာရခြင်းဖြစ်၏။

ကျွန်တော်တို့ မိသားစု ပူပန်နေကြ၍ နောက်နှစ်လလောက်မျှ ရှိသည့်အခါ ဆရာကြီး အဘ ဦးရွှေဂန်ထံမှ လူကြုံနှင့် စာတစ်စောင် ရောက်ရှိလာလေသည်။ ထိုစာအား ကျွန်တော့်အဖေမှ ဦးစွာဖတ်ကြည့်၏။ ထို့နောက် အဖေ ဖတ်ရှုပြီး၍ ကျွန်တော် ဖတ်ရှုကြည့်သည့်အခါတွင် စာသည် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

သို့

မောင်ညီခင်၊ မိတင်မြနှင့် မိသားစုအထံသို့ ဆရာ စာရေးသိစေလိုက်၏။ အကြောင်းမှာ ခရီးထွက်စဉ်ကာလက ခေတ္တ ခဏဟု ပြောဆို ခရီးထွက်သွားသော်လည်း အရေးကြီး

သို့သွားမည့်ခရီးစဉ်အား အဖေနှင့်အမေတို့မှ ဖျက်သိမ်းပေးလေသည်။

''ငါ့သား မင်းသွားဖို့ စိတ်မကူးနဲ့တော့။ မင်းအဘကလည်း အကြောင်းတစ်ခုရှိလို့ မှာကြားလိုက်တာပဲ ဖြစ်ရမယ်''

''ဟာ ... မဆိုင်ပါဘူး အမေရာ။ အဘက ဒီလိုပဲ မှာနေကျပဲ''

''ဟိတ်ကောင် ... မင်း အပိုမပြောနဲ့။ ဆင်ခြေပေးဖို့ လောက်ပဲ သိတဲ့အကောင်။ မသွားရဘူး။ ဘာမှပြောမနေနဲ့''

အဖေ၏တင်းပြတ်လွန်းသည့်စကားကြောင့် ကျွန်တော့်ပါးစပ် ဓိတ်သွားရ၏။ အဖေက ကျွန်တော့်အား သို့ကလို ညင်ညင်သာသာ ပြောတတ်သကဲ့သို့ ကျွန်တော်ကလည်း အဖေ့စကားအား အလွန်နာခံလွယ်သူဖြစ်၏။ ထို့ကြောင့် အဖေ့စကားအား ဘာမျှန္တုတ်လှုန်မထိုးတော့ဖဲ့ဝပ်ထဲမှ တံတွေးကိုသာ ပျစ်ခနဲနေအောင် ထွေးလိုက်ပြီး လှည့်ထွက်လိုက်၏။

ထိုအခါ အဖေက ထောင့်မကျိုးသည့်ကျွန်တော့်အား ...

''ဟေ့ကောင် ... မင်း ဘာဖြစ်တာတုန်း။ ငါ့ကို မကျေနပ်ထို့လား''

ထိုအမေးအား ကျွန်တော်မဖြေလိုက်ရ။ အခြေအနေ မကောင်းမှန်းသိသည့်အတွက် အမေက လျင်မြန်စွာ ဝင်ဖြေပေးလိုက်၏။

''အို ... တော်ကာလည်း ကလေး တံတွေးထွေးတာပဲ သူဟာသူ ထွေးချင်လို့ထွေးတာနေမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက် သားအဖရင်းတွေမဟုတ်တဲ့အတိုင်းပဲ''

''ခင်ဗျား ဘာသိတုန်း မယ်အဝှာ။ ဒီကောင့်ပုံစံက လက်ကြောသာ မတင်းတာ ဂျစ်ကပ်ကပ်ရယ်''

နောက် ဘာတွေပြောကြသည် ကျွန်တော် မသိတော့။ လစ်ထွက်ခဲ့၏။ အိမ်က မကြည်မလင်ထွက်လာသည့် ကျွန်တော့်အား လမ်းတွင် ပြဿနာက ဆီးကြိုနေလေ၏။ တမာပင်ကြီးအောက်တွင် မယ်ဒလင် အေးဆေးစွာတီးနေကြသည့် တောင်ပိုင်းသား ဂွတိုနှင့် တောက်တဲ့တို့သည် ခြေလှမ်းခပ်ကြမ်းကြမ်းနင်းလာသည့် ကျွန်တော့်အား မြင်လိုက်တော့မှ အေးရာမှ ပူလာကြတော့သည်။ ကျွန်တော့်အား မြင်လိုက်တော့မှ ကောက်ကာငင်ကာ ပြောင်းလဲသီဆိုလိုက်ကြသည့် သီချင်းက ခံချင်စရာမရှိပေ။

''ဟေ့ ... ငနွား မင်း ဒီကိုလာထား''

''ဟေ့ ... ငနွား ... မင်း ဒီကိုလာထား ...''

''ဟေ့ ... ငနွား ... မင်း ...''

ထိုနေရာအရောက် ထပ်ချည်းတလဲလဲဆိုနေသည့် သူတို့သီချင်းအား ကျွန်တော် ကြားဖြတ်၍ တရှူးထိုးဝင်မေးလိုက်၏။

''ဟေ့ကောင်တွေ ... မင်းတို့ အဲဒါ ဘာသီချင်းလဲ''

''နွားသီချင်း''

ပေါက်ပေါက်ရှာရှာ နွားသီချင်းတဲ့။ ကျွန်တော် တစ်ခါမှ မကြားဖူး။ ဝင်းဦးလည်း မဆို၊ ဖော်ဝမ်းလည်း မဆို၊ ကျော်ဟိန်းလည်း မဆို၊ စိုင်းထီဆိုင်းများ ဆိုလေသလားဟု ကျွန်တော် တွေးလိုက်သေး၏။ မကြားဖူး။ ထို့ကြောင့် သူတို့သီဆိုသည့် အလွန်စာသားရော သံစဉ်ပါ ပြောင်မြောက်လှသည့် နွားသီချင်းအား ကျွန်တော် တဲ့တိုးမေးလိုက်၏။

''ဒီသီချင်းကို မင်းတို့က ငါ့မြင်မှဆိုတာဆိုတော့ မင်းတို့ ငါ့ကို ရန်စတာလား''

''မင်းထင်ချင်သလို ထင်နိုင်တယ်။ ငါတို့ပါးစပ်နဲ့ ငါတို့ဆိုတာ ဘာဖြစ်လဲကွာ''

ဂွတိုနှင့် တောက်တဲ့ဂ်လည်း သတ္တိခေသူများတော့ မဟုတ်ကြ။ ကျွန်တော့်စကားအား ချက်ချင်းပြန်၍ တုံ့ပြန်ကြ၏။ ဤကြားထဲ လက်ထဲမှ မယ်ဒလင်ကိုပါ ဒေါင် ဒေါင် ဒင် ဒင် လုပ်လိုက်ကြသေးသည်။ ပြီးမှ ညှိထားသကဲ့သို့ ကျွန်တော့်အထံသို့ ပြိုင်တူထလာကြ၏။

ဤနေရာမျိုး၌ ကျွန်တော်ကလည်း တုံ့ဆိုးသူမဟုတ်ပေ။ အလွန်လျင်မြန်သူဖြစ်၏။ ထို့ကြောင့် လူဗလံဖြစ်သည့် ဂွတို၏ လက်

တွင်းမှ မယ်ဒလင်သည် ကျွန်တော့်လက်ထဲသို့ စက္ကန့်ပိုင်းအတွင်း ပြောင်းလဲရောက်ရှိလာသည်။ ထိုသို့ပြောင်းလဲရောက်ရှိလာသည့် အခိုက်တန့်၌ လူစွာဖြစ်သည့် တောင်ပိုင်းသား တောက်တဲ့သည် ကျွန်တော့်အား လျှပ်တစ်ပြက်အတွင်း ဝင်ရောက်ထိုးလေတော့၏။ ကျွန်တော် မယ်ဒလင်နှင့် ကာလိုက်သည့်အတွက် မယ်ဒလင် ငယ်သံပါအောင် မြည်သံထွက်ပေါ်လာ၏။

''ဂွမ်း ... ချွမ်း''

လက်သီးချက် မည်မျှပြင်းသနည်း။ မယ်ဒလင်ကြိုး ထက်ခြမ်းကွဲထွက်သွားသည်။ လူထိလျှင် သက်သာမည်မဟုတ်ကြောင်း ကျွန်တော် နားလည်လိုက်၏။ ထို့ကြောင့် တိုးလိုးတန်းလန်း ထက်ခြမ်းကွဲထွက်လာသည့် မယ်ဒလင်ကြိုးနှင့် ကျွန်တော် ဟန်ချက်ပျက်နေပြီဖြစ်သည်။ တောင်ပိုင်းသားတောက်တဲ့အား ဦးခေါင်းသို့ မရိုက်။ နောက်ကျောသို့ တအားလွှဲရိုက်ထည့်လိုက်၏။

''ဖြောင်း''

''အား''

ထိုအော်သံနှင့်အတူ တောက်တဲ့တစ်ယောက် မြေပြင်သို့ အရှပ်ကြိုးပြတ် လဲကျသွား၏။

''ဟင် ... မင်း တကယ်ရိုက်တယ်။ ဒီမှာ လာကြပါဦးဗျို့။

တောက်တဲ့ကို ရိုက်နေတယ်''

ဝွတိုတ်၏ သူ မခံရရေးအတွက် ထအော်သည့်အော်သံကြောင့် တောင်ပိုင်းမှ လူများ ပြေးထွက်လာကြ၏။

''ဟေ့ ... ဘယ်သူတုန်းကွ။ ဘယ်လိုဖြစ်တာတုန်း''

''ဟင် ... ဟိုကောင် လဲနေပြီ''

ထိုသို့ တစ်ယောက်တစ်ပေါက်ပြောနေခိုက် ကျွန်တော်က ပတ္တရောင်လမ်းမအတွင်းသို့ ရောက်ရှိနေပြီဖြစ်၏။ ဘာတွေဆက်ဖြစ်ကြသနည်း ကျွန်တော် မသိနိုင်တော့။ လူစွာဖြစ်သည့် တောက်တဲ့ကိုတော့ ကျွန်တော် မှတ်လောက်သားလောက် ရိုက်ပစ်ခဲ့ပြီဖြစ်၏။

ကျွန်တော်၏ ရိုက်ချက်ကြောင့် တောက်တဲ့အား အမြင်ကပ်သူများ ဝမ်းသာနေကြပေလိမ့်မည်။ တောက်တဲ့သည် သူကလည်း လူလုချင်းအား လက်ယဉ်စွာ လုပ်တတ်သူဖြစ်၏။ ယခု သူခံလိုက်ရပြီဖြစ်သည့်အတွက် တောင်ပိုင်းသားများကတော့ ကျေနပ်ကြမည် မဟုတ်ပေ။

ထင်သည့်အတိုင်းပင် ကျွန်တော် စံမင်းအိမ်သို့ ဝင်ထိုင်၍ အကျိုးအကြောင်းပြောလို့မှ မဆုံးသေး တောက်တဲ့၏ညီအစ်ကိုဝမ်းကွဲ သုံးယောက်သည် ပူညံ ပူညံနှင့် စံမင်း၏အိမ်ပေါက်ဝသို့ ရောက်ရှိလာကြလေ၏။

''ဟေ့ကောင် ... စံမင်း ... စံမင်း''

သုံးယောက်သား ပြိုင်တူအော်ဟစ်ခေါ်လိုက်ကြခြင်းကြောင့် အသံများ ညံစီသွား၏။ ကျွန်တော် ထိုအိမ်ပေါက်ဝမှ သုံးယောက်အား ခေါင်းထောင်ကြည့်သည့်အကြည့်၌ စံမင်းမှ ကျွန်တော့်အား အသာနေခဲ့ဖို့ လက်ကာပြပြီးလျှင် သူ အိမ်ရှေ့သို့ ထွက်သွားလေသည်။ ကျွန်တော် အထဲမှ အသံများကြားနေရ၏။

''မင်းတို့ ဘာဖြစ်လာကြတာတုန်း ငွေစိုးရ။ အော်ကြီးဟစ်ကျယ်နဲ့''

''ဘာဖြစ်လာရမှာတုန်းကွ။ မင်းသူငယ်ချင်း မောင်ဘုန်းတောက်တဲ့ကို ရိုက်သွားလို့ အဲဒါမင်းဆီများ ဝင်လာသလားလို့''

''ငါ့ဆီဝင်မလာဘူး။ စောစောကလေးတင် အိမ်ရှေ့က နှုတ်ဆက်ပြီး အဲဒီဘက်ထွက်သွားတာ။ ဒီကောင် ဒါကြောင့် ငါ့ဆီဝင် မလာတာ ဖြစ်မှာပေါ့''

''မင်း သေချာတယ်နော်။ ဒီကောင့်နောက်ကို လိုက်ရမယ်။ လာ ... သွား့''

စံမင်း၏ ကောင်းမှုကြောင့် သကောင့်သားများ မြားဦးလွှဲထွက်သွားကြ၏။ ကျွန်တော့်အားတွေ့က အမည်းဖျက်မည်လား မသိနိုင်ပေ။ လောလောလတ်လတ်တော့ ကျွန်တော် စံမင်းအိမ်တွင် လုံခြုံ

ဖွာနေလိုက်ရတ်။

ထိုအကြောင်းချင်းရာများအား စံမင်းမှ သဘောပေါက်ထား ပြီးဖြစ်သည်မို့ အထူးတလည် ရှင်းမပြရပေ။

''ကောင်းတယ်။ အဲဒီကောင်ကို မင်းခေါင်းရိုက်ခွဲပစ်ရမှာ''

''ငါ့ကောင်ရေ ရွာသားအချင်းချင်း ခေါင်းရိုက်ခွဲဖြစ်လို့တော့ မဖြစ်ဘူးကွ။ အဲဒါကြောင့် နောက်ကျောကို အပြားလိုက် ရိုက်ရတာ။ သူဘို့က စတော့လည်း မလုပ်လို့မရဘူးလေကွာ''

''မင်း ဒီပြဿနာ မအေးသေးဘူး။ မယုံ စောင့်ကြည့်''

''မအေးအေး မကြောက်ဘူးကွာ။ ဒီကိစ္စက ငါ မှားတာ မဟုတ်ဘူး။ သူတို့မှားတာ''

''ဟ ... အဲဒီကောင်တွေက အမှား အမှန်ကို သိပ်သိတာ မဟုတ်ဘူး။ သူတို့ခံရတာပဲ သူတို့သိမှာ''

''အဲဒါကို ငါ မကြောက်ဘူး။ ငါနဲ့အဖေနဲ့ အိမ်ရောက်မှ တင်ပွဲထပ်ဖြစ်ရဦးမှာ။ ငါကလည်း ငါပဲကွာ။ ဒီကောင်တွေနဲ့မှ လာ ဟော့ရတယ်လို့။ မထူးဘူး။ ဒီည မင်းအိမ် ထမင်းစားမယ်။ ထမင်း စားပြီးမှ ပြန်မယ်''

''ကောင်းတယ်။ မင်းသဘောပဲ''

ကျွန်တော့်အဖြစ်က တစ်ညနေတည်း နှစ်ချက်ရိုက်သွားပြီမို့

အဖေ့ကိုတော့ အနည်းငယ် လန့်၍နေရပေသည်။ အဖေနှင့် ကျွန်တော် ကား ချစ်၏။ သို့သော် မတည့်ချစ်ချစ်နေကြခြင်း ဖြစ်သည်။ ကျွန်တော့် အား ရှေ့၌ မည်သည့်အချိန်ကမှ မျက်နှာသာပေးလေ့မရှိသကဲ့သို့ အကောင်းလည်း ပြောလေ့မရှိပေ။

ကျွန်တော် ထင်သည့်အတိုင်းပင် ညရောက်သည့်အချိန်၌ အိမ်ထဲသို့ မဝင်ရသေး အသံက ဆီးကြိုလျက်ရှိ၏။

''ဒီကောင် ပြဿနာကောင်။ မဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ''

ထိုသို့ အဖေပြောနေခိုက် ကျွန်တော် အိမ်အပေါ်ထပ်သို့ အသာကလေးတက် ငြိမ်နားထောင်နေလိုက်၏။ အဖေ့အသံက မတိုး မကျယ် ထွက်ပေါ်လာပြန်သည်။

''တော်သေးတယ်။ မင်းသား သောက်မှန်း ကမ်းမှန်းမသိ မျက်နှာတွေ ခေါင်းတွေ ရိုက်မပစ်လို့။ ခေါင်းကွဲသွားတာတို့၊ မျက်လုံး ထိခိုက်သွားတာတို့ဆိုရင် မခက်ဘူးလား''

''မဟုတ်ဘူး။ ဒီကောင်လေးကလည်း ကျွတ်ဆတ်ဆတ် ကလေး။ လူလူချင်း သူက စလက်ပါတာကများတယ်။ တော့်သားကို တောင် ဘယ်လိုသွားလုပ်တယ်မှ မသိတာ။ တော့်သားလာမှ အကြောင်းရင်းကို မေးကြည့်''

"အကြောင်းရင်းကို ဘာအထူးမေးကြည့်ရမှာတုန်း။ ပြဿနာ ပြဿနာချင်းမို့ ဖြစ်ကြရတာ။ တော်သေးတာပေါ့ ဒီကောင်တွေကို ငါပြောဆိုလွှတ်လိုက်လို့ ငြိမ်ကုန်တာ"

ထိုမျှဆိုလျှင် ကျွန်တော် သဘောပေါက်လိုက်ပြီဖြစ်၏။ ဘာမှမဖြစ်တော့။ ကျွန်တော့်အဖေသည် ရန်လိုတတ်သူ၊ စကားတိုင်း ဝင်ရောက်ပြောဆိုတတ်သူ မဟုတ်ကြောင်း တစ်ရွာလုံး သိ၏။ ထို့ကြောင့် တောက်တဲ့၏ညီအစ်ကိုမှာ ငြိမ်ကုပ်ပြန်သွားကြခြင်း ဖြစ်ရပေမည်။

သူငယ်ချင်းဖြစ်သူ စံမင်းအိမ်မှ ထမင်းစားခြင်းကိစ္စ ပြီးလာခဲ့သည်မို့ ကျွန်တော် အောက်ထပ်သို့ ဆင်း၍ ထမင်းစားခြင်းမပြုလုပ်တော့။ တောင်စဉ်းစား မြောက်စဉ်းစားရင်းနှင့်ပင် အိပ်ပျော်သွားလေသည်။

မနက်မိုးလင်းတော့ စောစောစီးစီး အုံဩဖွယ်ကောင်းလှစွာ တောက်တဲ့မိဘများမှ သူ့သားမှားကြောင်း ကျွန်တော့်အဖေနှင့်အမေအား လာရောက်တောင်းပန်ရင်း စကားပြောနေသည်ကို တွေ့လိုက်ရ၏။ ကျွန်တော့်ကိုပါ သူ့သား တောက်တဲ့နှင့် သူစိမ်းတွေမဟုတ်သည့် အကြောင်း၊ နောက်နောင် ခိုက်ရန်ဒေါသမဖြစ်ဖို့အကြောင်းများ ဖျောင်းဖျပြောဆိုသွားကြသေးသည်။

တောက်တဲ့ကတော့ မည်သို့ရှိမည် မသိနိုင်။ ကျွန်တော်ကတော့ အကျေနပ်ကြီး ကျေနပ်၍နေလေ၏။ တောက်တဲ့နှင့် ကျွန်တော် ရန်ဖြစ်၍ ကျွန်တော်မှ ရိုက်ထားကြောင်း တစ်ရွာလုံး သိသွားခြင်း ကြောင့်ဖြစ်၏။ အဓိက တောက်တဲ့လို အကောင်းစားလက်ချက်အား ကျွန်တော် မခံရဖို့ဖြစ်သည်။

ကျွန်တော့်သာ ခံလာခဲ့ရပါက ကျွန်တော့်သူငယ်ချင်းဖြစ်သူ စံမင်းသည် မည်သို့မျှ ကျေနပ်နိုင်မည်မဟုတ်ပေ။ စံမင်းကား ကျွန်တော့်ထက် သတ္တိကောင်းသူဖြစ်ပြီး လက်မြန် ခြေမြန်ရှိသူဖြစ်၏။ မတရားလျှင် ကြီးသူသော ငယ်သူပါ ငုံ့ခံတတ်သူ မဟုတ်ပေ။ သူပါလာပါက ထိုကိစ္စ ထိုထက် ပို၍ကြီးကျယ်ရှုပ်ထွေးသွားနိုင်ကြောင်း ကျွန်တော် စဉ်းစားမိပြီး နောက်မှ လန့်နေမိ၏။

စံမင်းသည် အသိဉာဏ်မရှိ၍ မဟုတ်။ သူ့စရိုက်လက္ခဏာကြောင့် ဖြစ်၏။ တစ်ခါတစ်ရံ သူအတွက် အကျိုးတစ်စုံတစ်ရာ မရှိသည့်တိုင် သူတစ်ပါးအတွက် အကျိုးတစ်စုံတစ်ရာရှိနိုင်ပါက နောက်မဆုတ်ဘဲ လုပ်ပစ်တတ်သူ ဖြစ်၏။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်း စံမင်းသည် အသက်ငယ်သေးသော်လည်း သတ္တိကောင်းသည့်အရာ၌လည်းကောင်း၊ သွက်လက်ထက်မြက်သည့်အရာ၌လည်းကောင်း၊ စိတ်ထားတည်ကြည်ဖြောင့်ဖြူး

သည့်အရာ၌လည်းကောင်း ရွာထဲတွင် နာမည်တစ်လုံးနှင့်နေသူဖြစ်၏။ ကျွန်တော်က သူနှင့်သူငယ်ချင်းအရင်းချာဖြစ်၍ သူနှင့်တွဲမိလျက် ရှိနေရကား တစ်ခါတစ်ရံတွင် သတ္တိကြောင်တတ်သော ကျွန်တော်ပင် သူ့အား အကြောင်းပြု၍ သတ္တိများရှိရှိလာရလေတော့၏။

❖ ❖ ❖

အခန်း (၇)

ဆရာကြီး အဘ ဦးရွှေဂန်သည် သူစာထဲမှအတိုင်း အမှန်တကယ်ပင် နောက်ထပ်ခြောက်လခန့်ရှိမှ ရွာသို့ ပြန်ရောက်လာလေ၏။ ဆရာကြီး ပြန်ရောက်လာသည့်အချိန်ကား နွေကာလကြီး ဖြစ်နေခြင်းကြောင့် အလွန်ပူပြင်းလျက်ရှိလေသည်။

''အဘ ခရီးသွားတာ ကြာလှချည်လား။ မသိပါဘူး။ ကျွန်တော်ဖြင့် အဘ တရုတ်ပြည်များ ရောက်သွားပြီလားလို့''

''တရုတ်ပြည်ထိအောင်တော့ မရောက်ပါဘူး ငါ့မြေးရာ။ ဒါပေမယ့် ကချင်ပြည်နယ်အစွန်းထိအောင်တော့ ရောက်သွားရတယ်

ကွ။ ဟိုဘက် ဘာမှမထူးတော့ဘူး။ တရုတ်ပြည်ပဲရှိတော့တယ်''

''အဘက ဘာကိစ္စနဲ့သွားရတာတုန်း''

''ဒါကတော့ မသိချင်ပါနဲ့ ငါ့မြေးရယ်။ စောပါသေးတယ်။ ငါ့မြေးကို သိခွင့်ရတဲ့နေ့ကျရင် သိရမှာပေါ့''

အဘစကားအား ကျွန်တော် ကောင်းစွာနားမလည်သော်လည်း အသာခေါင်းညိတ်နားထောင်နေလိုက်၏။ အဘမှ သူ မန္တလေးမတ္တရာ ရှမ်းပြည် ထိုမှတစ်ဆင့် အဆင့်ဆင့် ခရီးထွက်သွားရသည်ကို အကြမ်းဖျင်းအားဖြင့်လောက်သာ ပြောပြ၏။ အဘ၏ နှစ်နှင့်ချီ၍ ကြာခြင့်ခဲ့သည့် ခရီးစဉ်များ၏ အကျိုးအကြောင်းအား ကျွန်တော်မဆိုထားနှင့် ကျွန်တော့်အဖေနှင့်အမေတို့သည်ပင် ကောင်းစွာနားလည်သဘောပေါက်ကြခြင်း မရှိကြချေ။

ကျွန်တော်တို့ မိသားစုတွင် စပ်စုတတ်သူကား ကျွန်တော်သာဖြစ်၏။ ကျွန်တော့်အဖေနှင့် ကျွန်တော့်အမေတို့သည် အနေရိုးသူများပီပီ လောကအပေါ်၌လည်းကောင်း၊ လူတွေအပေါ်၌လည်းကောင်း သူတို့နှင့် သက်ဆိုင်ခြင်းမရှိက စပ်စုတတ်သူများ မဟုတ်ကြချေ။

ဤသည်ကို ဆရာကြီး အဘ ဦးရွှေဂန်သည် ကောင်းစွာသိသူဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အားလည်း သဘောကျ၏။ အဖေနှင့် အမေအပါအဝင် ကျွန်တော့်မိသားစုအားလည်း သဘောကျ။ သူ

ဆေးကုသသည့် လူနာများ၏ အကန့်တော့ခံပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ပစ္စည်းများအား ကျွန်တော်တို့ မိသားစုစားဖို့ချောင်သို့သာ အပြဲလွှဲပေးလေ့ရှိ၏။ အဘသည် ဘာမျှ ယူငဲ့လုမရှိပေ။ ငွေကြေးအား လက်သင့်ခံခြင်းမရှိသည်ကား လူနာများအပေါ်တွင် ထားရှိသည့် သူ၏အဓိကစေတနာဖြစ်၏။

ထိုစေတနာ မေတ္တာများကြောင့်လော ဟူ၍မဆိုနိုင် သူ့ဆေးများသည် အစွမ်းထက်လှလေ၏။ ဤမျှ အပူပြင်းထန်သည့် ရာသီချိန်၌ အဘ ပြန်ရောက်လာခြင်းသည် ကျွန်တော်တို့ရွာနှင့်တကွ ရွာနီးချုပ်စပ်မှ လူများအတွက် အလွန်ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သရက်သီးမှည့်ပေါ်ချိန်နှင့် ဤအပူဒဏ်သည် တစ်ချိန်တည်း ဖြစ်နေခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့် သရက်သီးမှည့်များအား မဆင်မခြင် စားသုံးကြသူများသည် အပူဝမ်းဒလလော လျှောကြလေသည်။

ကျွန်တော်တို့ရွာတွင် အဘ နီးနီးကပ်ကပ်ရှိနေသဖြင့် အသေအပျောက် မရှိကြသော်လည်း အခြားရွာများ၌ သေကြေပျက်စီးကြရသူများ ရှိကြ၏။ အဘသည် အချိန်မီက သွားရောက်ကုသ ကယ်တင်နိုင်သော်လည်း တချို့ အချိန်နှောင်းသွားရသည့်အတွက် ပင်ပန်းရက်ခဲ့မနေပ်သည်များ ရှိခဲ့၏။ အဆိုးသဖြင့် ကျွန်တော်တို့ရွာမှ လူများ နီးနီး

ကပ်ကပ်ရှိနေကြသည်မို့ အလွန်ကံကောင်းကြပါပေသည်။ ပူပြင်းသည့် နေ့ကာလ လွန်မြောက်၍ မိုးဦးဝင်ရောက်တော့မှပင် ဆရာကြီး အဘဦးရွှေဂန်၏ ဆေးကုသမှုသည်လည်း အတန်အသင့် ရပ်ဆဲသွားရ၏။ ကျွန်တော်တို့အိမ်၌ လူနာများမှာ အလိုအလျောက်လာရောက်ကန်တော့ကြသည့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်များ မနည်းမနော စုပြုံရောက်ရှိနေလေသည်။

အဘကတော့ ထိုပစ္စည်းများအား လှည့်မကြည့်။ သူ့အလုပ်သာ ဆက်လုပ်လေ့ရှိလေ၏။ ကုန်ခန်းလျှော့နည်းသွားသည့် ဆေးကော်များအား သူငွေကြေးနှင့်သူ ပြန်၍ ဖြည့်တင်းဝယ်ယူ၏။ ဖော်စပ်စဉ်း ကျွန်တော်နှင့် ကျွန်တော့်ညီမှ အဘဆေးများအား ကူညီဝိုင်းဝန်းသောင်းပေးရလေသည်။

ဆေးများဖော်စပ် ဖြည့်တင်းပြီးသည့်အခါ အဘသည် ဖိုထိုးနှင့် ပြင်ဆင်ပြန်လေ၏။ ထို့ကြောင့် ကျွန်တော်နှင့် ညီမှပင် အဘ၏ ဝေးဖိုကြီးအား စိတ်တိုင်းကျ ပြင်ဆင်ပေးရပြန်၏။ အဘ ဘာတွေဆက်လုပ်မည်ဆိုသည်ကို ကျွန်တော်သည် စပ်စတတ်သူတစ်ယောက်ပီပီ အမြဲတမ်း စိတ်ဝင်စားစွာ လေ့လာနေမိလေ၏။ သူ့ပညာရပ်များအား စိတ်ဝင်စားစွာ ကြည့်ရှုလုပ်ကိုင်ပေးသည်ကိုပင် အဘမှလည်း ကျွန်တော့်အား အလွန်သဘောကျလျက်ရှိလေသည်။

''ငါ့မြေး မင်း သင်မလား'' ဟူ၍လည်း ကျွန်တော့်အား မကြာခဏ မေးမြန်းတတ်၏။ ထိုသို့ မေးမြန်းတိုင်းလည်း ကျွန်တော်သည် အဘအား အားမနာစွာ အမြဲတမ်း ခေါင်းယမ်းပြလေ့ရှိ၏။ ကျွန်တော် စိတ်ဝင်စားသည်ကား စာအုပ်ဖတ်ခြင်းနှင့် တောလိုက်ခြင်းကိုသာ စိတ်ဝင်စားနေသည် မဟုတ်ပါလား။ ထိုသို့ ကျွန်တော် စာအုပ်စာပေများအား စိတ်ဝင်စားနေသည်ကိုပင် အဘသည် တစ်နည်းတစ်ဖုံ အားဖြင့် သဘောကျလျက်ရှိနေလေသည်။

ကျွန်တော့်အား သဘောမကျသည်မှာ အဖေသာ ဖြစ်၏။ အဖေက ထိုသို့မဟုတ်။ ကျွန်တော် စာအုပ်ဖတ်သည်နှင့် တောလိုက်သည်ကို လုံးဝသဘောကျသူ မဟုတ်ပေ။ မိဘလက်ငုပ်လက်ရင်း ဖြစ်သည့် တောင်ယာအလုပ်အား ကြိုးကြိုးကုပ်ကုပ် လုပ်ကိုင်စေချင်သူ ဖြစ်၏။ သူ ပုံသွင်းသမျှ ကျွန်တော့်ပုံက အလကားချည်းသာ ဖြစ်ရသည်။

ကျွန်တော်သည် စာအုပ်အားလည်း ဖတ်မြဲဖတ်၏။ တောလည်း လိုက်မြဲလိုက်၏။ ဆရာကြီး အဘ ဦးရွှေဂန် ခိုင်းသည့်အလုပ်အားလည်း ကူညီလုပ်ကိုင်ပေး၏။ ထိုသို့နေလာရင်းနှင့် ကျွန်တော်သည် ရွာ၏လိုအပ်ချက်အရ ကျောင်းဆရာအလုပ်အား ဝင်ရောက်လုပ်ကိုင်ရလေတော့သည်။

ထိုသို့ မည်သို့မျှ ရှောင်လွှဲမရ ဘေးကြပ်နံကြပ်ဖြစ်လာရသည့် ကျောင်းဆရာအလုပ်အား ဝင်ရောက်လုပ်ကိုင်ရတော့မှပင် ကျွန်တော် သည် ပြားသွားရလေတော့သည်။ ကျွန်တော် ပြားသွားရသကဲ့သို့ ကျေးဇူးလည်း အလွန်ရှိခဲ့ပါ၏။ အထူးသဖြင့် ကျွန်တော့်အဖေ၏ မေတ္တာအား ကျွန်တော်သည် ထိုကျောင်းဆရာလုပ်တော့မှ ပြန်လည် ရရှိလေတော့သည်။

ကျွန်တော့်အား အမြင်ကပ်၍ ဘယ်အချိန်တုန်းကမှ လူလေး ဟူ၍ခေါ်လေ့မရှိသော အဖေသည် ကျွန်တော့်အား လူလေးတွေ ဘာ တွေ ဖြစ်လာလေ၏။ ဝက်ဖြစ်တော့မှ ချေးမကြောက်။ ကျွန်တော်က လည်း ကျောင်းအုပ်ဆရာကြီး၏ အလွန်စည်းကမ်းကြီးသည့် ကျောင်း ဆရာ အလုပ်အား ကောင်းမွန်စွာ လုပ်ကိုင်ပေးနိုင်ခဲ့၏။ ဤအချိန် သည် ကျွန်တော့်ဘဝအတွက် ကျွန်တော့်တစ်သက်သာ၌ ရသ အစုံ လင်ဆုံးအချိန်ဟု ဆိုနိုင်ခဲ့လေသည်။

ကျွန်တော် ကျောင်းဆရာအလုပ်အား လုပ်ဖြစ်သွားပြီဆို တော့ ဆရာကြီး အဘ ဦးရွှေဂန်သည် ကျွန်တော့်အား အရာရာ စိတ် ချည်ရှည်ထားဖို့ အထူးဆုံးမလေ၏။ ကျွန်တော့်သံသရာက ကျောင်းနှင့် အိမ်၊ အိမ်နှင့်ကျောင်း ဖြစ်သွားရပြန်၏။ ထို့ကြောင့် ဆရာကြီး အဘ ဦးရွှေဂန် လုပ်မှုကိုင်မှုများအား ကျွန်တော် ယခင်ကကဲ့သို့ အလွယ်

တကူနှင့် သိခွင့်မရခဲ့တော့ပေ။ ဖိုထိုး၏။ ဘာတွေထည့်၍ ဘယ်လိုအစီ အမံတွေနှင့် ထိုးနေသနည်း ကျွန်တော် မသိတော့။ ဆရာကြီးသည် လည်း အိမ်၌ပင် ကျွန်တော်တို့ နှောင်းလူများ အလွယ်တကူ မသိရှိ နိုင်သည့်အလုပ်များအား ပြုလုပ်နေပြီး လတို့သည် တစ်လပြီး တစ်လ အားဖြင့် ခြောက်လလောက်မျှ ကြာမြင့်သွားခဲ့လေသည်။

ထို့ခြောက်လ လွန်မြောက်သွားသည့်နောက်ပိုင်း၌ ကျွန်တော် သတိပြုမိသည်မှာ အိမ်သို့ အထူးည့်သည်များအဖြစ် အသက်ရှစ်ဆယ် အရွယ်ခန့် ဖိုးသူတော်တစ်ပါးနှင့် အသက်ငါးဆယ်ခန့် သျှောင်ထုံးကြီး နှင့် ဗိန္ဓောဆရာအသွင်ပေါက်သည့် လူထူးဆန်းတစ်ယောက် ရောက်ရှိ လာလေ၏။ သူတို့၏ပုံသဏ္ဌာန်ကား ကျွန်တော်တို့အညာဒေသရှိ မြန်မာ ကြီးများထက်ပင် ဗမာဆန်သေး၏။ အပြောအဆို အသုံးအနှုန်းများ ကလည်း ဟုတ်ကျယ်ဟာကျယ်ကြီးများမို့ သူတို့ပြောဆိုကြသည်မှာ နားထောင်၍ပင် ကောင်းနေသေး၏။

ဆရာကြီး အဘ ဦးရွှေဂန်မှ စကားပြောလျှင် အေးစက်၏ ညင်သာ၏။ ထိုင်ည့်သည်ကြီးများကား ပွင့်လင်း၏။ ကျယ်လောင်၏ ကျွန်တော်တို့ အိမ်အပေါ်ထပ်တွင် နေရာယူထားကြသည့်အတွက် အလွန် လွတ်လွတ်လပ်လပ်လည်း ရှိကြပေသည်။

တစ်နေ့ ကလေးများ ကျောင်းပိတ်ရက် တစ်ရက်ဖြစ်သဖြင့်

ထိုည၌သည်ကြီးနှစ်ယောက်နှင့် ဆရာကြီး အဘ ဦးရွှေဂန်တို့ စကား စမြည် ပြောဆိုနေကြသည်ကို တစေ့တစောင်း အကဲခတ်ခွင့်ရခဲ့သည်။

''ဦးသူတော်၊ ဆန္ဒတော့ မစောနဲ့ဗျ။ ကျုပ်စီစဉ်ပေးပါ့မယ်။ ခြောက်လလောက်သာ စောင့်ပါ''

''ဆရာရွှေရေ အခြားကြောင့် ဆန္ဒစောနေရတာ မဟုတ်ဘူး။ ကျုပ်က အိန္ဒိယကိုတက်ရဦးမှာ။ ကျုပ်လူတစ်ယောက်က အဲဒီကို သွားနှင့်နေပြီလေ။ အဲဒီကနေ ဟိမဝန္တာထိအောင် ခရီးက ဆက်ရဦးမှာ။ အဲဒါကြောင့်''

''မစိုးရိမ်ပါနဲ့ ဦးသူတော်။ ကျုပ်နားလည်ပါတယ်''

ဆရာကြီး အဘ ဦးရွှေဂန်မှ ဖိုးသူတော်ကြီးအား ထိုသို့ နှစ်သိမ့်ပြောဆိုခိုက် သျှောင်ထုံးနှင့် ဗန္ဓောဆရာပုံပေါက်သည့် လူကြီးမှ ဝင်ရောက်ပြောဇာ။

''ဆရာရွှေရေ ပညာသင်ဖော်သင်ဖက်ချင်းဖြစ်တာ မှန်တယ်။ ဒီအလုပ်က ကျုပ်တို့ထက် သမာဓိကောင်းတဲ့ ဆရာရွှေလုပ်မှ ရမှာမို့ အခုလို အပူကပ်ရတာဗျို့။ စိတ်တော့ မရှိနဲ့''

- ''တစ်လည့်စီပေါ့ ဆရာဝါသိုက်ရယ်။ ဟုတ်ဘူးလား။

ဦးသူတော်ကြီး စိတ်ချမ်းသာရင် ကျုပ် စိတ်ချမ်းသာပါတယ်။ သူ့ကိုယ်ကျိုးအတွက်မှ မဟုတ်ဘဲ။ အောင်မြင်မှာပါ''

ထိုသို့ပြောဆိုကြပြီးနောက် ဆရာကြီး အဘ ဦးရွှေဂန်အပါအဝင် လူကြီးသုံးယောက် နေ့လယ်စာအဖြစ် ထမင်းစားသုံးကြလေသည်။ ကျွန်တော့်အမေသည် အစားအသောက် ဖွယ်ဖွယ်ရာရာ ကောင်းစွာစီမံချက်ပြုတ်တတ်ခြင်းကြောင့် ဧည့်သည်ကြီးများသည်လည်း စားရေးသောက်ရေးမှဲအစ အားလုံးအဆင်ပြေ၍ နေလေ၏။

ယခင်က ကျွန်တော်သည် အသက်ရှစ်ဆယ်ခန့်လောက်မျှ ရှိနေပြီ ဖြစ်သည်။ ဖိုးသူတော်ကြီးအား သုံးကြိမ်ထက်မနည်း မြင်ဖူးခဲ့သော်လည်း ယခု သျှောင်ထုံးနှင့် ဗန္ဓောဆရာပုံပေါက်နေသည့် ဧည့်သည်ကြီးကိုမူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့သေးချေ။

ဆရာကြီး အဘ ဦးရွှေဂန်၏ ဖိုထိုးခြင်းကိစ္စသည် နောက်ဆုံး ဖိုးသူတော်ကြီးနှင့် ထိုလူကြီး၏ အထူးကိစ္စတစ်ရပ်ဖြစ်ကြောင်း ခွဲခြားသိလာခဲ့ရ၏။ ထိုသို့သိရသည့်အတိုင်း အမှန်တကယ်ပင် နောက်ခြောက်လထိုးပြီးသည့်အခါ ထိုဓာတ်လုံးနှင့်တကွ အညွှန်းကျမ်းစာအုပ်ပါ ယူဆောင်ပြီး အဘသည် စစ်ကိုင်းဘက်သို့ ခရီးထွက်သွားရပြန်လေသည်။

သူတို့၏ကိစ္စရပ်များသည် အခြားလူသားတို့အတွက် မသိရှိနားမလည်နိုင်ကြ၍ မည်သို့မျှ ပိုင်းခြားဝေဖန်ခြင်းငှာ မစွမ်းနိုင်သော်လည်း သူတို့အတွက်တော့မူ အလွန်ပင် အရေးကြီးသည့်အချိန်သို့

ရောက်ရှိနေပြီဖြစ်ကြောင်း သူတို့၏ စကားသွား စကားလာများနှင့် လှုပ်ရှားမှုများအား ကြည့်ခြင်းအားဖြင့် သိနိုင်လေ၏။

အဘသည် ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ကျွန်တော့်အဖေ အပါအဝင် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ပြောကြားခြင်း မရှိပေ။ သို့ကြောင့် ကျွန်တော်တို့မိသားစုသည်လည်း ကိုယ်နှင့်မဆိုင်သကဲ့သို့ သာ နေလာခဲ့ကြ၏။ ထိုကိစ္စရပ်များအား ကျွန်တော်မှ သူငယ်ချင်း ဖြစ်သူ စံမင်းအား ပြောပြသည့်အခါ စံမင်းသည် ထိုဖိုးသူတော်ကြီး နှင့် သျှောင်ထုံးကြီးအကြောင်းအား သူ့အဘသို့ တစ်ဆင့်မေးမြန်း ကြည့်ရှုလေ၏။

''ဒါက ဒီလိုရှိတယ်ကွ။ အခု ဦးသူတော်ကြီးရယ်၊ ဆရာ ဦးရွှေဂန်ရယ်၊ အဲဒီ ကရင်ဆရာကြီး ဝါသိုက်ရယ် သူတို့က ဂိုဏ်းဝင် ဆရာတွေ။ သူတို့ဂိုဏ်းထဲမှာ ဖိုးသူတော်ကြီးထက်ကြီးတာဆိုလို့ တစ် ယောက်ပဲ ရှိတယ်။ အဲဒီဂိုဏ်းချုပ်ကြီးက မြန်မာပြည်တစ်လှည့် တိဗက် တစ်လှည့်၊ အိန္ဒိယမှာ တစ်လှည့်နေတယ်''

''သူတို့က ဘာလုပ်တာတုန်း အဘ''

''ဟာ ... သူတို့က အဖွဲ့အစည်းတစ်ခုပဲကွ။ အမျိုးဘာသာ သာသနာ အားလုံးနဲ့ သက်ဆိုင်တယ်လို့ ခံယူထားကြတဲ့ အဖွဲ့စည်း တစ်ခု၊ ဒုက္ခရောက်ရင် ကူညီတယ်။ အဓိကကတော့ ဆေးဝါးနဲ့

အတတ်ပညာများကို ထိန်းသိမ်းနေကြတဲ့ ပင်မအဖွဲ့ကြီးဆိုပါတော့ ကွာ''

''ဒါဆိုရင် သူတို့က တစ်မျိုးကြီးပါလား။ ကျုပ်တို့နိုင်ငံက ဘုန်းကြီးတွေလိုပဲပေါ့''

''အင်း ... မင်းပြောတာ နီးတော့နီးစပ်တယ်။ ဒါပေမယ့် မဟုတ်ဘူး။ ငါတို့နိုင်ငံက ဘုန်းကြီးတွေဆိုတာထက် တရုတ်ပြည်က ရှောင်လင်ဘုန်းကြီးတွေနဲ့ ပိုတူတယ်''

စံမင်းအဘသည် အနေအေးသော်လည်း စာပေဗဟုသုတ နှင့် ရှေ့မီနောက်မီ အဘတစ်ယောက် ဖြစ်နေခြင်းကြောင့် ထိုသို့ ရှင်း လင်းပြောပြသည့်အခါ စံမင်းသည် ကျွန်တော့်ဘက်သို့လှည့်၍ ...

''ဟေ့ကောင် ... ဘုန်း ငါတော့ စိတ်ဝင်စားနေပြီကွာ။ အဲဒီ ဖိုးသူတော်ကြီး နောက်တစ်ခေါက်လာရင် လိုက်သွားမှဖြစ်မယ်''

''အဲဒါဆို မင်း အဘကျတော့ရော''

''အဘ မနှစ်လေးသွားနေပေါ့။ အေးအေးဆေးဆေးပဲ''

''အိုကွာ ... စကားအရပြောတာပါ။ မင်းတို့လိုစိတ်မျိုးတွေ နဲ့ ဘယ်လိုမှ မကိုက်ပါဘူး''

စံမင်းပုံစံအားကြည့်၍ သူအဘမှ ဝေဖန်လိုက်ခြင်း ဖြစ်၏။ သို့သော် စံမင်းမှ အမှန်တကယ် စိတ်ဝင်စားနေသကဲ့သို့ ရှိလေပြီး

သူသိလိုသည့်အရာများအား ဆက်လက်မေးပြန်လေ၏။

''အဘဦးရွှေဂန်က လေးစားဖို့တော့ ကောင်းတယ်နော်''

''ဆရာ ဦးရွှေဂန်တို့က နဂိုကလည်း စိတ်ကောင်းရှိတဲ့လူတွေကွ။ အဲဒါဆိုတာ့ သူတို့ ပညာရပ်တွေက အစွမ်းလည်းထက်တယ်။ နောက်ပြီး အုံဩစရာကောင်းတာက မြန်မာပြည်မှာ သူ မရောက်ဘူးတဲ့ အရပ်ဒေသ သိပ်မရှိတာပဲ။ သူတို့ဂိုဏ်းဝင်တွေကလည်း အနှံ့အပြားပဲ။ အဲဒါဆိုတော့ အရပ်တိုင်း အရပ်တိုင်းက သူတို့အရပ်ဖြစ်နေတယ်''

''ဟာ ... အဘကလည်း အရွယ်ကောင်းတုန်းက တရုတ်ပြည်ထဲထိအောင်တောင် သွားသေးတာ။ ဒါနည်းတောင်နည်းသေး''

စံမင်းနှင့် သူအဘ ပြောဆိုနေသည့်အကြား ကျွန်တော် မိမိသံသည့်အကြောင်းရာကလေးများအား ဝင်ရောက် ပြောဆိုလိုက်၏။ ထို့အခါ စံမင်းအဘမှ ဆရာကြီး အဘ ဦးရွှေဂန်နှင့် ပတ်သက်သည့် အကြောင်းအရာများအား ဆက်လက်ပြောဆိုပြန်သည်။

''ဆရာ့ ဦးရွှေဂန်က အဘတို့ထက် ငါးနှစ်လောက်ကြီးတယ်ကွ''

''ဒါဆို အဘတို့က မတိမ်းမယိမ်းတွေပေါ့''

''သူတို့ကျောင်းသားကြီးဘဝမှာ အဘတို့က ကျောင်းသား

လေးပေါ့ကွာ။ စာသိပ်တော်တယ်။ အပျော်ပါးမမက်ဘူး။ အဲဒါကြောင့် ဆရာတော်က သူ့ကို ဘုန်းကြီးဖြစ်လိမ့်မယ်လို့တောင် ထင်တာ''

''အခုလည်း သက်နှံးမဝတ်တာပဲရှိပါတယ်။ ဘုန်းကြီးတစ်ပါးလိုပါပဲ''

''အဘတို့ကတော့ ငယ်စဉ်ကတည်းက သူ့ကို လေးစားရိုသေရတယ်ကွ။ ကျောင်းမှာတော့ သူက အတော်ဆုံးပဲလေ။ အဲဒီကနေ မန္တလေးမြို့တက်သွားပြီး အင်္ဂလိပ်စာရော အခြားပညာရပ်တွေပါ တောက်လျှောက် သင်ယူသွားတော့တာ။ အခုဆို မင်းတို့သိတဲ့အတိုင်းပဲလေ-အဘတို့လည်း အဲဒီလောက်ကြီး ဉာဏ်ရည်မထက်မြက်ဘူး''

''အခု ဖိုးသူတော်ကြီးနဲ့ ဗိန္ဓောဆရာကြီးက ဒီနယ်က မဟုတ်ဘူးပေါ့''

''ဘယ်ဟုတ်မတုန်း။ ဖိုးသူတော်ကြီးက မြစ်ဝကျွန်းပေါ်က ဦးဝါသိုက်က ကရင်ပြည်နယ်က။ သူတို့က ကိစ္စအထူးရှိမှ တွေ့လေ့ရှိကြတာ။ ရည်ရွယ်ချက်ကတော့ တစ်ယောက်တစ်မျိုးဆီပေါ့။ ဒါပေမယ့် သူတို့က ကိုယ့်ဘာသာတရားအပေါ်မှာပဲ အခြေခံကြတာပါ။ တစ်ယောက်ကိစ္စကို တစ်ယောက် ကူညီဆောင်ရွက်ပေးလေ့ရှိတယ်''

စံမင်းအဘသည် သူသိသည့်အရာများအား စိတ်ရှည်စွာပင် ကျွန်တော်တို့နှစ်ယောက်အား ရှင်းပြ ပြောဆို၏။ ထို့ထက်ပို၍ သိနိုင်

သေးကြောင်း ကျွန်တော် ခန့်မှန်းမိလေသည်။ ခက်သည်ကား စံမင်း အဘသည်လည်း အနေအေးသူမို့ အမေးအမြန်းမရှိလျှင် ပြောဆို တတ်သူ မဟုတ်ပေ။

ကျွန်တော်သည် စံမင်းအိမ်၌ သူအဘအပါအဝင် သုံးယောက် သား စကားပြောဆိုကောင်းနေသည့်အတွက် ပြန်ဖို့ပင် သတိမရနိုင် အောင် ရှိလေ၏။ ထိုအချိန်တွင် ရွာအနောက်ပိုင်း၌ ခွေးများသည် မဟားတရား ပွတ်လောရိုက်မျှ ထိုးဟောင်လာကြသဖြင့် တစ်ရွာလုံး ခွေးဟောင်သံများ လွှမ်းမိုးသွားသကဲ့သို့ ထင်ရလေ၏။

"ဟာ ... ခွေးတွေကတော့ တအားဟောင်နေပြီဟေ့။ ရွာ သူခိုးများ ကပ်သလားမသိဘူး"

"လသာရက်ကြီးပဲ အဘရာ။ သိပ်ကြောက်စရာမလိုပါဘူး"

"ကြောက်စရာမလိုဘူးလို့တော့ မပြောနဲ့ကွ။ ဒီကြားထဲက ပါပါသွားရတာ မင်း ဘကောင်း နွားတစ်ရှဉ်းတုန်းက လပြည့်နေ့ည ကြီး ပါသွားတာပဲလေ။ အစအနတောင် ရှာမရဘူး"

"အဲဒါကတော့ မိုးလင်းမှသိတာကိုး အဘရ။ နောက် ခွေး လည်း မဟောင်ဘူး။ အခုကတော့ ဆူနေတာပဲ"

"သူခိုးတော့ မဖြစ်နိုင်ဘူး"

ကျွန်တော်တို့ ထိုသို့ပြောဆိုနေခိုက် ရွာအရှေ့ထိပ်မှ လူသံ

တို့သည်လည်းကောင်း၊ ရွာအနောက်ထိပ်မှ လူသံတို့သည်လည်း ကောင်း ကြောက်မက်ဖွယ်ရာ အသံဗလံများ ထွက်ပေါ်လာလေသည်။ ထိုအခြေအနေကြောင့် ကျွန်တော်နှင့် စံမင်းမနေသာတော့။ ငှက်ကြီး တောင်အားဆွဲ၍ ဆင်းပြေးခဲ့ကြရလေသည်။ အရေးကြုံက အားလုံး ဝိုင်းပိတ်ဆို့နိုင်ရန်အတွက် ရွာသားများက အနောက်ထိပ်နှင့် အရှေ့ ထိပ်မှ နေရာယူထားကြခြင်း ဖြစ်၏။

ကျွန်တော်နှင့်စံမင်းကား အရေးကြီးသည့် ရွာအနောက်ထိပ် သို့သာလျှင် ပြေးထွက်လာခဲ့ကြသည်။ နွားသူခိုးအစရှိသည့် ရန်သူအား ဖြူလေမည်းလေ မမြင်ရသေး။ ရွာသားများကတော့မူ လရောင် အောက်တွင် ဖွေးဖွေးလှုပ်လှုပ်ရှိလေ၏။ အရေးကြုံက အားလုံး အသက် စွန့်မည့်သူများချည်းသာ ဖြစ်လေ၏။ ကျွန်တော်တို့ ရွာကား ဓားပြ များ အလွန်ဆိုးသွမ်းသည့် ခေတ်ကလည်း ရာဇဝင်ရှိခဲ့ဖူးသည့် ရွာကြီး တစ်ရွာဖြစ်လေ၏။ ကုန်ကုန်ဆိုရလျှင် ကျွန်တော်တို့ရွာဖြစ် ရွာပေါက် များသည် လူမျှမဟုတ် ကြက်သည်ပင် အညာကြက် အညာမျိုး စသည် နှင့် အလွန်အသည်းကောင်း ဇွဲကောင်း၊ သတ္တိကောင်းသည့် ကြက် များ အများအပြားပေါ်ထွက်လေ့ရှိ၏။ ကြွားခြင်း ဝါခြင်းမဟုတ်ပါပေ။

နောက်ဆုံး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် ကျွန်တော်တို့ ရွာသားများသည် ညဘက်လရောင်အောက်၌ မသက်ာ

ဒွယ် မည်သည့်အရိပ်အယောင်မျှ မတွေ့ရှိသဖြင့် အားရကျေနပ်လောက်အောင် လှည့်ပတ်ကြည့်ရှုပြီးမှ အားလုံး ကိုယ်စီကိုယ်ငှ လှည့်ပြန်လာခဲ့ကြလေသည်။ သွေးဆာနေသည့် သူများကား ရန်သူ တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် ကြောက်မက်ဖွယ် သံပြိုင်အော်ဟစ်ကြွေးကြော်ကြသေး၏။

ထို့ကြောင့် ရွာသူရွာသား ကလေး၊ လူကြီးများ အထိတ်တလန့် မဖြစ်စေရန် လူကြီးများမှ ထိုအော်ဟစ်ကြွေးကြော်သူများအား ဖျောင်းဖျဟန့်တားပြောဆိုရသေး၏။ ထိုအခါကျမှပင် အားလုံးငြိမ်သက်သွားကြလေသည်။ ဒါသည်ပင် ကျွန်တော်နှင့် ရန်ဖြစ်ထားသည့် ဘုတို့မှ ကျွန်တော့်အနီးသို့ လူမှားတိုးကပ်လာပြီး သူသတ္တိအား ပြသပြောဆိုလိုက်သေးသည်။

"ခွီးမပဲ .... ဘယ်အကောင်တုန်းဆိုတာ တွေ့ချင်တာ။ အပြတ်ဖြတ်ချင်လို့"

သူရသတ္တိအရာတွင် အလွန်ပြောင်မြောက်လှသည့် စံချိန်ငဲ့သွန်းမိမိ ဝတိုအားကြည့်၍ ကျွန်တော်ပင် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

❖ ❖ ❖

အခန်း (၈)

ညက ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်သည် ရွာသားများ စိတ်စောၗ လှုံ့နေကြခြင်း ဖြစ်၏။ ထိုအကြောင်းခြင်းရာများအား ညနေတွင်မတော့ တစ်ယောက်ကတစ်ဆင့် တစ်ယောက်နှင့် နောက်ဆုံးအခြေနေမှန်ကား သိလာရလေသည်။

ကျွန်တော်တို့ရွာအား ဝေးပြတိုက်ရန်အတွက် ချောင်းမြောင်းချဉ်းကပ်လာကြသည့် အင်အား ငါးယောက်ထက် မနည်းသော အုပ်စုတစ်စုဖြစ်လေ၏။ နွားပျောက်ရှာသူ ကိုထွန်းခင်နှင့် မကွဲချောင်းထိပ်တွင် မသိမသာ လာရောက်တိုးလိုက်ခြင်းကြောင့် ဖြစ်၏။

ကိုထွန်းခင်သည် ထိုအုပ်စု၏ မသက်ာဖွယ်အခြေအနေအား ဦးစွာရိပ်စားမိ၍ ချို့တွင်းသို့ မြွေကင်းသတိမရနိုင်ဘဲ အဆောတလျင် ဘင်ရောက်ပုန်းခိုလိုက်ခြင်းကြောင့် ထိုငါးယောက်အုပ်စုနှင့် ပွတ်ကာသီကာလွဲချော်သွားရခြင်း ဖြစ်၏။ ထိုကျေးဇူးကား ရွာသို့ အခြေအနေမှန်အား ပြန်၍ ပြောပြနိုင်ခြင်း ဖြစ်၏။ ခြောက်လုံးပြူးနှစ်လက်အား လုနှစ်ယောက်မှ လက်တွင်းသို့ အရန်သင့်ကိုင်ဆောင်ထားကြကြောင်း ပါ ပြောဆိုခြင်းကြောင့် ကျွန်တော်တို့ တစ်ရွာလုံးမှ ဓားပြများဟူ၍ ယူဆပြောဆိုလိုက်ကြခြင်း ဖြစ်၏။

ရွာ၏ညနေ ထိုသတင်းကြောင့် စံမင်းအိမ်၌ ကျွန်တော်နှင့် စံမင်းကား တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြ၏။ သူစိတ်တွင်တော့ မည်သို့ရှိမည် မသိနိုင်။ ကျွန်တော့်စိတ်ဘင်မတော့ ဦးယက္ခနှင့် နဂါးတို့အဖွဲ့အား ကွက်ခနဲ သတိရလိုက်မိလေ၏။ ကျွန်တော်က ထိုသို့သတိရမှုနှင့်အတူ တွေး၍မျှ မဆုံးသေးကျွန်တော်သူငယ်ချင်းဖြစ်သူ စံမင်း၏ အသံက ထွက်ပေါ်လာလေသည်။

"ဘုန်း မင်း အဲဒါ ဘယ်လိုသဘောရတုန်း"

"ဘာတုန်းဟာ။ မဲ့းကလည်း အရင်းမပါ အဖျားမပါနဲ့"

"ဘာအရင်းအဖျားပါစရာ လိုလို့တုန်း။ ညက ကိစ္စကို ပြော

တာကွ"

ကျွန်တော့်ပေကပ်ကပ်အမေးကြောင့် စံမင်းသည် ကျွန်တော်အား စိတ်မရှည်စွာ ခပ်ဆော့ဆော့ ပြောလာလေတော့သည်။

"ညက ကိစ္စက မင်းကြားနေတာပဲ။ တစ်ရွာလုံးက ဓားပြပါတဲ့ ပြော"

"ဟ ... သူတို့က မသိလို့ရမ်းပြောနေတာ။ အကြောင်းရင်းကို မင်းနဲ့ငါက သူတို့ထက် ပိုသိနိုင်တယ်။ ငါထင်တယ် ဘာမှမဟုတ်ဘူး။ အဲဒါ ဦးယက္ခနဲ့ နဂါးတို့အဖွဲ့ပဲဖြစ်ရမယ်"

စံမင်း၏ ဉာဏ်ရည်ဉာဏ်သွေးသည်လည်း ကျွန်တော့်ထက် မသာလျှင်တောင်မှ ကျွန်တော့်ထက်တော့ ညံ့ဖျင်းလိမ့်မည် မဟုတ်ပေ။ ကျွန်တော် ထင်ထားသည်နှင့် တစ်ထပ်တည်းမျှ တွေးတောမိခြင်း တွေးတောနိုင်ခြင်းကြောင့်ဖြစ်၏။ ထိုကိစ္စအား ကျွန်တော်တို့သာ အတွေးချော်နေပါက ကျွန်တော်တို့လည်း ရွာသူရွာသားများနှင့် ရောယောင် လက်ခံလိုက်ကြမည်သာ ဖြစ်၏။

ယခု ထိုသို့မဟုတ်။ ကျွန်တော်တို့အတွက် အတွေးနယ်ချဲ့စရာ ဖြစ်လာကြရသည်။ မဟုတ်လျှင်တော့ ကျွန်တော်တို့ အတွေးများသည် အလဟဿအတွေးများ ဖြစ်လိမ့်မည်။ သူပြောတော့ ကျွန်တော် ပြောရ၏။

''ငါလည်း ဒီလိုတော့ ထင်တာပေါ့ကွ။ ဒီကိစ္စက မင်းနဲ့ငါနဲ့ပဲ သိတဲ့ဟာကို။ ခက်တာက ဒီလူတွေက ဘာကိစ္စ ဒီဘက်ကို ကပ်လာလဲ၊ အကြံတစ်ခုတော့ ရှိရမယ်။ ဓားပြတိုက်ဖို့တော့ မဖြစ်နိုင်ဘူး။ သူတို့ရုပ်တွေက ဓားပြရုပ်တွေမှ မဟုတ်တာ''

''ဒါဆို စဉ်းစားစမ်းကွာ။ ဘာဖြစ်နိုင်တုန်း''

''ဟာ ... ငါ့ချည်းတွန်းထိုးပေးမနေနဲ့။ မင်းလည်း ဦးနှောက်ပါတာပဲ စဉ်းစားလေကွာ''

''မင်းက ငါ့ထက်ပိုပြီး ဉာဏ်သွားသလားလို့ပေါ့ကွ''

''ဟော့ကောင် အသားလွတ်မြောက်ပေးမနေနဲ့။ အတူတူပဲ။ မင်းလည်း စဉ်းစား ငါလည်း စဉ်းစားမယ်''

ကျွန်တော်တို့ ထိုသို့ပြောဆို၍ အတန်ကြာမျှ စဉ်းစားကြသော်လည်း ကျေနပ်လောက်သည့်အဖြေကား တစ်ဦးတစ်ယောက်အထဲကမှ ထွက်ပေါ်လာခြင်း မရှိကြချေ။ နောက်ဆုံး ကျွန်တော်နှင့် စံမင်းသည်လည်း ထိုကိစ္စအား ဦးယက္ခနှင့် နဂါးတို့အပေါ်၌သာ ဝိုးတဝါးထင်မြင်ချက်နှင့် ပုံချလိုက်ရလေတော့သည်။

ထိုကိစ္စအား ကျွန်တော်က ထိုမျှနှင့်ပြီးသွားလိမ့်မည်ဟု အထင်ရှိခဲ့သော်လည်း စံမင်းသည် ထိုကိစ္စအား ထိုမျှနှင့် အပြီးမခံခဲ့ချေ။ သူ ထင်သည်မြင်သည်။ ယူဆမိသည့်အရာများအား လျှို့ဝှက်

လိုက်လံစုံစမ်းလျက်ရှိ၏။

ကျွန်တော့်အနေအထားက သူ့လောက် မတတ်နိုင်ခဲ့။ ကလေးများကား စာမေးပွဲနီးနေပြီမို့ ကျောင်းနှင့် ကလေးများအတွက်သာ အာရုံစိုက်၍ လုပ်ကိုင်ပေးနေရလေ၏။ အထူးသဖြင့် ကျောင်းအုပ်ဆရာကြီးမှ ကျွန်တော့်အား အပိုင်ချုပ်၍ လက်တိုလက်တောင်း အလုပ်မှစ၍ ခိုင်းစေနေခြင်းကြောင့် ဖြစ်၏။ တစ်ခါတစ်ရံ ကျွန်တော်မြင်းနှင့် ရေနံချောင်းမြို့ပေါ်သို့အထိ ပြေးရသေးသည်။ ထို့ကြောင့် ကျွန်တော့်အတွက် ချောင်တော့ မချောင်လှချေ။

''ဒီကောင် ငါ့ဒဏ်ကို ဘယ်လောက်ခံနိုင်သလဲ'' ဟူ၍ စမ်းသပ်နေခြင်းလောဟူ၍ပင်။ ကြာတော့ ကျွန်တော် အတွေးရောက်လာရ၏။

ကလေးများ စာမေးပွဲအားလုံး ပြီးစီးသွားတော့မှပင် ဆရာကြီး၏ ခိုင်းစေမှုနှင့် ကျွန်တော်၏ လုပ်ကိုင်မေးရမှု အားလုံးသည်လည်း ပြီးငြိမ်းသွားသကဲ့သို့ ဖြစ်ရလေသည်။ ဤသည်ပင် ဆရာကြီးအထံမှ ကျွန်တော့်အား နှစ်သိမ့်မှုတစ်စုံတစ်ရာ မရရှိခဲ့ချေ။ ဆရာကြီးသည် လူလူချင်းအား ဘယ်သောအခါမှ အလွယ်တကူ ထုတ်ဖော်ချီးမွမ်းပြောဆိုလေ့မရှိသောကြောင့် ဖြစ်၏။

ကျွန်တော်၏ လုပ်ကိုင်ပေးနိုင်မှုများအား ဆရာကြီး ဖွင့်ဟ

မပြောဆိုသော်လည်း နှစ်ထောင်းအားရမှုရှိကြောင်းကိုတော့ ဆရာကြီး ဒေါ်မျက်နှာအား အကဲခတ်ကြည့်ရှုခြင်းအားဖြင့် သိနိုင်လေ၏။ ကလေးများ စာမေးပွဲပြီး၍ တစ်ပတ်ရှိသည့်တိုင်အောင် ကျွန်တော် ကျောင်းနှင့်ဆရာကြီး၏အဆောင်သို့ မရောက်ဖြစ်တော့။ ထိုအခါ ဆရာကြီးသည် ကျွန်တော့်အိမ်သို့လိုက်လာလေသည်။

''ဟ ... မောင်းဘုန်း မင်းမလာလို့ ဆရာ လိုက်လာရတာကွ''

ဆရာကြီးစကားကြောင့် ကျွန်တော် အနည်းငယ်တွန့်သွားရ၏။ ကျွန်တော့်အဖေနှင့်အမေမှ ဆရာကြီးအား ကောင်းစွာနေရာပေး ပျူငှာစွာ ညှိုခံလေသည်။

''လွတ်နေတာပဲ ဆရာကြီးရဲ့။ ဆရာကြီးတပည့် ရောက် မလာတာ ဖြစ်မှာပေါ့''

''ဟုတ်ပါ့ ကိုညီခင်ရေ။ သူ မလာတော့လည်း ကျုပ် လိုက် လာရတာပေါ့ဗျာ''

''အကြောင်းထူးရှိလို့လား ဆရာကြီးရဲ့''

''အကြောင်းထားတော့မရှိပါဘူး။ စာမေးပွဲရက် အလုပ်က များသွားတော့ တစ်ခေါက်မှလည်း ပေါ်မလာတဲ့အတွက် နေထိုင် မကောင်းများ ဖြစ်နေသလားလို့ လိုက်လာမေးတာ''

ဆရာကြီးအား ကျွန်တော် ရေနွေးဓာတ်ဘူး ချပေးရင်း ပြန် ဖြေလိုက်၏။

''နေကောင်းပါတယ် ဆရာကြီး။ ကျွန်တော်လည်း လာမယ် လာမယ်နဲ့ မရောက်ဖြစ်တာ''

''ကောင်းပါတယ် ... ကောင်းပါတယ်''

ကျွန်တော့်အမေမှ ဆရာကြီး ကြိုက်နှစ်သက်သည့် ပုစွန် ခြောက်နှင့် လက်ဖက်သုပ်အား ကောင်းစွာသုပ်၍ တည်ခင်းပေးလေ၏။

''ကဲ ... ဆရာကြီး ရေနွေးနဲ့လက်ဖက်သုပ် သုံးဆောင်ပါဦး။ ရောက်လာတော့မှ အေးအေးဆေးဆေးပေါ့။ စောပါသေးတယ်။ အပြန် လိုက်ပို့မှာပေါ့''

''မောင်ဘုန်း ... ဘာတုန်း မင်းက စာအုပ်ဖတ်နေတာလား။ လာထိုင်ကွာ။ ရောက်တုန်းရောက်ခိုက် စကားပြောရအောင်''

ဆရာကြီးအနီးသို့ မကပ်။ ခပ်လှမ်းလှမ်းတွင်သာ ထိုင်နေသည့် ကျွန်တော့်အား စကားဝိုင်းသို့ အထူးတလည်ခေါ်နေခြင်းကြောင့် ကျွန်တော့်မှာ မငြင်းသာလေပဲ ဝင်ရောက်ထိုင်ရင်း ပြောဆို၏။

ဆရာကြီးမှ အထူးသဖြင့် ကျွန်တော့်အား ပညာရေးနှင့်အလုပ် အား ကြိုးစားလုပ်ကိုင်ဖို့ တိုက်တွန်းပြောဆိုသွား၏။ အဖေနှင့်အမေ သည်လည်း ကျွန်တော့်အား အလွန်နှစ်သက်ကျေနပ်ကြဟန် တူလေ

သည်။ ဆရာကြီးအပြန်တွင် ကျွန်တော့်အဖေနှင့်အမေက သူတို့ ကိုယ်တိုင် စကားစမြည်ပြောရင်း လိုက်ပို့ပေးကြ၏။ အသွားအပြန် နာရီဝက်ခန့် ကြာပေမည်။

ထိုနာရီဝက်အတွင်း ကျွန်တော့်အဖေနှင့်အမေ ပြန်လာသည့် တိုင်အောင် စောင့်ဆိုင်းခြင်းမရှိတော့။ သူငယ်ချင်းဖြစ်သူ စံမင်း အိမ်ဘက်သို့ ထွက်ခဲ့လေ၏။ စံမင်းသည် သူ့အိမ်၌ တစ်ယောက်တည်း မီးဆောင်အောက်တွင် ဦးယက္ခတို့အဖွဲ့မှ လက်ဆောင်ပေးခဲ့သည့် ဓား၊ မီးခြစ်၊ ကင်မရာ စသည်တို့အား ထုတ်၍ ကြည့်ရှုနေလေ၏။

''ဟေ့ကောင် ... အဲဒီပစ္စည်းတွေနဲ့ တစ်ယောက်တည်း စကားပြောနေတာလား''

''တိုင်ပင်နေတာ။ လာထိုင်။ ဆရာကြီး ပြန်သွားပြီလား''

''ဆရာကြီးလာမှန်း မင်း ဘယ်လိုလုပ်သိတုန်း''

''မင်းဆီ စောစောက ငါလာသေးတယ်။ ဆရာကြီးအသံကြားတာနဲ့ ငါလည်း နောက်ပြန်လည့်လာခဲ့တာ''

ဆရာကြီးအား ကျွန်တော်မှ လန့်သည် မဟုတ် စံမင်းလည်း လန့်သည်သာ ဖြစ်၏။ ထို့ကြောင့် အသံမပေးဘဲ ပြန်ဆုတ်သွားခြင်း ဖြစ်သည်။ ဆရာကြီးသည် ကျွန်တော်တို့၏ ငယ်ဆရာဖြစ်ခြင်းကြောင့် ဤမျှအရှိန်နှင့် လန့်နေရခြင်းဖြစ်သည်။

''မင်းကလည်း ဘာလှည့်ပြန်ရမှာလဲ။ ဆရာကြီးပဲ ဘိုးတော်ကြီး နေကောင်းလာ ဘာညာပေါ့ကွ''

''ဟင် ... ဆရာကြီးကတော့ ငါ့ကောင်ရေ မြွေထက်ကြောက်တယ်။ မင်းပြောသလိုသာ အူကြောင်ကြောင်သွားပြော။ ငါ့ခေါင်းနဲ့ သူ့ဖနောင့်နဲ့ တန်းနေလိမ့်မယ်။ မင်းသိပါတယ်။ အဟဲ ဟဲ ဘဝတူတွေပဲ''

''ငါ ဒီည ဒီမှာအိပ်မယ်ကွာ။ မင်းနဲ့လည်း အေးအေးဆေးဆေး စကားပြောရအောင်''

''အိပ်လေ ကောင်းတယ်။ အေးအေးဆေးဆေး ပြောရတာပေါ့''

စံမင်းသည် ထိုသို့ပြောပြီး စောစောမှ သူထုတ်ယူကြည့်ရှုနေသည့် ပစ္စည်းများအား ပြန်လည်သိမ်းဆည်းထားလိုက်၏။ ပြီးမှ သူပြောလိုသည့်စကားများအား လေးနက်နေသည့် မျက်နှာထားနှင့် စတင်ပြောဆိုလေတော့သည်။

''ငါ့ကောင် ငါတော့ ထူးထူးခြားခြား သတင်းတစ်ခုရထားတယ်ကွ''

''ဘာသတင်းတုန်း''

''ငါလိုက်နေတဲ့သတင်းပေါ့။ ငါလိုက်တာ တစ်လတိတိ ရှိ

သွားပြီ။ အခုမှ သတင်းက စရလာတာ''

''ဆိုစမ်းပါဦး ဘာတွေဖြစ်ကုန်ပြီလဲ''

''ဘာတွေမှမဖြစ်ဘူး။ တစ်လောက မားပြငါးယောက်အဖွဲ့ ဆိုတာ ဦးယက္ခနဲ့ နဂါးတို့အဖွဲ့ ဖြစ်နိုင်တယ်လို့ မင်းနဲ့ငါနဲ့ ပြောခဲ့ကြ ဘာ အခု အဲဒါက ကျိန်းသေနေတယ်ကွ''

''လုပ်စမ်းပါဦး။ ဘယ်လိုကျိန်းသေတာလဲ''

''သူတို့မှာ ငါတို့ရွာနဲ့ပတ်သက်တဲ့ ကြီးမားတဲ့လှုံ့ဆော်အကြံ အစည်တစ်ခု ရှိနေတယ်။ ငါ့လူ အတွင်းထဲ လှိုက်ကြည့်လိုက်တော့ သူတို့ပအကြံအစည်က ကြက်သီးထစရာကောင်းတယ်''

စံမင်းစကားကြောင့် စောစောက စိတ်ပါလက်ပါ သိပ်မရှိလှ သော ကျွန်တော် နားရွက်နှစ်ဖက် ဆတ်ခနဲ ထောင်လာရတ်။ တို့ကြောင့် ကျွန်တော် တုံးလုံးလဲရာက ငေါက်ခနဲ ထထိုင်လိုက်ပြီးလျှင် ...

''လုပ်စမ်းပါ။ တို့ရွာနဲ့ပတ်သက်ပြီး ကြက်သီးထစရာ ကောင်း ဘယ်ဆိုတော့ မင်းကလည်း စကားပြောတာတောင် စာဟော ဆရာ ကွက်စိတ်ဆရာလို အသံနေ အသံထားနဲ့လုပ်နေသေး''

''အဲ ... အဲ ... သူ စိတ်ဝင်စားလာပြီ''

''ဟ ... စိတ်ဝင်စားရတာပေါ့ကွ။ မင်းကလည်း ဒီလူတွေ ပဲတွေက ကိုယ့်နယ်ကလူတွေပုံတွေမှ မဟုတ်တာ''

''မဟုတ်တာက မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ သူတို့ အဓိက ပစ်မှတ်က ဆရာကြီး ဦးရွှေဂန် ဖြစ်နေတယ်။ ဟော့ကောင် မင်း ကြားဖူးလား''

စံမင်းသည် ထိုသို့ပြောပြီး သူ့စကား ရပ်သွားခြင်းကြောင့် ကျွန်တော့်တွင် အားမလို အားမရဖြစ်ကာ ပြူးနေအောင် နားစိုက် ထားရလျက်ရှိ၏။ စံမင်းသည် အရေးကြီးသည့်စကားမို့ ဖြတ်ထားခဲ့ မက ပြောလက်စ မူလအသံထက်ပင် သိသိသာသာ အသံလျှော့ပြီးမှ လေသံနှင့် ကျွန်တော့်အား ...

''ဆရာကြီး ဦးရွှေဂန်ဆီမှာ ရတနာသိုက်မြေပုံရှိတယ်လို့ ပြောတယ်''

''ဟိုက် ... ဗုဒ္ဓေါ''

စံမင်းစကားကြောင့် ကျွန်တော် အလွန်တုန်လှုပ်ချောက်ချား သွားရ၏။

''ဟော့ကောင် ... အဲဒါ မင်း ဘယ်သူကပြောတာတုန်း''

''ရှူး ... တိုးတိုး တိုးတိုး ငါ ကြားခဲ့ရတာ။ အဲဒါကို အဲဒီ လူတွေက အသည်းအသန်လိုက်နေတာ''

''ဟာ ... မဖြစ်နိုင်ပါဘူးကွာ။ အဘက အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ငါတို့ကို တစ်ခွန်းမှ မပြောဖူးဘူး''

''ဒါကတော့ ဘယ်ပြောမလဲ။ မင်းတို့မိသားစုနဲ့မဆိုင်တာ။ သူ့ရဲ့အရေးကြီးတဲ့ လှို့ဝှက်ချက်ပဲ''

''ဟေ့ကောင် ... အဘနဲ့တို့ကြားမှာ ဘာလှို့ဝှက်ချက်မှ မရှိဘူး။ အဲဒါကြောင့် မဖြစ်နိုင်ဘူး။ မင်းရတဲ့သတင်းက ရမ်းသရူး သတင်းပဲဖြစ်ရမယ်''

''ဟာ ... ငါ့ကောင် ငါကလည်း အတိအကျရခဲ့တာ။ မနက်ကို အဲဒီ ထပ်သွားဦးမှာ။ မင်း မပူနဲ့ ငါနဲ့လိုက်ခဲ့။ ဒီည မင်းဆီ ငါလာတာ အဲဒီကိစ္စပြောဖို့လာတာ''

စံမင်းစကားကြောင့် ကျွန်တော် တွေသွားရတ်။ ရတနာသိုက်မြေပုံတဲ့။ ပွေပွေရွှံပ်ရွှံပ် ထိုဇာတ်လမ်းအကြောင်းများသည် အများဆုံး စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းများ၌သာ ကျွန်တော် အများဆုံး ဖတ်ခဲ့ရဖူးတ်။

ထိုအကြောင်းခြင်းရာများအား အခြေခံ၍ ဇာတ်လိုက် ဇာတ်ကောင်များမှ ကိုယ်ကျိုးစွန့် အနစ်နာခံ စွန့်စားကြတ်။ လူကြမ်းဖြစ်သည့် လောဘသားများမှ လောဘဖောနှင့် ရက်စက်ကြတ်။ ကြမ်းကြုတ်ကြတ်။ ကောက်ကျစ်စဉ်းလဲကြတ်။ ထိုအကြောင်းအရာများအား တန်းစီစဉ်းစား၍ ယခု စံမင်းပြောသည့်စကားကြီးက ကျွန်တော့်အတွက် လုံးဝ မထင်မှတ်နိုင်သည့် နားနှင့်ဆတ်ဆတ် စကားကြီးဖြစ်နေခြင်းကြောင့်

ကျွန်တော့်စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်သွားရလေသည်။

စံမင်းကတော့ ကျွန်တော့်ကဲ့သို့ စာအုပ်၊ ဝတ္ထုဖတ်သူမဟုတ်။ လက်တွေ့ကျသူဖြစ်ခြင်းကြောင့် ထိုအကြောင်းအရာများအပေါ်တွင် မတုန်လှုပ်သကဲ့သို့ ရှိလေတ်။ ထို့ကြောင့် သူမျက်နှာပေးက ကျွန်တော့်ကို မခိုးမခန့်ကြည့်ရှုနေသကဲ့သို့ ရှိလေတ်။ သူနှင့် ကျွန်တော့်အကြားတွင် အတွေးကိုယ်စီနှင့် အတန်ငယ် တိတ်ဆိတ်သွားလေသည်။ ပြီးမှ ကျွန်တော်က အဘ ဆရာကြီး ဦးရွှေဂန် ပတ်သက်သည့်တစ်ခုချင်း စဉ်းစားမိသည့်အထဲမှ စကားတစ်ခွန်းအား ပြန်၍ စဉ်းစားမိခြင်းကြောင့် စကားက ဆက်ပြောဖြစ်ပြန်တ်။

''တစ်ခုတော့ရှိတယ်ကွ။ အဘ ခရီးတစ်ခုက ပြန်ရောက်လာတုန်းက ငါနဲ့စကားပြောဖူးတယ်။ ငါကလည်း လျှောက်မေးတာပေါ့ကွာ။ အဲဒီတော့ အဘက ဘာပြောလဲဆိုတော့ သူ ကချင်ပြည်နယ် စွန်းထိအောင် သွားရတာ အကြောင်းရှိလို့တဲ့''

''ဘာအကြောင်းတဲ့တုန်း''

''အဲဒါ ငါမေးတာပေါ့။ အဲဒီအကြောင်းကို အဘက မပြောဘူး။ စောသေးတယ်တဲ့။ မင်းတို့သိခွင့်ရတဲ့နေ့ကျရင် သိလာရလိမ့်မယ်တဲ့။ အဲဒါတစ်ခုတော့ လှို့ဝှက်ချက်ရှိတယ်''

''အခု ရတနာသိုက်မြေပုံကိစ္စက အဲဒီလှို့ဝှက်ချက်ဖြစ်နေ

ရင် ဘယ့်နယ်လုပ်မတုန်း''

''အဲဒါတော့ ငါမပြောတတ်ဘူး''

''မင်းတို့အဘက စကားပြောတာ သိပ်တည်တယ်။ ငဲ့အထင် အရပြောရရင် ဖြစ်ဖို့များတယ်။ တကယ်လို့ ဖြစ်လာရင် သူအသက် ပါ အန္တရာယ်များတယ်။ မင်း မယုံရင်စောင့်ကြည့် တစ်ခုခုတော့ ဖြစ်ကြလိမ့်မယ်။ ငါရတဲ့သတင်းက သိပ်တိကျနေလို့''

''အေးကွာ ...မနက် ဘယ်အချိန်သွားမှာလဲ။ ငါလိုက်ခဲ့မယ်။ လူပ်ရှားစရာရှိတာ ဆက်လူပ်ရှားကြတာပေါ့။ ငါတို့ မင်းတို့မှာလည်း တာဝန်ရှိပါတယ်။ ငဲ့အဘဖြစ်သလို မင်းအဘဆိုလည်း မမှားပါဘူး''

''အဲဒါကြောင့် မင်းစာမေးပွဲကိစ္စရက်တွေမှာတောင် ငါ တစ်ယောက်တည်း လူပ်ရှားနေသေးတာပဲလေ။ တကယ်တော့ မင်းအဘက ငါတို့ရွာအတွက် သူရဲကောင်းတစ်ယောက်ပဲကွ။ သူလိုပုဂ္ဂိုလ် ငါတို့ရွာမှာ တစ်ယောက်မှမရှိဘူး။ အရေးကြုံလာရင် ငါတို့တတ်နိုင်တဲ့ဘက်က ကာကွယ်ပေးရမယ်။ ငါတို့လည်း သမိုင်းဝင်တာပေါ့ကွာ''

စံမင်းပါးစပ်က သမိုင်းဟူသည့်ဝေါဟာရစကားတစ်လုံး ထွက်လာခြင်းကြောင့် ကျွန်တော် အလွန်သဘောကျသွားမိ၏။ စံမင်းသည် လူမျိုးလူညံတစ်ယောက် မဟုတ်ကြောင်း တစ်ခါ တစ်ခါ သူအပြုအမူ

အပြောအဆိုများက ပြသတတ်လေသည်။ သူ့မရှိသည့်အရည်အချင်းများ ကျွန်တော့်တွင် ရှိနေသကဲ့သို့ ကျွန်တော့်တွင်မရှိသည့် အရည်အချင်းများလည်း သူတွင် အများအပြားရှိနေလေသည်။ အထူးသဖြင့် သတ္တိကောင်းသည့်နေရာတွင် ကျွန်တော့်ထက် အဆပေါင်းများစွာ သာလွန်ခြင်းဖြစ်၏။

တစ်ခါက ကျွန်တော်တို့ရွာမှ အခြားရွာသား နွားသူခိုးသုံးယောက်အနက်မှ နှစ်ယောက်အား လူသူကင်းမဲ့သည့် အိမ်တစ်အိမ်ပေါ်တွင် ဝိုင်းဝန်းပိတ်စီးထားခဲ့ကြဖူး၏။ ဓားလက်နက်များ အဆင်သင့်ကိုင်ဆောင်ထားကြသည့် ဒေလူသူခိုးများအား လက်ရဖမ်းဆီးဖို့ အရေးသည် အခက်ကြုံလျက်ရှိလေ၏။ သူခိုးများမှာလည်း ဝိုင်းဆီးထားသူများမှ ဝိုင်းဆီးထားခြင်းကြောင့် အောက်သို့ အလွယ်တကူ ဆင်းမလာဝံ့ကြပေ။ အပေါ်တက်လာသည့် ရွာသားများ၏ ဇီဝိန်ကိုသာလျှင် သူတို့ကလည်း အသက်ချင်းလဲ၍ ဖြုတ်ဖို့ရှိလေ၏။

သူခိုးများအား အိမ်ပေါ်သို့တက်ရောက်၍ လက်ရဖမ်းဆီးကြိုးတုတ်ဖို့ဆိုသည်ကား တော်ရုံသတ္တိရှိသူများ စွမ်းဆောင်နိုင်သည့် ကိစ္စ မဟုတ်ချေ။ တက်ရောက်သူသည် အိမ်ပေါ်ရောက်သည်နှင့် လက်နက်အသင့်ကိုင်ဆောင်ထားသည့် သူခိုးတို့၏ လက်ချက်ဦးစွာခံရဖို့သာ ရှိလေ၏။

ထိုသို့တွေးမိ၍သာလျှင် လူတိုင်း တွန့်နေကြခြင်း ဖြစ်လေသည်။ အသက်ချင်းလဲရမည့်ပွဲမဟုတ်ပါလား။ သို့သော် ကျွန်တော့် သူငယ်ချင်း စံမင်းသည် လက်ညှိုးထောင်၍ သူနှင့်အဖော်တစ်ယောက် လိုက်ခဲ့ရန် ပြောဆိုခေါ်ယူလေ၏။ ထိုအချိန်က မှောင်မှောင်မည်းမည်း အိမ်ပေါ်သို့ အရမ်းမတက်ရန် ကျွန်တော်သည်ပင် စံမင်းအတွက် စိုးရိမ်ပူပန်စွာ တားမြစ်သတိပေးခဲ့ဖူးသေး၏။ နောက်မှ သူနှင့် သတ္တိကောင်းသည်ရွာသားနှစ်ယောက်မှ အားဖြည့်၍ တက်ရောက် လက်ရဖမ်းဆီးကြခြင်းဖြစ်၏။

အလွန်သည်းယားဖွယ်ကောင်းသည့် လုပ်ရပ်တစ်ခုဖြစ်ခဲ့လေသည်။ စံမင်း၏ တက်ရောက်ဖမ်းဆီးပေးနိုင်မှုကြောင့်သာလျှင် ထိုညက သူခိုးများအား စောစီးစွာ သုတ်သင်ရှင်းလင်းနိုင်ခြင်း ဖြစ်လေ၏။ သို့မဟုတ်က သူခိုးများနှင့် ရွာသားများအကြား သူသေ ကိုယ်သေ ခုန်းရင်းဆန်ခတ်ဖြစ်ကြတော့မည့် အရေးသည် မည်သို့မျှ ရှောင်လွှဲမရနိုင်အောင် ရှိခဲ့လေ၏။ လူငယ်သော်လည်း အလွန်စွန့်စွန့်စားစား လုပ်ဝံ့သည့် စံမင်း၏သတ္တိအား အားလုံးမှ လက်ဖျားခါ အသိအမှတ်ပြုကြရလေ၏။

အမှန်အတိုင်းဝန်ခံရပါမူ ထိုမျှလောက် ရဲဝံ့သည့်သတ္တိမျိုး ကျွန်တော့်ကိုယ်ခန္ဓာထဲတွင် အနည်းငယ်မျှ မရှိချေ။ နောက်ပိုင်း သူ

နှင့် ပေါင်းသင်း၍ကြာလာတော့မှပင် ကျွန်တော်သည် သူလောက် သတ္တိမရှိသော်လည်း သူ့နောက်မှ တဖြည်းဖြည်း တွဲဖော်တွဲဖက်ဖြစ်လာရခြင်းဖြစ်၏။

သို့သော် စံမင်းသည် ကျွန်တော့်အပေါ်တွင် ဘယ်ချိန်တုန်းကမှ အနိုင်ပြောဆို လုပ်ကိုင်လေ့ မရှိပေ။ ကျွန်တော်ကသာလျှင် တစ်ခါတစ်ရံ သူငယ်ချင်းအမှတ်နှင့် အနိုင်ယူတတ်၊ ပြောဆိုတတ်ခြင်းဖြစ်၏။ ကျွန်တော် ထိုသို့တွေးတောနေကာမျှ ရှိသေး စံမင်းသည် စကားပြန်မရတော့။ တခေါခေါနှင့် အိပ်ပျော်သွားလေသည်။ ကျွန်တော့်အနေနှင့် မနက် သူနှင့် လိုက်ပါသွားရုံသာရှိလေတော့၏။

❖ ❖ ❖

အခန်း (၉)

မနက် ခုနစ်နာရီခန့်တွင် ကျွန်တော်နှင့် စံမင်းသည် မြင်းကိုယ်စီစီး၍ ရွာအရှေ့တံခါးမှ ထွက်ခဲ့ကြ၏။ ဤခရီးသည် စံမင်း၏ ခရီးဖြစ်သဖြင့် ကျွန်တော့်အနေနှင့် နောက်က မှီနှံးလိုက်ရုံသာရှိ၏။ ရွာတံခါးသို့ မနေးမမြန်ထွက်လာပြီးသည့်တိုင် ကျွန်တော်တို့သည် စကားပြောဆိုရသည်မှာ မလွတ်လပ်သေး၍ စကားတူစာန်စွာ မပြောဖြစ်ကြသေးချေ။

ရွာနှင့် အတန်အသင့် ဝေးလံတော့မှပင် စကားပြောခဲ့ကြတော့၏။

"ဘုန်း မင်း ဟိုရောက်ရင် စကားသိပ်မပြောနဲ့ သိလား ငါတို့ပြောတာကိုပဲ မင်း အကဲခတ်။ မင်းက လူကင်းပိုပါးပါတယ်"

"ဘယ်ထိအောင် သွားရမှာတုန်းကွ"

"လာစမ်းပါ။ ဥသျှစ်ပင်ကိုသွားမှာ"

"ဟိုက်...ဥသျှစ်ပင်ဆို အဝေးကြီးပဲဟ"

"သြော်...အဲဒါကြောင့် မြင်းနဲ့ထွက်လာတာပေါ့ကွ။ လာစမ်းပါ။ ဟိုရောက်ရင် မင်း သဘောပေါက်မှာပါ"

စံမင်းမှ ဟိုရောက်ရင် မင်းသဘောပေါက်မှာပါဟု ပြောနေသော်လည်း ကျွန်တော် ဥသျှစ်ပင်သို့ အလွန်အရောက်အပေါက်နည်းသူ ဖြစ်၏။ ထို့ကြောင့် ဥသျှစ်ပင်နယ်မြေသည် ကျွန်တော် ကျွမ်းကျင်သည့်နယ်မြေတစ်ခုဟု မဆိုသာချေ။

ကျွန်တော်တို့ရွာ၏ အနောက်တောင်အရပ်တွင် တည်ရှိ၍ မိုင်အား ဆယ်မိုင်ခန့်ဝေးသည့် အရပ်ဒေသဖြစ်၏။ နတ်မောက်နှင့် ရေနံချောင်းသို့ သွယ်တန်းထားသည့် ကားလမ်းအား ကျော်ဖြတ်ရလေသည်။ ကားအသွားအလာကား အလွန်ကျဲလှ၏။ နာရီဝက် တစ်နာရီလောက်မျှ တစ်စီးလောက်လာတတ်သည်။ ထို့ကြောင့် လူသူပြတ်လတ်သည့်လမ်းတစ်ကြောင်းဟုသာ ဆိုရချေမည်။ ကျွန်တော်တို့ရွာမှ ပြေးဆွဲနေသည့် ကားများသည်လည်း ထိုလမ်းမကြီးမှတစ်ဆင့် ဖြတ်တက်၍

ပြေးဆွဲလေ့ရှိ၏။ ကျွန်တော်တို့ရွာနှင့် ထိုလမ်းမကြီးကား တစ်မိုင်ခွဲ လောက်မျှသာ ဝေးကွာလေသည်။

ကျွန်တော်တို့ ယခုထွက်လာသည့် ဤခရီးသည် လမ်းကြောင်း တွင် ဖြတ်သန်းလာသည့်ကားများအား တားရန် စီးနင်းလိုက်ပါနိုင် သော်လည်း လမ်းကြောင်းလွဲနေခြင်းကြောင့် ယခုကဲ့သို့ ကိုယ့်အစီ အစဉ်နှင့်ကိုယ် ထွက်လာကြရခြင်းဖြစ်၏။

"ဟေ့ကောင် ... ဖြည်းဖြည်းနှင်စမ်းပါကွ။ မင်းကလည်း စကားအေးအေးဆေးဆေး ပြောလို့မရဘူး။ ဥသျှစ်ပင်ထဲကို တို့ ဒီ အတိုင်းဆင်လို့ဖြစ်ပါ့မလား"

"ဘာဖြစ်လို့တုန်း"

"ဟ ... ရင်းနှီးသူ သိပ်မရှိလို့ပေါ့ကွ။ တော်ကြာ ပြဿနာ ငိုင်းချာနေလို့ လိုရင်းမရောက်ဘဲ လမ်းကြောင်းလည်း လွဲနေဦးမယ်"

"ဟာ ... ရပါတယ်ကွာ။ အိမ်က အတွင်းထဲ သိပ်မဝင် ရပ်ဘူး။ အပြင်မှာတင်ပါ။ တို့လာတာတောင် သိလိုက်ကြမှာ မဟုတ် ဘူး"

"ဒါဆိုရင်တော့ ပြီးတာပါပဲ။ မြင်းတွေနဲ့ ကိုးရိုးကားယား ဝင်သာပြီး ရန်လိုတဲ့အကောင်တွေနဲ့ တိုးနေမှာ ကြောက်လို့"

"ကိုယ့်ကိစ္စနဲ့ကိုယ်လာတာ ရန်လိုကြည့်ပါလား။ မြင်းနဲ့

နင်းသတ်ပစ်လိုက်မယ်"

"ငါလူ အများနဲ့တစ်ယောက်ကျတော့ မလွယ်ဘူးဟ။ ဆင်ခြင်သင့်ရင် ဆင်ခြင်ရမှာ။-အဲဒါကြောင့် ပြောတာ တချို့ဟာတွေ ကို လူမိုက်ဆန်ဆန် သိပ်သဘောမထားစမ်းပါနဲ့။ လိုရင်းမရောက်ဘူး ကွ"

ကျွန်တော်က ထိုသို့ပြောလိုက်မှပင် စိမင်းစကားလမ်းကြောင်း ပြောင်းသွား၏။

"ညက မင်းနဲ့ငါနဲ့ ဘယ်သူက အရင်အိပ်ပျော်သွားတာလဲ"

"မင်း အရူးလား။ ငါမေးနေရအောင် ငါပြောမယ်လုပ်တော့ မင်းကာလနဂါးဖြစ်နေပြီ။ အဲဒါကြောင့် တံခါးတောင် ငါ ဆင်းပိတ်ရ တာ"

"သြော် ... အေး။ ဒါဆိုရင် ငါက အရင်အိပ်ပျော်သွား တာပေါ့"

"အဲဒါတော့ မသိဘူး"

"ဒါဆိုရင် ညက မင်းကိုပြောစရာစကားကျန်သွားတယ်"

"ဘာစကားတုန်း ပြောစမ်းပါဦး"

"ဆရာကြီး ဦးရွှေဂန် ခရီးထွက်ခါနီး ဘာများ မင်း အထူး သတိပြုဖိသေးတုန်း"

"ဟင့်အင်း ... အဲဒါတော့ ငါ ဘာမှသတိမပြုမိဘူး။ ငါ့လည်း ကလေးတွေစာသင်နေရတာနဲ့ပဲ အချိန်ကုန်နေတာလေ"

"ထူးခြားမှုကတော့ ရှိရမယ်ကွ"

"ဘာလို့တုံး"

"ဒီတစ်ခေါက်က ဘိုးသူတော်ကြီးတင် မကဘူး။ ကရင်အဘိုးကြီးပါ ပါလာလို့ပေါ့ကွ။ အဲဒီ ကရင်အဘိုးကြီးက ငါ့အဘ ပြောပဲ့အဆိုရင် တို့ရွာကို နှစ်ခေါက်ပဲရောက်ဖူးသေးပုံ ရတယ်။ အရေးကြီးလွန်းတဲ့ကိစ္စရှိမှ သူက လာတာလို့ ပြောတာကိုးကွ"

"ငါသိတာကတော့ အဘ ဖိထိုးတဲ့မာတ်လုံးကိစ္စပဲ သိတယ်။ အဲဒီမာတ်လုံးက သူတို့အတွက် အဘက တစ်ဆင့် ထိုးပေးရတာ"

"ရှုပ်တော့ အတော်ရှုပ်ရှုပ်ပဲကွ။ ဒါပေမယ့် အတတ်နိုင်ဆုံးတော့ လေ့လာယူရမှာပဲ"

ကျွန်တော်တို့ပြောရင်းဆိုရင်းနှင့် ဖြောင့်ဖြူးသည့်လမ်းမကြီးမှာစဆင့် ကင်သွယ်ချိုးချိုးကွေ့ထားသည့် လမ်းခွဲဘက်သို့ ဦးတည်လမ်းခွဲခဲ့ကြရလေသည်။ လမ်းသည် တောလမ်းဖြစ်သည်မို့ ရှင်းလင်းသပ်ရပ်စွာမရှိတော့။ သစ်ပင်ချုံနွယ်များက ထူထပ်စွာပေါက်ရောက်လျက်ရှိလေသည်။ ထို့ကြောင့် ကျွန်တော်တို့ မြင်းများအား ဂရုတစိုက် မောင်းနှင်နေရ၏။ စကားပင် အတန်အသင့် တိတ်ဆိတ်သွားရ၏။

ထို့နောက် ရှေ့နားအရောက်တွင် အလွန်တရာ သစ်ပင်ဝါးပင်များအုံ့ဆိုင်းသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းအား တွေ့ရလေသည်။ ကျွန်တော်တို့ လမ်းအတိုင်း ဝင်လာသည့်အတွက် သစ်ပင်ကြီးများ အထက်မှ အကောင်ပေါင်းမြောက်မြားစွာ အုပ်စုဖွဲ့နေသော ကျီးအုပ်ကြီးသည် ကျောချမ်းဖွယ် အလန့်တကြား အော်ဟစ်ပျံသန်းထိုးအာနေကြလေ၏။

"အ ... အ ... အ"

"ဖလမ်း ... ဖလမ်း ... ဖလမ်း"

"ဖြန်း ... ဖြန်း ... ဖြန်း"

"ဟကောင် ... ကျီးကန်းအုပ်စုကြီးက များလှချည်လား။ တို့တောင် မကျေမနပ် ရန်မူမယ့်ပုံရှိတယ်"

"ဟာ ... အလကားပါ။ လူတွေတောင် တချို့လူတွေကို ကျီးကန်းမျိုးလို့ခေါ်တာ။ အဲဒါကြောင့်ပဲ လာ ... မော့ကြည့်မနေနဲ့"

ကျွန်တော်က အလွန်များပြားလှသည့် ကျီးကန်းအုပ်စုကြီးအား ကြည့်၍ စိတ်မရှင်းသော်လည်း စံမင်းသည် ဘာမျှမဖြစ်သကဲ့သို့ မြင်းအား အရှိန်ထပ်၍မြှင့်လိုက်ခြင်းကြောင့် ကျီးအော်သံများပါမကာ မြင်းခွာသံများပါ ဆူညံသွားလေ၏။ သို့သော် ဘုန်းကြီးကျောင်းကြီးသည် အပျက်ကြီးလားမဆိုသာချေ။ ဘုန်းကြီး၊ ကိုရင်၊ ကျောင်းသား

ကိုသော်မဆိုထားနှင့် ခွေးတစ်ကောင်သော်မှ ကျွန်တော့်မျက်စိတွင် မမြင်တွေ့ရခြင်းကြောင့် ချောက်ချားဖွယ်ကောင်းနေတော့၏။

ထိုချောက်ချားမှုနှင့်အတူ ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ရာ စိုးရိမ်စရာဝန်မှုကပါ မသိမသာ ခိုကပ်နေသကဲ့သို့ ရှိလေ၏။ စံမင်းသည် ရှေ့မှလမ်းကြောင်းအား တန်းနေအောင် သွားနေသော်လည်း ဤနေရာဌာနသည် ကျွန်တော် တစ်ခါတစ်ရံမျှ ရောက်ဖူးသေးခြင်း မရှိသေးသည့် နေရာသစ်ကြီးတစ်ခု ဖြစ်နေ၏။ သစ်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော်လည်း ဇရိယာအကျယ်ဝန်းကား မသေးလှချေ။

ကျွန်တော့်စိတ်ထဲတွင် ဤတောကြီးအတွင်းမှ အမြန်လွန်မြောက်ရန် စိတ်ဆောလျက်ရှိလေ၏။ ထိုအချိန်တွင် ကျွန်တော့်မျက်စိ၌ တစ်စုံတစ်ခုသော မြင်ကွင်းအား ရုတ်တရက် တွေ့လိုက်ရသည့် အတွက် အလွန်အံ့အားသင့်သွားရလေ၏။

''ဟင် ... မိန်းကလေး နှစ်ယောက်ပါလား''

ကျွန်တော် ထိုသို့ အံ့အားသင့်စွာ စိုက်ကြည့်နေခိုက်မှာပင် မိန်းကလေးနှစ်ယောက်သည် မြင်ကွင်းမှ ဖျိုးဖျိုးဖျပ်ဖျပ် ပျောက်ကွယ်သွား၏။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲထသွားသည်။ ကျွန်တော့်မျက်စိတွင် အလွန်ယုတ္တိသန်လှသော မြင်ကွင်းကြောင့်ပါပေ။

ဤမျှ ခေါင်သည့်တောအတွင်း သစ်ပင်ကြီးအောက်၌ မတ်တတ်ရပ်နေကြသည့် မိန်းကလေးနှစ်ယောက် တစ်ယောက်က အဝါရောင် ဝမ်းဆက် ဝတ်ဆင်ထားပြီး တစ်ယောက်က အပြာရောင် ဝမ်းဆက်အား ဝတ်ဆင်ထားကြခြင်းဖြစ်၏။ နှစ်ယောက်စလုံး ဆံပင်များ တူညီစွာ ဖားလျားချထားကြသည်ကို အသေအချာတွေ့လိုက်ရ၏။

''ဟေ့ကောင် ... စံမင်း ... စံမင်း ... နေစမ်းပါဦး။ မင်းကလည်း ရှေ့က စွတ်မောင်းနေတာပဲ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမှာလဲ။ စောစောက ဟိုကုက္ကို့ပင်ကြီးအောက် မင်း မိန်းကလေးနှစ်ယောက်ကို မတွေ့လိုက်ရဘူးလား''

''မင်းသောက်ရူးလား။ ဒီတောထဲ ဘယ်ကမိန်းကလေး ရှိမှာတုန်း''

စံမင်းစကားကြောင့် ကျွန်တော်သည် သူ့နောက်မှ လိုက်ရင်း မြွေပူရာကင်းမှောက်သွားသကဲ့သို့ ရှိ၏။

''ဟာ ... ငါမြင်လိုက်ရတာ တကယ်ပဲ။ အသက်နှစ်ဆယ် ကျော်လောက်တွေပဲ ရှိသေးတာ။ တစယောက်က အဝါဝတ်စုံနဲ့ကွ။ တစ်ယောက်က အပြာဝတ်စုံနဲ့ကွ။ ဆံပင်တွေ ဖားလျားချထားကြတာ။ ငါ သေချာကြည့်လိုက်တော့မှ ဆတ်ဆို ပျောက်ကုန်ကြတာ''

"ဟာ ... မင်းမျက်စိမှားနေတာနေမှာပေါ့။ ဟိုမှာ သစ်ငုတ်ကြီးဖဲ့ရှိတယ်"

"**မမှားဘူး**။ ခုနက အဲဒီသစ်ငုတ်ကြီးရဲ့ဟိုဘက်မှာ ရပ်နေတာ"

"ကဲ ... ထားတော့။ မမှားရင်လည်း မင်း တစ္ဆေခြောက်တာနေမှာပေါ့"

စံမင်းက ကျွန်တော့်အား လိုရင်းတိုရှင်း ထိုသို့ပြော၏။ သို့သော် ကျွန်တော့်စိတ်တွင် တစ္ဆေခြောက်သည်ဟူ၍လည်း မျက်စိနှင့် တင်အပ်မြင်လိုက်ရ၍သာ တစ္ဆေခြောက်သည်ဟူ၍ မည်သို့မျှ လက်ခံ၍ မနေနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် တစ္ဆေသည် ဤမျှချောမောလှပ လိမ့်မည်မဟုတ်သောကြောင့် ဖြစ်၏။ ကျွန်တော် ထိုသို့ မရှင်းမရှင်း တွေးတောရင်း ဤတောကြီးအား လွန်ခြောက်ခဲ့ရ၏။

ဤတောကြီးအား လွန်မြောက်တော့မှပင် မျက်စိတဆုံး ယာခင်းပြင်များအား တွေ့ရပြန်သည်။ အားလုံး စိုက်ပျိုးထားကြသည့် ပဲခင်းများသာ အများဆုံးအားဖြင့် တွေ့ရ၏။ သွားလမ်းကလည်း တစ်ဖန်ကောင်း၍ လာပြန်လေသည်။ ထို့ကြောင့် စကားတပြောပြော နှင့် ကျွန်တော်တို့ ခရီးဆက်၍ နှင်ခဲ့ကြပြန်လေ၏။ ဥသျစ်ပင်ရွာကြီးအား မြင်တွေ့နေရလေပြီ။

နောက် ဆယ်မိနစ်လောက်မျှ မကြာလိုက်။ ရွာအနီးသို့ ချဉ်းကပ်မိပြီး ရွာကြီး၏ အနောက်ဖျားရှိ အိမ်တစ်အိမ်သို့ ကျွန်တော်တို့ ဝင်မိကြလေသည်။

အစပိုင်း ကျွန်တော်သည် အိမ်ဟုထင်ထားသော်လည်း နောက်ပိုင်း အသက်ငါးဆယ်ကျော် သီလရှင်ကြီးအား တွေ့လိုက်ရ တော့မှပင်. အိမ်မဟုတ်ဘဲ သီလရှင်ကျောင်းတစ်ကျောင်း ဖြစ်နေကြောင်း သိရလေတော့၏။

အခြားလူတစ်ဦးတစ်ယောက်မျှ မရှိ။ သီလရှင်ကြီးတစ်ပါး တည်းကိုသာ တွေ့ရလေသည်။ သီလရှင်ကြီးအား စံမင်းမှ အရင် ဦးတိုက်လိုက်ခြင်းကြောင့် ကျွန်တော်လည်း စံမင်းနောက်မှ လိုက်၍ ဦးတိုက်လိုက်ရ၏။

"ကဲ ... ကောင်လေးတို့ ပင်ပန်းလာကြပြီလား ရော့ အမောပြေ သင်္ဘောသီးမှည့် စားကြကွယ်"

သီလရှင်ကြီးအားကြည့်၍ ကျွန်တော် နားမလည်တော့။ စံမင်း ဘာတွေလျှောက်လုပ်နေသနည်းဟူ၍လည်း ကျွန်တော် အတွေးရောက်လိုက်ရသည်။ သီလရှင်ကြီးနှင့် စံမင်းသည် မည်သို့ဆက်စပ်နေသနည်း။ ကျွန်တော် စဉ်းစားမရနိုင်အောင်လည်း ရှိ၏။

စံမင်းက ချပေးသည့်သင်္ဘောသီးများအား စားတော့ ကျွန်

ဘော်ပါ လိုက်စားရ၏။ ဆာလောင်နေသည်မို့လားမဆိုနှင့် သဘော်သီးကား အလွန်ချို့မြိန်လှပေသည်။ အရောင်သွေးမှာလည်း စားကောင်းစဖွယ် နီရဲလျက်ရှိလေ၏။

''အဒေါ်က ဝေးလံတော့ မလာနိုင်တော့ဘူးကွယ့်။ ဒါကြောင့် မင်းရောက်လာတာ ကောင်းပါတယ်။ အကျိုးအကြောင်း ပြောရတာပေါ့။ ဆရာဦးရွှေဂန်က အဒေါ့်ဆရာပါ။ အသက်သခင်ကျော်ဇံရှင်လည်း ဟုတ်တယ်''

သီလရှင်ကြီးထံမှ ကျွန်တော် မမျှော်လင့်သည့်စကား ကြားလိုက်ရသည့်အတွက် ကျွန်တော် ချက်ချင်း စိတ်ဝင်စားသွား၏။ ထို့ကြောင့် သီလရှင်ကြီးပြောမည့်စကားအား ကျွန်တော် အာရုံစိုက်နားဉာဏ်နေလိုက်၏။

''ကိုယကွတို့က မန္တလေးက ဆင်းလာကြတာ သူတို့အုပ်စုက အသည်းအသန်ဖြစ်နေကြတဲ့အတွက် အဒေါ်ဆရာအတွက် စိတ်ပူတာ။ အဒေါ်သိတာပေါ့။ ဒီရွာထဲမှာ တည်းသွားကြတာကိုး အဲဒီညက သူတို့ကားပါတယ်။ ရွာနဲ့ဝေးရာကို ထားခဲ့ကြတာ။ မင်းတို့ရွာက လူအင်အားနဲ့ လိုက်ကြတဲ့အတွက် သူတို့ရှောင်ပြေးလာကြတာ။ နောက်မှ စုံစမ်းလိုက်တော့ ဆရာ ဦးရွှေဂန် ခရီးထွက်နေတယ်ဆိုတာနဲ့ သူတို့ မန္တလေးကို ပြန်တက်သွားကြတာ''

သီလရှင်ကြီး၏ စကားကြောင့် ကျွန်တော် အလွန်ထိတ်လန့်သွား၏။ သို့သော် သီလရှင်ကြီး ရိပ်မိမည်စိုးသောကြောင့် ကျွန်တော် မျက်နှာအား မသိမသာ ပြင်ထားလိုက်သည်။

''ကျွန်တော်က ဦးယကွတို့အဖွဲ့ကို လာစုံစမ်းတာ အဒေါ်။ ဒီကိစ္စတွေကို ကျွန်တော် မသိခဲ့ရဘူး။ အဒေါ်က ပြူးပြူးပျာပျာ ပြောပြတော့မှ ကျွန်တော်တောင် အတော်လန့်သွားတယ်။ ဆရာကြီး ဦးရွှေဂန်က ကျွန်တော့်အဘဆိုရင် မမှားပါဘူး။ အဒေါ် စိတ်ချ လက်ချသာ ကျွန်တော်တို့ကိုပြောပြပါ။ ကျွန်တော်တို့ လူငယ်တွေပဲ။ တတ်နိုင်ရင် ကူညီမှာပေါ့''

''အေးကွယ်။ အဲဒါကြောင့် အဒေါ် စိတ်အေးသွားရတာပေါ့။ ငါ့တူ အနေအထားက မည့်ဘူးဆိုတာ အဒေါ်တွက်မိပါတယ်။ ဒီကိစ္စကို ဘယ်သူမှမသိကြဘူး။ အဒေါ်သာ အိမ်တစ်အိမ်ဆွမ်းရပ်ရင်း ဒီသတင်း ပေါက်ကြားလာရတာ။ ဆရာနဲ့ အဒေါ်က ရင်းနှီးတော့ ဟိုကထည်းက ဆရာ့အကြောင်း သိထားခဲ့တယ်။ အခုရတဲ့သတင်းနဲ့က တစ်ထပ် တည်းဆိုတော့ အဒေါ် စိတ်ပူရတာပေါ့''

သီလရှင်ကြီးပြောပြီးသည့်အပြီး၌ စံမင်းမှ ကျွန်တော့်ဘက်သို့ လှည့်၍ ပြောပြန်လေသည်။

''အဲဒါပဲ ဘုန်း။ ငါလာစုံစမ်းတာက အကြောင်းတစ်ကြောင်း

အခု အခေါ်ပြောပြောတာတွေနဲ့ အားလုံး ဆက်စပ်ပြီး ဒီအကြောင်း ဖြစ်လာရတာ"

စံမင်းသည် ကျွန်တော့်အား ထိုသို့ပြောပြီး သီလရှင်ကြီး ဘက်သို့ လှည့်၍ ပြောပြန်လေ၏။

"အခေါ် ပွင့်ပွင့်လင်းလင်းပြောပါ။ ဒါက ကျွန်တော့်သူငယ် ချင်း မောင်ဘုန်းလို့ခေါ်တယ်။ အဘ မြေးပဲ"

"ဟေ ... ဟုတ်လား ကောင်လေးရဲ့"

"ဟုတ်ကဲ့။ ကျွန်တော့်အဘမြေးပါ။ အခေါ် စိတ်ချလက်ချ ပြောသို့ရပါတယ်"

အခုမှပင် ကျွန်တော့်ပါးစပ်မှ စကားထွက်လာရတော့၏။ ကျွန်တော်သည် လမ်း၌ စံမင်းပြောထားသကဲ့သို့ပင် မည်သည့်စကား မျှ မပြောဆိုဘဲ အသာလေ့လာအကဲခတ်နေရုံမျှ အကဲခတ်နေမိခြင်း ကြောင့်ဖြစ်၏။ ကျွန်တော် အကဲခတ်လေ့လာမိသလောက် သတင်းက အတော်ကလေး သေချာသွားလေပြီ။ တစ်ခါ ထိုအသိနှင့်အတူ အဘ အဘွက် ကျွန်တော် ကိုယ့်အန္တရာယ်ကို သိမှ သိပါလေစ ဟူသည့် အတွေးနှင့် ပူပန်လာရပြန်၏။

သီလရှင်ကြီး၏ စကားအရဆိုလျှင် ဆရာကြီး အဘ ဦးရွှေ ဂန်သည် အသက်အန္တရာယ်နှင့် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ကျွန်

တော် နားလည်နေပြီဖြစ်၏။ ထို့ကြောင့် ကျွန်တော် ရွာသို့သာလျှင် အမြန်ပြန်ပြေးချင်စိတ်များ ဖြစ်ပေါ်လာရလေသည်။

စံမင်းနှင့် သီလရှင်ကြီးကား ရောက်တတ်ရာရာ စကားများ အား ဆက်ပြောလျက်ရှိလေ၏။ ထို့နောက် သီလရှင်ကြီးမှ ထမင်းပွဲ ပြင်ဆင်ပေးသဖြင့် ကျွန်တော်တို့ နေ့ခင်းစာအဖြစ် စားသောက်ကြရ သည်။ အချိန်ကား နေ့ခင်း တစ်နာရီခွဲလောက်မျှရှိလေပြီ။ သီလရှင် ကြီးကား သက်သတ်လွတ်စားသောက်သူဟု ထင်ရလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ နှစ်ယောက်အား ထည့်ပေးသည့် ဟင်းလျာများသည် သက်သတ်လွတ်ဟင်းလျာများ ဖြစ်နေခြင်းကြောင့် ဖြစ်၏။ ပိန်းရိုးဟင်းခါး အရည်သောက်၊ ခရမ်းချဉ် သီးသုပ်၊ ပဲပုတ်ကြော်နှင့် အညာမှိုအား ဆီရွှဲရွှဲနှင့် ကြော်ထားသည့် ဟင်းလျာလေးခွက်ဖြစ်သည်။

သီလရှင်ကြီး ပြုလုပ်စီမံထားသည့် စားသောက်ဖွယ်များကား အလွန်လက်ရာမြောက်လှပါပေ၏။ ကျွန်တော့်ဘဝ တစ်သက်တာ ထို မျှအရသာပြည့်ဝသည့် ဤတောထမင်း တောဟင်းများအား မစား ခဲ့ရဖူးသေးချေ။ စားကောင်းကောင်းနှင့် ကျွန်တော်သည် နှစ်ပန်းကန် မျှ လျှောခနဲ ဝင်သွားလေသည်။

ကျွန်တော်တို့ ထမင်းစားသောက်ပြီးသည့်အခါ သီလရှင်ကြီး

သည် ကျွန်တော်တို့နှစ်ယောက်အား လက်ဖက်ရည် အချို့ပွဲ မုန့်များ နှင့် ဧည့်ခံပြန်လေ၏။ နန်ကထိုင်မုန့်၊ မန္တလေးထိုးမုန့်နှင့် ရွှေကြည်မုန့်များ ဖြစ်လေသည်။ ထို့ကြောင့် စံမင်းနှင့် ကျွန်တော့်မှာမူ ကိုယ့်အမေရွယ်လောက်မကသည့် သီလရှင်ကြီးအား အားနာနေမိသည်။ ဤလိုမှန်းသိက ကျွန်တော်သည် အိမ်မှ ဆီသော်လည်းကောင်း၊ မြေပဲဆီသော်လည်းကောင်း၊ နှမ်းအသန့်သော်လည်းကောင်း ထည့်ယူလာခဲ့၏။ ယခု ကျွန်တော်တို့က ဘာမျှမပါ။ သီလရှင်ကြီး ကျေးသည့်အရောကိုသာ ဆာဆာလောင်လောင်နှင့် ငန်းတိုက်စားကြလျက်ရှိလေ၏။

ကျွန်တော်တို့က ကျွန်တော်တို့ဝမ်းအား ဤမျှ ဖြည့်ဆီး စားသောက်နေကြသော်လည်း ကျွန်တော်တို့ မြင်များကား တိုင်ချည်ထားဆဲသာရှိသေး၏။ ထို့ကြောင့် ကျွန်တော် တွေးတောသတိရမိ၍ လှည့်ကြည့်သည့်အကြည့်၌ သီလရှင်ကြီးမှ မြင်းနှစ်ကောင်အား ငှက်ပျောသီးများ ကျွေးလျက်ရှိလေ၏။ မြင်းနှစ်ကောင်သည်လည်း သူ့ဆင် ကျွေးသည့်အလား အမြီးတယမ်းယမ်းနှင့် ငှက်ပျောသီးအား ခြေနှက်စွာ စားသောက်နေကြသည်ကို တွေ့ရ၏။

မြင်းနှစ်ကောင်အား နာရီဝက်ခန့်လောက်မျှ ဂရုတစိုက် ကျွေးမွေးပြီးမှ သီလရှင်ကြီးသည် ကျွန်တော်တို့ ထိုင်စားသောက်နေ

ကြသည့်နေရာသို့ ပြန်ရောက်လာ၍ စကားစမြည် ဆက်ပြောကြရပြန်လေသည်။

"ဆရာ ခရီးက အမြန်ပြန်ရောက်လာပါစေလို့ အဒေါ်ကတော့ ဆုတောင်းနေမိတယ်"

"ဘာလို့တုံး အဒေါ်ရဲ့"

"အရပ်တစ်ပါးမှာဆိုရင် အန္တရာယ်များလို့ပေါ့ကွယ်။ အကြီးဆိုးရှိတဲ့လူတွေက သူ့နောက်ကို လိုက်နေကြတာ တွေ့သွားရင် ဒုက္ခများမယ် မဟုတ်လား"

"ခက်တာက အဲဒီအကြောင်းတွေကို အဘက ကျွန်တော်တို့ကို တစ်ခွန်းမှ ပြောမပြတာ ကျွန်တော် အံ့သြနေတာ"

"ဒီကိစ္စတွေက အန္တရာယ်များတဲ့ကိစ္စတွေ မဟုတ်လား။ အဲဒါကြောင့် မပြောဘဲနေတာ ဖြစ်မှာပေါ့"

"အဲဒီလိုလည်း တွေးလို့တော့ ရပါတယ်။ ကျွန်တော့်ကို သိပြီဆိုတော့ အခြေအနေကို စောင့်ကြည့်ရတာပေါ့"

"အဒေါ်ဖြစ်စေချင်တာကလည်း လူ့မိုက်ရိုင်းတွေ လူ့လောဘတွေနဲ့ မပတ်သက်စေချင်တာပါပဲကွယ်။ လွတ်နေရင်ပြီးတာပါပဲ"

ကျွန်တော်တို့သည် သီလရှင်ကြီးနှင့် အားရလောက်အောင်မျှ စကားစမြည်ပြောဆိုပြီးကြလင် သီလရှင်ကြီးအား နှုတ်ဆက်၍

ြန်လှည့်ထွက်လာခဲ့ကြ၏။ အပြန်လမ်း၌ မြင်းများသည်လည်း လန်းဆန်းတက်ကြွလျက် ရှိလေသတည်း။

❖ ❖ ❖

အခန်း (၁၀)

ကျွန်တော်နှင့်စံမင်း သီလရှင်ကြီးထံမှ ထူးခြားသည့် လှို့ဝှက်သတင်းအား ယူဆောင်လာကြ၍ တစ်လကျော်လွန်လာခဲ့သည့်တိုင် ထူးခြားမှု တစ်စုံတစ်ရာ ဘာမျှမတွေ့ကြုံသေး။ ကျွန်တော်သည် ထိုကိစ္စများနှင့်ပတ်သက်၍ အသင့်အနေအထားတွင် ရှိနေသကဲ့သို့ ကျွန်တော့် သူငယ်ချင်းဖြစ်သူ စံမင်းသည်လည်း အသင့်အနေထား၌သာ ရှိလေ၏။

သူက ကျွန်တော့်အထံသို့လာ၏။ ကျွန်တော်က သူ့အထံသို့ သွား၏။ တောလိုက်၏။ တစ်ခါတစ်ရံ မုဆိုးအလုပ်နှင့် အသက်မွေး

ခေါ်းကျောင်းပြုသည့် ကိုသိုင်းကျော်ပါ ပါတတ်သေး၏။ ကျွန်တော်တို့ ထံသို့အချိန်ဖြုန်းရင်းနှင့်ပင် သင်္ကြန်ကာလသည်လည်း နီးရမှာ ကျ ဆောက် ကျရောက်ရာမှတစ်ဆင့် ကျော်လွန်လာခဲ့ရပြန်သည်။ အသက် ဘဝနှစ်ကြီးသွားပြန်သည်ဟု ဆိုရမည်ဖြစ်၏။

ကျွန်တော်တို့ကား လောကကြီးအား ထိုသို့ သတိရှင်ရှင် ထား၍ အမြဲတမ်းလေ့လာအကဲခတ်နေကြသော်လည်း လောကကြီးတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်တို့က ကျွန်တော်တို့အား ဆွဲဆောင်မှု ဘာတစ်ခုမျှ မရှိခဲ့ပါချေ။ ကျွန်တော်တို့ အညာဒေသသည် နွေရာသီ ကာလမို့ အလွန်လွတ်လပ်မှုရှိလှ၏။ ကြိုက်သည့်နေရာ အိပ်၍ ကြိုက် သည့်နေရာ၌ အတားအဆီး အဟန့်အတားမရှိ စားသောက်နိုင်လေ သည်။

တစ်ခုတော့ရှိ၏။ တစ္ဆေသရဲကြမ်းတမ်းသည့်နေရာမျိုးများ ဘုံဝင်တော့ တချို့လူများကား ရှောင်ကြဉ်တတ်ကြ၏။ ကျွန်တော်တို့က တော့ ရွာ၏သရဲများဟု ဆိုရပေမည်။ ကျွန်တော်တို့ ကြောက်လန့်ရ သည့်အရာ မရှိသောကြောင့်ဖြစ်၏။ ကြမ်းတမ်းလှပါသည်ဆိုသည့် ဘဝွေသရဲများသည်ပင် ကျွန်တော်တို့နှင့် တွေ့လျှင်တော့ ပြန်လန့်လျှင် လန့်၊ မလန့်လျှင် စိတ်ညစ်နေကြရပေလိမ့်မည်။ ကျွန်တော်တို့ ထိုသို့ ခမ္မနောက်ကောင်းနေသည့် နွေရာသီ၌ အလှူပွဲတစ်ပွဲ ကြုံလာရလေ

သည်။ အလှူပွဲသည် အကြီးအကျယ် အလှူပွဲကြီး ဖြစ်နေခြင်းကြောင့် ရွာနီးချုပ်စပ်မှ လူတို့သည်လည်း အတော်များများ လာကြသည်ကို တွေ့ရ၏။ ကျွန်တော်နှင့် စံမင်းသည် ထိုအလှူပွဲ၌လည်း တတွဲတွဲ သာ ရှိလေ၏။

ကျွန်တော်တို့ကား ဤမကွေးတိုင်းတွင် အလွန်တရာ နာမည် ကြီးလှသည်။ ရွာစားကျော် စိန်တုတ်ကြီး၏ မင်္ဂလာဆိုင်း လက်သံကို လည်း မခံစား။ အိုးစည် ဒိုးပတ်ဝိုင်းများအားလည်း မခံစား။ လှည့်၏။ ပတ်၏။ စားစရာရှိသည်ကို စား၏။ သောက်စရာရှိသည်ကို သောက် ၏။ ကျွန်တော့်လက်တွင် ပိုက်ဆံက မပြတ်သကဲ့သို့ စံမင်းလက်တွင် လည်း ပိုက်ဆံက အမြဲရှိနေခြင်းကြောင့် ထိုအလှူပွဲ ပထမနေ့၌ပင် ကျွန်တော်တို့ပိုက်ဆံ အတော်များများ ကုန်သွားလေသည်။

''ဟ ... ဟေ့ကောင် မင်းတို့က ရွာအလှူပွဲနေ့ပဲ အဝတ်စား ကောင်းကောင်းလေး ဘာလေးများ ဝတ်ကြစမ်းပါဦးဟာ။ မင်းတို့ ကြည့် ရတာ တောလိုက်သွားမယ့်ပုံတွေကျနေတာပဲ''

အလှူပွဲရောက်လာသူ လူကြီး၊ ကလေး၊ ယောကျ်ား၊ မိန်းမ အားလုံး မိမိတို့ရှိသည့် အဆင်တန်ဆာများအား အစွမ်းကုန် လှုနိုင် သမျှ လှုပစေရန်အလို့ငှာ ပြင်ဆင်ဝတ်စားထားကြသော်လည်း ကျွန် တော်တို့ နှစ်ယောက်သည် အလှူပွဲကြီးဖြစ်လင့်ကစား လူပုံအလယ်၌

တူတူတန်တန် ဝတ်စားထားခြင်းမရှိ။ နေရင်း ထိုင်ရင်း အဝတ်စားများကိုသာ ဝတ်ဆင်ထားကြခြင်းကြောင့် မနေနိုင်သူ ကိုကျော်စိန်မှ ထိုသို့ပြောခြင်းဖြစ်၏။

ကျွန်တော်တို့နှစ်ယောက် ဒုတိယအကြိမ် ထပ်မံစားသောက်ကြမည်မှာလည်း ထိုကိုကျော်စိန်၏ စားပွဲ၌သာ ဖြစ်နေခြင်းကြောင့် ကိုကျော်စိန်မှ ထိုသို့ပြောခြင်းဖြစ်၏။

''ဟာ ... ကိုကျော်စိန်ရ ကိုယ့်ရွာအလှူမို့ ဒီလိုလွတ်လွတ်လပ်လပ်နေတာပေါ့ဗျ။ ခင်ဗျားစားပွဲဝိုင်းကိုစားတာ ကျုပ်တို့က ခင်လို့စားတာ။ ဝက်သားများများ ထည့်ဗျာ''

''ဟာ ... ရမယ်။ စိတ်ချ ... ငါ့ကောင်တွေ''

ကိုကျော်စိန်သည် ထိုသို့ပြောပြီး ဝက်သားဟင်းပန်းကန်ကြီးနှစ်လုံးအား ကျွန်တော်တို့ နှစ်ယောက်ရှေ့သို့ ကောင်းမွန်စွာ ထိုးပေးလိုက်၏။ ထိုအချိန်မှာပင် ကိုကျော်စိန်အား တစ်စုံတစ်ယာက်ယောက်မှ လှမ်းအော်ပြောဆို သတိပေးလိုက်သည့်စကား ကြားရ၏။

''ဟေ့ ... ကျော်စိန် ဒီမှာ ဧည့်သည်ကောင်မလေး သုံးယောက် မင်းဝိုင်းနေရာပေးလိုက်ဟေ့''

ထိုသို့ပြောဆိုသံနှင့်အတူ အမျိုးသမီးကြီးတစ်ယောက်မှ ဒည့်သည်မျက်နှာစိမ်း ကောင်မလေး သုံးယောက်အား ဦးဆောင်ခေါ်

လာလေ၏။ ပထမ တစ်ဝိုင်းလုံး ကျွန်တော်နှင့်စံမင်းသာ စကားတပြောပြောနှင့် ပြောဆိုစားနေကြရသော်လည်း သိပ်မကြာခင်မှာပင် ထိုဧည့်သည် မိန်းကလေး သုံးယောက် ဝင်လာခြင်းကြောင့် ကျွန်တော်တို့နှစ်ယောက် စားရသောက်ရသည်မှာ နေရာကြို့သွားရတော့၏။ အထူးသဖြင့် မိန်းကလေးများဟူသည့်အသိကြောင့် ဖြစ်သည်။

''ဟင် ... ဘယ်ကဟာတွေတုန်း။ ရွှပ်ရွှပ်ယှက်ယှက်ကွာ''

ဟူသည့်အတွေးနှင့် ကျွန်တော် ထိုမိန်းကလေးများအား အသေအချာ အကဲခတ်ဖြစ်သေး။ သူတို့သုံးယောက်အတွက် ကိုကျော်စိန်မှ ပန်းကန်သုံးချပ် အမြန်ပြင်ဆင်ပေးပြီး မယ်မင်းကြီးမ သုံးယောက်က ဆတ်ခနဲထိုင်လိုက်တော့မှပင် တစ်ဝိုင်းတည်း မျက်နှာချင်းတန်း၍ အသေအချာ ကြည့်ရှုလိုက်မိလေသည်။

စံမင်းက ဟင်းပန်းကန်များအား ၎င်းမိန်းကလေးသုံးယောက်ရှေ့သို့ မျက်နှာလို မျက်နှာရ တိုးပေး၏။ ကျွန်တော်က စံမင်းအပြုအမူနှင့် ထိုမိန်းကလေးများအား တစ်ချက်တည်း ရောနှော ကြည့်ရှုလိုက်သည့်အခိုက်၌ စံမင်းက ပြုံးဖြီးဖြီးမျက်နှာထားနှင့် တွေ့ရသော်လည်း မယ်မင်းကြီးမသုံးယောက်က ပဲများပြီး ရှုက်နေရှာသေးသည်။

ထို ကျွန်တော့်အပြုအမူကြောင့် ကိုကျော်စိန်မှာ သတိပေးလေသည်။

''ဟေ့ကောင် ... ဘုန်း ကိုယ့်အစား ကိုယ်စားလေကွာ။ ဘာလို့ ကြည့်နေတာတုန်း''

''ဘယ်လိုဖြစ်နေတာတုန်း။ စားမှာပေါ့။ မြင်ဖူးသလားလို့ ကြည့်နေတာ''

ကျွန်တော်၏ ဘွင်းဘွင်းရှင်းရှင်း ရိုးစင်းသည့်စကားကြောင့် အဝါအရောင်နှင့် ကောင်မလေးက စတင် ပြုံးယောင်သန်းလာလေသည်။ သူစိမ်းတစ်ရံ မိန်းကလေးများနှင့် သူစိမ်းတစ်ရံ ယောကျ်ားလေးများမို့ ကျွန်တော်တို့နှစ်ယောက်အတွက်နှင့် သူတို့သုံးယောက် အတွက်ပါ ကြွက်နှင့်ကြောင် အတူတူရောနှောအထားခံရသကဲ့သို့ ရှိလေ၏။

တစ်ယောက်က လိမ္မော်ရောင်စပ်ကြားအား ဝတ်ဆင်ထားသကဲ့သို့ တစ်ယောက်က အပြာရောင်ဝမ်းဆက်အား ဝတ်ဆင်ထား၏။ ငင်းသုံးယောကျ်အနက် အဝါရောင်နှင့်အပြာရောင် နှစ်ယောက်အား ကျွန်တော့်မျက်စိ၌ မြင်ဖူးနေသလို ရှိနေလေ၏။

သူမတို့သုံးယောက် စားကြသည်မှာ ဘာမျှမကြာလိုက်။ ကျွန်တော်တို့ရှေ့မှောက်၌ စားခြင်းကိစ္စ ပြီးသွားလေသည်။ ကျွန်တော် အလွန်အံ့သြမိ၏။ ကျွန်တော်နှင့် စံမင်းကား စား၍ တစ်ဝက်မျှ မကျသေး။ သူတို့က ပြီးသွားခြင်းကြောင့်ဖြစ်၏။ ကျွန်တော် ဟောကိန်း

ထုတ်ရဲသည်။ ဤကောင်မလေးသုံးယောက် တစ်ယောက်မျှ မဝ။ ကျွန်တော်တို့ရှေ့၌ ဟန်လုပ်စားသွားကြခြင်း ဖြစ်၏။ သူတို့ခန္ဓာကိုယ် အတွင်းဘက်ကြီးတွေ ဤတစ်ပန်းကန်တည်းဟူသော အစာအာဟာရနှင့် မည်သို့မှ မမျှတနိုင်သောကြောင့် ဖြစ်၏။

''ဩော် ... ဩော် ... ဩော်''

''မင်းက ဘာအော်နေတာတုန်း။ သွားကုန်ပြီ''

''အေး ... သွားကုန်လို့ အော်တာ''

ကျွန်တော်က ထိုသို့ပြောလိုက်တော့ စံမင်းပါးစပ်ပိတ်သွား၏။ ဝက်သာတုံးအား ဆက်ကိုက်နေလေသည်။

''စားထား ... စားထား။ မင်းကလည်း စောစောက ကောင်မလေးတွေ ရှေ့မှာတော့ သက်သတ်လွတ်စားတဲ့ကောင်ကျနေတာပဲ''

ကျွန်တော့်စကားကြောင့် စံမင်းမျက်နှာ ဒုတိယအကြိမ် ပြုံးဖြဖြဖြစ်သွားရပြန်သည်။

''ဟ ... ညည့်သည်မိန်းကလေးတွေကွ။ သူတို့မှ တို့မသိတာ''

''သူတို့နဲ့မသိတာနဲ့ ဝက်သားခွက်ကို မင်း မန္တိုက်တာ ဘာဆိုင်လို့တုန်း။ ကိုယ့်ပါးစပ်နဲ့ကိုယ်စားတဲ့ကိစ္စ။ ပဲမောင်နဲ့ ပဲမယ်တွေ ချည်း လာတွေ့နေတယ်''

''မင်းကိုကြောက်လို့ သူတို့ ဖွတ်ထကုန်တာ။ မင်းက သေချာ ကြည့်နေတာကို။ မိတ်တောင်မဆက်လိုက်ရဘူး''

စံမင်းစကားကြောင့် ကျွန်တော်တို့အား ဂရုစိုက်ကျွေးမွေးသော ကိုကျော်စိန်သည် သဘောကျစွာ ခွက်ထိုးခွက်လန် ရယ်လေတော့၏။

''အဟား ... ဟား ... ဟား ... စားကြပါကွာ။ မင်းတို့ ကလည်း နောက်မှ ရန်ဖြစ်ကြ။ အဲဒါတွေက ဥသျှစ်ပင်သူတွေ။ မင်းတို့ မိတ်မဆက်လိုက်ရရင်လည်း ငါ ပြောပေးလို့ရတယ်''

ကိုကျော်စိန်သည် ထိုသို့ သဘောကျစွာလည်းပြော ဝက်သားဟင်းများလည်း ဖြည့်စွက်နှင့် လုပ်နေတော့၏။ ကျွန်တော်ကတော့ ကိုကျော်စိန်မှ ဥသျှစ်ပင်သူတွေ ဆိုလိုက်ကတည်းက အစဖော်မရသည့် ဆိုအပြောရောင်မိန်းကလေးမျက်နှာနှင့် အဝါရောင် မိန်းကလေးမျက်နှာအား တန်းခနဲ သတိရမိလိုက်လေသည်။ ကျွန်တော်နှင့် စံမင်း ပြီးခဲ့သည်တစ်လကျော်က ဥသျှစ်ပင်နယ်မှာ တစ္ဆေလို ခြောက်ခံလိုက်ရသည့် မိန်းကလေးနှစ်ယောက် ဖြစ်ရပေမည်။

ထိုသို့ စဉ်းစားမိပြီး ကျွန်တော် ထမင်းစားခြင်းအား ခပ်သွက်သွက် အဆုံးသတ်လိုက်လေ၏။ ကျွန်တော် ထိုသို့ အဆုံးသတ်လိုက်တော့ စံမင်းလည်း နောက်မှ ဖွတ်မျှို ပတပ်မျှိုနှင့် အဆုံးသတ်လိုက်

ရ၏။

''လာ ... ဟော့ကောင် လိုက်ကြမယ်။ မေးစရာရှိလို့''

''ဟ ... ဘယ်တုန်းဟ။ အူကြောင်ကြောင်နဲ့''

''အူကြောင်ကြောင် မလုပ်နဲ့။ ခုန ကောင်မလေးနှစ်ယောက်ကို ငါ မြင်ဖူးတယ်။ အဲဒါကြောင့် သူတို့နောက်လိုက်ပြီး ဟုတ်,မဟုတ် မေးကြည့်ရအောင်လို့''

''မင်းက ဘယ်မှာမြင်ဖူးတာတုန်း''

''ဟာ ... လာစမ်းပါကွာ။ စကားရှည်နေ။ တော်ကြာ မတွေ့ ဘဲနေလိမ့်မယ်''

ကျွန်တော်၏ လောဆော်ဆွဲခေါ်မှုကြောင့် စံမင်း ဘာမသိ ညာမသိ ကမူးရှူးထိုး လိုက်ပါလာရ၏။ ထိုအချိန်တွင် ဆိုင်းဆရာ ရွာစားကျော် စိန်တုတ်ကြိုးနှင့်အဖွဲ့က စည်စည်ဝေမျှ တီးခတ်ညည်းခံဖျော်ဖြေလျက်ရှိ၏။ ညည့်ပရိသတ်မှလည်း တိုးမပေါက် ခြေချင်းလိမ်မျှ ရှိလေ၏။

ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည့် လူကြို့ လူကြားများအတွင်း မြို့မှာသာဆိုလျှင် ကျွန်တော်တို့ နှစ်ယောက်အား အကြိုအစည်ရှိသည့် ခါးပိုက်နို့က်များဟူ၍ပင် အထင်ခံရဖွယ် ရှိ၏။ သို့သော် ကျွန်တော်တို့ အညာဒေသတောအရပ်၌ တိုးချင်သမျှ တိုး

ခါးပိုက်နှိုက်ဟူသော ဝေါဟာရစကားလုံး မရှိခြင်းကြောင့် ထိုဥပဒေပုဒ်မအား ငဲ့ရန်မလိုပေ။ လူကြို လူကြားအတွင်း၌ နှစ်ယောက်သား နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ဇာ။ ကျော်ဖြတ်ဇာ။ အရှေ့မှ အနောက်သို့ လှည့်ပတ်ကြည့်ရှုဇာ။ ထို့နောက်တစ်ဖန် တောင်မှမြောက်သို့ တိုးကျိတ် ထိုးဖောက်ကြည့်ရှုပြန်လေဇာ။ ကျယ်ပြောသည့်အလှူမဏ္ဍပ်ကြီး ကိုသာ ကျွန်တော်တို့ ခက်ခက်ခဲခဲ တစ်ပတ်ပတ်မိသွားကြသည်။ မယ်မင်းကြီးမ သုံးယောက်ကိုတော့ အရိပ်အယောင်ကိုသော်မျှ ကျွန်တော်တို့မျက်စိတွင် မတွေ့မြင်ရ။

"ဟေ့ကောင် စားသောက်ပြီး ပြန်ကုန်တာများ ဖြစ်ပါဦးမယ်"

"ဟာ ... မင်းကလည်း အစောကြီးရှိသေး။ ဒီချိန် ပြန်မလားကွ။ ငါတို့မျက်စိလျှံနေလို့။ ထပ်ပတ်ကြည့်မယ်ကွာ"

"ငါတော့ မူးလာပြီကွာ။ အဲဒါဆို ခဏနေဦး"

သကောင့်သားစံမင်းက အသည်းနှုပြနေသည့်အတွက် မဏ္ဍပ်နှင့် ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်လေးအောက်မှ ကွပ်ပျစ်ကလေးတွင် ကျွန်တော်တို့နှစ်ယောက်သား ထိုင်လိုက်ကြဇာ။ ထိုအချိန်တွင် ဆိုင်းမှ သီချင်းနှင့် တီးလုံးတီးကွက်များပြီး၍ လူရွှင်တော်များ ထပျက်နေကြလေပြီ။

လူရွှင်တော်များမှလည်း အလွန်ကောင်းလှဇာ။ ပျက်လိုက်

အောက်က ပရိသတ်မှ တဝေါဝေါ ရယ်လိုက်နှင့် ကျွန်တော်တို့သည်ပင် ကြာတော့ ရယ်ချင်လာကြသည်။ သူပျက်သည်ကို သဘောကျ၍ တသောသော ရယ်မောနေကြသည့် ပရိသတ်ဇာရယ်မောအဆုံး၌ လူရွှင်တော်သည် "ဘာရယ်တာလဲ" ဟူ၍ထပ်မံပြောဆိုလိုက်ခြင်းကြောင့် ပရိသတ်များ ထပ်မံ၍ သဘောကျရယ်ကြပြန်လေဇာ။ ထိုသို့ သဘောကျ၍ ရယ်လို့မှ မဆုံးသေး အကျီဗလာ၊ ပုဆိုးစလွယ်သိုင်းနှင့် လူရွှင်တော်က ...

"မရယ်နဲ့။ ရယ်ရင် ကိုင်လိုက်မှာ"

ဟူ၍ လက်ဟန်ခြေဟန်နှင့် ပြောင်ချော်ချော် ထပ်လုပ်လိုက်ခြင်းကြောင့် ဇရိသတ်မှာ တဝေါဝေါ ပြန်၍ဖြစ်သွားပြန်လေဇာ။ ကျွန်တော် အာရုံမစိုက်သည့်အကြားမှ ကြားနေရခြင်းဖြစ်ဇာ။ ကျွန်တော် အာရုံစိုက်၍ မူးနေအောင်မှ ရှာဖွေသော်လည်း ထိုမိန်းကလေးသုံးယောက်ကမူ အစအနပင် မတွေ့ရချေ။

"မဖြစ်နိုင်ပါဘူးကွာ။ ဒီလောက်ဝေးတဲ့ ဥသျှစ်ပင်က ကောင်မလေးတွေက အစားတစ်လုတ်နဲ့ ဘာလို့လာလိမ့်မလဲ"

"တူတာတော့ တော်တော့်ကို တူတယ်ကွ။ မင်းနဲ့ငါနဲ့ လမ်းမှာ တွေ့ရတဲ့ကောင်မလေးတွေ ဖြစ်မလားလို့"

"အဲဒါလည်း မဖြစ်နိုင်ဘူး။ လမ်းမှာတွေ့တုန်းကလည်း

မင်းက ကယောင်ကတန်း မြင်တာ။ ဟုတ်ချင်မှ ဟုတ်မှာ''

''ဟုတ်တာကတော့ ဟုတ်ကိုဟုတ်တယ် ငါ့ကောင်။ အဲဒါကြောင့် စိတ်ဝင်စားလို့ သိချင်နေတာပေါ့''

''ကဲ ... အဲဒါဆိုတော့ သိတော့ရော မင်းအတွက် ဘာအကျိုးထူးတုန်းကွာ''

''ဟာ ... အကျိုးထူးတာပေါ့။ ငါသိချင်တာ သိရတာက အကျိုးထူးပဲ။ နောက်တစ်ခုက မင်းပဲ မိတ်ဆက်ချင်တယ်ဆို''

''မိတ်ဆက်ချင်တာတော့ မိတ်ဆက်ချင်တာပေါ့။ ဒါပေမယ့် ဘာမှမရတာ''

''လာ ... ထပ်ရှာမယ်ကွာ။ သွားစို့''

ကျွန်တော် ဆွဲခေါ်မှုကြောင့် စံမင်း မျက်နှာကြီး ရှုံ့မဲ့၍ ထလိုက်လာခဲ့တ်။

ကျွန်တော်တို့ ရှာဖွသော်လည်း အဟုတ်တကယ်ပင် မတွေ့ရတော့ချေ။ ည မိုးသာ ချုပ်သွားရလေတော့တ်။

ထိုသို့ မိုးချုပ်သွားတော့မှပင် ကျွန်တော်တို့နှစ်ယောက်သည်သည်း စံမင်းတ်အိမ်သို့ ပြန်လာခဲ့ကြသည်။ နှစ်ယောက်လုံးက ငြင်းခုန်နေရဆဲသာရှိသေးတ်။ အတော်ဒုက္ခပေးသည့် မိန်းကလေးများပင်။

စံမင်းသည် ကျွန်တော်နှင့် ထိုသို့အကြောက်အကန်ငြင်းနေ

သော်လည်း သူ့အား မေးမြန်းကြည့်သည့်အခါ၌ ကျွန်တော်တို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင် စားသောက်စဉ်က ထိုကောင်မလေးများအား ခိုးကြောင်ခိုးဝှက် အတော်ကြည့်ရှုထားဟန်တူတ်။ ကျွန်တော့် စကားကြောင့် ပြုံးစစလုပ်သွားသည့် အဝါရောင်ကောင်မလေးအား ချီးမွမ်းခန်းဖွင့်နေခြင်းကြောင့် ကျွန်တော့်မှာ သဘောကျစွာ ရယ်ရသေးတ်။

''မင်းက မိန်းကလေးတွေနဲ့ပတ်သက်လာရင် မခုတ်တတ်တဲ့ကြောင်ပဲကွ စံမင်းရ''

''ဘာလို့တုန်း''

''ဘာလို့ရမှာတုန်း။ မင်းအတွင်းစိတ်နဲ့ မင်းအထာကို သိနေလို့ပေါ့''

''အဟဲ ... ဟဲ ... အဲဒါ မင်းကြောင့်လွဲတာ။ အစကတည်းက ချုပ်ထားပြီး အတူစား၊ အတူထလိုက်သွားရရင် ပြီးပြီ''

''ညနေ အငြိမ့်ကြည့်ရင်း ထပ်ရှာမယ်ကွာ''

''အိုကေ ... ဒါဆို ရေချိုးမယ်။ အငြိမ့်မထွက်ခင် လူရှင်းတုန်း စောစောစီးစီး သွားရအောင်။ ဒီဟာမတွေ ပြန်တော့ မပြန်လောက်သေးဘူး''

''ကဲ ... စကားက ပြောင်းလာပြန်ပြီ။ မင်းပဲ နေ့ခင်းကတော့

ပြန်ရင်ပြန်မှာဆို။ ထားပါ။ ကိုင်း ... ရေချိုး သပ်သပ်ရပ်ရပ်ဝတ်သွားမယ်''

နာရီဝက် တစ်နာရီမျှ ကြာပြီးသည့်အခါ အဟုတ်တကယ်ပင် စံမင်းသည် ရေမိုးချိုး သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်၍ အလှူအိမ်သို့ ကျွန်တော်နှင့် ဒုတိယအကြိမ် ပြန်ထွက်ခဲ့ကြပြန်၏။ ယခု ဒုတိယအကြိမ်တွင်မတော့ သူ့ခြေလှမ်းများကပင် ပို၍သွက်လက်နေသေးသည်။ ကျွန်တော်က နောက်က ဖြစ်၏။

မျက်လုံးက လူကြိုလူကြားတွင် ကျိုးကန်းတောင်းမှောက်ကြည့်၏။ ခြေထောက် ဟိုနင်း သည်နင်းနင်း၏။ မဏ္ဍပ်ကြီး၏ ဘယ်ဘက်အစွန်မှ ပတ်လိုက်ကြသော ခြေလှမ်းများသည် မဏ္ဍပ်ကြီး၏ ညာဘက်အစွန်းသို့ ရောက်ရှိသည်နှင့် အလွန်သွက်လက်ထက်မြက်လှသော စံမင်းက ...

''လာ ... လာ ... ဟေ့ကောင် ဟိုမှာတွေ့ပြီ''

''ဘယ်မှာတုန်းကွ အပြာနဲ့ အဝါလေး''

ကျွန်တော့်မျက်စိတွင် တကယ်ပင် မတွေ့မြင်ရသောကြောင့် မေးလိုက်ခြင်းဖြစ်၏။

''ဟာ ... အပြာတွေ၊ အဝါတွေ မဟုတ်တော့ဘူး။ ပြောင်းကုန်ပြီ''

ထိုသို့ပြောပြီး စံမင်းသည် မိန်းကလေးသုံးယောက်အုပ်စု၏ အနီးသို့ ဆတ်ခနဲ ချဉ်းကပ်လိုက်၏။ စံမင်း၏အပြုအမူကြောင့် ထိုမိန်းကလေးများ လန့်သွားလေသည်။

''အို''

''အိုမလုပ်နဲ့။ မနက်ကတည်းက လိုက်ရှာနေတာ ဒီကောင်က''

စံမင်းသည် ထိုသို့ပြောပြီး ကျွန်တော့်အား လှမ်းကိုင်ဖား ညွှန်ခြင်းကြောင့် ကျွန်တော် မျက်နှာပိုးသတ်လိုက်ရ၏။

''ဟေ့ကောင် ... ပြောလေကွာ။ ဘာဖြစ်ချင်တာတုန်း''

''လာ ... လာ ... လာ ... ဘာတွေမှန်းမသိဘူး သွားမယ်''

သုံးယောက်အနက်မှ တစ်ယောက်က ဆွဲခေါ်သွားခြင်းကြောင့် ကျန်နှစ်ယောက်မှာ အိုးတိုးအန်းတန်းနှင့် ပါသွားကြပြန်သည်။

''ဘယ်သွားမှာလဲ''

''အငြိမ့်ကြည့်မလို့ နေရာဆီပေါ့''

ကျွန်တော့်အမေးအား အဝါရောင်တစ်ဖြစ်လဲ အသားရောင်ခပ်ဖျော့ဖျော့အား ဝတ်ဆင်ထားသည့် ပြိုးစစ မိန်းကလေးမှ ပြန်ဖြေခြင်းဖြစ်၏။ သူက လူလူချင်း အလွယ်တကူ ခင်တတ်ပုံရဟန်တူသည်။

အားလုံး အဝတ်စားများ ပြောင်းသွားခြင်းကြောင့် ကျွန်တော့်အလိုရသာဆိုလျှင် ရင်ဘတ်ချင်း အင့်ခနဲတိုက်မိကြလျှင်တောင်မှ ရုတ်တရက် သိရှိလိမ့်မည် မဟုတ်ပေ။

ယခု စံမင်း၏ လျှင်မြန်ဖျတ်လတ်မှုကြောင့် ကျောက်ခဲ ရေပေါ်။ ကျွန်တော်တို့ ဖမ်းချုပ်မိကြခြင်းဖြစ်၏။ ဒါသည်ပင် ကျွန်သည့် နှစ်ယောက်က ကျွန်တော့်မျက်နှာပေါက်နှင့်ပုံစံအား ကြည့်၍ နှာခေါင်း ဘရုံရုံလုပ်လိုက်ကြသေးသည်။

''စောပါသေးတယ်။ အငြိမ့်မှ မထွက်သေးတာ။ အပြင်မှာ အကြော်သွားစားကြရအောင်လေ''

''ဟင့်အင်း ... မလိုက်ချင်ဘူး''

''ဘာလို့မလိုက်ချင်တာလဲ''

''ဟင့်အင်း ... မလိုက်ချင်လို့ပေါ့''

ကျွန်တော်တို့ အပြင်ခေါ်ထုတ်ဖို့ ကြိုးစား၏။ သို့သော် ကောင်မလေးများက အကြောက်အကန် ငြင်းနေကြခြင်းကြောင့် ကျွန်တော် ဘာမျှမတတ်နိုင်အောင် ရှိလေသည်။

ကျွန်တော် ထိုသို့ စဉ်းစားမရ အခက်ကြုံနေခိုက် ကောင်မလေး သုံးယောက်သည် အငြိမ့်စင်၏ ရှေ့တည့်တည့် ပွဲခင်းထဲသို့ အားမနာ လျှာမကျိုး ဝင်သွားခြင်းကြောင့် ကျွန်တော်ရော စံမင်းပါ

ငုတ်တုတ်မဟုတ် မတ်တတ်ကြီး ကျန်ရစ်ခဲ့လေသည်။ ကံကောင်းထောက်မစွာ လာတွေ့ရသည့် လာတွေ့ရမှုသည် ကျွန်တော်ရော စံမင်းအတွက်ပါ အချည်းနှီးဖြစ်သွားရလေ၏။

မိုးလင်းသွားသည့်တိုင်အောင် ထိုမိန်းကလေးများအား ကျွန်တော်တို့ ရှာဖွေမတွေ့ရှိနိုင်တော့။ အလွန်လှပသည့်မိန်းကလေးများ ဖြစ်ကြခြင်းကြောင့် ကျွန်တော်တို့နှစ်ယောက်အတွက် ထိုမိန်းကလေးများသည် ဒဏ္ဍာရီပုံပြင်ထဲမှ မိန်းကလေးများကဲ့သို့ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရလေသတည်း။

❖ ❖ ❖

အခန်း (၁၁)

အလျဉ်ပွဲပြီးမြောက်၍ တစ်ပတ်လောက်မျှရှိသည့်အခါ ကျွန်တော့်အား စံမင်းမှ ကျွန်တော်တို့ရွာနှင့် ဆယ်မိုင်ခန့်ဝေးကွာသည့် အနောက်တောင်ရွာဆီသို့ ခရီးတစ်ခေါက်သွားရန် အဖော်ညှိပြန်လေ၏။ ကျွန်တော်တို့ ပထမသွားခဲ့ကြသည့် ဥသျှစ်ပင်ရွာဖြစ်သည်။

စံမင်းက အလွန်သွားလိုသော်လည်း ကျွန်တော်တို့ သွားခဲ့မည့်အကြောင်းတရားသည် ဘာမျှ တူတူတန်တန်မရှိခြင်းကြောင့် ကျွန်တော် ငြင်းပယ်ရ၏။

"မင်း ဘာလို့ဒီလောက်သွားချင်နေတာလဲ ငါ့ကိုပြော။ ဟို

မရှင်းမရှင်းအကြောင်းပြချက်နဲ့တော့ ငါမလိုက်ဘူး"

"ဟာ ... မင်းကလည်း မင်းပြောမိမှ စကားကြီး စကား ကျယ်တွေနဲ့ လုပ်နေသေး။ ဘာရယ်တော့ မဟုတ်ဘူးပေါ့ကွ"

"အဲဒီ ဘာရယ်တော့မဟုတ်ဘူးပေါ့ဆိုတာကြီးကို ငါ လက်မခံတာ။ ဘာလုပ်မှာလဲ စံမင်းရာ။ မသွားချင်ပါနဲ့။ ခိုင်လုံတဲ့ အကြောင်းရှိလို့ တို့သွားရတာ မင်္ဂလာရှိပါတယ်။ အဲဒီသွားမယ့်အစား တို့ တောဆင်းတာပေါ့"

ကျွန်တော်က ကြောင်းကျိုးဆင်ခြင် ပြောဆိုလိုက်တော့မှ စံမင်းသွားလိုသည့်ဆန္ဒ အာသီသ နည်းနည်းလျော့သွား၏။ ဒါသည်ပင် အကင်းမသေသေးပေ။ အမှန်ကား ဥသျှစ်ပင်သို့ သူမှ သွားလိုသည် မဟုတ်။ ကျွန်တော်လည်း သွားလိုသည့်စိတ်ဆန္ဒတော့ ရှိ၏။ သို့သော် ကျွန်တော်တို့ ဥသျှစ်ပင်သို့ ဒုတိယအကြိမ်သွားလျှင် ရှစ်သွားနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဦးယက္ခတို့ လူများ ရှိနေလိမ့်မည်ဆိုသည်ကို ကျွန်တော် အကြွင်းမဲ့ ယုံကြည်နေခြင်းကြောင့် ဖြစ်၏။ အလဟဿ လျှောက်သွားနေခြင်းကြောင့် တကယ့်အရေးနှင့် ကြုံတွေ့လာက ကျွန်တော်တို့ သတိကင်းမဲ့ သွားရောက်လည်ပတ်ကြခြင်းသည် တစ်စုံတစ်ခုသော အတိုင်းတာထိ ဆုံးရှုံးနစ်နာမှု ဖြစ်သွားနိုင်

လေသည်။

မိန်းမကိစ္စအတွက်နှင့်မူ ကျွန်တော် ထိုမျှ အလေးနက်ထားခဲ့သူ မဟုတ်ပေ။ အလှူရက်ကသာလျှင် ထိုမိန်းကလေးများအား ကြုံ၍ ကြုံကြိုက်၍ ဆက်စပ်မိ၍ စိတ်ဝင်စားနေမိခြင်းဖြစ်၏။ တကူးတက ဆိုက ထိုကိစ္စမျိုးများအား ကျွန်တော်သည် အမေ့တကာ အမေ့ဆုံးသို့သာ သဘောထားလိုသူဖြစ်၏။

''ဟေ့ကောင် ... မင်းအိမ် ဘာရှိတုန်း။ ဗိုက်ဆာလာပြီကွ''

''မင်းသွားကြည့်လိုက်ကွာ။ ဒီရှိထဲတွေ့တာ ယူလာခဲ့။ ငါးခြောက်ကြော်တော့ အနည်းဆုံး ရှိလိမ့်မယ်''

ကျွန်တော်မှ ထိုသို့ပြောခြင်းကြောင့် စံမင်း အောက်ထပ်သို့ဆင်းသွား၏။ တစ်အောင့်မျှအကြာ၌ လက်ထဲ ငါးခြောက်ကြော်ပန်းကန်နှင့် ကြက်ဥကြော်ပန်းကန် ပါလာလေသည်။ ပန်းကန်များထဲတွင် အတော်များများ ဆီပါလာသေးသည်ကို တွေ့ရ၏။ အမှန်က ကျွန်တော်တို့နှစ်ယောက်စလုံး ညနေစာ စောစောစီးစီးစား၍ ဒုတိယအကြိမ် ပြန်ဆာလောင်ကြခြင်းဖြစ်သည်။

''ကဲ ... ငါ့ကောင်ရေ စားကွာ။ ဒီမှာ ရေနွေး။ ကြက်ဥကြော်လည်း အများကြီး၊ ငါးခြောက်ကြော်လည်း အများကြီးပဲ''

''မနက် သူတို့စားဖို့ထားရင်တော့ မတတ်နိုင်ဘူး''

''မနက်အတွက် မနက်ပေါ့ကွာ။ ဆာတယ် ... စား။ ငါလည်း စားမယ်''

စံမင်းနှင့် ကျွန်တော် စကားပြောလိုက် ရေနွေးသောက်လိုက် ထိုအကြော်များအား စားလိုက်နှင့် အလွန်ဖိမ်တွေ့လျက်ရှိလေ၏။ သူက ထိုကောင်မလေးများအကြောင်း အများဆုံးပြော၏။ ကျွန်တော်က ဆရာကြီး အဘ ဦးရွှေဂန်၏အကြောင်းအား အများဆုံးပြောဖြစ်၏။ မပြော၍လည်း မရပေ။ ကျွန်တော့်တွင် တိုးတိုးတိတ်တိတ် တိုင်ပင်စရာဟူ၍ သူငယ်ချင်းဖြစ်သူ စံမင်းသာလျှင် ရှိ၏။

စံမင်းသည် ကျွန်တော် ပေါင်းသင်းသည့် အယောက်တစ်ထောင်ဆိုလျှင်တောင်မှ အလွန်ရနိုင်ခဲသည့် အပေါင်းသင်းကောင်းတစ်ယောက်ဖြစ်လေ၏။ အကြော်များအား သူလည်းစား ကျွန်တော်လည်း စားနှင့် နောက်နှစ်ပန်းကန်လုံးပြောင်မှပင် ကျွန်တော်တို့နှစ်ယောက် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ်နှင့် အိပ်ပျော်သွားလေသည်။

မနက်ခြောက်နာရီခန့်တွင် စံမင်းမှ ဦးစွာနိုး၍ ကျွန်တော့်အား အသိပေးပြန်သွားလေသည်။ ထိုအချိန်တွင် ကျွန်တော်တို့နှစ်ယောက် ညက ကြက်ဥကြော်များ စားပစ်ခြင်းကြောင့် အမေသည် မနက်အတွက် အချိန်မီကြက်ဥများ တရဲရဲကြော်နေသည်ကို အိမ်ပေါ်မှ ကြားနေရ၏။

မနက်ခြောက်နာရီခွဲခန့်တွင် ကျွန်တော်လည်း အိပ်ရာထ၊ မျက်နှာသစ်၍ အမေကြော်သည့် ထမင်းကြော်နှင့် ကြက်ဥကြော်ကိုမျှစားမနေတော့။ စံမင်း အိမ်သို့ထွက်ခဲ့လေသည်။ စံမင်းအိမ်အရောက်၌ စံမင်းသည် ကောက်ညှင်းပေါင်း ဝယ်၍ ကောက်ညှင်းပေါင်းအားလုံကြိုးအတွင်း ဆီဆမ်း၊ ဆားဖြူးလုပ်နေသည်ကို တွေ့ရ၏။ နီရဲရဲ ယုန်ပေါင်တစ်ဖက်အားလည်း ဖဲ့ရွဲ၍ ပန်းကန်တွင် ဆီအသင့် ဆမ်းထားပြီးသည်ကို တွေ့ရ၏။

"ကဲ ... လာထိုင် ဟော့ကောင် စားမယ်ကွာ။ ကောက်ညှင်းပေါင်းက ပူတုန်းစားရတာ ပိုအမိပ္ပာယ်ရှိတယ်"

"မင်းအဘရော နိုးပြီလား"

"နိုးပြီ။ အဘ တရားထိုင်နေတယ်"

ကျွန်တော်တို့ကသာ တောလိုက်သွားရန်အတွက် ပြင်ဆင်စားသောက်နေကြသော်လည်း စံမင်းအဘမှာမူ တိတ်ဆိတ်စွာ အိမ်ပေါ်တွင် တရားထိုင်လျက်ရှိလေ၏။ ကျွန်တော်တို့၏ အနေအထားနှင့် စံမင်းအဘ၏ အနေအထားကား တကယ့်တခြားစီပင်။ သို့သော် အဘသည် စကားရှည်ရှည်ဝေးဝေး သိပ်ပြောလေ့မရှိ။ ခပ်အေးအေး သာနေလေ့ရှိ၏။ တစ်ခါတစ်ရံတွင် အိမ်ပေါ်၌ထိုင်နေသော်လည်း လူ ရှိမှန်းပင် မသိရပေ။ ထို့ကြောင့်လည်း စံမင်းသည် ကျွန်တော့်ထက်

ပို၍ လွတ်လပ်စိတ်ချမ်းသာနေခြင်းဖြစ်၏။

ကျွန်တော်တို့ နှစ်ယောက်သည် ကောက်ညှင်းပေါင်းများ စားသောက်ပြီး၍ ရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်ဝေးသည့် လိပ်ကန်ကုန်းတောကြီးသို့သာ တက်လာခဲ့ကြပြန်သည်။ ပထမ မကွဲခွောင်း၊ ထိုမှတစ်ဆင့် ဖြူးထူးတော။ ထိုဖြူတောကြီးအား ကျော်ဖြတ်၍ ကမ်းပါးယံပေါင်း မြောက်မြားစွာ ရှောင်ကွင်းပြီးတော့မှပင် ထို လိပ်ကန်ကုန်းတောကြီး၏ ဇရိယာအတွင်းသို့ ဝင်မိကြလေ၏။

"ကဲ ... ငါ့ကောင် ရောက်တော့ရောက်ပြီ။ ရှေ့က ချီတက်ကွာ။ ဟိုင်နဲတွေနဲ့လည်း အရင်တစ်ခါကလို လာတွေ့နေဦးမယ်"

"ဟာ ... မတွေ့နိုင်ပါဘူး။ တို့နဲ့ သူတို့ချိန်းထားတာမှ မဟုတ်ဘဲ။ ဒီတောထဲ သူတို့ ဘာလာလုပ်မှာတုန်း"

"ဒီတောထဲ ဘာလာလုပ်တာတုန်းတော့ မသိဘူး။ အရင်တစ်ခါကတော့ တန်းနေတာပဲ"

စံမင်းကလည်း ယခင်ကတွေ့ခဲ့ဖူးသည့် ထိုကိုယ်ကွတို့လူစုအား အမှတ်ရ၏။ ကျွန်တော်ကလည်း တိုက်ဆိုင်နေသည့်အတွက် အမှတ်ရ၏။ သို့သော် ပြော၍သာပြောရသည်။ တွေ့ဖို့ကား အလွန်တရာတော့ ခဲယဉ်းလှပါသည်။

သို့နှင့် ကျွန်တော်နှင့် စံမင်းကား စကားတပြောပြောနှင့်ပင်

တောင်အရှေ့မြောက်ဖျားမှနေ၍ အလယ်ကျောသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ကြ၏။ ရှေ့နားအရောက်တွင် ကျွန်တော်နှင့်စံမင်းအတွက် မမျှော်လင့်သည့် အံ့သြဖွယ် မြင်ကွင်းဆန်းတစ်ခုကြောင့် နှစ်ယောက်သား ခြေစုံရပ်၍ ကြည့်နေမိကြလေ၏။

''ဖူး ... ဖူး''

''ဖြန်း ... ဖြန်း ... ဖလမ်း''

မြင်ကွင်းကား အလွန်တရာကြီးမားလှသည့် သိန်းငှက်ကြီးတစ်ကောင်နှင့် မြွေဟောက်ကြီးတစ်ကောင်တို့၏ အလွန်ပြင်းထန်သည့် တိုက်ပွဲတစ်ပွဲ ဖြစ်နေလေသည်။

အတောင်ပါသည့် သိန်းငှက်ကြီးသည် အလွန်ကြီးမားစွာ ဒေါသတကြီး ပါပျဉ်းကြီးခွက်နေသည့် မြွေဟောက်ကြီးအား ထိုးစိုက်ပုံသန်းယင်း သူ၏တောင်ပံအစုံနှင့်လည်း တဖြန်းဖြန်းရိုက်၏။ သူ၏ကြီးမားသည့် လက်သည်းကြီးများနှင့်လည်း ကုတ်ဖဲ့ရန် ကြိုးစား၏။ သို့သော် မြွေဟောက်ကြီးသည် အလွန်ကြီးမားလှသောကြောင့် သိန်းငှက်၏ တောင်ပံအစုံအားလည်းကောင်း၊ လက်သည်းထိုးကုတ်မှုဒဏ်အားလည်းကောင်း၊ နှုတ်သီးနှင့်ထိုးဆိတ်သည့်ဒဏ်အားလည်းကောင်း သိပ်ဖြိုပုံမရပေ။

''ဟေ့ကောင် ... သေချာကြည့်ကွာ။ တိုက်ပွဲကတော့

ကောင်းနေပြီ''

စံမင်းမှ ကျွန်တော့်အနီးသို့ တိုးကပ်ရင်း လေသံတိုးတိုးနှင့် သိပေးပြောဆိုလိုက်ခြင်းဖြစ်၏။ အခြင်းအရာအားလုံးအား သူလည်း မြင်ရသလို ကျွန်တော်လည်း မြင်နေရသည်မို့ အထူးဆိုဖွယ်ရန်တော့ မလိုပေ။

''ဂိုး''

''ဖြန်းဖြန်း ... ဖြန်း''

ကျွန်တော်တို့ ထိုသို့ ကြည့်ရှုနေစဉ်မှာပင် သိန်းငှက်ကြီးသည် ဒေါသတကြီး အရှေ့မှအနောက်သို့ ထိုးစိုက်ပျံသန်းတိုက်ခိုက်ပြန်လေ၏။ ပါးပျဉ်းခွက်ထားသည့် မြွေကြီးကလည်း လျင်မြန်လွန်းလှ၏။ မြားတစ်စင်းကဲ့သို့ အရှေ့မှ အနောက်သို့ လျှပ်တစ်ပြက် ဝင်ရောက်လာသည်။ သိန်းငှက်ကြီး၏ အသေအလဲ တိုက်ခိုက်မှုအား တောင်ဘက်သို့ ဦးခေါင်းအား တိမ်းစောင်းလိုက်ပြီး ဖြူဖွေးခွန်ထက်သည့် အစွယ်ကြီးနှင့် ပြန်လည်တိုက်ခိုက်၏။ မိလိုက်လျှင်တော့ မတွေးဝံ့စရာပင်။

''ဟာ ... မြွေကြီးကလည်း အတော်လျင်တာပဲဟ''

ကြည့်ရင်းမှ အားမလို အားမရ တလှုပ်လှုပ် တရွရွဖြစ်လာသည့် စံမင်းအား ကျွန်တော် ပခုံးချင်းတိုက်၍ ...

''အသာကြည့်စမ်းပါ။ နောက် ဘာဖြစ်သွားလဲဆိုတာ။ တချို့

က တီဗီထဲမှာပဲ ကြည့်ရတာ။ အခု တို့က အပြင်မှာတကယ်ကြည့်နေရတာ''

ကျွန်တော် ထိုသို့ပြောနေခိုက်မှာပင် မြွေကြီးသည် ပါးပျဉ်းကြီးအား ဖျတ်ခနဲချလိုက်ပြီး ချုံတွင်းသို့ ဝင်သွား၏။

''ဟ ... မြွေကြီးပြေးတာထင်တယ်။ ချုံထဲဝင်သွားပြီ''

စံမင်းမှ ထိုသို့ပြောသော်လည်း ကျွန်တော် ဘာမှပြန်မပြောဖြစ်။ ကိုက်နှစ်ဆယ်ခန့်လောက်မျှသာဝေးကွာသော နဘူးချုံကြီးအတွင်းသို့ ကျွန်တော် စိုက်ကြည့်နေမိ၏။ ချုံကြီးသည် အထက်ရှုပ်သော်လည်း အောက်ရှင်းလျက်ရှိ၏။ သို့သော် မြွေကြီးအား မမြင်ရချေ။

ထိုအချိန်တွင် သိန်းငှက်ကြီးသည် ရန်သူအား အောင်နိုင်၍ ကြွေးကြော်နေသည့်အလား ထန်းတစ်ဖျားလောက်မျှရှိသည့် ကောင်းကင်တွင် ထိုမှ ဤမှ လူးလာခေါက်တုံ့ ပျံသန်းလျက်ရှိ၏။

ထိုအချိန်မှာပင် မြွေကြီးသည် ချုံကြီးအတွင်းမှ လျှောခနဲဦးခေါင်းကြီး ပြန်ထွက်လာလေသည်။ ကျွန်တော့်အထင်အရ ကောင်းမွန်သည့်နေရာအား ပြောင်းရွှေ့ယူလိုက်ဟန် ရှိ၏။ တိရစ္ဆာန်များ ဖြစ်ပေသိ အံ့သြဖွယ်တော့ ကောင်းလှ၏။ သူ ထိုသို့ ချုံအနီးသို့ တိုးတိုးကပ်ကပ်နေရာယူလိုက်ခြင်းအားဖြင့် လေးဖက်လေးတန်မှ လွတ်လပ်စွာ ပျံသန်းတိုက်ခိုက်လျက် ရှိသည့် သိန်းငှက်ကြီးအတွက် မျက်နှာနှစ်ဖက်

ပိတ်ဆို့သွားလေသည်။

မြွေကြီး ထိုသို့ ခေါင်းပြူထွက်လာသည်နှင့် အဆင်သ
စောင့်လျက်ရှိသော သိန်းငှက်ကြီးသည် လျင်မြန်သည့်အဟုန်နှင့် ထ
စိုက်ပျံသန်းလာလေ၏။

''ဂိုး''

''ဝိုး''

မြွေကြီးသည် သူ့ကိုယ်ခန္ဓာအောက်ပိုင်းအား လုံခြုံစွာ သိ
ဆည်းထားပြီးဖြစ်သည်မို့ ပထမ နှစ်ပေလောက်သာ ထောင်ထားသည
သူဦးခေါင်းကြီးအား နောက်ထပ် လေးပေလောက်မျှ တိုးမြှင့်ထော
လိုက်ပြီးလျှင် လေကြောင်းမှ စီးစီးပိုးပိုး တိုက်ခိုက်လျက်ရှိသည့် သိ
ငှက်ကြီးအား အပိုင်ပြန်၍ တိုက်ခိုက်လေ၏။

တောတွင်းတစ်နေရာဖြစ်လင့်ကစား ကျွန်တော်တို့ မြင်တေ
ကြည့်ရှုနေရသည်မှာ ရင်သပ်ရှုမောရ၏။

''ဟေ့ကောင် ... မပစ်နဲ့လေ။ မင်း ဘာလုပ်တာတုန်း''

''အဲကွာ ... မပစ်ပါဘူးဟာ။ ညောင်းလို့ပြောင်းကိုင်တာပါ

ကျွန်တော့်လက်တွင်းမှ သေနတ်အား ဘယ်ညာပြောင်းရွ
ကိုင်တွယ်လိုက်သည်ကို စံမင်းသည် ကျွန်တော့်အား ပစ်တော့မည
အလား စိုးရိမ်စွာ အဆောတလျင် တားမြစ်လိုက်ခြင်းဖြစ်၏။

F. 12. A

ကျွန်တော်သည် ဤတိုက်ပွဲအား မည်သူ့ဘက်ကမျှ မလိုက်ပါ။ မည်သည့်အကောင်က မည်သို့ပွဲသိမ်းတိုက်ခိုက်ပြီး အနိုင်ယူမည်နည်းဟူသည့် သိလိုစိတ်နှင့်သာ စိတ်ဝင်စားစွာ ကြည့်ရှုနေခြင်း ဖြစ်၏။ သူတို့အချင်း ထိတွေ့တိုက်ခိုက်နေသည့်ကိစ္စအား ကျွန်တော်တို့ ဝင်ရောက်စွက်ဖက်က ကိုယ့်အလုပ်မဟုတ်သည့် အလုပ်တစ်ခုအား မသိမဆိုင် ဝင်ရောက်လုပ်နေသကဲ့သို့ ဖြစ်ပေလိမ့်မည်။

ဤကိစ္စမျိုးအား ကျွန်တော်တို့ ဝါသနာသမားများ မဆိုထားနှင့် တကယ့်မုဆိုးကြီးပင် ရှောင်ရှားလေ့ရှိကြောင်း ကျွန်တော် ကြားဖူးနားဝရှိခဲ့ရ၏။ ကျွန်တော်တို့ ကြည့်ရှုနေစဉ်မှာပင် သိန်းငှက်ကြီးသည် သူ၏ ခွန်ထက်သည့် လက်သည်းကြီးအစုံနှင့် မြွေကြီး၏ ဦးခေါင်းအား အတင်းစွဲကုပ် ဖျစ်ညှစ်မယူဖို့ ကြိုးစားခိုက် မြွေကြီး၏အစွယ်သည် သိန်းငှက်ကြီး၏ ဘယ်ဘက်တောင်ပံအား ထိမိစွာ ပေါက်ထည့်လိုက်လေတော့၏။

သိန်းငှက်ကြီးကား ဟန်ချက်ပျက်သွားရုံမက လည်ထွက်သွားလေသည်။

"ဟာ ... ဟော့ကောင် သိန်းငှက်ကြီး ထိသွားပြီ"

"တွေ့တယ် ... တွေ့တယ်။ ဘာဖြစ်မတုန်း ဆက်ကြည့်"

"ဂိုး"

"ဖလမ်း ... ဖလမ်း ... ဖလမ်း"

"ဟ ... ဟ ... ဟ ... ပြုတ်ကျတော့မလား မသိဘူး"

"ပြုတ်ကျတော့လည်း အသာလေး သွားကောက်တာပေါ့ကွာ"

ကျွန်တော်နှင့် စံမင်း ထိုသို့ပြောနေစဉ်မှာပင် သိန်းငှက်ကြီးသည် ပြုတ်ကျတော့မလို ဘာလိုလိုမှ အထက်သို့ များစွာ အားယူဦးမော့လျက် တောင်ကုန်းထိပ်သို့ ပျံသန်းသွား၏။

ကျွန်တော်တို့ စူးစိုက်စွာကြည့်လိုက်တော့ အုန်းနှဲပင်ကြီးအား နားခိုသွားခြင်းဖြစ်ပြီး အုန်းနှဲရွက်များအား နှုတ်သီးနှင့် အငမ်းမရ ပေါက်စားလျက်ရှိသည်ကို တွေ့ရ၏။ ထို့နောက် ဘာမှမကြာလိုက် ချက်ချင်း ထိုးဆိုက်ပျံသန်းလာပြန်လေ၏။

"ဟင် ... ဟာ ... မြွေကြီး မရှိတော့ဘူးဟ"

စံမင်းမှ အရင်မြင်၍ အရင်ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော် အသေအချာကြည့်လိုက်သည့်အခိုက် အဟုတ်တကယ်ပင် မြွေကြီးအား မတွေ့ရတော့။ သိန်းငှက်ကြီးသည် မကျေပွန်ခဲ့ရန်အတွက် မြွေဟောက်ကြီးအား ထိုမှ ဤမှ အသည်းအသန် ပျံသန်းရှာဖွေလျက်ရှိ၏။ သို့သော် မြွေဟောက်ကြီးကား အရိပ်အယောင်မျှ မတွေ့ရတော့ပါပေ။

"ဟော့ကောင် .... မြွေဟောက်ကြီး မတွေ့ရတော့ဘူး။ သိန်းငှက်ကြီး ပစ်ကွာ။ မထူးတော့ဘူး"

''မလုပ်ပါနဲ့ကွာ။ ဘာလုပ်မှာတုန်း။ မြွေဟောက်ကြီးက တွင်းထဲ ဝင်သွားတာဖြစ်လောက်တယ်''

''မသိဘူးကွာ။ ငါတို့ သိန်းငှက်ကြီးကြည့်နေတုန်း လစ်သွားတာကိုး''

စံမင်းနှင့် ကျွန်တော်သည် တစ်ဝက်တစ်ပျက် ပွဲပြီးသွားသည်မို့ ထိုနေရာမှ စကားတပြောပြောနှင့် ထထွက်လာခဲ့ကြ၏။ အချိန်သည်ပင် ဘာလိုလိုနှင့် တစ်နာရီလောက်မျှ ကြာသွားလေသည်။ သို့သော် အလွန်ကြည့်ရခဲ့ တွေ့ရခဲသည့် မြင်ကွင်း မြင်ကွက်မို့ အချိန်ကြာသည်မထင်လိုက်ရ။ ဆက်ဖြစ်လျှင် ကျွန်တော်တို့ ဆက်ကြည့်နေကြဦးမည်သာ။

ကျွန်တော့်အထင်တွင် သိန်းငှက်ကြီးသည် မြွေစွယ်ထိ၍ အဆိပ်မိသေဆုံးသွားလိမ့်မည်ဟု ထင်ထားသော်လည်း ကျွန်တော်တို့ ထင်သကဲ့သို့ မဟုတ်လေပဲ အုန်းနဲ့ရွက်များအား စားသောက်ပြီး အကောင်းပကတိအဖြစ်နှင့် ချက်ချင်း ပြန်ဆင်းလာသည်ကို တွေ့ရ၍ ကျွန်တော်တို့နှစ်ယောက်အတွက် စဉ်းစားဖွယ် ဖြစ်နေရလေသည်။ အုန်းနဲ့ရွက်သည် အဆိပ်ဖြေဆေးပင်လော၊ ထိုအတွေးများလည်း ခေါင်းထဲသို့ တောက်လျှောက် ဝင်လာရ၏။

''ကဲ ... ငါ့လူရေ အချိန်ကတော့ တစ်နာရီလောက် ပြုန်းသွားပြီ။ လာ ... မြန်မြန်လေးသာ ချီတက်ကြစို့''

စံမင်းသည် ပြောဆိုပြီး ရှေ့မှ ခြေလှမ်းကျဲကျဲနှင့် လျှောက်သွားပြီမို့ ကျွန်တော်လည်း သူနောက်မှ ထပ်ကြပ်မကွာ လိုက်သွားရတော့၏။ ရှေ့နားအရောက်၌ ရှေ့မှ သွားနေသည့် စံမင်းသည် ခြေစုံရပ်လျက် မျက်နှာနောက်လှည့်မကြည့် ကျွန်တော့်ထံမှ သေနတ်အား ခပ်စွပ်စွပ်တောင်းယူလေတော့၏။

''ဟေ့ကောင် ... ဘုန်း သေနတ်ပေးစမ်း။ သေနတ်ပေးစမ်း။ မြန်မြန်လုပ်''

စံမင်းသည် ကျွန်တော့်ထံသို့ နောက်လှည့်မကြည့်ဘဲ တောင်းယူခြင်းကြောင့် ကျွန်တော် ဘာမျှစဉ်းစားမနေတော့ ကျည်အသင့်ထိုးထားသည့် သေနတ်အား သူလက်တွင်းသို့ ကမန်းကတန်း ထည့်ပေးလိုက်၏။ သူ့လက်အတွင်းသို့ သေနတ်ရောက်ရှိသွားသည်နှင့် စံမင်းသည် အသာယာ ဒူးထောက်ထိုင်ချလျက် သေနတ်အား အပိုင်ချိန်ရွယ်လိုက်ပြီးလျှင် ဝါးခုံကြီးအတွင်းသို့ ပစ်ခတ်လိုက်လေ၏။

''ဒိုင်း''

သေနတ်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးအား ဟိန်းထွက်သွားရုံမျှမက ယမ်းငွေ့များကလည်း ထောင်းခနဲ ပျံတက်လာလေသည်။ ကျွန်တော့်မျက်စိတွင် တောကြောင်တစ်ကောင် ထွေးခနဲ ပြုတ်ကျ

လာသည်ကို တွေ့ရ၏။ စံမင်းသည် သူဟာသူ ပစ်၍ ထိုတောကြောင်အား သူဟာသူ သွားရောက်ကောက်ယူလေသည်။

အလွန်လျင်လိုက်သည့် စံမင်းပင်။ ကျွန်တော် ဘာမျှ မသိလိုက်။ အလွန်ကြီးမားသည့် တောကြောင်ကြီးတစ်ကောင်ဖြစ်နေခြင်းကြောင့် ကျွန်တော်လည်း လက်ဝယ်သို့ရောက်ရှိလာမှသာလျှင် ဝမ်းသာသွားရလေတော့သည်။

''ရော့ ... ငါ့ကောင်ရေ ငါးပိသာတော့ အနည်းဆုံးပဲ''

''ဗြောင်း''

စံမင်းသည် ပြောပြောဆိုဆိုနှင့် ကြောင်ကြီးအား ခြေနှစ်ချောင်း ကိုင်၍ ကျွန်တော့်ရှေ့သို့ ပစ်ချပေးလိုက်ခြင်း ဖြစ်၏။ ကျွန်တော် အသေအချာကြည့်လိုက်တော့ ကြောင်သိုးကြီးဖြစ်နေကြောင်း တွေ့ရလေသည်။

''ကဲ ... ဘယ်သွားဦးမလဲ။ ပြန်မလား။ လျှောက်လှည့်ဦးမလား''

''စောတော့ စောပါသေးတယ်။ လျှောက်လှည့်သေးတာပေါ့''

ကျွန်တော် ထိုသို့ပြောပြီး မြေပြင်ထက်မှ ကြောင်ကြီးအား ဒေ့ခနဲ မယူ၍ ပခုံးထက် ထမ်းယူလိုက်လေသည်။ လည်တိုင်သို့ ထိမှန်ထားသည်မို့ သွေးများက တစက်စက် ကျလျက်ရှိလေ၏။

''ငါ့ကောင်ရေ ဒီပုံစံဆို သွားရတာတော့ ဟန်မကျဘူး။ ထားခဲ့မှ ဖြစ်မယ်''

''ကဲ ... ဒါဆိုလည်း မင်းသဘောပဲ။ ဟိုလွန်ပင်ကြီးမှာသာ ချိတ်ခဲ့ကွာ။ အပြန်မှ ဝင်ယူတာပေါ့''

စံမင်းစကားကြောင့် ကျွန်တော်သည် တောတွင်း၌ လွတ်လွတ်လပ်လပ် မရှိ။ အယူရခက်သည့် ကြောင်ကြီးအား လွန်ပင်ကြီး၏ခွဆုံသို့တင်ထားခဲ့၏။

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် တောင်စူးစူးသို့ မျက်နှာမူရာမှတစ်ဆင့် အရှေ့တောင်သို့ ချီးကွေ့ မျက်နှာမူလိုက်သည်။ တော၏ အရှေ့တောင်အရပ်သည် ကြီးမားသည့် လျှိုမြောင်ကြီး ရှိ၏။ ထိုလျှိုကြီး၏ နှုတ်ခမ်းဝသို့ ရောက်ရှိခိုက် အတွင်းမှ စကားပြောသံများ ကြားနေရခြင်းကြောင့် ကျွန်တော်တို့ ခြေလှမ်းများ တန့်သွားရပြန်သည်။

''ဂျူး ... ဘုန်း အထဲက စကားပြောသံတွေ ကြားလား''

''အေး ... ကြားတယ်။ နားထောင်စမ်း''

ကျွန်တော်တို့ စူးစူးစိုက်စိုက် နားထောင်ကြည့်၏။ သဲသဲကွဲကွဲကား မကြားရချေ။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ယောက် ရှေ့တိုးနိုင်သမျှ တိုးကပ်လိုက်ပြီး လာသမျှအသံများအား အသေအချာ စိစစ်

နားထောင်လေ၏။ သေချာနားထောင်လေ မရှင်းလေမို့ တိတိကျကျ သိလိုက အထဲသို့ ဝင်ရောက်နားထောင်ရန်သာ ရှိတော့၏။ လူဆိုးလား၊ လူကောင်းလား၊ ရန်သူလား၊ မိတ်ဆွေလား ခွဲခြားမသိနိုင်သည့် အခြေအနေတွင် ရှိနေခြင်းကြောင့် ကျွန်တော်တို့ သတိဝိရိယနှင့် နောက်သို့သာ အသာပြန်ဆုတ်လိုက်ကြ၏။

''ဟေ့ကောင် ... နွားသူခိုးအဖွဲ့တွေ ဖြစ်ဖို့များတယ်''

''နွားသူခိုးလည်း ဖြစ်ရင်ဖြစ်မှာ၊ အခြားအကြိအစည်ရှိတဲ့ လူတွေလည်း ဖြစ်ရင်ဖြစ်မှာ။ မပြောနိုင်ဘူး။ အသေအချာမှ မမြင်ရတာ''

''လာ ... ဒါဆို နောက်ပြန်မဆုတ်နဲ့ အသေအချာမြင်အောင် ဆင်းကြည့်မယ်ကွာ''

''ဟေ့ကောင် ... စံမင်း အဲဒီလိုမလုပ်နဲ့။ ဆင်းကြည့်ရင် အကုန်ပြဿနာတက်ကုန်မှာပေါ့။ နေစမ်းပါ။ အခြေအနေစောင့်စမ်းပါ''

အခြေအနေစောင့်စမ်းပါဟု ဆိုသော်လည်း တကယ်၌မူ စံမင်းပြောသကဲ့သို့ပင် ဆင်းမကြည့်က သိနိုင်မည် မဟုတ်ပေ။

ကျွန်တော်ကသာ ဆင်းမည်ဟုဆိုပါက စံမင်းသည် နှစ်ခါပြန် ဆင်းမှာ သေချာ၏။ ထို့ကြောင့် ကြောက်တတ်သည်ဟုပင်ဆိုဆို သတ္တိ နည်းသည်ဟုပင်ပြောပြော ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုချ၍

စံမင်းလက်ဆွဲပြီး နောက်သို့သာ မထင်မှတ်ဘဲ ပြန်ဆုတ်လိုက်လေသည်။ မစားရ မသောက်ရဘဲ အန္တရာယ်က များနေသည် မဟုတ်ပါလား။ ထိုလှုံ့ကြီးနှင့် အတန်သင့်ဝေးကွာတော့မှပင် ကျွန်တော်တို့ နှစ်ယောက်သည် စိတ်မသက်သာစွာ နောက်သို့ တစ်ချက် ပြန်လှည့်ကြည့်မိကြ၏။ သို့သော် မည်သည့်လူရိပ်လူယောင်မျှ မတွေ့ရပေ။

ထို့နောက် ကျွန်တော်တို့သည်လည်း တောင်၏ အရှေ့တောင်အဖျားမှနေ အလယ်ကြောသို့ ပြန်၍ လျှောက်ရင်း လျှောက်ရင်းနှင့်ပင် ညနေ ငါးနာရီသည်လည်း ခွဲသွားလေတော့၏။ အကောင်ဆိုသည်ကား တောကြောင်တစ်ကောင်မှလွဲ၍ နောက်ထပ် မည်သည့်အကောင်ပလောင်မျှ မရရှိတော့ပေ။ ကျွန်တော်တို့ နှစ်ယောက် ဟိုဝင် သည်ထွက်နှင့် ရွာပြန်ရောက်တော့ မှောင်မိုက်နေပြီ ဖြစ်လေ၏။

❖ ❖ ❖

သည် ဥပဓိရုပ်ကောင်းသူဖြစ်သော်လည်း မိန်းကလေးများအား အူလိုက်
သည်းလိုက် စိတ်ဝင်စားမှု ရှိသူမဟုတ်ပေ။ သူကိုသာ အခြားမိန်းက
လေးများမှ အတော်စိတ်ဝင်စားခြင်း ခံရသူဖြစ်လေ၏။ အသားဖြူ၏။
မျက်နှာပေါက် ဝန်းဝိုင်းပြည့်ဖြိုး၏။ ကိုယ်ခန္ဓာ တောင့်တင်း ဖြောင့်
စင်း၏။ မိန်းကလေးများအတွက် ကျွန်တော့်သူငယ်ချင်း စံမင်းသည်
ဘာများလိုအပ်ပါသေးသနည်း။ ဤကြားထဲ သန်က သန်လိုက်သေး၏။

ကျွန်တော့်သူငယ်ချင်း စံမင်းလို အကောင်သာ မစိတ်မွန်
ဝါသနာရှိပါက သူနှင့်တွေ့သည့် မိန်းကလေးအားလုံး ကားသွားနိုင်
လေသည်။ သောက်သောက်လဲသွားနိုင်လေသည်။ သို့သော် ကျွန်တော့်
သူငယ်ချင်း စံမင်းသည် ငါးကြော်မကြိုက်သည့် ကြောင်တစ်ကောင်
သာ ဖြစ်လေ၏။ လောကၻ ငါးကြော်မကြိုက်သည့် ရှားပါးကြောင်များ
ရှိ၏။ ကျွန်တော် နှစ်ကောင်လောက်မျှ တွေ့ဖူးလေသည်။ ချကြေးကြည့်
ငါးကြော်အား နမ်းမကြည့်ရုံမက နူတ်သီးကိုပင် ဝေးရာသို့ တိမ်းယ
ရှောင်ရှားသွားလေသည်။

ယခု စံမင်းသည်လည်း ငါးကြော်မကြိုက်သည့် ကြောင်တ
ကောင် အလားသာလျှင် ရှိလေ၏။ အဘယ်ကြောင့်ဆိုသော် စံမင်
တည်းဟူသော ကြောင်ဖားကြီးအား ကျွန်တော်သည် ဟိုဒင်းတည်းဟု
သော ငါးကြော်ကြီးအား ချကျွေးအကွက်ဆင်ပေးဖူးသောကြောင့် ဖြ

အခန်း (၁၂)

ကျွန်တော်သည် ကလေးများ ကျောင်းပိတ်ရက်ဖြစ်သဖြင့်
အိမ်အလုပ်အားလည်း မည်သည့်အလုပ်မျှ တိကျစွာ တာဝန်ယူမထား
လေသောကြောင့် သွားလိုရာသွား၊ လာလိုရာလာ၊ လုပ်လိုရာ လုပ်နှင့်
မည်မျှ ပျော်ရွှင် လွတ်လပ်စရာကောင်းလေသနည်း။ တစ်ရွာလုံး၌ ထို
အခွင့်အရေးမျိုးအား ကျွန်တော်နှင့် စံမင်းမှလွဲ၍ အခြားမည်သူတစ်ဦး
ဘစ်ယောက်အထံ၌မျှ မရှိချေ။

ထို့ကြောင့် စံမင်းသည် အလွန်လွတ်လပ်ပျော်ရွှင်သူ ဖြစ်၏။
ကျွန်တော်နှင့် အမြဲတစေ သွားလာလှုပ်ရှားနေရာက သူ့အတွက်
လောကကြီးသည် ဘာမျှမလိုအပ်တော့ ဟူ၍ အထင်ရှိသူဖြစ်၏။ စံမင်း

လေ၏။ သကောင့်သားက သူနှုတ်သီးကြီးကိုသာ ဟိုရောင် သည်ရွာ
နှင့် နောက်ဆုံးအချိန်ကုန်သွားရလေ၏။ ထို့ကြောင့် လောကကြီး
အတွင်း၌ လွတ်လပ်စွာ ပျော်ရွှင်နေသည့် စံမင်းသည် ရိုးသားဖြူစင်
သူသောကြောင့် အမှန်တကယ်ပင် လွတ်လပ်စွာ ပျော်ရွှင်ထိုက်သူသာ
ဖြစ်၏။ သူ့အတွက် အဟန့်အတား ဘာမျှမရှိသောကြောင့် ဖြစ်လေ၏။

ကျွန်တော်သည် သူနှင့်ယှဉ်က အခြားရှုံးနိမ့်သည့် အရာ
ဘာမျှမရှိချေ။ သို့သော် ကျွန်တော့်တွင် သူ့လောက် လွတ်လပ်ပျော်ရွှင်
မှုမရှိခဲ့။ တစ်စုံတစ်ခုသော အကြောင်းအရာက ကျွန်တော့်စိတ်အား
ပိတ်ဆီးသားသကဲ့သို့ ရှိလေ၏။ ထိုဖိစီးထားသည့် အကြောင်းတရားက
ဘာလည်း အခြားအကြောင်းတရားမဟုတ်။ ဆရာကြီး အဘ ဦးရွှေဂန်
နှင့် ပတ်သက်သည့် အကြောင်းတရားများသာလျှင် ဖြစ်ချေတော့၏။

စံမင်းသည် တစ်ခါတစ်ရံ အကြောင်းခြင်းရာကိစ္စတစ်ခု
ခုပေါ်၌ ကျွန်တော့်လောက် စိတ်ထဲတွင် သိလျောင်သိမ်းဆည်းထားသူ
တုတ်ပေ။ ခပ်ပေါ့ပေါ့သာလျှင် သဘောထားလျှင် ထားတတ်၏။ ယခု
ဤတစ်ခုအပေါ်၌လည်း သူ့ စရိုက်ဝသီအတိုင်း ဤကဲ့သို့သော သဘော
ထားခဲ့လေသောကြောင့် ကျွန်တော်နှင့် မတူညီသကဲ့သို့ ရှိလေ၏။
နောက်ဆုံး ကျွန်တော်သည် သူကြည့်၍ ကျွန်တော်ကပင် မှားနေ
သလော သူကပင် မှန်နေသလောဟူ၍ ကျွန်တော့်စိတ်အာရုံအား

ကျွန်တော် မဆုံးဖြတ်နိုင်သကဲ့သို့ ရှိ၏။

ကျွန်တော်သည် အလွန်ကြီးမားသည့် ထိုစိတ်ခံစားမှု
ကြောင့် အိမ်အပေါ်ထပ်၌ တစ်ခါတစ်ရံ အလေးမလျှင် မ,နေတတ်
လက်သီးထိုးလျှင် ထိုးနေတတ်၏။ ကိုယ်ဖော့၍ ကန်လား ကြေး
လား လုပ်လျှင် လုပ်နေတတ်၏။ တစ်ခါတစ်ရံ ကျွန်တော် ထိုသို့
နေဆဲကာလ၌ အပေါ်ထပ်မှ အသံဗလံအနည်းငယ် ထွက်ပေါ်လာ
အတွက် အမေက အပေါ်ထပ်သို့ ထူးဆန်းသည့်မျက်လုံးနှင့် ဇ
ကြည့်လျှင် ကြည့်တတ်၏။

ကျွန်တော့်အား တွေ့ရသည့်အခါ၌ အမေသည် ဘာမျှမ
တွေဝေသည့်မျက်နှာနှင့် ကျွန်တော့်အား စူးစမ်းစွာကြည့်၍ ပြန်
သွားသည်ချည်းဖြစ်၏။ ကျွန်တော်သည် လာလတ္တံ့သည့် ဘေးမျှော
ကြိုတင်၍ ခံစားနေရသကဲ့သို့ ရှိလေ၏။ ထို့ကြောင့် ညအချိန်မှ
ကျွန်တော် အတော်နှင့် မအိပ်ပေ။ မျက်လုံးအစုံအား အမှောင်
စူးရှတောက်ပြောင်အောင် ကျွန်တော် ကြိုးစား၏။ ကြည့်ရှု၏။

နားနှစ်ဖက်အားလည်း ကျွန်တော် ယခင်က နအေ နှ
ထားခဲ့သော်လည်း ယခုအချိန်၌မူ လျင်သည်ထက် လျင်အော
ကျွန်တော် ကြိုးစား၏။ အကြားအာရုံအား ကျွန်တော် စူးရှသည်ထ
စူးရှအောင် ဖမ်းယူ၏။ ပို့လွှင့်နေသည့်စိတ်များအား ကျွန်တော်

ပေါင်းမြောက်များစွာ လိုက်လံ ဖမ်းဆီးထိန်းချုပ်၏။

ကျွန်တော် ထိုသို့ စိတ်ခံစားမှုများနှင့်အတူ လေ့ကျင့်ပြုလုပ်လာခဲ့သည်မှာ ဘာလိုလိုနှင့် တစ်လကျော်ခဲ့ပေပြီ။ ထို့ကြောင့် ကျွန်တော့် ကိုယ်ခန္ဓာသည် ယခင်ကနှင့် များစွာကွာခြားသွားလေ၏။ ယခင်ကဆက် အဆပေါင်းများစွာ ပေါ့ပါးသွားသကဲ့သို့လည်း ခံစားရလေသည်။ သို့မျှမက ကျွန်တော့် လက်ခြေတို့သည်လည်း ယခင်ကထက် အဆပေါင်းများစွာ လျင်မြန်ဖျတ်လတ်သွက်လက်နေကြောင်း မိမိကိုယ်မိမိကောင်းစွာ သတိပြုမိ၏။,

ထို့ကြောင့် စံမင်းသည်ပင် ကျွန်တော့်အား ယခင်ကနှင့်မတူအနည်းငယ် ဖြိုလာ၏။ ကျွန်တော် အိပ်ပျော်နေသည့်အခါမျိုး၌ ကျွန်တော့် အနီး၌ ကပ်၍ ဆောင့်တွန်းပုတ်ခတ်နှိုးလား ဘာလား မလုပ်ရဲတော့ချေ။ ထိုမျှမက ကျွန်တော် ရှေ့လှည့်၍ ငုတ်တုတ်ထိုင်နေစဉ် နောက်က အသိမပေး ခြေသံမကြားစေဘဲ အနီးသို့ရောက်မှ ရုတ်တရက် ချိုင်းခုန်ဝါဘာမျိုး ဘာညာများလည်း စံမင်း သိသိသာသာ ရှောင်ကြဉ်သွား၏။ မရှောင်ကြဉ်၍လည်း မရ။

မရှောင်ကြဉ်ဘဲ ရှေ့ဆက်လုပ်က တစ်ချက်ချက် သူ ထိတော့မည်ပြုဖြစ်၏။ ထို့ကြောင့် စံမင်းက ကျွန်တော့်အား ဝေဖန်လာလေတော့၏။

"ငါ့ကောင်ကလည်း ဘာစိတ်ကူးပေါက်နေတယ် မသိဘူး။ ခုမှ

ခပ်ကြောက်ကြောက်ကို ဆက်ဆံနေရတော့တယ်"

"မင်း ငါ့ရဲ့လေ့ကျင့်မှုရဲ့ အစွမ်းကို ယုံတယ်နော်"

"ယုံတာ မယုံတာထက် တစ်ချက်ချက် မျက်ခွက်ကြီး လာထိမှာ ကြောက်နေရတယ်"

"မင်း အသိပေးလေ။ ဒါပဲရှိတာ။ အသိမပေးရင်တော့ တစ်ချက်ချက်မိမှာပဲ"

ကျွန်တော်လက်ခြေတို့သည် အမှန်တကယ်ပင် ယခင်ကကဲ့သို့ လေးလံထိုင်းမှိုင်းခြင်း မရှိ။ သွက်လက်လာပြီဖြစ်ခြင်းကြောင့် ထိုသို့ ပြောဆိုရခြင်းဖြစ်၏။

ကျွန်တော်သည် ထိုလေ့ကျင့်မှုများအား ဆက်လက်၍ ပြုလုပ်မြဲ ပြုလုပ်လျက်သာ ရှိလေသည်။ ထို့ကြောင့် ကျွန်တော်အား အဖော်တစ်နေ့ ဝေဖန်လာပြန်တော့၏။

"မင်း ဘာလုပ်နေတာတုန်း။ အိမ်ပေါ် တစ်ခါခါ အချိန်မဟုတ် အခါမဟုတ် ခြေသံတကြားကြားနဲ့"

"ဘာမှမလုပ်ပါဘူး။ လမ်းလျှောက်တာပါ"

"ဟ ... လမ်းလျှောက်တဲ့ခြေသံကလည်း အဲလောက်ပဲများရလား။ မဟုတ်မှလွဲရော ဒီကောင် ရောဂါတစ်မျိုး တိုးလာပြန်ပြီနဲ့တူတယ်"

ကျွန်တော် အဖေ့အား ဘာမျှရှည်ရှည်ဝေးဝေး တုံ့ပြန်စကား မဆိုတော့ အသာငြိမ်နေလိုက်တော့၏။ အမေကတော့ သူထုံးစံအတိုင်း ကျွန်တော့်အား ရှည်ရှည်ဝေးဝေး မဝေဖန်။ တိုတိုတုတ်တုတ် ဝေဖန်လေ၏။

"ငါ့သားကတော့ ခုမှ ဟုတ်နေတာ။ ဘာနဲ့ ထည့်ကျွေးကျွေး ကုန်တော့တာပဲ။ အရင်ကတော့ ဝက်သား မနူးရင် မစားရတာနဲ့။ ငါးဆင်ရိုင်း မကြိုက်ရတာနဲ့။ အမေ့မှာ အလုပ်ရှုပ်သေး။ ခုတော့ ဟန်ကျလို့"

ကျွန်တော်ကလည်း ကျွန်တော်ပင်။ ယခင်က အလွန်အစား အသောက် နည်းသူဖြစ်၏။ တော်ရုံတန်ရုံ ဟင်းမျိုးအား ကျွန်တော်သည် တို့ရုံတို့ကြည့်ပြီး မစားဘဲ ပြန်ချလျှင် ချပစ်တတ်၏။ ထိုအခါ မိုးဦး၌ အမေသည် ကျွန်တော့်အား လက်ဖက်သုပ်ကျွေးလျှင် ကျွေး၊ မကျွေးလျှင် ကြက်ဥအား အမြန်ဆုံးနည်းနှင့် ကြော်ကျွေးရတတ်သည်။ ဤကြားထဲ အမေ့ခမျာ အဖေသိမည်ကို စိုးရသေး၏။ အဖေကား ထွေလီကာလီများသည်ကို နည်းနည်းမှ ကြိုက်နှစ်သက်သူ မဟုတ်ပေ။ သူတကာပြီးသည့် ထမင်းဟင်းနှင့်ပြီးမှ ကြိုက်သူဖြစ်၏။

အိမ်၌ လက်ကြောမတင်းဆုံးကလည်း ကျွန်တော်။ အစား အသောက်အပေါ်၌ ချေးအများဆုံးကလည်း ကျွန်တော်ဖြစ်နေခြင်း

ကြောင့် အမေ့တွင် တစ်ခါတစ်ခါ အခက်ကြုံသွားရတတ်၏။ ယခုတော့ ကျွန်တော်သည် ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများကြောင့် ထိုသို့ မဟုတ်တော့။ အမေထည့်ပေးသည့် မည်သည့်ဟင်းမဆို ကျွန်တော် တစ်ခါတစ်ခါ နှစ်ခွက်လောက်မျှ စားပစ်တတ်၏။ ထို့ကြောင့် အမေက ကျွန်တော်အား သဘောကျစွာပြောခြင်းဖြစ်လေ၏။

ဤသို့နှင့် ကျွန်တော်၏ လေ့ကျင့်မှုများသည် တစ်လလောက်မျှ နောက်ထပ်လေ့ကျင့်လိုက်သည့်အခါ စုစုပေါင်း သုံးလလောက်မျှ လေ့ကျင့်ပြီးမြောက်သွားပြီဖြစ်ခြင်းကြောင့် မိမိကိုယ် မိမိလည်း ယုံကြည်မှုပါ တွဲလျက် ရရှိလာလေတော့၏။ တစ်ခါတစ်ခါ စံမင်းနှင့် ကျွန်တော်သည် လရောင်အောက်၌ အကျီမပါ ကိုယ်ဗလာများနှင့် ကစားလျှင် ကစားတတ်ကြ၏။

ကျွန်တော့်သူငယ်ချင်း စံမင်းကား ခေသူမဟုတ်ပေ။ ကျွန်တော် သုံးလလောက်မျှ သူ့ရှေ့မှ ကြိုတင်လေ့ကျင့်ထားသည့်တိုင် တကယ့် တကမ် ကစားကြသည့်အခါ စံမင်းသည် ကျွန်တော့်ထက် သွက်လက်လျင်မြန်နေသေး၏။ ကျွန်တော်သည် သူနှင့်တွဲဖက်ကစားသည့်အချိန်၌ ထိုကဲ့သို့ သုံးလလောက်ကသာ ကြိုတင်လေ့ကျင့်မထားခဲ့ပါမူ ကျွန်တော် မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ပေ။

"ရော့ကွာ"

"ဖောင်း"

လေသံနှင့်အတူ စံမင်း၏ ညာဘက်ခြေစောင်း ပျံဝဲလာခြင်းကြောင့် ကျွန်တော် နောက်ဆုတ်ရှောင်တိမ်းရင်း ညာဘက် လက်ဝါးစောင်းနှင့် ပုတ်ထုတ်လိုက်ခြင်း ဖြစ်၏။

ထိုသို့လည်း စံမင်းက ကျွန်တော့်အား အကဲစမ်းတတ်သည်။ သခုတော့ သူနှင့်ကျွန်တော်သည် လက်ရည် မတူတူဖြစ်လာလေ၏။ ဤသည်ကား ဆရာကြီး အဘ ဦးရွှေဂန်နှင့် ပတ်သက်၍ စိတ်ရူးပေါက်လေ့ကျင့်မှုများ ပြုလုပ်ရာမှ ကျွန်တော် ကိုယ်လက်လှုပ်ရှားမှုများ ဖျတ်လတ်သန်မာလာရခြင်း ဖြစ်၏။

ထိုတစ်လောတစ်လတ် ကျွန်တော်တို့ ထိုသို့ဖြစ်နေခိုက် ရွာသဲ့၌ မျက်စိဆံပင်မွေးစူးစရာတစ်ခု ကြုံလာရလေသည်။ ထိုကြုံဆုံလာမှုကလည်း မရှာဘဲ လာ၍ တွေ့လာရခြင်းဖြစ်၏။ ကျွန်တော်တို့ရွာသည် တောရွာဖြစ်နေသည့်အတွက် ထိုသို့ စရိုက်ပျက်ပျက် ပြုမူ၍ မဖြစ်နိုင်ပေ။ တွေ့ရမြင်ရသည်မှာ အလွန်တော့ ခွက္ကလုလ်၏။ ရှောင်သွားလျှင် ကျွန်တော်တို့ လူနုံများဖြစ်ကြမည် ဖြစ်ပြီး မရှောင်ဘဲ ဘည့်တည့်တိုးလျှင်လည်း ကျွန်တော်တို့သည် ပြဿနာကောင်များဖြစ်ကြပေမည်။ ထို့ကြောင့် ကျွန်တော်နှင့် စံမင်းသည် သင့်တင့်လျောက်ပတ်သည့် ဆုံးဖြတ်ချက်တစ်ခုတော့ ဆုံးဖြတ်ရ၏။

မြင်ကွင်းကား သိပ်မဝေးတော့ တဖြည်းဖြည်း နီးလာပြီဖြစ်၏။ ရွာခံ ဝင်းထိန်နှင့် ရန်ကုန်သား ဒိုးလုံးဖြစ်၏။ ရန်ကုန်သားဖြစ်သူ ဒိုးလုံးရွာသို့ မဆီမဆိုင် ရောက်လာသည်မှာ နှစ်ပတ်ကျော် သုံးပတ်မျှရှိပေပြီ။ နီစပ်စပ် သူလက်မောင်းသားများအပေါ်တွင် ဆေးမင်ကြောင် နဂါးရုပ်ကြီးများ တစ်ဖက်တစ်ချက် ထင်ရှားစွာထိုးထားသေး၏။ ထားတော့။ ယခု မြင်ကွင်းကား ညနေဆည်းဆာအချိန် ရွာပြင်၌ ဝင်းထိန်မှ အိမ်နီးချင်း မိန်းကလေးချောစုအား ခေါ်ထုတ်လာပြီး ရန်ကုန်သား ဒိုးလုံးနှင့် တွေ့ပေးဟန်တူလေ၏။

ကဇောင်းစူးများ ကာရံထားသည့် လမ်းကွေ့မှ ကျွန်တော်နှင့် စံမင်းအား မြင်လိုက်သည့်အတွက် ရွာမှ အပျိုချောကလေး ချောစုသည် အလွန်ရှက်သွားသကဲ့သို့ ရန်ကုန်သား လူပေါ်ကြော့ ဒိုးလုံးသည်လည်း ခွေးအိုကြီး လှည်းနင်းသကဲ့သို့ အုအု အအ ဖြစ်သွားလေသည်။ အုအုအအ မဖြစ်လေဘဲ အပြီးတယမ်းယမ်းလုပ်နေသူကား ရွာခံသား ဝင်းထိန်ဖြစ်၏။ သူက ကျွန်တော်တို့နှင့် အစပ်မတည့်သည့် တောင်ပိုင်းသားတော့ မဟုတ်။ ရွာလယ်ပိုင်းသား။

အဘယ်ပိုင်းသားဖြစ်ဖြစ်။ ကျွန်တော်သည် ထိုအလွန်ဆန်းကြယ်လှသည့် မြင်ကွင်းအား ကြည့်၍ မျက်နှာပိုးသတ်လိုက်လေသည်။ ကျွန်တော် ထိုသို့ မှင်သေသေ မျက်နှာပိုးသတ်လိုက်သော်လည်း စံမင်း

က ဘာမျှမဖြစ်သကဲ့သို့ ပြုံးဖြဲဖြဲနှင့် ညီရင်းမောင်နှမဖြစ်သူ ရွာသူ ချောစုအား လက်ယက်ခေါ်လိုက်ခြင်းကြောင့် အခက်ကြုံသွားရလေသည်။ ချောစုသည် ရုပ်ကလေးချောမောသော်လည်း အလွန်ရိုးသားသည့် ကောင်မလေးဖြစ်၏။ ထို့ကြောင့် စံမင်းခေါ်ယူမှုအား စိုက်စိုက်စိုက်စိုက်နှင့် လျှောက်လာလေသည်။ ဒါသည် ရွာသူတို့၏ ရိုးသားမှုအား ဖော်ပြလိုက်ခြင်းဖြစ်၏။

ဒိုးလုံးနှင့် ဝင်းထိန်တို့ကလည်း ရန်ကုန်စရိုက် ရန်ကုန်အပြုအမူများနှင့် တစ်ဖက်မှ မရိုးသားမှုများအား ဖော်ပြလျက်ရှိလေသည်။ ထို့ကြောင့် လက်ပူးလက်ကြပ် မိနေပြီဖြစ်သော်လည်း စကားလမ်းကြောင်းရရန် အလို့ငှာ ထိုအကြောင်းအား မသိယောင်ပြု၍ မေးရ၏။

''ဟေ့ကောင် ဝင်းထိန် ... မင်းတို့က ဒီနား ဘာလာလုပ်ဘာတုန်း။ ဟိုကောင်မလေးနဲ့''

''ဘာလုပ်လုပ်ပေါ့ကွ။ မင်းမေးစရာလား။ မင်းတို့ ကိုယ့်လမ်းကိုယ်သွားမှာဖြင့် သွားလေ''

ဝင်းထိန်၏ ထွက်ရှိလာသည့်စကားက အလွန်အမြီးအမောက်မတည့်။ မာကြောင်ကြောင်စကား ဖြစ်နေခြင်းကြောင့် ကျွန်တော် ရှေ့နှစ်လှမ်းလောက် တိုးလိုက်၏။

ထိုအချိန်မှာပင် စံမင်း ဘာပြောလိုက်သည်မသိ ချောစု

ဆင်မယဉ်သာခြေလှမ်းနှင့် အနီးပါးမှ ထွက်ခွာသွားပေပြီ။ ထိုအခြင်းရာကို ကောင်းစွာသဘောပေါက်နေပြီ ဖြစ်သည့် စံမင်းမှ ကျွန်တော့်အား သံချပ်ထိုးသည့် လေသံ မတိုးမကျယ် ခေါ်လိုက်လေသည်။

''ဟေ့ကောင် ... ငဘုန်း သွားရအောင်''

''ဟ ... ငါ့မခေါ်နဲ့။ ဒီကောင်တွေဆီ ခွင့်တောင်း။ ဒီကောင်တွေဆီက ခွင့်ပြုချက်ရရင် ပြန်ရုံပေါ့''

''ဟေ့ကောင် ငဘုန်း ... မင်း လူမိုက်လား''

''မမိုက်ဘူး။ မင်း စမ်းကြည့်လည့် ... လာ''

''ဟာ ... တော်တော်စကားများတဲ့ကောင်။ ကဲကွာ''

ထိန်ဝင်း၏ ပွေဆော်ဦးထွက်ပေါ်လာသည့် လက်သီးသည် ကျွန်တော် ဘယ်ဘက်နားထင်မှ ဖြတ်၍ နားရွက် ရှုပ်ထိပြီး ကျွန်တော့်နောက်မှ လေထုထဲသို့ စိုက်ဝင်သွားဟန်တူ၏။ ကျွန်တော့်ညာဘက်လက်သီးသည်လည်း လေထဲသို့ အော်တို မြောက်တက်သွားပြီး ရန်ကုန်သွေးပါနေသည့် ထိန်ဝင်း၏မေးစေ့ကို တည့်တည့်မတ်မတ် ထိမှန်သွားလေသည်။

''ခွပ်''

''ဟေ့ကောင် ... ပြဿနာကို မင်းက စတာ။ မင်းကို ငါသတ်မယ်''

ထိုသို့ အော်ဟစ်ပြောဆိုပြီး ထိန်ဝင်းသည် ယာခင်းစပ်တွင် စိုက်ထားသည့် ရှားသားတုတ်ကြီးအား ပြေးဆွဲနုတ်ယူလေသည်။ ထိုအချိန်၌ စံမင်းသည် ဒိုးလုံးအား ...

''ဟေ့ကောင် ... ရန်ကုန်သား အခြေအနေမကောင်းဘူး။ မင်းသူငယ်ချင်းခေါ်ပြီး ပြန်တော့။ မင်း ကျေနပ်လား။ ဒါက တို့ရွာကွ။ အဲဒါကြောင့် မေးတာ''

စံမင်း ခပ်မာမာထိုသို့မေးပြီး ကျွန်တော့်အား ဆွဲခေါ်လေသည်။ ရန်ကုန်သားဖြစ်သူ ဒိုးလုံးမှာလည်း စံမင်းစကားအား ကျေနပ်သလို မကျေနပ်သလို ပေစောင်းပေစောင်းလုပ်ရင်း သူ့သူငယ်ချင်းဖြစ်သူ ထိန်ဝင်းအား ဆွဲခေါ်သွားလေ၏။ ထိုအခါကျမှပင် ပွဲကပြီးသွားလေသည်။

အမှန်ကား ကျွန်တော်တို့က ပြဿနာ လာရှာခြင်းမဟုတ်။ ဘက်သားနှင့် သရက်သီး ချက်စားလိုသည့်အတွက် သရက်သီးခူးပြန်သာကြခြင်းဖြစ်၏။ အမှတ်မထင် လာရောက်ဆုံတွေ့ရသည့် ရန်ပွဲကြောင့် ခူးလာသည့် သရက်သီးများပင် သတိရမနိုင်တဲ့ ကျန်ရစ်ခဲ့ပြီ။

ပူပူထူထူနှင့် အိမ်ရောက်မှပင် သရက်သီးများအား အမှတ်ချပြီး ဒုတိယတစ်ခေါက် ပြန်ယူရလေတော့၏။

''ကဲ ... စားလိုက်ချင်ဦး သရက်သီးကွာ''

❖ ❖ ❖

အခန်း (၁၃)

ဆရာကြီး အဘ ဦးရွှေဂန် ပြန်ရောက်လာသည့်အတွက် မိသားစုတွင် ဝမ်းအသာရဆုံးသူကား ကျွန်တော် ဖြစ်၏။ အဘသည် ထူးထူးခြားခြား ကျွန်တော့်အတွက် လက်ဆောင်ပါ ပါလာသေးသည်။ ကျွန်တော် ဖွင့်ကြည့်လိုက်တော့ စိတိဇင်လက်ပတ်နာရီအကောင်းစား တစ်လုံး ဖြစ်၏။

''ကြိုက်ရဲ့လား ငါ့မြေး။ ငါ့မြေးအတွက် အဲဒါ အဘရဲ့ လက်ဆောင်ပဲ''

''ဟာ ... အဘကလည်း ရုပါတယ်။ ဘာလို့ဝယ်လာတုန်း''

''သြော် ... ဒီလိုပဲပေါ့ကွာ။ အံမတ်တရပေါ့ ငါ့မြေးရဲ့''

ထိုညက အဘနှင့် ကျွန်တော်တို့မိသားစုက အတော်နှင့်မအိပ်ကြ။ စကားတွေ အားရပါးရ ပြောကြ၏။ ထိုမျှ မိသားစုနှင့် စကားမြောက်မြားစွာ ပြောသော်လည်း အဘ၏ ပြောစကားများတွင် သုံးခြားသည့်စကား တစ်လုံးတစ်ပါဒမျှ ပါလာခြင်း မရှိသည်ကို ကျွန်တော် သတိပြုမိ၏။

မိသားစုများ ရှေ့မှောက်ဖြစ်သဖြင့် ကျွန်တော်သည်လည်း အဘအား စကားများများစားစား မပြောဆိုဖြစ်ပေ။ သူတို့ပြောသည့် စကားများကိုသာ ကျွန်တော် အသာနားထောင်နေမိ၏။ အဘ ခရီး သွားသည်မှာ ဘာလိုလိုနှင့် ရှစ်လလောက်မျှ ကြာမြင့်သွားခဲ့ရ ၏။ ထိုရှစ်လအတွင်း အဘက ဘာမျှထူးထူးခြားခြား သိရှိမည် မဟုတ် သော်လည်း ကျွန်တော်ကတော့မူ အဘနှင့်ပတ်သက်သည့် အကြောင်း ခြင်းရာများ၊ နောက် ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် အကြောင်းခြင်း ရာများမှအစ အားလုံး သိရှိနေခဲ့ရပြီဖြစ်၏။ အဘအား မေးမကြည့်ရ သေး၍ အဘ၏ အဖြေစကားအား မကြားရသေးသည်သာ ရှိ၏။

အဘအား ကျွန်တော် မေးမြန်းကြည့်၍ ''အေး ... မင်း ပြောတာတွေ အကုန် ဟုတ်တယ်ကွ'' ဟုဆိုလျှင် ထိုကိစ္စများသည် ကျွန်တော့်အတွက် အလွန် အလွန် အံ့သြဖွယ်ရာ ကိစ္စများ ဖြစ်နေ

ပေလိမ့်မည်။ ကျွန်တော် တွေးမိ၏။

ဤသို့နှင့် အဘ ခရီးမှပြန်ရောက်လာ၍ တစ်ပတ်ရှိလာသည့် တိုင် ထိုကိစ္စများအား ကျွန်တော်က မေးချင်လျက်နှင့် အခွင့်မသာ သေး၍ မမေးဖြစ်ခဲ့ရသေးသလို အဘကလည်း တစ်ခွန်းမျှအကြောင်း မဟသေးခြင်းကြောင့် ကျွန်တော် အသာနှုတ်ဆိတ်နေရလေ၏။ အဘ ခရီးမှ ပြန်လည်ရောက်ရှိ၍ ဆယ်ရက်မြောက်သောနေ့၌ ယခင်က လာရောက်ခဲ့ကြဖူးပြီးဖြစ်သည့် ဖိုးသူတော်ကြီးနှင့် ကရင်ဆရာကြီး ဟု သိရသည့် သျှောင်ထုံးနှင့် ဦးဝါသိုက်တို့ ရောက်ရှိလာပြန်လေ၏။

သူတို့၏မျက်နှာများတွင် ထူးခြားသည့်အကြောင်းခြင်းရာများ သယ်ဆောင်လာကြသည်ကို ကျွန်တော် အကဲခတ်ကြည့်ရုံနှင့် သိနေ ရ၏။ အလွန်ရိုးသားသည့် ကျွန်တော်တို့မိသားစုဝင်များသည် ည့်သည် လာလျှင် ချက်ကျွေးဖို့နှင့် လုပ်ကိုင်ပေးဖို့လောက်သာ သိ၏။ ထို့ထက် ပို၍ မသိချေ။

ကျွန်တော်ကတော့မူ စဖိစု၏။ ထိုစပ်စုမှုများကြောင့် တချို့ လျှို့ဝှက်နက်နဲသည့် ကိစ္စများဖြစ်စေ၊ အတန်အသင့် သိရှိရလေ့ရှိ သည်။ ယခုလည်း ကျွန်တော်သည် ရောက်ရှိလာပြန်ပြီဖြစ်သည့် ဖိုး သူတော်ကြီးနှင့် ကရင်ဆရာကြီးဦးဝါသိုက်အားလည်းကောင်း၊ ဆရာ ကြီး အဘ ဦးရွှေဂန်အားလည်းကောင်း အခြေအနေကို မသိယောင်

ပြု၍ အကဲခတ်လျက်ရှိ၏။

သူတို့သည် အများဆုံး အိန္ဒိယနယ်မြေအကြောင်းကိုသာ ပြောဆိုနေကြခြင်းကြောင့် ကျွန်တော် လေ့လာရရှိထားသည့် ဂျပန်ရုတနာသိုက်မြေပုံကိစ္စအပေါ်၌လည်းကောင်း၊ အသည်းအသန် နောက်က လိုက်နေကြသည့် ဦးယက္ခတို့အဖွဲ့အပေါ်၌လည်းကောင်း အထူးတလည် ပြောဆိုကြသည်ကို မတွေ့ရှိရသည့်အတွက် ကျွန်တော် ဒီမိုကိုယ်မိမိ ရရှိထားသည့်သတင်းအပေါ်၌ပင်သံသယ ပြန်ဝင်လာရလေသည်။

ခက်သည်ကား တည့်တည့်မေးလျှင်လည်း ကိုယ့်ကိစ္စမဟုတ်ခြင်းကြောင့် ထိုဆရာကြီးများအား အားနာစရာကောင်းနေပြန်၏။ ကျွန်တော် ရရှိထားသည့် သတင်းအနေအထားနှင့် သူတို့ပုံစံက တစ်ခြားစီ ဖြစ်နေခြင်းကြောင့် တွေးကြည့်က ရင်မောစရာတော့ ကောင်းလှ၏။

ထိုသတင်းသာ အမှန်တကယ် ဟုတ်မှန်ခဲ့ပါက အခုလို အေးတိအေးစက် ဖြစ်နေကြသည့် ဆရာကြီးများ တစ်ဖက်ရန်သူ၏ နှိပ်ကွပ်မှုအား ကောင်းစွာခံသွားရနိုင်လေသည်။

"ဦးသူတော် ခင်ဗျားလည်း ပင်ပန်းနေပြီ။ ဒီတစ်ခေါက် အေးအေးဆေးဆေး နေဗျာ။ ကျုပ်တို့ရွာက အေးချမ်းပါတယ်"

'အင်း ... တစ်ပတ်လောက်တော့ နေတာပေါ့။ ပြီးတာနဲ့

ကျွန်တော်တို့ ကော့ကရိတ်ကို သွားရလိမ့်ဦးမယ်"

"အင်း ... ကော့ကရိတ်ကိုလည်း ခင်ဗျားတို့ သွားရမှာပဲ။ အဲဒီလည်း ပစ်ထားလို့မရဘူး။ မရောက်တာကြာပြီ မဟုတ်လား'

ဆရာကြီးအဘ ဦးရွှေဂန်၏အမေးအား ကရင်ဆရာကြီး ဦးဝါသိုက်မှ ပြန်ဖြေ၏။

"မရောက်တာကြာဆို တစ်နှစ်ခွဲလောက် ရှိသွားပြီ"

"ဩော် ... ကျုပ်တို့ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ တစ်နှစ်ခွဲလောက်သာ ကြာသွားတယ်။ အချိန်က ဘာမှရှိတယ် မမှတ်လိုက်ဘူး"

"အဲဒါထက် ဆရာရွှေရေ လုပ်ပါဦး။ ကျုပ်သွေးဆေးနည်းနည်း လိုချင်တယ်ဗျာ။ ဆရာရွှေ သွေးဆေးသောက်ရဦးမယ်"

ထိုသို့ ဦးဝါသိုက်မှ ပြောသည့်နှိုက် ဖိုးသူတော်ကြီးမှ ဝင်ရောက်ပြော၏။

"ဆရာရွှေ သွေးဆေးကို စားစမရှိရင် ရမ်းမစားနဲ့။ တော်တော် အိပ်တဲ့ဆေးဗျ။ ကျုပ်တို့က ဒီရက်ပိုင်း သိပ်အိပ်လို့ မဖြစ်သေးဘူး"

"မအိပ်ပါဘူး ... ဦးသူတော်ရာ"

"မအိပ်ပါဘူး မလုပ်နဲ့။ အဲဒီဆေးက ခင်ဗျားစားပြီး မအိပ်ပဲကို မနေနိုင်တာ။ အကျင့်မရှိရင် ပိုဆိုးတယ်။ ကျန်းမာရေးအတွက်တော့ ဘာမှပူစရာမလိုဘူး"

ဖိုးသူတော်ကြီးမှ ထိုသို့ပြောခိုက် ဆရာကြီးအဘ ဦးရွှေဂန်သည် ဆေးဘီရိုအတွင်းမှ သွေးဆေးပုလင်းကြီးအား ထုတ်ယူ၍ ပုလင်းဘူး ငယ်တစ်လုံးနှင့် သွေးဆေးများ ခွဲထည့်ပေးလိုက်၏။

ထို့နောက် ဆရာကြီးသုံးယောက် ရေမိုးချိုးကြ၍ နေ့လည်စာ အဖြစ် ထမင်းများစားသောက်ကြလေသည်။ သူတို့ ထမင်းစားသောက် ခဲ့ကြပြင် ကျွန်တော်သည်လည်း သူငယ်ချင်းဖြစ်သူ စံမင်းအိမ်သို့ ထွက် ခဲ့လေ၏။

စံမင်းအိမ်အရောက်၌ စံမင်းသည် ပိုက်များပြင်ဆင်နေသည်ကို အဆင်သင့် တွေ့ရလေသည်။

'ဟေ့ကောင် ... မင်းအဲဒါတွေက များလှချည်လား။ ဘယ်သူ့ ဟာတွေတုန်း''

'ဘယ်သူဟာတွေရမှာတုန်းကွာ။ ကိုသိုင်းကျော် ဟာတွေပေါ့။ ကိုသိုင်းကျော် ဒုက္ခပေးတာနဲ့ ငါလည်းငြိမ်ငြိမ်ကို မနေရဘူး''

''သူ့ဟာသူ သူမလုပ်ဘဲ မင်းကလုပ်ပေးနေရအောင် သူက ဘာဖြစ်လို့တုန်း''

''သူ့ယောကျ်ားမ နေမကောင်းဘူးဆိုလို့ သူ့ယောကျ်မရွာကို ပြေး လေရဲ့''

''ဒီလူကလည်း ယောကျ်မကိုတော့ အတော်ကြောက်ရတဲ့ လူပဲ။

ထားလိုက်ကွာ။ ညနေမှ ဆက်လုပ်''

ကျွန်တော်မှ ထိုသို့ပြောခြင်းကြောင့် စံမင်းသည် လုပ်လက်စ ပိုက်များအား ချထားလိုက်လေသည်။ ထို့နောက် သူနှင့်ကျွန်တော် ဆာလောင်မှု မရှိသော်လည်း အပျင်းပြေအဖြစ် ကော်ဖီနှစ်ခွက်စာ အဖြစ်ဖျော်၍ ကော်ဖီသောက်ရင်း စကားပြောကြ၏။

ကျွန်တော်တို့နှစ်ယောက် စကားပြောရင်းပြောရင်းနှင့် ဟိုတစ် နေ့က မရှင်းမလင်းဖြစ်ခဲ့ရသည့် လှိုက်ကြီးထဲက စကားပြောသံ ကိစ္စများ အကြောင်းဆီသို့ ပြန်ရောက်လာ၏။ စံမင်းက ယခုအချိန်ထိအောင် ကျွန်တော့်အား အပြစ်တင်နေဆဲသာ ရှိသေးသည်။

''ဟေ့ကောင် ... ငါ့အလိုအရ ဖြစ်ချင်ရာဖြစ် ဆင်းကြည့်မှာ မင်းသတ္တိကြောင်လို့''

''သတ္တိကြောင်လို့ မဟုတ်ဘူးကွ စံမင်းရ။ မင်းအတော်ခက်တဲ့ အကောင်ပဲ။ ငါတို့ ဆင်းမကြည့်တဲ့အတွက် အခုဘာဖြစ်တုန်း။ ဘာမှ မဖြစ်ဘူး။ နို့မဟုတ်ရင် တစ်ခုခုဖြစ်ချင် ဖြစ်နေမှာ''

''ဖြစ်ချင်ရင်လည်း ဖြစ်ပေါ့ကွ။ ဒါပဲရှိတာ''

''မဟုတ်ဘူးလေကွာ။ တချို့ကိစ္စတွေက ရှောင်တာပဲ ကောင်းတယ်။ သတ္တိကြောင်တယ်ဆိုရင်လည်း ကြောင်တယ်ပဲထားလိုက်

''အင်း ... အင်း ... အင်း ... မင်းကတော့ တကယ

ဒဿနသမားပဲ။ မင်းတော်တာ။ အဲဒါကြောင့် ငါ့ထက်တော်နေတာ''

''လာပြန်ပြီ ... မြှောက်ပြီး လွှတ်ချတော့မယ်''

''အခု ... မင်းတို့အိမ်က ဧည့်သည်တွေရဲ့ အခြေအနေကော ဘာထူးလဲ ဇာတုန်း''

''ဘာမှမထူးဘူး။ ငါတို့ကသာ တွေးတောကြံဆနေ သူတို့က အေးအေးဆေးဆေးပဲ''

''အဲဒါ အေးအေးဆေးဆေး မလုပ်နဲ့။ တစ်ခုခု ဖြစ်လိမ့်မယ်။ သူတို့က အေးနေပေမယ့် တစ်ဖက်က အေးမှာမဟုတ်ဘူး။ အခုက သူတို့ချင်း လွဲချော်နေကြလို့။ ထိပ်တိုက်တိုးတာနဲ့ မီးထပွင့်မယ့် အနေအထားတွေကွ''

''ဒါတော့လည်း ငါမပြောတတ်ဘူး''

''မင်းလည်း သတိပိရိယနဲ့နေ။ အကြောင်းရှိတာနဲ့ ချက်ချင်း ငါ့ဆီ ပြေးခဲ့။ ငါတို့လည်း ဝင်နွှဲမှာပဲ။ ဒီကိစ္စက ရှောင်နေလို့မရဘူး''

စံမင်းပြောသည့် စကားများသည် ကျွန်တော့်အတွက် စိတ်အားထက်စေသည့် စကားများချည်းဖြစ်၏။ ကျွန်တော့်အတွက် စံမင်းသည် အရေးပါသည့် သူငယ်ချင်းတစ်ယောက် ဖြစ်ရုံမျှမက သစ္စာရှိသည့် သူငယ်ချင်းကောင်းတစ်ယောက်လည်း ဖြစ်နေခြင်းကြောင့် ကျွန်တော့်အတွက် စံမင်းသည် ဘာမျှပြောစရာ အပြစ်အနာစာမရှိသည့် လူသား

စာစ်ယောက် ဖြစ်နေရ၏။

ကျွန်တော်သည်လည်း နေ့ခင်းစာအဖြစ် စံမင်းအိမ်၌သာ စကားပြောရင်း စားနေလိုက်လေ၏။ စံမင်းအဘသည် ထမင်းဟင်းချက်ကောင်းသည့် အဘဖြစ်လေရကား ဝက်သားနှင့် ဒညင်းသီးအားလည်း နူးနေအောင် နှပ်ထား၏။ နှမ်းဖတ်ချဉ်အားလည်း ရှောက်ရွက်နှင့် အိနေအောင် သုတ်ထား၏။ ဟင်းနုနယ် ရွက်နုကလေးများအား အရည်သောက်အဖြစ် ပြုလုပ်ထားခြင်းကြောင့် ကျွန်တော် အိမ်မှာထက်ပင် ထမင်းစား၍ ကောင်းနေသေးသည်။

ဤရက်ပိုင်းတွင် ကျွန်တော်တို့ တောမလိုက်ဖြစ်သည်မှာ တစ်ပတ်မျှ ရှိနေပြီဖြစ်၏။ တောမလိုက်ဖြစ်သည့် အကြောင်းကလည်း ကျွန်တော်ကြောင့် ဖြစ်၏။ ကျွန်တော်သည် ဆရာကြီးအဘ ဦးရွှေဂန်ပြန်ရောက်လာပြီ ဆိုကတည်းက အနေအထားအားလုံးကို ပြုပြင်ထားလိုက်ခြင်းကြောင့် ဖြစ်၏။

ကုန်ကုန်ဆိုရလျှင် ကျွန်တော်သည် စာအုပ်ကိုမျှ သိပ်မဖတ်ဖြစ်တော့ပေ။ ကျွန်တော့်တွင် ဟာကွက်ဟူ၍ တစ်ခုသာရှိ၏။ ထိုဟာကွက်ကား ဆရာကြီးအဘ ဦးရွှေဂန်အား ထိုအကြောင်းများ ကျွန်တော် မမေးခဲ့သောခြင်း ဖြစ်၏။ ကျွန်တော်မေးရန် ကြိုးစားလိုက် အခွင့်အလမ်းက ပျက်သွားလိုက်နှင့် ဂျာအေး သူအမေရိုက်ပြီး မုန့်လုံး စက္ကူ

ကပ်နေသကဲ့သို့ ဖြစ်နေရလေသည်။

ယခုတော့ ကျွန်တော်မျှော်လင့်ချက်ပို၍ ဝေးကွာသွားရပြီး ဖြစ်၏။ အာဘယ်ကြောင့်ဆိုသော် ဆရာကြီး ဦးရွှေဂန်၏ အနီးသို့ ဖိုးသူတော်ကြီးနှင့် ကရင်ဆရာကြီးက အမြဲလိုရှိနေခြင်းကြောင့် ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် ခွဲခွာနေက ငါးမိနစ် ဆယ်မိနစ်ထက် မပိုပေ။ လူကြီးများလည်း ဖြစ်ပြန်၊ အနေအေးသူများလည်း ဖြစ်ပြန်ဆိုတော့ မျှော်လင့်ချက်ကပို၍ ဝေးနေရတော့၏။

ညအချိန်များ၌လည်း အပေါ်ထပ်တွင် ရေနွေးပွဲနှင့် ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီ ထိုးသည့်တိုင် ဝိုင်းဖွဲ့စကားပြောလေ့ ရှိကြသည်။ ကျွန်တော် သတိပြုမိသည်မှာ ထိုမျှစကားများ ပြောဆိုကြသော်လည်း ကျွန်တော့်စိတ်အာရုံထဲသို့ ထူးထူးခြားခြား စကားတစ်လုံးမျှ ပါမလာသည်ကို ကျွန်တော် အလွန်အံ့သြနေမိခြင်း ဖြစ်၏။

စံမင်းက မေးသည့်အခါ၌ ကျွန်တော် ဘာမျှထူးထူးခြားခြား ပြောပြနိုင်ခြင်း မရှိသေးပေ။ စံမင်းကမူ ထိုကိစ္စအား ခြွင်းချက်မရှိ ကျိန်းသေပြော၍ နေလေ၏။ ထို့ကြောင့် ထိုကိစ္စများနှင့် ပတ်သက်၍ ကျွန်တော့်တွင် အားမလို အားမရ ဖြစ်ရလေသည်။ ကိုယ့်အလုပ် မဟုတ်သည်ကို အလုပ်ရှာ၍ စိတ်ဝင်စားနေခြင်းလောဟ၍လည်း ကျွန်တော် ကိုယ့်ကိုကိုယ်ပြန်၍ မေးခွန်းထုတ်ကြည့်မိ၏။ စိတ်ဝင်စားမှုကတော့

စိတ်ဝင်စားမှုပင်။ ထိုစိတ်ဝင်စားမှုအား ကျွန်တော် မည်သို့မျှလည်း ချိုးနှိမ်မရအောင် ရှိလေ၏။

ကျွန်တော် စံမင်းအိမ်၌ ထမင်းစားသောက်ပြီး၍ ညနေစောင်းသည့်အချိန်၌ စံမင်းမှ သူလုပ်လက်စ ပိုက်များအားဆက်၍ လုပ်ကိုင်နေခြင်းကြောင့် ကျွန်တော်ပါ မနေသာ။ ဝိုင်းဝန်းလုပ်ကိုင်ပေးရ၏။ ကျွန်တော်တို့နှစ်ယောက် တစ်နာရီခွဲခန့်လောက်မျှ လုပ်ကိုင်ပြီးသည့်အခါ အားလုံးပြီးစီးသွားလေသည်။

''ဟား ... ကိုသိုင်းကျော်၊ ပြတ္တာကြီးကတော့ ဘယ်လိုနေမယ် မသိဘူး။ ငါတို့ကတော့ ခါးကိုညောင်းသွားတာပဲ''

''ဩော် ... ဒီလူက စိတ်ကောင်းရှိပါတယ်ကွာ။ သူ့ခမျာ မိန်းမနဲ့ ကလေးတွေနဲ့မို့ ဆင်းရဲနေတာ''

''ဒါဆိုလည်း မင်းအရင်းအနှီး ထုတ်ပေးပြီး ပွဲစားအလုပ်ခိုင်းလိုက်ပေါ့။ မင်းအရင်းအနှီးပါ ပလုံသွားအောင်''

''လူကံပြောလို့တော့ မရဘူးပေါ့ကွ။ ဒီနေ့ ဆင်းရဲပေမယ့် နက်ဖြန်ထ မချမ်းသာဘူးလို့ မပြောနိုင်ဘူး''

''ပြောနိုင်တယ်ကွာ။ ငါတို့ရွာထဲ အဲဒီလိုလူ ဘယ်နှစ်ယောက်ရှိတုန်း။ လက်ညှိုးထိုးပြ။ တို့ရွာထဲတင် မဟုတ်ဘူး။ မြို့မှာလည်း လူတစ်သိန်း တစ်ယောက်မရှိဘူး။ လူကံဆိုတာ သူလုပ်ဆောင်ချက်ပေါ်

မှာပဲ အများကြီးမူတည်တယ်။ ဒီနေ့ ဦးနှောက်မရှိတဲ့လူ အရည်အချင်း မရှိတဲ့ လူတွေဟာ ကံမကောင်းတဲ့ လူတွေပဲ။ အဲဒါ ပုံသေမှတ်''

''စိုင်ကော်လို့ ခြုံပေါ်ရောက်တယ်ဆိုတဲ့ စကားကို မင်းကြား ဖူးလား ဘုန်း''

''အ ... ဟား ... ဟား မင်းက စကားကြီး စကားကျယ် လာသေး။ စိုင်ကော်လို့ ခြုံပေါ်ရောက်တာတဲ့။ အဲ ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ရှင်းပြစမ်းပါဦး''

''မင်းကို ငါပြောပြမယ် ဘုန်း။ မန္တလေးမြို့ပေါ်မှာ အဲဒီလူက ဘုန်းကြီးလူထွက်ဘွဲ့က ဦးဝိဇယတဲ့။ ဘုန်းကြီးဘွဲ့ ဓမ္မာစရိယ စာချုပ်နှစ် အောင်ပြီးပြီတဲ့။ စာချုကိုယ်တော်ပေါ့ကွာ'' အသက်က သုံးဆယ့်ငါးနှစ် လောက်ရှိပြီ။ လူထွက်သွားတယ်။ အဲဒါသူ ဘာလုပ်မတုန်း''

''မြို့ပေါ်မှာပဲလား''

''အေး ... ဒါပေါ့ ... မြို့ပေါ်မှာပဲပေါ့''

''ဒါဆိုရင် သူမြို့ပေါ်မှာ နေ့စားလိုက်လုပ်ပေါ့။ ဒါပဲရှိတာ''

''ငါ့ကောင် မလုပ်ဖူးဗျ။ ကားပစ္စည်းရောင်းတဲ့ ဆိုင်တစ်ဆိုင် က သူ့ကိုခြောက်လလောက် တွဲခေါ်ပြီး အရောင်းသင်ပေးတယ်။ နောက် ပြီးတာနဲ့ ဆိုင်တစ်ဆိုင် ခွဲဖွင့်ပေးတယ်။ အဲဒီလူ အခုကားတွေ ဘာတွေ နဲ့ ဖြစ်သွားပြီ။ မိန်းမလည်း ရသွားပြီ။ အဲဒါ ... မင်းဘာပြောမတုန်း

ကံမကောင်းဘူးလား''

အဲဒါလည်း ကံကောင်းတယ်လို့ပြောလို့ မရဘူး''

''ဒါဆိုရင် မင်းကိုငါနောက်တစ်ခု ထပ်ပြောမယ်။ သူကလည်း မန္တလေးမှာပဲ။ သူက နတ်မောက်သား။ သူလည်း ဘုန်းကြီးလူထွက်ပဲ။ စာအတော်တတ်တယ်ကွာ။ အင်္ဂလိပ်စကားပြောလည်း ကျွမ်းတယ်။ သူလည်း အသက်သုံးဆယ်လောက် မပျော်လို့ လူထွက်တယ်ပေါ့ကွာ။ စိတ်ဓာတ်ကတော့ သိပ်မာကြောတယ်။ စကားပြော ပြတ်တယ်။ သူကျ တော့ ဆိုက်ကားနင်းနေရတယ်။ သူ့ကို အဲဒီလိုကူညီပေးမယ့်လူ မရှိဘူး''

''သူဆိုက်ကားနင်းနေတာ ဘယ်လောက်ကြာပြီတုန်း''

''သုံးနှစ်လောက် ရှိသွားပြီတဲ့။ အဲဒီလူကလည်း ကြဲကြဖန်ဖန် ငါနဲ့ လာရင်းနှီးနေတယ်။ ဘဝအတွက် မျှော်လင့်ချက်တွေကတော့ သူမှာ အများကြီးပဲ။ ဒါပေမယ့် လက်တွေ့မကျဘူး။ တစ်ဖြည်းဖြည်းတော့ ဖြစ်ရင် ဖြစ်လိမ့်မယ်။ ခုတော့ ဘာမှမဖြစ်သေးဘူး။ စကားပဲရှိတယ်။ အဲဒါ မင်းဘာပြောမတုန်း''

''သူကြိုးစားပေါ့။ သူဘဝ ကြိုးစားရင် သူလည်းဖြစ်မှာပဲ''

''ငါက ကြိုးစားတာ မကြိုးစားတာကို ပြောတာမဟုတ်ဘူး။ ကံကောင်းတာ ကံမကောင်းတာကိုပြောတာ။ ဒါတင်မကဘူး။ လောကမှာ သူတို့ထက် အဲ့သြစရာကောင်းတဲ့လူတွေကို အများကြီးရှိဦးမယ်''

စံမင်း၏ စီကာပတ်ကုံး ဒဿနအား ကျွန်တော်နာယူနေရလေ၏။ မန္တလေးအကြောင်းပြောလျှင် နောက်ထပ် မီးခိုးကြွက်လျှောက်ဟိုအကြောင်း သည်အကြောင်းများပါ ပါလာလိမ့်ဦးမည်မို့ ကျွန်တော် စကားလမ်းကြောင်း ပြောင်းလိုက်ရ၏။ ဒါသည်ပင် သူက မန္တလေးအကြောင်း ပါပါလာသေး၏။

ကျွန်တော်လည်း စံမင်းနှင့် စကားပြောကောင်းနေသည်မို့ ညနေနေဝင်မိုးချုပ်တော့မှပင် စံမင်းအိမ်မှ နှုတ်ဆက်ပြန်လာခဲ့၏။

❖ ❖ ❖

အခန်း (၁၄)

ကျွန်တော်အိမ်သို့ ပြန်လည်ရောက်ရှိလာသည့် အချိန်၌ အိမ်အပေါ်ထပ်တွင် ဖိုးသူတော်ကြီးအားလည်းကောင်း ဆရာကြီးအဘဦးရွှေဂန်နှင့် ကရင်ဆရာကြီး ဦးဝါသိုက်တို့အားလည်းကောင်း မတွေ့ရှိရသောကြောင့် အိမ်နောက်ဖေးမီးဖိုဆောင်တွင် ချက်ပြုတ်လျက်ရှိသည့် အမေအား ကျွန်တော်သွားရောက် မေးမြန်းမိလေသည်။

"အမေ ... အဘတို့ အိမ်ပေါ်မှာ မရှိကြပါလား။ ဘယ်သွားကြတုန်း"

"သူတို့စောစောက လမ်းလျှောက်ဆိုပြီး ထွက်သွားကြတာပဲ"

ထိုအချိန်တွင် အဖေနှင့် ကျွန်တော့်ညီ သားအဖသည် အိမ်ထဲသို့ လှည်းနှင့်ဝင်လာခြင်းကြောင့် ကျွန်တော်နှင့် အမေ စကားပြတ်သွားလေသည်။ ကျွန်တော်လည်း ဆက်၍ ဘာမျှပြောမနေတော့။ အိမ်အပေါ်ထပ်သို့သာ ပြန်တက်ခဲ့တော့သည်။

ကဆုန်လဆန်း ကိုးရက်နေ့ညမို့ မလင်းတလင်း လရောင်ကလေးသည် တောင်ဖက်တွင်လှည့်ထားသည့် အပေါ်ထပ်ကပြင်သို့ ကျရောက်လျက် ရှိလေ၏။ ကျွန်တော် ထိုလရောင်ကျရောက်နေသည့် ကပြင်၌သာလျှင် တုန်းလုန်းလဲ၍ နေလိုက်၏။

ကျွန်တော် ထိုသို့နေ၍ ထမင်းအိုးတစ်ပွက်ခန့်လောက် အချိန်ဘွင် ဆရာကြီးအဘ ဦးရွှေဂန် ဖိုးသူတော်ကြီးနှင့် ကရင်ဆရာ ဦးပါသိုက်ဘို့သည် စကားတပြောပြောနှင့် အိမ်တွင်းသို့ ပြန်ဝင်လာလေ၏။

"ဆရာရွှေ အဲဒါဘယ်လို လုပ်ကြမတုန်း။ ကျုပ်တို့ကတော့ အသက်ကြီးပါပြီ။ သူတို့တောင်းရင်လည်း ပေးလိုက်ရုံပေါ့"

ဖိုးသူတော်ကြီးသည် အနီးကပ်လေသံနှိမ့်၍ ပြောဆိုလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ဆရာကြီးအဘ ဦးရွှေဂန်မှလည်း တိုင်ပင်သည့်လေသံနှင့်ပြန်၍ ပြောလိုက်လေသည်။

"မဖြစ်သေးဘူး ဦးသူတော်။ ဒီကောင်တွေက အတ္တသမားတွေ။ ကျုပ်တို့ အနှစ်လေးဆယ်လောက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာ

အလကားဖြစ်သွားမှာပေါ့"

"ဒါပေါ့ ဆရာရွှေရဲ့။ ယက္ခအကြောင်း သိနေတာပဲ။ ယက္ခဟာ အတော်ကြောက်စရာကောင်းတဲ့ အကောင်ပဲကိုး"

ကရင်ဆရာ ဦးပါသိုက်ကပါ ထိုသို့ပြောလိုက်ခြင်း ဖြစ်၏။ ဆရာ ဦးရွှေဂန်သည် အိမ်ပေါ်အရောက်၌ တွေးဆနေလျက်ရှိ၏။

အဘတို့ အိမ်တွင်းသို့ ထိုင်လိုက်ကြပြီမို့ ကျွန်တော်ပါ ကပြင်တွင် တုန်းလုန်းလဲနေရာက ဇတ်တုတ်ထထိုင်လိုက်၏။

"ဒီနေ့ လဆန်းကိုးရက်နော်"

"ဟုတ်ပ ဆရာရွှေ"

"လပြည့်နေ့ကို ဒီကောင်တွေက နောက်ဆုံးသတ်မှတ်ထားတာဆိုတော့ ခြောက်ရက်လိုသေးတာပေါ့။ ဒီကြားထဲ ကျုပ်တို့ အဖြေရှာရမယ်။ ဒီကောင်တွေကို အလျှော့ပေးလို့တော့ မဖြစ်ဘူး"

"အဲဒါဆို ဘယ်လိုလုပ်မတုန်း။ ကျုပ်တို့နှစ်ယောက်က သန်ဘက်ခါခရီး ထွက်ကြရမှာဆိုတော့ ရှုပ်ကုန်ပြီထင်တယ်"

"မရှုပ်ဘူး ဦးသူတော် ဒီလိုလုပ်။ သန်ဘက်ခါ ခင်ဗျားခရီးကို ခင်ဗျားဖြောင့်ဖြောင့်ထွက်လိုက်။ ကျုပ်နဲ့ ဆရာသိုက် နောက်မှလိုက်လာခဲ့မယ်။ ခင်ဗျား ကျိုက်ထီးရိုးကပဲစောင့်နေ ဟုတ်ပြီလား"

"အင်း ... အဲဒီအစီအစဉ်လည်း ကောင်းပါတယ်။ ဆရာရွှေ

ရေ ကြည့်သာလုပ်ဗျာ။ အဲဒါဆို ကျုပ်စိတ်ချသွားမယ်''

ဖိုးသူတော်ကြီးနှင့် ကရင်ဆရာ ဦးဝါသိုက်တို့ ခရီးအား ဆရာကြီးအဘ ဦးရွှေဂန်မှပြောင်းလဲ စီစဉ်ပေးလိုက်ခြင်းကြောင့် ဦးဝါသိုက်လည်း ဘာမျှမငြင်းသာ။ ခေါင်းတဆတ်ဆတ် လုပ်နေ၏။ သူတို့နှစ်ယောက် လိုက်ပါလာသည့် ရွာခရီးသည် ဆန်ဘက်ခါ တစ်ပတ်ပြည့်ပေတော့မည်။ ထိုတစ်ပတ်အတွင်း အကြောင်းတရားက ခေါင်းထောင်ထပေါ်လာခြင်း ဖြစ်၏။

ကျွန်တော့်ရင်ထဲ ရုတ်တရက်မို့ တဒိတ်ဒိတ်ပင် ရှိုနေလေသည်။ သို့အချိန်တွင် အမေနှင့် ကျွန်တော့်ညီမက ညနေစာအတွက် ထမင်းပွဲပြင်ဆင်လုပ်ကိုင်လာကြပြီ ဖြစ်ခြင်းကြောင့် ဆရာကြီး ဦးရွှေဂန်နှင့် ဖိုးသူတော်ကြီးတို့သည် စကားအား ဖြတ်ထားလိုက်ကြ၏။

ထို့နောက် ပြင်ဆင်ပေးသည့် ညနေစာအား သုံးယောက်သားစားသောက်ကြလေသည်။ ကျွန်တော်က အဘတို့ ထမင်းစားမည့်ဆဲဆဲကာလ၌ မီးချောင်းအလင်း နည်းနေခြင်းကြောင့် မီးချောင်းအား လင်းအားကောင်းလာစေရန် ပြင်ဆင်ပေးလိုက်၏။ ထိုအခါကျမှပင် မီးခြောင်းသည် ဖွေးနေ့အောင်မျှ လင်းချင်းသွားလေတော့၏။

''အေးကွာ ... ခုမှပိုကောင်းသွားတယ် ငါ့မြေးရေ''

''ကဲ ... ဦးသုံတော် ထည့်စားဗျာ။ နောက်မှ ဆက်ပြောမယ်''

မှတ်ချက်။ ။

ဖိုးသူတော်ကြီးသည် ဝါတွင်းကာလ၌သာ ဝိကာလဘောဇနအား ရှောင်ကြဉ်းကြောင်းသိရ၏။

''ဟား ... ဟင်းကတော့ အကောင်းတွေချည်းပဲ။ ကျေးဇူးတင်တယ်ဗျာ။ ကျန်းမာပါစေ ချမ်းသာပါစေ''

ကရင်ဆရာ ဦးဝါသိုက်မှ ချက်ပြုတ်ချပေးသည့် ဟင်းလျာများအား ကြည့်ရှု၍ ချီးမွမ်းပြောဆို ဆုပေးလိုက်ခြင်းဖြစ်၏။

ကျွန်တော့်အမေနှင့် ညီမသည် လက်ဆေး၊ ရေသောက်၊ ရေနှင့် လက်သုတ်အရိုးပန်းကန်ပါ မကျန်ရလေအောင် အပြည့်အစုံ တည်ခင်းပေးထားခြင်း ဖြစ်၏။ ထိုညစာစားပွဲ၌ ကျွန်တော်မျက်စိထဲ တွေ့မြင်နေရသည့် ဟင်းလျာများမှာ ကြက်ရိုးနှင့် ခွေးတောက်ရွက်အရည်သောက်ကြက်သားဟင်း၊ ငါးပိကြော် တို့စရာ၊ ကြက်ဟင်းခါးသီးကြော်၊ မြေပဲဆန်နှင့် မြင်းခွာရွက်သုပ် ဟင်းလျာများဖြစ်၏။ အားလုံးစားကောင်းစဖွယ်ချည်းများကြီး ဖြစ်သည်။

ကျွန်တော်တို့ မိသားစုအိမ်၌ ဤရက်ပိုင်းများသည် အလျှုအိမ်က ရှိုးလောက်သည့် ကောင်းပေ့ ညွန့်ပေဆိုသည့် ဟင်းများချည်းသာ။ မနက်ညနေ အမြဲစားနေရ၏။ ထို့ကြောင့် အစားကောင်း အသောက်ကောင်းမက်သည့် ကျွန်တော့်ညီမှ အဘ ခရီးထွက်မည်ကို ကြောက်သည်

ဟု ပြောဖူးခြင်းဖြစ်သည်။

ကျွန်တော်တို့ မိသားစုသည် ညီသည်အထူးအထွေ မရှိက ဟင်းကောင်း ဟင်းမွန်တစ်ခွက်ထက်ပို၍ ချက်လေ့မရှိပေ။ အသားဟင်း ဆိုလျှင်လည်း တစ်မျိုး။ ငါးဟင်းဆိုလျှင်လည်း တစ်မျိုးသာချက်လေ့ ရှိ၏။ ထို့နောက် လက်ဖက်သုပ်၊ နှမ်းဖတ်ချဉ်သုပ်၊ ရှောက်ချဉ်သုပ်၊ ညောင်ညင်ဖူးသုတ် စသည့် အသုပ်များနှင့် ရောညှပ်စားလေ့ရှိ၏။

ယခုတော့ ထိုသို့မဟုတ်။ တစ်ခါတရံ အသားကပင် နှစ်မျိုး လောက် အနည်းဆုံးချက်လေ့ ရှိခြင်းကြောင့် ကျွန်တော့်ညီသည် ခွင့် တွေ့လျက်ရှိလေသည်။ သူကတော့ ဆရာကြီးအဘ ဦးရွှေဂန်နှင့် ပတ်သက်သည့် အခြားစိတ်ဝင်စားစရာ အကြောင်းအရာများအား စိတ် ဝင်စားလေ့ရှိသူ မဟုတ်ပေ။ တုတ်ခိုက် ငုတ်ရိုက်သမားဖြစ်၏။

ကျွန်တော်က ထိုသို့မဟုတ်။ အစားအသောက် ချေးများတတ် ဘဲ သို့သော် ဟက်ဟက်ပက်ပက် စားလေ့ရှိသူမဟုတ်ပေ။ ထို့ထက်ပို၍ မတူညီသည်ကား ကျွန်တော်သည် ဆရာကြီးအဘ ဦးရွှေဂန်၏ ထူးခြား သည့် အနေအထားအားလုံးအား ထဲထဲဝင်ဝင် သိချင်သူဖြစ်၏။ ထို့ ကြောင့်လည်း အဘက ကျွန်တော့်အား ထိုမျှချစ်ခင်နေခြင်းလည်း ပါ လေ၏။

အဘတို့ ထမင်းစားသောက်ပြီးကြသည့်နောက် ကျွန်တော်တို့

မိသားစုများသည်လည်း တဆက်တည်းရွှေ့ပြောင်း စားသောက်ကြလေ့ ရှိသည်။ ထိုသို့ ကျွန်တော်ထမင်းစားသည့်ခိုက် တစ်ဝက်မကျသေး ကျွန်တော်ထံသို့ သူငယ်ချင်းဖြစ်သူ စံမင်းရောက်လာလေ၏။

''ဟေ့ကောင် ... ထမင်းစားလေကွာ''

''မစားဘူး ... ပြီးခဲ့ပြီ''

''ဟေ့ ... ငမင်း ဝင်စားလေ''

''ဟင့်အင်း ... မစားဘူး အဒေါ်။ ကျွန်တော် ခုလေးတင်ပဲ စားပြီး ထလာတာ''

ထိုသို့ပြောပြီး စံမင်းသည် အိမ်ရှေ့ကုပ်ပျစ်မှ ကျွန်တော် ထမင်း စားနေသည်ကို ထိုင်စောင့်နေခြင်းကြောင့် ကျွန်တော်လည်း စားလက်စ ထမင်းအား ခပ်သွက်သွက်စားသောက်ရင်း ထမင်းစားခြင်းကိစ္စအား အဆုံးသတ်လိုက်၏။ ထမင်းစားပြီး လက်ဆေး၊ ရေသောက်ပြီးသည်နှင့် စံမင်းအနီးသို့ ငုတ်ခနဲ ကျွန်တော်ထိုင်ခိုက် စံမင်းမှ လေသံခပ်တိုးတိုး ပြောလာလေသည်။

''ဒဘုန်း ... ငါနဲ့လိုက်ခဲ့ကွာ။ ကိစ္စရှိတယ်''

''ဟ ... ဘယ်တုန်းဟ။ ထမင်းတောင် လည်ချောင်းထဲက မကျသေးဘူး''

''လာပါ ... မင်းဟိုကျရင် သိရမှာပေါ့။ ဒီထက်နောက်တူ

သွားရင် မကောင်းဘူး''

စံမင်း၏ စကားအား ဤမျှဆိုလျှင် ကျွန်တော် ကောက်မိလိုက်ပြီ ဖြစ်၏။ စံမင်း အမှန်တကယ် အရေးကြီး၍ ကျွန်တော့်အား လာခေါ်ခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့် ကျွန်တော်ဝေ့မနေတော့။ ပုဆိုးအား ပြင်ဆင်ဝတ်ပြီး စံမင်းနောက်သို့ ကျွန်တော် ထလိုက်ခဲ့လေသည်။ ပြီးမှ သတိရ၍ ...

''ဟေ့ကောင် ... နေဦး လက်ချည်းပဲ။ ဘာလိုသေးတုန်း''

''ဟာ ... ဘာမှမလိုပါဘူး။ လိုက်ခဲ့စမ်းပါ''

''ကဲ ... ဒါဆိုလည်းပြီးရော သွားစို့''

စံမင်းမှရော့က ကျွန်တော်မှ နောက်က ကျွန်တော်တို့မြောက်ပတ္တာရောင် လမ်းမကြီးမှတဆင့် ရွာအနောက်မြောက်ဝိုင်း ထိုမှတဆင့် အနောက်တံခါးသို့ ထွက်ခဲ့လေသည်။

''ငါ့ကောင် မကွဲချောင်းထဲမှာ ငါဦးယက္ခတို့ အဖွဲနဲ့ တွေ့လာခဲ့ရဲ့ကွ''

''ဟေ''

ကျွန်တော် စံမင်းစကားကြောင့် အံ့သြတုန်လှုပ်သွားပြီး ဟပြာ၍ တစ်လုံးတည်းသာ အသံထွက်နိုင်လေသည်။ စံမင်းက ဆက်ပြောသည်။

''ဟေ့ကောင် ... ငါတို့ထင်ထားတဲ့ ပြဿနာတော့စပြီ ထင်တယ်''

စံမင်းက ထိုကိစ္စအား ထင်ရုံထင်နေသေး၏။ ကျွန်တော်က အိမ်မှာကတည်းကပင် သိတန်သလောက် သိထားပြီး သဘောပေါက်တန်သလောက် ပေါက်ထားပြီး ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်အလွန် အံ့သြတုန်လှုပ်သွားရခြင်း ဖြစ်၏။

မကွဲချောင်းနှင့် ကျွန်တော်တို့ရွာသည် တစ်မိုင်မရှိ။ ခုနှစ်ဖာလုံလောက်မျှသာ ရှိလေသည်။ သို့သော် သစ်ပင်ခြုံနွယ်များ ပေါများသည့် မခွဲချောင်းအား ရွာနှင့်နီးပင်နီးငြား ယခုလိုအချိန်မျိုး၌ လူသူကင်းမဲ့နေပေလိမ့်မည်။ ကျွန်တော် နာရီငုံကြည့်လိုက်တော့ ညရှစ်နာရီထိုးရန် အချိန်အနည်းငယ်မျှသာ လိုတော့၏။ လရောင်ကလေး ရှိနေသည်မို့ ထိုညသည် မှောင်မိုက်သည့် ညတစ်ညဟူ၍တော့ မဆိုသာချေ။

ကျွန်တော်နှင့် စံမင်း စကားတပြောပြောနှင့် ကုန်းဆင်း ကုန်းတက်လမ်းအတိုင်း ဖြတ်တက်လာခိုက် ချောင်းထိပ်မှ ညောင်ပင်ဘေး၌ ကျွန်တော်တို့ နှစ်ယောက်အလာကို စောင့်ဆိုင်းနေကြသည့် ဦးယက္ခနှင့် အဖွဲဝင်များအား ကျွန်တော် မလိုလားစွာ တွေ့လိုက်ရလေသည်။

ကျွန်တော်တို့နှစ်ယောက်အား မြင်လိုက်သည်နှင့် ဦးယက္ခသည် ကျွန်တော်တို့နှစ်ယောက်အား လက်ထောင်ပြ၍ နူတ်ဆက်သည်။

ကျွန်တော်တို့နှစ်ယောက်သည် သူတို့၏အနီးသို့ မရောက်ရှိသေး။

"မင်းက ကြံကြံဖန်ဖန် သူတို့နဲ့ဘယ်လို လာတွေ့တာတုန်း"

"ငါအနောက်ကုန်းထဲလာရင်း တွေ့ရတာ"

သူပြောမှ ကျွန်တော် စဉ်းစားမိလိုက်၏။ ဟုတ်သည်ပဲ့။ အဘတို့တောင် တွေ့ရသေးတာ။ စံမင်းတွေ့ရမည်ပေါ့။ ကျွန်တော်သည် ဘာမျှ ဆက်မပြောတော့။ စိတ်အားတင်း၍ ထိုအဖွဲ့အနီးသို့ ချဉ်းကပ်လိုက်၏။ ဦးယက္ခမှ ပြုံးဖွာစွာပင် ကျွန်တော်တို့နှစ်ယောက်အား နူတ်ဆက်လေ၏။

"ကောင်လေးတွေ ... မင်းတို့လာမှ လာပါတော့မလားလို့"

"ကျွန်တော်တို့က ခေါ်ရင်လာတယ်။ တွေ့ချင်ရင် တွေ့တယ်။ အဲဒီအတွက်တော့ ဘာမှမပူနဲ့။ အခုချက်ချင်း ယပိုက်လာတာကြည့်"

"အေး ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... လေးစားပါတယ်ကွာ။ ထိုင်ပါ ... အေးအေးဆေးဆေး စကားပြောကြရအောင်"

ဦးယက္ခမှ အထိုင်ခိုင်းခြင်းကြောင့် ကုန်းပြောင်ပြောင်တွင် ကျွန်တော်တို့နှစ်ယောက် ထိုင်လိုက်ကြ၏။ ကျွန်တော်တို့ ထိုင်လိုက်သည်နှင့် မဆိုင်းမတွပင် ဦးယက္ခမှ ဆက်ပြောသည်။

"မင်းတို့မှတ်မိသေးလား။ ဟိုအရင်တစ်ခါ ငါပြောထားတဲ့ ကိစ္စ"

"အင်း ... မှတ်မိပါတယ် ပြောပါ"

စံမင်း အသာငြိမ်နေ၏။ ကျွန်တော်မှ ပြောခြင်းဖြစ်သည်။

"အဲဒါ အခုငါတို့ လုပ်ငန်းစဖို့ နီးနေပြီကွာ။ ဆရာ ဦးရွှေဂန်နဲ့ ဖိုးသူတော်ကြီးကို ငါတို့တွေ့ပြီးသွားပြီ။ သူတို့လက်ထဲမှာရှိတဲ့ မြေပုံတစ်ခြမ်းကို ငါတို့တောင်းထားတယ်"

"အင်း ... ပြောပါဦး"

"ဦးရွှေဂန်က မပေးချင်ဘူး ဖြစ်နေတယ်။ ဒါပေမယ့် ငါ ဒီတြောက်နဲ့ ကျိန်းလိုက်တဲ့အတွက် ဒီကြားထဲ အလုပ်ရှုပ်လို့ လပြည့်နေ့ညမှ ရမယ်လို့ပြော့တယ်။ ဒါပေမယ့် ဒီအဖိုးကြီးကို ငါမယုံဘူး။ အဲဒါ မင်းတို့နှစ်ယောက်ရဲ့ အကူအညီကို လိုချင်တယ်။ ငါတို့ ရွာထဲဝင်လိုက်ရင် အကုန်ပွကုန်မယ်။

"ဘာလဲ ... ဦးရွှေဂန်ကိုဖမ်းပြီး ကျူပ်တို့က ခင်ဗျားတို့ဆီကို လာပို့ရမှာလား"

ကျွန်တော့် စကားသည် အချော်အတောာ မတည့်မှန်းတော့ ကျွန်တော်သိ၏။ သို့သော် စိတ်ထဲတွင် အာရုံနောက်နေသည့်အတွက် ကျွန်တော်ဆွဲချပြောလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်စကားအား လူကင်းပါးသည့် ဦးယက္ခက တည့်မတ်ဆွဲတင် ပြောဆို၏။

"မဟုတ်ဘူးလေကွာ။ ဒီညကနေ လပြည့်နေ့ထိအောင် မင်းတို့ငါနဲ့ သတင်းအချိတ်အဆက် လုပ်ချင်တယ်။ အဲဒီအတွက် မင်းတို့မေတ္တာကြေး ထိုက်ထိုက်တန်တန်ရမယ်။ ဒါပြောတာ"

ဦးယက္ခ၏ ဗီဒီယိုဇာတ်ကားများထဲမှ လူကြိမ်းကဲ့သို့ သရုပ်သကန်နှင့် ပြောလိုက်သည့်စကားအား ကျွန်တော် မခိုးမခန့် ရယ်ပစ်လိုက်၏။

"အ ... ဟား ... ဟား မေတ္တာဆိုတာ ကျုပ်တို့နားမလည်ဘူး။ ဘာကိုပြောတာတုန်း ဦးယက္ခရဲ့"

သိသိသာသာ မခိုးမခန့် ပြောဆိုလိုက်သည့် ကျွန်တော့်စကားအား ဦးယက္ခတို့အဖွဲ့၏ တုန့်ပြန်မှုက ထွက်မလာသေး။ စံမင်း၏ ကျွန်တော့်တင်ပါးအား အသာဆိတ်၍ သတိပေးသည်က ရှေ့မှဦးစွာ ပေါ်ထွက်လာသည်။

"ဟကောင် ... မောင်ဘုန်းရဲ့။ မင်းကလည်း ရိုးလိုက်တာကွာ"

မေတ္တာကြေးဆိုတာ ငါတို့မြို့စကား။ နားလည်အောင် ပြောရင် မင်းတို့ကို သုံးဖို့စွဲဖို့ပေးမယ်လို့ ပြောတာ"

"ဩော် ... ဟုတ်ပြီ ... ဟုတ်ပြီ ... နားလည်ပြီ။ ဒီကော်ပိုင်းအတွင်း ကျုပ်တို့က ဦးရွှေဂန်ရဲ့ ခြေလှမ်းကိုစောင့်ကြည့်ပြီး ခင်ဗျားတို့ဆီကို အခြေအနေအရပ်ရပ် လာပြောရမယ် ဆိုပါတော့"

"အေး ... ဟုတ်တယ်။ အဲဒါက တစ်ပိုင်းပေါ့ကွာ"

"လုပ်စမ်းပါဦး။ ဒါဆိုရင် နောက်တစ်ပိုင်းက ဘာတုန်း"

"မန္တလေးရမ်ပေါ့ ... အဟားဟား"

အဖွဲ့ဝင်တစ်ယောက်မှ ဝင်နောက်လိုက်ခြင်းကြောင့် အားလုံး ပြုံးစိစိ ဖြစ်သွား၏။

စံမင်းကတော့ သူအလွန်ကြိုက်နှစ်သက်သည့် Lucky Strike စီးကရက်ဗူးအတွင်းမှ စီးကရက်အား ထုတ်ယူမီးညှိ ဖွာရှိုက်ရင်း သောက်လိုသူများအား လက်ကမ်းပေး၏။ သူပေးသော်လည်း တစ်ဦးတစ်ယောက် မျှယူ၍ မသောက်ကြချေ။

"နောက်တစ်ပိုင်းက ဒီလိုကွ မောင်ဘုန်းရဲ့။ စံမင်း နားထောင်။ ငါတို့က အဲဒီကိစ္စကို ဆုံးခန်းတိုင်တဲ့ထိအောင် မင်းတို့ဆီက အကူအညီလိုချင်တယ်။ အကျိုးရှိလိမ့်မယ်လို့လည်း ပြောရဲတယ်"

"ပြောပါဦးကွ"

"မင်းတို့က ဒီနား နီးနီးနားနား နယ်ခံဖြစ်တယ်ကွာ။ ဒီနယ်မြေကို ကျွမ်းကျင်မှုက တို့ထက်ပိုတယ်။ နောက်ဆုံး ဘယ်ကပြေးရင်တောင် ဘယ်ရောက်မယ် စလို့ပေါ့ကွာ။ အဲဒီတော့ ငါတို့နဲ့ တစ်စိတ်တပိုင်း ပူးပေါင်းကြပါ။ မင်းတို့အတွက် အကျိုးခံစားခွင့် မနည်းစေရဘူး။ ဘယ့်နယ်လည်း စံမင်း သဘောကျရဲ့လား"

"ပြောတဲ့အတိုင်း အကျိုးရှိတယ်ဆိုရင်တော့ ကောင်းပါတယ်။ အဲဒါကျန်တော့် သဘောထားပဲ"

စံမင်းကလည်း တစ်ခွန်းဆို တစ်ခွန်းပြတ်၏။ ကျွန်တော့်လိုပင် ဇာချဲ၍ ပြောဆိုနေသူ မဟုတ်ပေ။ ထို့ကြောင့် စံမင်း၏ တင်းမာပြတ်သားပုံအား ဦးယက္ခနှင့် နဂါးသဘောကျသွားလေသည်။ နဂါးကပါ ဝင်ရောက်ပြောဆိုပြန်၏။

"စံမင်း ... မင်းနဲ့ ငဘုန်း စိတ်ဓာတ်ကိုတော့ ကြိုက်တယ်ကွာ။ ငါတို့အဆင်ပြေတာနဲ့ ပြုစုသေးတာပေါ့။ ယုံကြည်ပါ ... အဟဲဟဲ"

ကျွန်တော်တို့ စကားပြောကြဆိုကြရင်း အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးလာခဲ့လေ၏။ ကျွန်တော့်စိတ်ထဲတွင် ဒီလူတွေ ဘယ်မှာ စတည်းချကြတာပါလိမ့်ဟူ၍လည်း အတွေးရောက်မိ၏။ ထို့ကြောင့် ကျွန်တော် စကားတောက်သည့်အနေနှင့် ...

"ကဲ ... အချိန်မရှိတော့ဘူး။ ကျုပ်တို့က ဒီနားတင် ပြန်ရမှာ။ ခင်ဗျားတို့က ဘယ်ကိုပြန်ကြမှာတုန်း"

"ဟာ ... ဒီညတော့ ငါတို့လည်း ဟိုးကတောထဲကိုပဲ အိပ်ကြမယ်။ ခြင်တော့ ကိုက်တယ်ကွာ"

ဦးယက္ခစကားကြောင့် ကျွန်တော် သဘောပေါက်လိုက်ရ၏။ သုလက်ညှိုး ညွှန်ပြသည့်တောသည် ကျွန်တော်တို့ တစ်နေ့က နွားသူရိုးများ ထင်မှတ်ခဲ့သည့် တောဖြစ်နေ၏။ ကျွန်တော်တို့က ထိုနေရာမျိုးအား လှို့ဟုခေါ်သော်လည်း သူတို့ကတော့မူ လှို့ဟုမသိကြချေ။ ထိုလှို့ထဲ

အိပ်ကြမည် ဖြစ်သည့်အတွက် ခြင်ကိုက်ရုံမျှမက ချိုလျှင်ပင် ချိုသွားနိုင်သေး၏။ အဘယ့်ကြောင့်ဆိုသော် နေ့ဖက်၌ပင် ခြင်များသည် အလွန်အကိုက်မိုက်ရိုင်းခြင်းကြောင့် ဖြစ်၏။

သူတို့အဖွဲ့နှင့် နှုတ်ဆက်စကားဆိုပြီး ကျွန်တော်နှင့် စံမင်းသည်လည်း ပြန်လှည့်လာခဲ့ကြသည်။ အချိန်သည် အတော်ကလေးညဉ့်နက်သွားပေ၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်သည်လည်း ရွာတံခါးမှ ပြန်မဝင်တော့ပေ။ ပထမ ကင်းသမားအား ခေါ်ရန်းရမည် ဖြစ်ပြီး ဒုတိယကင်းသမားက ကျွန်တော်တို့အား ဘယ်သူ ဘယ်ဝါစသည်အားဖြင့် မေးလားမြန်းလား လုပ်ပေမည်။ ထိုအခါ ကျွန်တော်တို့သည် စကားများများ ပြောဆိုရမည်ဖြစ်၏။

ကျွန်တော်တို့ မိတ်ဆွေကြီး မုဆိုးကိုသိုင်းကျော်အိမ်မှ ဝင်လိုက်လျှင် ထိုပြဿနာအားလုံး အလိုအလျောက် ပြီးငြိမ်းသွားမည်။ မည်သည့် စကားမှလည်း အထူးတလည် ပြောဆိုရမည့် မဟုတ်ပေ။

ကျွန်တော် တွက်ထားသည့်အတိုင်း မုဆိုးကိုသိုင်းကျော်အား ကျွန်တော် စည်းရိုးအခြေမှနေ၍ နှစ်ခွန်းမခေါ်လိုက်ရ။ ကိုသိုင်းကျော် ကျွန်တော်တို့ထံသို့ ထလာလေသည်။

"ငဘုန်း ... မင်းတို့ဘယ်လိုဖြစ်လာတာတုန်း"

"ဘယ်လိုမှ မဖြစ်ဘူး။ တံခါးဖွင့်"

ကျွန်တော့်စကားကြောင့် ကိုသိုင်းကျော်သည် သူ၏ မလွယ်ပေါက်တံခါးအား အသာအယာ ဖွင့်ပေးလေသည်။

''ခင်ဗျား ... အိပ်ပျော်နေတာလား''

''မအိပ်သေးပါဘူးကွာ။ ဆေးလိပ် ထိုင်သောက်နေတာ''

''သားမယားနဲ့ သားသမီးတွေအတွက် အကြံတွေထုတ်နေတယ်ပေါ့။ ကြိုးစား ကြိုးစား ... မုဆိုးကြီး''

ကျွန်တော် ထိုသို့ပြောရင်း ကိုသိုင်းကျော် တန်းလျားတွင် ခေတ္တခဏ ဝင်ထိုင်ကြ၏။ ထို့နောက် ကိုသိုင်းကျော်အား နှုတ်ဆက်၍ ကျွန်တော်တို့နှစ်ယောက် စံမင်းအိမ်သို့သာ ပြန်လာခဲ့ကြ၏။ အိမ်ရောက်တော့ ကြက်ဦးတွန်ပေပြီ။

❖ ❖ ❖

အခန်း(၁၅)

ဒေါင် ... ဒေါင် ... ဒေါင်

ဒေါင် ... ဒေါင် ... ဒေါင်

မနက်ဘုန်းကြီးကျောင်းမှ ခြောက်နာရီသံချောင်း ခေါက်သည်နှင့် ကျွန်တော် အိပ်ယာမှ လူးလဲထ၍ အိမ်သို့ချက်ချင်း ပြန်လာခဲ့၏။ စံမင်းကိုပင် ကျွန်တော် မနှိုးမိခဲ့ပေ။ စံမင်း အိပ်ကောင်းနေဆဲသာ ရှိသေး၏။

အိမ်ရောက်တော့ အမေထမင်းကြော်နှင့် ကြက်ဥကြော်များ ချုံးခပ်နေသည်ကို တွေ့ရ၏။

''လူလေး ပြန်လာတာ စောလှချည်လား''

''အင်း ... အမေ ... စောစောပဲ ပြန်လာခဲ့တယ်''

ကျွန်တော်သည် မနက်စောစော အိပ်ရာမှ ထခဲ့၏။ အကြောင်းမရှိက မနက်ခုနှစ်နာရီလောက်အထိ ပေကပ်အိပ်လေ့ရှိသည်။ ယခုမည်သည့် အကြောင်းထူးမျှ မရှိဘဲ အိပ်ယာမှ စောစောစီးစီး ထလာခြင်းကြောင့် အမေမှ အထူးအဆန်းအဖြစ် မေးခြင်းဖြစ်၏။

အမေမေးမြန်းသည်ကို ကျွန်တော် ထိုမျှလောက်သာ လိုရင်းဘိုရှင်းဖြေဆိုပြီး ကျွန်တော် အိမ်အပေါ်ထပ်သို့ တက်ခဲ့လေသည်။ ကျွန်တော့် ရင်ထဲတွင် အကြောင်းတရားများက ရှိနေပြီ မဟုတ်လား။ အိမ်အပေါ်ထပ် အရောက်၌ ကျွန်တော် အံ့သြသွား၏။ အဘယ့်ကြောင့် ဆိုသော် ကရင်ဆရာကြီး ဦးဝါသိုက်နေရာ၌ သူ့အိပ်ယာ နေရာများပင် မတွေ့ရတော့ချေ။ ကျွန်တော် အိမ်မရှိခိုက် ညကတည်းက တစ်ခါတည်း ပြန်သွားဟန် တူလေ၏။

ကျွန်တော်ကား ထိုသို့စူးစမ်းသည့် မျက်လုံးအစုံနှင့် လိုက်လံကြည့်ရှုနေခိုက်မှာပင် ဆရာကြီးအဘ ဦးရွှေဂန်မှ ကျွန်တော့်အား သူ့အနီးသို့ အထိုင်ခိုင်းပြီးလျှင် အကျိုးအကြောင်း ပြောဆိုလေတော့သည်။

''ငါ့မြေး မင်းတို့ကျောင်း ဘယ်နေ့ပြန်ဖွင့်မတုန်း''

''ကျောင်းဖွင့်ဖို့ လိုပါသေးတယ် ... အဘ''

''ဒါဆိုရင် အချိန်တော့ ကျလာပြီ။ ငါ့မြေးကို ပြောရတော့မယ်။

သိသင့်တာလေးတွေ သိရတာပေါ့''

''ဟုတ်ကဲ့ ... ပြောပါ အဘ''

ကျွန်တော် ထိုသို့ပြန်ပြောခိုက် ကျွန်တော့် အမေမှ ရေနွေးလင်ပန်း၊ ထမင်းကြော်၊ ကြက်ဥကြော်၊ လက်ဖက်သုပ်၊ ပဲပြုတ်ပန်းကန်များနှင့် အဘအတွက် မနက်စာအဖြစ် လာချပေးလေသည်။ ထို့ကြောင့် ကျွန်တော်အသာ နောက်ဆုတ်လိုက်ပြီး အဘစားပွဲအား ရှေ့တိုးပြင်ဆင်ပေးလိုက်၏။ ထို့နောက် အားလုံးပြည့်စုံသွားသည့်အတွက် ကျွန်တော့် အမေလည်း အိမ်အောက်ထပ်သို့ ပြန်ဆင်းသွား၏။

''သွား ... ငါ့မြေး ထမင်းကြော်တစ်ပန်းကန် သွားထည့်ကွာ။ ထမင်းကြော်စားရင်း စကားပြောကြတာပေါ့''

အဘမှ ထိုသို့ပြောခြင်းကြောင့် ကျွန်တော်လည်း အောက်ထပ်ဆင်း၍ ထမင်းကြော်တစ်ပန်းကန် မောက်မောက်ထည့်ယူ၍ အိမ်အပေါ်ထပ် ဆရာကြီးအဘ ဦးရွှေဂန်ရှိရာသို့ ခပ်သုတ်သုတ် ပြန်တက်လာခဲ့၏။

သူအနီးသို့ ဝင်ရောက်ထိုင်လိုက်သည်နှင့် ဆရာကြီးအဘ ဦးရွှေဂန်မှ ထမင်းကြော်စားရင်း ကျွန်တော့်အား သူပြောလိုသည့် စကားများအား ပြောဆိုလေတော့၏။

''ငါ့မြေး အဘတို့ အခုတွေ့နေရတဲ့ ဇာတ်လမ်းကတော့ ရှုပ်တော့ရှုပ်တယ်ကွ''

''ပြောပါ ... အဘ။ သိရတာပေါ့''

''ဒီကိစ္စအတွက် ငါ့မြေးလည်း စိတ်ဝင်စားလိမ့်မယ်လို့ အဘ ဆင်တယ်''

''ဘယ်လိုပြောလိုက်တာလဲ အဘရယ်။ စိတ်ဝင်စားတာပေါ့''

''အခု အဘပြောမယ့် ကိစ္စက ဂျပန်ရတဲ့နာသိုက် မြေပုံကိစ္စ။ ဒါတွေက ဝတ္ထုဇာတ်လမ်းတွေထဲမှာသာ ရှိတယ်လို့ မထင်လိုက်နဲ့ ငါ့မြေး။ အပြင်မှာ တစ်ချို့တကယ် ရှိကြတယ်''

''ဟုတ်ကဲ့ အဘ ... ကျွန်တော်လည်း အနည်းအပါးတော့ ကြားဖူးပါတယ်''

''ကြားဖူးတယ်ဆိုတာက အဘတို့အကြောင်းလား။ အခြား အကြောင်းလားကွ''

''အဘတို့အကြောင်း မဟုတ်ဘူး။ အခြားအကြောင်းတွေပါ အဘ''

''အဘတို့အကြောင်းကတော့ မင်းတို့မကြားဖူးလို့သာ လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်ကတည်းက ရှိခဲ့တာကွ။ အဲဒီအချိန်က အဘ အသက်သုံးဆယ်ပဲ ရှိသေးတယ်''

ဆရာကြီးအဘ ဦးရွှေဂန်သည် ထမင်းကြော်ထဲ ကြက်ဥကြော် များနှင့် ထည့်စားရင်း ထိုအကြောင်းများအား လည်း ဆက်ပြော၏။

ကျွန်တော် အသာငြိမ်၍ နားထောင်နေရသည်။ အဘက ''ဒီဂျပန်တွေ ရဲ့ ရတနာကိစ္စကို ကြားမိလိုက်တာနဲ့ လက်တွေ့လိုက်ပြီး စုံစမ်းတယ်။ နောက်လမ်းကြော ရှာရတယ်။ နောက် အထောက်အထား ရှာရတယ်။ ဒုတိယ ကမ္ဘာစစ်မှာ ဂျပန်တွေရဲ့ လက်အောက်ရောက်ခဲ့ပြီး ၁၉၄၂ ခုနှစ်လောက်မှာ အင်္ဂလိပ် အမေရိကန်တို့နဲ့ တိုက်ကြတဲ့အခါမှာ ဂျပန်တွေ မန္တလေးကျဖြစ်ပြီး ဒီကိစ္စဖြစ်လာရတာ။ ဒါပေမယ့် ဒီနယ်မြေက တို့နယ်မြေ လေကွာ။ အားလုံးပြီးဆုံးသွားတော့ ဒီကိစ္စက တို့နယ်မြေထဲမှာပဲ ထင်းထင်းကြီးကျန်ခဲ့တယ် ဆိုပါတော့။ တို့နယ်မြေက လူတွေလည်း သေကြ ကြေကြ ပြေးကြလွှားကြ ကြောက်ကြလန့်ကြ ဖြစ်နေရတာနဲ့ပဲ ဘာမှမသိရှာကြဘူး။ သူတို့နဲ့ မဆိုင်သလို ဖြစ်နေရတယ်''

အဘသည် ထိုသို့ရှည်လျားစွာ ပြောရင်းနှင့်ပင် ထမင်းစားခြင်း ကိစ္စ ပြီးသွားရ၏။ အဘ ထမင်းကြော်စားသည်မှာ တစ်ပန်းကန်မျှ မပြည့်ပေ။ ကျွန်တော်ကတော့ ထမင်းကြော်တစ်ပန်းကန် အပြည့်အနှက် အား နားထောင်ရင်း စားရင်းလျှောခနဲ ကုန်သွားရ၏။ ထို့နောက် အဘ သည် ကျွန်တော့်အမေ ချပေးထားသည့် နွားနို့အား အချို့တည်းရင်း ဆက်ပြောပြန်လေသည်။

''ဒီကိစ္စကို လိုက်ဖို့အတွက် အဘ အဖော်ရှာကြည့်တော့ ရွာထဲက တစ်ယောက်မှ မတွေ့ရဘူး။ တို့နယ်မြေထဲက ကိစ္စကို တို့နယ်မြေ

ထဲကလူပဲ ပိုင်ဆိုင်သင့်တယ်လို့ အဘထင်တယ်။ လောဘကြောင့် ပြောတာ မဟုတ်ဘူး။ ဓမ္မဓိဋ္ဌာန်ကျကျ ပြောတာ။ အဲဒီကိစ္စကို အားလုံးရဲ့ ကိုယ်စား အဘပဲ စွမ်းဆောင်ခဲ့တယ် ဆိုပါတော့''

''ဒါဆိုရင် ဖိုးသူတော်ကြီးတို့ ဦးဝါသိုက်တို့က ဘယ်လိုပတ်သက်တာလဲ အဘ''

''နေဦး ... အဘပြောပြမယ်။ ဒီကိစ္စအတွက် ဦးသူတော်နဲ့ ကိုဝါသိုက်တို့ နှစ်ယောက်သာ မဟုတ်ဘူး။ သီလရှင်ကြီး ဒေါ်ဒိန္ဓဆိုတာ ရဲ့သေးတယ်။ သူလည်းပါတယ်''

အဘစကားကြောင့် ကျွန်တော် ဥသျှစ်ကုန်းမှ သီလရှင်ကြီးအား အမှတ်ရလိုက်၏။ အားလုံး အံ့ကြောင်းတရားများက ဆက်စပ်လာပြီဖြစ်၏။ ထို့ကြောင့် သီလရှင်ကြီးမှ ထိုသို့ပြောခြင်း ဖြစ်ပေမည်။ အဘက ဆက်ပြော၏။

''ဒီကိစ္စအတွက် အဘတို့ အသက်နဲ့ ရင်းခဲ့ရတယ်ကွ။ သီလရှင်ဆိုရင် အဘကယ်လို့ မသေတာ။ အဲဒီနောက်ပိုင်း အနှစ်နှစ်ဆယ်လောက် ရဲ့မှ သီလရှင်ဝတ်သွားတာ။ သူက ဒီကိစ္စအတွက် အထိအနာဆုံး။ ဘိုရွာထဲက ဒီကိစ္စတွေကို တစ်ယောက်မှ မသိဘူး။ သိကုန်ရင် အန္တရာယ်များမယ်။ အဲဒါကြောင့် အဘကလည်း ဘယ်သူမှ မပြောတာ။ အဲဒီမြေပုံကိစ္စကို အဘတို့က မေ့တောင်ထားတာ''

အဘပြောသည့် အကြောင်းများအပေါ် ကျွန်တော်သိသည့် အကြောင်းများအား ပြန်၍ပြောသင့် မပြောသင့် ကျွန်တော် စဉ်းစားနေမိ၏။ အဘက မသိစေချင်ဟုဆိုသော်လည်း ကျွန်တော်က အကြောင်းကြောင်းကြောင့် အတန်အသင့် သိရှိထားပြီးဖြစ်၏။ ဦးယက္ခနှင့် ကျွန်တော်တို့၏ ပတ်သက်မှုအား အဘပြောလိုက်ပါက အဘအံ့သြသွားမှာ သချာသည်။ ထို့ကြောင့် လည်ချောင်းသို့ တက်လာသည့် စကားများအား ကျွန်တော်မပြောဖြစ်တော့။ ပြန်၍ မျိုချလိုက်၏။

''အဘတို့က မေ့ထားပေမယ့် မေ့မထားတဲ့ လူတွေအတွက် အဘတို့အဖို့ စိုးရိမ်စရာပေါ့''

ကျွန်တော် အမှန်တကယ် စိုးရိမ်စိတ်နှင့် အဘအား ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။ ထိုအခါ အဘက ကျွန်တော့်အား လေးနက်စွာ ပြန်၍ပြော၏။

''ငါ့မြေးက ဘာကိုစိုးရိမ်တာလဲ။ အဘတို့အတွက် မစိုးရိမ်နဲ့။ လိုအပ်ရင် အကူအညီပေးနိုင်အောင်သာ ကြိုးစား။ အခု ဝါသိုက်လည်း မရှိတော့ဘူး။ ပြန်သွားပြီ။ သူတို့မှာလည်း တစ်ဖက်မှာ အရေးကြီးတဲ့ ကိစ္စက ရှိနေသေးတယ်''

အဘ၏ရဲဝံ့ပြတ်သားမှုအား ကျွန်တော်အလွန် အံ့သြသွားမိ၏။ တကယ့်အရေးကြီးတဲ့ ရက်တွေမှာ တစ်ယောက်တည်း ကျန်ခဲ့ခြင်း

ကြောင့် ဖြစ်၏။ သူက အေးဆေးသော်လည်း ဦးယက္ခတို့အဖွဲ့အားကြည့်၍ မအေးဆေးဘဲ ကျောချမ်းရသူက ကျွန်တော်ပင်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က အကြောင်းရင်းအား သိနေရခြင်းကြောင့် ဖြစ်၏။ အဘမျက်နှာအား ကျွန်တော်က စိုးရိမ်ပူပန်စွာကြည့်တော့ အဘက ကျွန်တော့်အား ခပ်အေးအေး မေးခွန်းပြန်ထုတ်၏။

"ငါ့မြေး ... မင်းလူငယ်ရဲ့စိတ်နဲ့ ပြောစမ်းကွာ။ အဲဒီကိစ္စကို အဘ ဘယ်လိုဆုံးဖြတ်ပေးရမလဲ။ တစ်ယောက်ယောက်က အဘဆီက အတင်းအကြပ် တောင်းလာရင်ပေါ့ကွာ"

"ဟာ ... အဘကလည်း ဘယ်ပေးလို့ဖြစ်မလဲ။ ပေးလိုက်ရင် အဲဒီတစ်ယောက်ယောက်က ကိုယ်ကျိုးရှာ အမြတ်ထုတ်ရင် ဘယ်လိုလုပ်မလဲ"

"ဒါဆိုရင် အဘပေလို့ မသင့်ဘူးပေါ့"

"ဘယ်ပေးလို့ သင့်မလဲ အဘရဲ့"

"မပေးလို့ မရလောက်တဲ့ အခြေအနေရှိနေရင်ကောကွာ"

"ဒါကတော့ လျှုရေးတန်းရေးမှ မဟုတ်တာ။ ကိုယ်ပိုင်ပစ္စည်းပဲ။ ကိုယ်စေတနာရှိမှ ပေးနိုင်မှာပေါ့"

"အေးကွ ... စေတနာရှိလို့ ပေးရအောင်ကလည်း အဲဒီကောင်တွေက လူကောင်းတွေမဟုတ်ဘူး။ အဘတို့နဲ့ တစ်ဖက်တစ်လမ်း

ဆီ နေလာခဲ့ကြတာ"

"အဲဒါဆိုရင် အဘ ဘယ်လိုလုပ်ဖို့ စိတ်ကူးထားတုန်း"

"ကဲ ... အဲဒါတော့ ညကျမှအဘ ဆက်ပြောမယ်။ မင်းလည်း ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့၊ လျှို့ဝှက်ထား၊ အဘလည်း ပုတီးစိပ်လိုက်ဦးမယ်"

ထိုသို့ပြောဆိုပြီး ကျွန်တော်လည်း အောက်ထပ်သို့ ပြန်ဆင်းလာခဲ့၏။ အဘလည်း အပေါ်ထပ်တွင် ပုတီးစိပ်ရင်း ကျန်ရစ်ခဲ့သည်။ အဘအတွက်တော့ မည်သို့ရှိမည် မဆိုနိုင်။ ကျွန်တော့်အတွက်တော့မူ ကရင်ဆရာကြီး ဦးဝါသိုက် ထိုသို့ရုတ်တရက် အရေးပေါ်ဖြစ်သွားရခြင်းသည်ပင် စိတ်အားလျော့လျက် ရှိလေ၏။

အဘက ဘယ်သူမှလျှောက်မပြောနှင့်ဟု ဆိုသော်လည်း ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ စံမင်းကိုတော့ အကျိုးအကြောင်း ပြောရ၏။ မပြောချ်လည်း မဖြစ်ပေ။

"ဒါဆိုရင် မင်းအဘအတွက် အန္တရာယ်ရှိတယ် ဘုန်း၊ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားတုန်း"

"ဒါတော့ အဘနဲ့ငါညနေ ဆက်ပြောရဦးမယ်ကွာ"

"အေး ... မင်းမေးသင့်မေးထိုက်တာကို ပွင့်ပွင့်လင်းလင်း မေး။ အချိန်သိပ်မရှိတော့ဘူး"

စားလျှင်လည်း စားတတ်၏။ စံမင်းနှင့် ကျွန်တော့်အကြားတွင် အားနာစရာ ဘာမျှမရှိပေ။

ညနေ ကျွန်တော်တို့အလုပ်က ရှိသေး၏။ လမ်းကြောင်းနှစ်ကြောင်းမှို့ တစ်ကြောင်းစီ ခွဲဝေရလေသည်။ ကျွန်တော်က ဆရာကြီး အဘ ဦးရွှေဂန်နှင့် အစွန်းဆုံထိ ပြောဆိုရမည်ဖြစ်ပြီး စံမင်းမှ ဦးယက္ခတို့ အဖွဲ့နှင့် တွေ့ဆုံပြီး အခြေအနေကို လေ့လာရမည်ဖြစ်သည်။ ကျွန်တော်တို့အတွက် ရင်တုန်စရာ ရင်ခုန်စရာတော့ အလွန်ကောင်းလှ၏။ နောက်နောင် ကျွန်တော်တို့ ရွာကြီး၏ အစဉ်အလာကြီးကြောင်း အနေအထားတွင် ဤကိစ္စကလည်း အင်္ဂါတရပ်အနေနှင့် ပါဝင်လာပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စသည် ယခင်က ကျွန်တော်တို့ရွာတွင် အိပ်ပျော်နေသည့် ပုံပြင်ဒဏ္ဍာရီတစ်ပုဒ် အဖြစ်လောက်သာ ရှိခဲ့ရပြီး ယခုအသက်ဝင်နိုးထ လှုပ်ရှားလာတော့မည် ဖြစ်သောကြောင့် ဖြစ်၏။ အကြောင်းရင်းအား တစ်စတစ်စ သိရှိလာရပြီ ဖြစ်သော်လည်း ကျွန်တော့်စိတ်၌ပင် ဤကိစ္စသည် အလွန်ထူးဆန်းသည့် အိပ်မက်တစ်ခုအလား ထင်မှတ်နေသေး၏။ သို့သော်ငှ ဤကိစ္စသည် အိပ်မက်တစ်ခု မဟုတ်ပါချေ။ အနာဂတ်မကြာမြင့်တော့မည့် ကာလအတွင်း ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသည့် လူဘဝအား နဖူးတွေ့ ဒူးတွေ့သိရှိ ကြုံတွေ့ရတော့မည် ဖြစ်၏။

"ငါသဘောပေါက်ပါတယ်၊ အဲဒါကြောင့် ညနေကျရင် ငါတို့သိချင်တာကို ပွင့်ပွင့်လင်းလင်း မေးမယ်လို့လည်း စိတ်ကူးထားပါတယ်"

ဤကိစ္စအတွက် စံမင်းသည် ကျွန်တော့်ထက်ပင် အားမလို အားမရ ဖြစ်နေသေးသည်။ ဤကိစ္စမျိုးတွင် စံမင်းသည် စိတ်အားထက်သန်သူ မဟုတ်ပါလား။

ကျွန်တော်သည်လည်း စံမင်းအိမ်၌သာ နေ့ခင်းနေ့လည်အား အချိန်ကုန်လွန်စေပြီး ပြောစရာရှိသည်များအားပြော၍ တိုင်ပင်စရာရှိသည်များအား တိုင်ပင်နေလေတော့၏။ ကျွန်တော်တို့ နှစ်ယောက်၏ အလုပ်သည် ယခုအချိန်အခါမျိုး၌ တောလိုက်လျှင်လိုက်၊ တောမလိုက်လျှင်လည်း ကြိုက်နှစ်သက်ရာတစ်ခုခု လုပ်နေရုံသာရှိ၏။ မည်သည့်ကြောင့်ကြမှမျှ ကျွန်တော်တို့တွင် မရှိပေ။

စံမင်းအိမ်သည် ကျွန်တော်တို့အိမ်ထက် စားစရာ သောက်စရာ ငံ့လင့်သော အိမ်ဖြစ်၏။ တောအစားအစာများဖြစ်သည့် မြေပဲယို၊ နှမ်းမြစ်၊ ထန်းလျက်ခဲ၊ မြေပဲလှော်၊ လက်ဖက်စသည့် အရာများ အမြဲမပြတ်ရှိနေသကဲ့သို့ မြို့အစားအစာဖြစ်သည့် ဘီစကွတ်၊ အိုဇာတင်း၊ ကော်ဖီ၊ အအေး၊ အဖျော်ရည်စသည့် အရာများလည်း အမြဲမပြတ်ထားရှိသော အိမ်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် ဖျော်ရည်သောက်လျှင်လည်း သောက်တတ်၏။ ကော်ဖီ၊ မုန့်စသည့်အရာအား တစ်ခုခု

ညနေခြောက်နာရီ ထိုးကာနီးအချိန်တွင် ကျွန်တော်အိမ်သို့ ပြန်လှည့်လာခဲ့၏။ အိမ်အရောက်၌ ကျွန်တော့်အဖေနှင့် ဆရာကြီးအဘ ဦးရွှေဂန် စကားစမြည်ပြောဆိုနေကြသည်ကို တွေ့ရ၏။ အခြားအကြောင်းမဟုတ်။ ကျွန်တော့်အကြောင်း ပြောဆိုနေခြင်းဖြစ်၏။

''မောင်ညီခင် ... မင်းသားက မင်းဘာပြောပြော ညံ့တော့မည့်ဘူးကွ။ အင်္ဂါသားရာဇဖွားဖြစ်နေလို့ သူတောလုပ်တောကိုင် ဝါသနာမပါဘဲ စာပေဝါသနာပါတာ သိပ်ကောင်းတယ် ငါ့တူ။ ကလေးရဲ့ စာအုပ်စာပေတွေ ဖတ်နေတာကို မင်းမဟန့်တားနဲ့။ ဆရာပြောလိုက်မယ်။ ဒီကောင် နောင်တစ်ချိန်မှာ စာပေလောကထဲရောက်ပြီး စာရေးဆရာဖြစ်သွားလိမ့်မယ်''

''ဟာ ... ဆရာကလည်း စာရေးဆရာဆိုတာတွေဟာ မြို့သားဘွဲ့ရ ပညာတတ်တွေ၊ ဒီကောင့်အနေနဲ့က ရွာမှာနေ တောကြိုအုံကြား လျှောက်ပေနေတဲ့ အကောင် ဖြစ်နိုင်ပါ့မလား''

''သြော် ... မင်းဆရာပြောတာ မယုံရင်စောင့်ကြည့်။ ဟောဒီကောင် အသက်သုံးဆယ်ကျော်တာနဲ့ တဖြည်းဖြည်း အမူပြောင်းပြီး သူခြားလာလိမ့်မယ်''

''အင်း ... ဆရာပြောလို့သာ ကြားရတယ်။ ကျုပ်သား ဒီလိုကောင်ကိုတော့ သယ်မထင်ဘူး''

အဖေနှင့် ဆရာကြီးအဘ ဦးရွှေဂန်မှလည်း ကျွန်တော့်အကြောင်းများကိုသာ ထူးထူးခြားခြား ပြောဆိုနေကြ၏။ ထိုစကားများအား ထမင်းဟင်းချက်ပြုတ်ရင်းမှ နားထောင်နေသည့် အမေက ကျွန်တော့်အား ခပ်ပြုံးပြုံးကြည့်၍ လေသံခပ်တိုးတိုးနှင့် ပြောလေသည်။

''ကြားလား ... ငါ့သား မင်းအဘပြောနေတာတွေ။ မင်းအဘပြောတာ မှန်နေအောင် မင်းကြိုးစားပေါ့။ ရန်တွေဘာတွေ သိပ်မဖြစ်နဲ့။ လူလူချင်း သည်းခံ။ ကလေးတွေကိုလည်း စိတ်ရှည်ရှည်နဲ့ သင်ပေး။ သိပ်မရိုက်နဲ့''

''အို ... အမေကလည်း ကျုပ်ဘယ်ကလေး နာကျင်အောင် ရိုက်ဖူးလို့တုန်း။ ပြဿနာ ဆိုတာကတော့ အခန့်မသင့်ရင် တက်ကြရတာပဲ။ တစ်ချို့ဟာတွေက ရှောင်ရင်ပိုဆိုးတယ်။ တဲ့တဲ့တိုးမှ ကိစ္စပြီးတာ''

''မင်းအဲဒါ ခက်တာပဲ လူလေး။ မင်းမှာ အဲဒါတွေက အဟန့်အတားဖြစ်နေတာ။ အမေတို့က မင်းကိုအဲဒီလို မဖြစ်စေချင်ဘူး။ တော်တော်ရော်ရော်ပဲ ဖြစ်စေချင်တယ်။ မင်းနဲ့အတူ လုပ်နေတဲ့ ငမွတ်ဆိုဘယ်လောက်တော်တုန်း။ လိမ္မာရေးခြားရှိတယ်''

''ဗျာ ... ကျုပ်ကို ငမွတ်နဲ့ လာနှိုင်းနေသေး။ အရေးထဲ ငမွတ်က မိန်းမလိုနေတဲ့အကောင် အမေတို့က အပေါ်ယံကြည့်ပြီး ချီးမွမ်းနေတာ''

"ဟဲ့ ..., သူက လူကြီးသူမစကားကို နားထောင်တယ်။ အဲဒါကြောင့် သူကိုတော်တယ်လို့ နာမည်ထွက်တယ်လေ"

"ကဲ ... ဟုတ်ပါပြီဗျာ။ မပြောတော့ဘူး။ အဖေနဲ့ အဘက တစ်ပွဲ။ အမေနဲ့ ကျုပ်ကတစ်ပွဲ ဖြစ်နေလိမ့်မယ်။ အမေတို့ ဖြစ်စေချင် သလို နေပေးမယ် ဟုတ်ပြီလား"

ကျွန်တော် ထိုသို့ပြောလိုက်တော့မှ အမေကျေနပ်သွား၏။ မိဘများကား အလွန်အံ့သြဖွယ် ကောင်းလှလေသည်။ ဆရာကြီးအဘဦးရွှေဂန်ပြောသည့် စကားများအား နားထောင်ရင်းမှ အမေသည် ကျွန်တော့်အား အားမလိုအားမရ ပြောဆိုသွန်သင်နေခြင်း ဖြစ်၏။ ဆရာကြီးအဘ ဦးရွှေဂန်သည် ကျွန်တော့်အား အကောင်းမြင်ဘက်မှ အမြဲပြောဆိုသူ ရှုမြင်သူဖြစ်၏။ လက်ရှိအနေအထားကတော့မူ ကျွန်တော့်အား ဟောကိန်းထုတ်နေသည့် ဆရာကြီးအဘ ဦးရွှေဂန်၏ ဟောကိန်းနှင့် ကျွန်တော့်ပုံစံကား ဘေးလူများကြားလျှင် ရယ်စရာပင် ဖြစ်နေပေလိမ့်မည်။ တစ်ကယ့် တစ်ခြားစီဖြစ်နေသောကြောင့် ဖြစ်၏။ ကျွန်တော်က စာမတတ်၏။ သို့သော် ရည်းစားစာ မေတ္တာစာကိုပင် ကျွန်တော်နှစ်ကြောင်း ပြည့်အောင် ရေးသူမဟုတ်ပေ။ ထို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် လည်း ပြုံးတော့ပြုံးမိ၏။

အမေထမင်းဟင်းကျက်၍ ခူးခပ်ပြင်ဆင်ပေးတော့ ကျွန်တော်

တို့ မိသားစု လက်ဆုံစားကြသည်။ အဘနှင့်အတူ စားသောက်ခြင်းကြောင့် ဟင်းမျိုးစုံလှ၏။ ကျွန်တော့်စိတ်တွင် ထမင်းစားနေဆဲ ကာလတိုင်အောင် အဘနှင့်ကျွန်တော် ဖြတ်ထားသည့် စကားအား အာရုံရောက်လျက် ရှိလေ၏။ အဘကတော့မူ မေ့နေသကဲ့သို့ ရှိ၏။ ဘာမျှ မပြောသေးပေ။ ကျွန်တော်တို့ ထမင်းစားသောက်ပြီး၍ အတော်ကြာတော့မှပင် အဘသည် ကျွန်တော့်အား အသံပေး၍ အပေါ်ထပ်သို့ ခေါ်လေ၏။ အဘခေါ်တော့ ကျွန်ကော် ဝမ်းသာအားရ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

"လာ ... ထိုင်ကွာ။ အဘတို့ စကားပြောရအောင်"

"ဟုတ်ကဲ့ ... အဘ"

အဘသည် လူညံ့တစ်ယောက် မဟုတ်ကြောင်း စနစ်တကျရှိသူဖြစ်ကြောင်း ကျွန်တော် တွေ့လိုက်မိ၏။ ကျွန်တော်က ထိုကိစ္စအတွက် စိတ်လောနေခြင်း မဟုတ်ပါလား။

"ငါ့မြေး အဘနဲ့ လူတစ်စု လပြည့်နေ့ညမှာတွေ့ဖို့ အစီအစဉ် ရှိတယ်။ ကောင်းတော့ မကောင်းလှဘူးကွ"

"ဘာဖြစ်လို့လည်း အဘ"

"အဘလက်ထဲက ရတနာသိုက်မြေပုံ တစ်ခြမ်းကို တောင်းနေတယ်။ အဲဒီကိစ္စအတွက်အဘ သူတို့ကို တွေ့ရမှာ။ အချိန်တော့ ရှိပါသေး

တယ်။ ကြိုတင်ပြင်ဆင်ရမှာပေါ့''

''ကြိုတင်ပြင်ဆင်ရမယ်ဆိုတော့ အဘကပေးမယ့် စိတ်ကူးထားလို့လား''

''ဘယ်ပေးလို့ ဖြစ်မတုန်း ငါ့မြေးရဲ့။ တစ်နည်းနည်းနဲ့တော့ ရှင်းရမှာပဲ''

''အဲဒါဆို ခက်တာက အဘမှာ အင်အားဆိုလို့ ဦးပါသိုက်လည်း မရှိတော့ဘူး။ အန္တရာယ်များမယ်နဲ့ တူတယ်''

''အန္တရယ်ကတော့ အနည်းနဲ့အများ ရှိတာပေါ့။ အဘတွေ့ရမယ့် လူစုက ယက္ခဆိုတဲ့ကောင် ခေါင်းဆောင်တဲ့ လူတွေကွ။ သူတို့က အဲဒီပစ္စည်း မပေးရင် အဘကိုသတ်မယ်တဲ့''

''ဟာ ... ဒါဆိုရင် သူတို့က ဒီပစ္စည်းကို အဘလက်ထဲ ဦးပါတယ်လို့ ကံသေကံမ ဘယ်လိုပြောနိုင်တာတုန်း။ တစ်ကယ်လို့ အဘလက်ထဲမှာ သူတို့လိုချင်တာ မရှိလို့ မပေးနိုင်ရင်ရော သတ်ကြမှာလား။ အဘအနေနဲ့ မရှိဘူးလို့ ငြင်းလိုက်ပေါ့''

''မရဘူး ... ငါ့မြေး။ သူတို့ကလည်း ဒီပစ္စည်းအတွက် နှစ်ပေါင်းများစွာကနေ အထောက်အထားနဲ့ လိုက်လာကြတာ။ သူတို့က လည်း မည်သ်ဘူးကွ။ ဒက်ထိကွက်တိပဲ။ လှည့်လို့ မရနိုင်သလို ငြင်းလို့ လည်း မရဘူးဖြစ်နေတယ်''

ဤအကြောင်းများအား အဘပြောမှပင် ကျွန်တော်ပို၍ ခံပြင်းလာမိ၏။ အဘသည် အလွန်အေးဆေးသူဖြစ်၏။ လောဘကြီးသူမဟုတ်ပေ။ သူအလိုသာဆိုလျှင် ဤကိစ္စသည် ဘာမျှပြဿနာဖြစ်မည် မဟုတ်ပေ။ တစ်ခြမ်းစီ ပိုင်ဆိုင်ထားသည့် မြေပုံတစ်ခုအား‌ဆက်၍ အကျိုးရှိရာရှိကြောင်း ညှိနှိုင်းလုပ်ကိုင်မည်သာ ဖြစ်၏။ ယခုတော့ ထိုသို့မဟုတ်။ ခြိမ်းခြောက်၍ အဘထံမှ အသားလွတ်တောင်းနေကြခြင်းဖြစ်၏။

အဘသည် ထိုဂျပန်ရတနာသိုက် မြေပုံအား ဖြူလေမည်းလေ ထုတ်ယူ မပြသသေးပေ။ အဘယ်သို့ စီစဉ်ရမည်ကိုသာ တွေးတောကြံဆလျက်ရှိ၏။ ပြီးမှ အဘမျက်နှာသည် ပြုံးရိပ်သန်းလာပြီးလျှင် ကျွန်တော့် အားကြည့်၍ မေးခွန်းထုတ်၏။

''ဘယ့်နယ့်တုန်း ငါ့မြေး၊ အဘ ဘယ်လိုလုပ်ရမတုန်း။ မင်းအမြင်ကို ပြောစမ်းပါ''

''ဘယ့်နယ့်လုပ်ရမှာတုန်း အဘရဲ့။ ဒီလူတွေကို ရင်ဆိုင်ရမှာပေါ့။ ကျွန်တော့်တို့ရှာမှာ လူတွေအများကြီးပဲ ဘာမို့တုန်း''

''မဟုတ်ဘူးကွ ... ငါ့မြေးရ။ ဒီကိစ္စအတွက် လူတွေလည်း သိလို့ မဖြစ်ဘူး။ လူတွေသိရင် အကုန်ကိုရှိကားယား ဖြစ်ကုန်မှာပေါ့''

ဟုတ်တာပေါ့ ... အဘပြောသည့် စကား။ ကျွန်တော် အစိုးရိမ်လွန်၍ ရမ်းပြောချလိုက်ခြင်း ဖြစ်၏။ ဤကိစ္စကား လူများစွာသိ၍

အခန်း (၁၆)

ညရှစ်နာရီ အချိန်ခန့်တွင် ညသည် လရောင်နှင့် သာယာလှပလျက် ရှိလေ၏။ ကျွန်တော် ရွာအရှေ့တံခါးမှ ထွက်လာချိန်တွင် မတော့ရွာအရှေ့ တံခါးဝ၌ လူဝင်လူထွက် သိပ်မရှိတော့ချေ။ တစ်ယောက်စ နှစ်ယောက်စသာ တွေ့ရလေ၏။ သူတို့က တောတွင်းမှ ပြန်လာကြသော်လည်း ကျွန်တော်က ရွာတွင်းမှ တောတွင်းသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူအကြောင်းနှင့်သူ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မည်သူမည်ဝါမှန်းများပင် မသိနိုင်ကြ။

ရွာပြင်သို့ ရောက်ရှိလာသည်နှင့် လမ်းမကျယ်ကြီးအတွင်းမှ

မဖြစ်နိုင်ပေ။ ကြိတ်၍ရှင်းရမည့် ကိစ္စသာဖြစ်၏။ ထို့ကြောင့် ကျွန်တော့်ဘက်မှ ဖြစ်နိုင်သည့် အနေအထားအား ကျွန်တော်ပြောလိုက်၏။

''အဘ ... ဒီကိစ္စအတွက် ကျွန်တော်ကတော့ အဘခိုင်းထားတာကို လုပ်ပေးနိုင်ပါတယ်။ ကျွန်တော့်ကို ယုံယုံကြည်ကြည်ခိုင်းပါ''

''အင်း ... ဒါကတော့ မင်းသဘောပေါ့။ အဘ ဝမ်းသာပါတယ်။ အဘတို့ကိစ္စနဲ့ ငါ့မြေးတစ်ခုခုဖြစ်မှာကိုပဲ စိုးရိမ်တယ်ကွ''

''ဒါကတော့ ကြည့်ရှောင်ရမှာပေါ့ အဘရဲ့။ လူတွေချည်းပါ။ ခက်ရုပ်တွေ မပါပါဘူး''

''အေး ... ဝိုင်းလုပ်ကြတာပေါ့ကွာ။ ရက်လည်း လိုပါသေးဘယ်။ အခု အကြမ်းဖျင်းပြောထားတာပါ။ ဦးနှောက်ရှိရင် ဒီကောင်တွေကို အနိုင်ယူလို့ရပါတယ်။ သူတို့က လက်နက်နဲ့ အဘတို့က ညဏ်နဲ့ပေါ့ကွာ''

အဘသည် ထိုသို့ပြောပြီး လရောင်အောက် ညခုနစ်နာရီခွဲခန့်ဘွင် အပြင်ထွက်သွား၏။ အဘ အပြင်ထွက်သွားခြင်းကြောင့် ကျွန်တော်သည်း စံမင်းအိမ်တွင် ရှိလိုရှိငြား ထွက်လာခဲ့သည်။ သို့သော် စံမင်းအိမ်၌ စံမင်းအား မတွေ့ရ။ တံခါးပိတ်ထားခြင်းကြောင့် ကျွန်တော် နောက်ပြန်လှည့်လာခဲ့၏။ စိတ်ထဲတွင် ဇဝေဇဝါတော့ ဖြစ်နေမိသည်။

❖ ❖ ❖

လမ်းမကြီးဟု နာမည်ကြီးလှသောကြောင့် ဖြစ်၏။ ခပ်လှမ်းလှမ်း ကျွန်တော့်မျက်စိတွင် တွေ့ရသည့် မန်ကျည်းငုတ်တိုပင်ကြီးမှ အချိန်မတော်သည့် အခါမျိုး၌ အများဆုံးခြောက်လှန့်ကြောင်း သိရလေသည်။

ထို့ကြောင့် ကျွန်တော်သည်လည်း ထိုယာဖက် လမ်းခွဲလမ်းမကြီးအတွင်းသို့ ဝင်လိုက်မိသည်နှင့် သတိတော့ထားမိလိုက်လေသည်။ မိမိ၏ အားတစ်ခါမျှ အခြောက်လှန့်မခံရဖူးသော်လည်း လူပြောသူပြောအရ အလိုအလျောက် သတိထားမိနေခြင်း ဖြစ်၏။ မထား၍လည်း မရပေ။ အချိန်ကလင့်နေပြီ မဟုတ်ပါလား။

ကျွန်တော်သည် အိမ်တွင်ကုပ်နေ၍ မဖြစ်ပေ။ ဆရာကြီးအဘဦးရွှေဂန်သည်လည်း တစ်စုံတစ်ခုသော အကြောင်းကိစ္စနှင့် အပြင်သို့ ထွက်နေခြင်း ဖြစ်သကဲ့သို့ စံမင်းသည်လည်း ဦးယက္ခတို့အဖွဲ့နှင့် တိုင်ပင်နှီးနှောရန်အတွက် သွားရောက်တွေ့ဆုံနေခြင်း ဖြစ်၏။ ထိုအချိန် ထိုအခါ အခိုက်အတန့်၌ ကျွန်တော်သည်သာ အချည်းနှီးအလဟာသ ယောင်ပေပေ ဖြစ်နေခြင်းကြောင့် တစ်စုံတစ်ခုသော အကြောင်းချင်းရာ ထူးခြားလို ထူးခြားငြား တစ်ယောက်တစ်လမ်းစီအဖြစ် ကျွန်တော်လည်း ထွက်လာခဲ့ခြင်းဖြစ်၏။

ကျွန်တော်၏ဦးတည်ရာ လမ်းကြောင်းသည် လရောင်အောက်၌ ရွာ၏အရှေ့တောင်ဖက်မှ လမ်းကြောအတိုင်း အနောက်တောင်ဖက်သို့

ပုရစ်အော်သံများက ကျွန်တော် နားဝင်သိုးစွာ လာရောက်မိတ်ဆက်လေသည်။ ပုရစ်အော်သံမှအပ မည်သည့်အသံဗလံမှ မကြားရ။ ရွာပြင်တောတောင်၏ တိတ်ဆိတ်မှုက လွှမ်းမိုးလာလေသည်။ အေးမြသည့် လရောင်အောက်တွင် တဖြူးဖြူးတိုက်ခတ်သည့် လေနှင့်အတူ ထန်းတောဝိုင်းမှ ထန်းပင်များ မန်ကျည်းပင် သရက်ပင်တို့၏ အကိုင်းအခက်များသည် တလှုပ်လှုပ်ယိမ်းထိုး ကခုန်နေသည်ကို တွေ့ရ၏။

''ဂိုး ... ဂစ် ... ဂစ်''

''ဖလမ်း ... ဖလမ်း ... ဖလမ်း''

ခြုံထူထပ်သည့် လမ်းမဇရိယာအတွင်း ကျွန်တော် ခြေချလိုက်သည်နှင့် အလွန်ကြီးမားသည့် ငှက်ဆိုးကြီးတစ်ကောင် ကျွန်တော် ဦးခေါင်းထက်မှကပ်၍ အော်ဟစ်ပျံသန်းသွားခြင်းကြောင့် ကျွန်တော် အမှတ်တမဲ့ မော့ကြည့်လိုက်မိ၏။ လန့်သွားသည်ဟူ၍တော့ မဆိုသာချေ။ ကျွန်တော်သည် တောတွင်း၌လှည့်လည် သွားလာနေသည့် အတွေ့အကြုံများကြောင့် ဖြစ်၏။

အချိန်လင့်လာပြီဖြစ်သည့် ယခုလို အချိန်မျိုး၌ တဖြည်းဖြည်း ရွာနှင့်လှမ်းလာပြီဖြစ်သည့် ဤလမ်းမကျယ်ကြီးသို့ တော်ရုံလူ မဖြတ်သန်းကြတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်တူရွ ကိုက်နှစ်ဆယ်ခန့်လမ်းခွဆုံကြီး၏ ယာဖက်လမ်းမကြီးသည် တစ္ဆေအလွန်ခြောက်သော

သို့ ဦးတည်ရန်ဖြစ်၏။ ကျွန်တော့်တွင် လက်နက်ဟူ၍ ခြောက်လက်မခန့် အားမြောင်တစ်ချောင်းသာ ပါရှိလေ၏။ ကျွန်တော်ဖြတ်သန်းရမည့် လမ်း ခရီးခွဲ ကြမ်းတမ်းသည့် အုတ်တိုက်နီအားလည်း ကပ်၍ကျော်ဖြတ်ရဦး မည်ဖြစ်သည်။ ထိုအုတ်တိုက်နီ ကုန်းမြေက တမာပင် ထနောင်းပင်ကြီး များနှင့် ပိုဆိုးသေး၏။

ယခုကဲ့သို့ လူသူကင်းဆိတ်သည့် အကာလညအချိန် မဆိုထား နှင့်။ နေ့ဘက်အခါများ၌ပင် အလွန်စိတ်ခြောက်ခြားဖွယ်ကောင်းသည့် နေရာအရပ်ဒေသ တစ်ခုဖြစ်၏။

ထိုမကျော်မဖြတ်ရသေးသည့် နေရာအကြောင်း စဉ်းစားနေ ခဲ့ကာမှာပင် ကျွန်တော်လျှောက်လှမ်းနေသည့် ဝါးတစ်ဝိုက်ကျော် နှစ်ရိုက် ခန့်အကွာမှ ရိပ်ခနဲ လူရိပ်နှစ်ရိပ်ပေါ်လာခြင်းကြောင့် ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားရ၏။

လရောင်အောက် ကျွန်တော်မျက်စိရှေ့တွင် ရှင်းပြတ်စွာ နောက်မှ မြင်တွေ့နေရသည်ကား မိန်းခလေးနှစ်ယောက် ဖြစ်နေ၏။ နှစ်ယောက်စလုံး အသားဖြူဖြူ လုံးတူဒေါက်တူ ဆံပင်အရှည်များ ဖြစ် ကြသည်။ သူတို့၏ ခြေလှမ်းများကား ကျွန်တော့်ရှေ့မှ မနှေးမမြန်သွားနေ ကြခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် နောက်မှလှမ်းနေရင်းနှင့်ပင် ကြောက်သီးများ တဖြန်းဖြန်းထလာရသည်။ ဤလို အကာလညအချိန်မျိုး၌

ဤနေရာ၌ မိန်းကလေးများလာရောက် တွေ့ရသည်မှာ အလွန်ယုတ္တိသန် ၍ လူမဖြစ်နိုင်သောကြောင့် ကျွန်တော် ရှေ့ဆက်မတိုးတော့။ လှမ်းနေ သည့် ခြေလှမ်းအား အချိန်လျှော့လိုက်၏။ ထိုအခိုက်အတန့်မှာပင် ထိုမိန်းကလေးနှစ်ယောက်မှ ကျွန်တော့်အားနောက်ပြန် လှည့်ကြည့်ကြလေ သည်။

''ဟင် ... ငါ့ကိုတွေ့သွားပြီ''

ကျွန်တော်တစ်ယောက်တည်း ထိုသို့ရေရွတ်လိုက်ကာမှ ရှိသေး ဘာမျှမကြာလိုက်။ တဆက်တည်းဆိုသလို ထိုမိန်းကလေးနှစ်ယောက် သည် လရောင်အောက်၌ ကျွန်တော့်ထံသို့ သိသာစွာနောက်သို့ တစ်လှမ်း ချင်း လှည့်လာကြလေသည်။

''ဟင် ... ပြဿနာပဲ၊ ငါ့ဆီလာကုန်ပြီ။ ဘာတွေပါလိမ့်၊ ဥစ္စာစောင့်တွေများ ဖြစ်နေလား''

ထိုအတွေးသည် ကျွန်တော့်စိတ်အာရုံတွင် တမဟုတ်ချင်း ဝင်ရောက်လာရုံမျှမက ကျွန်တော့်မို့ချည် မောက်ချည်ဖြစ်နေသည့် ရင် အစုံနှင့်တကွ နှလုံးများပါ တဆတ်ဆတ်တုန်လာရသည်။ ကျွန်တော့်အား တစ်စုံတစ်ခုခု ပြုလုပ်ကြတော့မည်ဟု ကျွန်တော်ကောင်းစွာ သိလိုက်ပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်ခါးကြားမှ ခါးမြောင်အားစမ်းရင်း ကျွန်တော် တစ်လှမ်းချင်း နောက်ပြန်ဆုတ်လိုက်လေသည်။ ထိုသို့ ကျွန်တော်ရွေ့မှ

လာနေသည့် မိန်းကလေးနှစ်ယောက်အား အာရုံစိုက်၍ နောက်ပြန်ဆုတ်လိုက်မိခြင်းကြောင့် တစ်နေရာအရောက်၌ ခလုတ်တိုက်၍ ကျွန်တော် နောက်သို့ ပက်လက်လန် လဲကျသွားလေသည်။

ဂုတ်

ဂလွတ်

ဘုန်း

အင့်

မြေအမာနှင့် ကျွန်တော်ဖင်ညောင်ရိုး ဦးစွာမိတ်ဆက်လိုက်သည့် အတွက် မျက်ခနဲ့ အောင့်ခနဲဖြစ်သွားရ၏။

''ဟား ... ဟား ... ဟား ... ဟား''

''ဟီး ... ဟီး ... ဟီး ... ဟီး''

''ဟား ... ဟား ... ဟား ... ဟား''

ကျွန်တော်၏ မထိန်းနိုင် မသိမ်းနိုင် ရုပ်ပျက်ဆင်းပျက် လဲကျသွားသည်။ ထိုအဖြစ်ကြောင့် ထွက်ပေါ်လာသည့် ခြောက်ချားဖွယ် ရယ်မောသံကြီးများကား အကာလညအချိန်တွင် လူသူကင်းမဲ့သည့် သရောင်အောက်၌ တောအလုံးသို့ ပြန့်နှံ့ပဲ့တင်ရိုက်သွားသည်ဟု ထင်ရလေသည်။

ကျွန်တော်သည် စိတ်အားတင်း၍ လက်ထဲသို့ပါလာသည့် ဓား

မြောင်အား ဆတ်ခနဲဆွဲထုတ်၍ ဖျတ်ခနဲပြန်ထည့်လိုက်သည့် ခဏ၌ အံ့သြဖွယ်ကောင်းလောက်အောင် စက္ကန့်ပိုင်း မိနစ်ပိုင်း အချိန်တိုကလေး အတွင်း၌ ထိုမိန်းကလေးနှစ်ယောက် မရှိတော့ပေ။ အရိပ်များကဲ့သို့ ထင်မှတ်ရ၏။ ပျောက်ချင်းမလှ ပျောက်သွားလေသည်။

''ဟင်''

''မိန်းကလေးနှစ်ယောက် ဘယ်ရောက်ကုန်ပါလိမ့်''

ကျွန်တော် မတ်တတ်ရပ်ရင်း ခုခံမည့်အကြံနှင့် ထိုသို့တွေးတောလိုက်စဉ်မှာပင် တုန်လှုပ်ခြောက်ခြားဖွယ် ရယ်သံများကား ထပ်မံ၍ ပေါ်ထွက်လာပြန်၏။

''ဟီး ... ဟီး ... ဟီး ... ဟီး''

''ဟား ... ဟား ... ဟား ... ဟား ''

''ဟီး ... ဟီး ... ဟီး ... ဟီး''

ထိုရယ်မောသံများသည် မည်သည့်အရပ်ကပင် ထွက်ပေါ်လာနေမှန်း ကျွန်တော် မခန့်မှန်းနိုင်။

''ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး''

''ဟား ... ဟား ... ဟား ... ဟား''

''ဟင် ... ဒါအထက် ငှါခေါင်းပေါ်က ထွက်နေတဲ့ အသံတွေပဲ''

ကျွန်တော် စိတ်ခြောက်ခြားစွာ ကောင်းကင်သို့ မော့ကြည့်လိုက်မိပြန်၏။ သို့သော် ကောင်းကင်၌ဝိုင်းစက် ရှင်းသန့်သည့် လမင်းကြီးနှင့် တောက်ပြောင်သည့် မြောက်မြားလှစွာသော ကြယ်ပြောင်ကလေးများမှအပ ကျွန်တော့်မျက်စိတွင် ဘာမှမတွေ့ရချေ။

''ဟင် ... အထက်မှာလည်း မရှိဘူး''

''လသာညမှာ ဒါဥစွာစောင့်တွေပဲ ဖြစ်ရမယ်''

''ငါ့ကို အသက်ချင်း လဲချင်ကြလို့များလား''

ကျွန်တော် ထိုအတွေးနှင့်အတူ ကျွန်တော့်ခြေထောက်အနီးတွင် တွေ့ရသည့် ငါးဆယ်သားခန့် ကျောက်တုံးတစ်တုံးအား ကောက်ယူလိုက်ပြီးလျှင် လူတရပ်ကျော်ကျော်လောက်မျှသာ ရှိသေးသည့် ထန်းပင်အုံကြီးအား ပြင်းထန်စွာခြောက်လှန့် တုန်ပြန်သည့်အနေနှင့် ညာလက်တွင် အားကုန်ထည့်၍ ပတ်ခတ်ချလိုက်သည်။

''ကဲကွာ ... မကြောက်ဘူး။ သတ္တိရှိရင် ထွက်ခဲ့''

''ပြောင်း''

''ဒုန်း''

''ဒလုံး''

ကျွန်တော့်ပါးစပ်က ထိုသို့ကျယ်လောင်စွာ အော်ဟစ်ကြိမ်းမောင်း ပစ်ခတ်လိုက်သည့် ကျွန်တော့်ပစ်ချက်သည် ရင်ထဲအတော်ကလေး

အားရှိသွားစေလေ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ပြင်းထန်စွာ ပစ်ခတ်လိုက်ခြင်း၏ ထိရောက်မှုကြောင့် စောစောဝိုင်းတွင် တစီစီ အော်ဟစ်နေသည့် ပုရစ်သံများပါ တိုးခနဲရပ်ဆိုင်းသွား၏။ နောက်ထပ် ဘာသံမျှ ထွက်ပေါ်မလာတော့ပေ။ ကျွန်တော်၏ ဒုန်းဒုန်းဒိုင်းဒိုင်း ပြင်းထန်စွာ တုန့်ပြန်လိုက်သည့် တုန့်ပြန်မှုအား အလွန်ထိတ်လန့်ကြောက်ရွံ့သွားကြဟန် တူလေ၏။

အဆုံးတော့ သူကြောက် ကိုယ်ကြောက် သူလန့်ကိုယ်လန့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ကြောက်လန့်သွားကြခြင်း ဖြစ်သည်။ ကျွန်တော်လည်း ရှေ့ဆက်တိုးဖို့ ဆန္ဒမရှိတော့။ အချိန်လည်း တစ်နာရီနီးနီးလောက်မျှ ကုန်ဆုံးသွားသည်ဖို့ ထိုနေရာမှာပင် ကျွန်တော်နောက်လှည့်ပြန်ခဲ့သည်။ ညကိုးနာရီခန့်လောက် ရှိနေပြီဖြစ်၏။

ကျွန်တော်တို့ရွာ၏ အရှေ့တံခါး အနောက်တံခါးသည် လူခြေတိတ် ညဆယ်နာရီခန့်လောက်မှ အားလုံးလုံခြုံစွာပိတ်လေ့ ရှိကြခြင်းကြောင့် အချိန်တစ်နာရီလောက်မျှ နေခွင့်ရသေးသော်လည်း ကျွန်တော်သည် နဖူးတွေ့ ဒူးတွေ့ ဆုံတွေ့လိုက်ရပြီဖြစ်သည့် ဤအဖြစ်အပျက်ကြောင့် စိတ်ဆန္ဒအားလုံး ငုပ်လျှိုးပျောက်ကွယ်ပြီးလျှင် ဘာမျှစဉ်းစားမနေတော့ဘဲ ယခုကဲ့သို့ ရွာဖက်သို့ နောက်ကြောင်းပြန်၍ ချဉ်းကပ်လာခြင်းဖြစ်၏။ ရင်ထဲတွင်လည်း တစ်ယောက်တည်း သံသယဖြစ်ဖွယ်

အနေအထားများနှင့် ထိတွေ့ခဲ့ရသည့်အတွက် တစ်မျိုးတမည် မောသလိုပန်းသလိုကြီး ဖြစ်နေရလေသည်။

တစ်စုံတစ်ယောက်အား ပြန်ပြောရလျှင်တောင်မှ ကျွန်တော် ဟုတ်တိုင်းမှန်စွာ ထိုသို့ပီပြင်အောင်ပြန်၍ ပြောနိုင်တော့မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ရင်ထဲ အတိုင်းအဆမရှိ လှုပ်ရှားခဲ့ရသောကြောင့် ဖြစ်၏။ ကျွန်တော့်နှလုံးသားများသည် ရွှာအခြေသို့ပြန်လည် ရောက်ရှိလာခဲ့သည့်တိုင် ပုံမှန်ငြိမ်သက်မှု မရှိသေးပေ။ ထိုတဒိတ်ဒိတ်နှင့် လှုပ်ရှားခုန်ပေါက်နေသည့် နှလုံးအား ကျွန်တော်အတတ်နိုင်ဆုံး ငြိမ်သက်အောင်ပြန်လည် ထိန်းသိမ်းရ၏။

အမှတ်တမဲ့ ကျွန်တော့်အင်္ကျီအား ဗမ်းကြည့်လိုက်တော့ ချွေးများရွှဲနစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်အပေါ်အင်္ကျီအား ခြေလှမ်းနေသည့်အကြားမှ ဆွဲချွတ်ပစ်လိုက်၏။ ထိုအခါကျမှ လေလေးတိုး၍ ရင်ထဲအေးစိမ့်လာသကဲ့သို့ ရှိ၏။ တံခါးဝသို့ ကျွန်တော် ချဉ်းကပ်လာမိတော့ မြောက်ပတ္တာရောင် လမ်းမကြီးမှ အဖိုးကြီးတစ်ယောက် ဝင်လာသည်နှင့် ကျွန်တော် ဆုံလိုက်ရ၏။ အသေအချာ ကြည့်လိုက်တော့မှပင် ...

"ဟင် ... အဘ၊ အဘလည်း ခုမှပြန်လာတာလား"

"အေး ... နေပါဦး၊ မင်းကရော ဘယ်ကပြန်လာတာတုန်း"

"ကျွန်တော်က အုတ်တိုက်နီဖက်ကို သွားတာ"

"ရောက်ခဲ့ရဲ့လား"

အဘစကားကြောင့် ကျွန်တော် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။ ကျွန်တော်က အုတ်တိုက်နီဖက်သွားတယ်ဟူ၍ ပြောသည့် စကားအား အဘသည် မဆိုင်းမတွပင် ထိုသို့ရောက်ခဲ့ရဲ့လားဟူ၍ ပြန်လည်မေးလိုက်ခြင်းကြောင့် ကျွန်တော့်ရင်ထဲ အံ့လည်းအံ့သြသွားမိ၏။ အဘသည် ငါ့ကိုဘာသဘောနဲ့ အခုလိုကောက်ကာငင်ကာ ပြောလိုက်တာလည်းဟူ၍လည်း ကျွန်တော် တဆက်တည်း အတွေးရောက်လိုက်သည်။ အဘစကားအား ကျွန်တော်ချက်ချင်း မဖြေနိုင်။ မောနေပြီ မဟုတ်ပါလား။ ထိုစကားကိုသာ ကျွန်တော် ရုတ်တရက်ပြောရက ပါးစပ်မှ အမြုပ်ထွက်သွားပေမည်။ အဘကလည်း ကျွန်တော့်အား သဘောပေါက်၍ပင် နေသလောမဆိုနိုင်။ ထိုစကားအား ဆက်မပြောတော့။ အခြားစကားကိုသာ ဆက်ပြောလေသည်။

"ငါ့မြေး ... လရောင်က မသာယာဘူးလားကွ။ အေးနေတာပဲနော်"

"ဟုတ်တယ် ... အဘ၊ အဲဒါကြောင့် လရောင်အားကောင်းတာနဲ့ ကျွန်တော်လည်း အပျင်းပြေထွက်လာခဲ့တာ"

"အေး ... ကိုးနာရီလောက်ပဲ ရှိပါသေးတယ်။ အိမ်ရောက်

တော့ စကားပြောကြတာပေါ့''

အဘာသည် ထိုမျှလောက်သာ ပြောဆိုပြီး ရွာတံခါးသို့ ကျွန်တော်နှင့်အတူ ဝင်ခဲ့ကြလေသည်။ တာဝန်ကျသည့် ကင်းသမားအတွဲများကား မရောက်ရှိကြသေး။ ကျွန်တော်တို့မြေးအဘိုး ဆယ်နာရီကျော်မှ ဤတံခါးဝကြီးသို့ ဝင်ရောက်လာလျှင်မူတော့ အပြင်မှတံခါး တဒုန်းဒုန်းခေါက်၍ ခေါ်ရမည်ဖြစ်သလို အတွင်းမှတာဝန်ကျ ကင်းသမားများကလည်း ကျွန်တော်တို့အား ရုတ်တရက် မည်သူတွေတုန်း၊ မည်ဝါတွေတုန်း စသည်အားဖြင့် စစ်လားမေးလားလုပ်ကြမည် ဖြစ်၏။

ယခုတော့ ကျွန်တော်တို့ အေးဆေးစွာပင် ပြန်၍ဝင်နိုင်ခဲ့ကြ၏။ အဘာသည် အသက်ခုနှစ်ဆယ်ကျော်စပြုပြီ ဖြစ်သော်လည်း ခြေလှမ်းများကား အလွန်သွက်လက် လျှင်မြန်နေဆဲသာ ဖြစ်၏။

ကျွန်တော်တို့ အိမ်အရောက်တွင် အဖေမှ ဘုရားရှိခိုးနေပြီး အမေမှ ပုတီးစိပ်လျက်ရှိလေ၏။ ထို့ကြောင့် အဘနှင့် ကျွန်တော်သည် အိမ်အောက်ထပ်သို့ ဝင်မနေတော့။ အပေါ်ထပ်သို့သာ တက်ခဲ့ကြလေသည်။ လရောင်အောက် မြောက်ဖက်အိမ်ဝိုင်းအတွင်းမှ ကျွန်တော့်ညီနှင့် ညီမက အခြားလူများနှင့် ရောက်တက်ရာရာ စုထိုင်စကားပြောနေသည့် အသံကိုကြားရ၏။

အဘက ဓာတ်ပူးဖွင့်၍ ကော်ဖီနှစ်ခွက်စာ ကိုယ်တိုင်ဖျော်နေ

လေသည်။ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောမည်ပုံရှိ၏။ ညကိုးနာရီခွဲ အချိန်ခန့်တွင် တိမ်ကင်းပသည့် လရောင်က နွေးကဲ့သို့ လင်းထိန်လျက်ရှိလေ၏။ အဘနှင့် ကျွန်တော်သည် အိမ်ကပြင်စွန်းလရောင်အောက်၌သာ ထိုင်ခုံရှေ့ယူ ထိုင်လိုက်ကြ၏။ အဘကမ်းပေးသည့် ကော်ဖီအားယူ၍သောက်ပြီး အဘပြောမည့်စကားအား ကျွန်တော် ငုံလင့်လျက်ရှိ၏။ ကျွန်တော့်စိတ်တွင် စံမင်းအားလည်း သတိရလျက်ရှိနေသေးသည်။ ကျွန်တော်သည် အိမ်၌ထိုင်၍ တစ်စုံတရာထူးခြားမှုမရှိသေးသော်လည်း စံမင်းသည် ဦးယက္ခတို့အဖွဲ့နှင့် တွေ့ဆုံပြောဆိုရမည်မို့ တစ်စုံတရာတော့ ထူးထူးခြားခြားရှိမည်ဖြစ်ကြောင်း ကျွန်တော့်စိတ်တွင် သိလိုစိတ်ပြင်းပြလျက် ရှိလေ၏။

''ငါ့မြေး ... မင်းငြိမ်လှချည်လား။ ဘာတွေ စဉ်းစားနေတာတုန်း''

''ဟုတ်ကဲ့ ... အဘာ၊ ဘာမှ မစဉ်းစားဘူး''

''အခု ... အဘာထွက်သွားရတာက ဒီလိုကွ။ အရေးကြီးတဲ့လူသုံးယောက်နဲ့ တိတ်တဆိတ် သွားတွေ့ရတာ။ အဲဒီအထဲမှာ သီလရှင်ကြီး ဒေါ်ဒိန္နလဲ ပါတယ်။ အဘတို့ အခုကိစ္စက နီးကပ်နေပြီ မဟုတ်လား။ အဲဒါကြောင့် အဘတို့ လျှို့ဝှက်ကြိုတင် တိုင်ပင်ရတယ်''

''အဘာ ... ဒီကိစ္စပေါ့တော့ ပေါ့လို့မရဘူးနော်''

"ဘာဖြစ်လို့တုန်းကွ"

"အဘပြောတဲ့စကားကို ထောက်ကြည့်ပြီး ကျွန်တော် ပြောတာလေ။ အခုအချိန်မှာ တစ်ဖက်တစ်လမ်း အားကိုးရမယ့် ဦးဝါသိုက်လည်း မရှိတော့ အဲဒါကြောင့် ကျွန်တော့်စိတ်ထဲမှာ အဘအတွက် စိတ်ပူနေမိတယ်"

"ငါ့မြေးရ ... ကိစ္စတစ်ခုကို စိတ်ပူရုံပူနေလို့ မဖြစ်ဘူးကွ။ လာမယ့်ဘေးကို ပြေးတွေးဖို့ ကြိုတင်ပြင်ဆင်ထားရတယ်။ ရန်သူကို ကြောက်လန့်နေစရာလည်း မလိုဘူး။ မိမိကိုယ်မိမိ အထင်သေး အားငယ်ပြီး ရန်သူကို အထင်ကြီးပြီး ကြောက်ရွံ့နေရင်လည်း ဒုက္ခရောက်သွားတတ်တယ်။ ဒါလက်ဝွေ့လောကမှာ အများဆုံးသုံးတဲ့ စကားပေါ့ကွာ"

အဘသည် ကျွန်တော့်အား ထိုသို့ပြောပြီး ကောင်းကင်မှ လမင်းကြီးအား တည်ငြိမ်စွာမော့ကြည့်လိုက်။ ဤညအဖို့ ကျွန်တော် သည်လည်း ကောင်းကင်မှ လမင်းကြီးအား မော့ကြည့်မိပြီးဖြစ်၏။ သို့သော် အဘ ကြည့်ပုံကြည့်နည်းနှင့် ကျွန်တော် ကြည့်ပုံကြည့်နည်းကား လုံးဝမတူညီပေ။ ကျွန်တော်ကြည့်ခဲ့စဉ်က ပြူးပြူးပျာပျာ ကြောက်ကြောက်ခဲ့ခဲ့ ကြည့်မိခဲ့ရသော်လည်း အဘသည် ကျွန်တော့်အား တစ်ခုခုပညာပေးနေသကဲ့သို့ ကျွန်တော်ခံစားရလေသည်။ ထို့ကြောင့် ကျွန်တော်သည် သိလိုသည့်အချက်အား ရှင်းလင်းစွာမေးလိုက်၏။

"အဘ ... အခုလူသုံးယောက်နဲ့ တွေ့ခဲ့ရတာဆိုတော့ အဲဒီလူသုံးယောက်က အဘရဲ့ဘက်တော်သားတွေလား။ ဒါမှမဟုတ် အဘကို ရှာနှိုပြုမယ့်လူတွေလား"

"အဘ ... မိတ်ဆွေတွေပေါ့ကွ။ အားလုံး အဘတပည့်တွေပဲ ဒီကိစ္စအတွက် သူတို့ကအများဆုံး တာဝန်ယူကြမှာပါ။ အဲဒီညကျရင် မင်းလည်း လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ ... အဘ၊ ကျွန်တော်တင် မကဘူး။ ကျွန်တော့် သူငယ်ချင်းပါ ခေါ်လို့ရရင် ခေါ်ခဲ့ချင်တယ်"

"ဟ ... လူသိပ်များလို့တော့ မဖြစ်ဘူးကွ ငါ့မြေးရ။ ဒီကိစ္စက အခြားလူတွေ မသိလေ ကောင်းလေပဲ။ နှုတ်မလုံတဲ့သူဆိုရင် မဖြစ်ဘူး"

"နှုတ်လုံတယ် ... အဘ၊ ကျွန်တော် တာဝန်ခံတယ်။ ကျွန်တော့် သူငယ်ချင်း အဘ ... ဖိုးအေးမြေး ... စံမင်းလေ"

"ဩော် ... အေးဟုတ်ပြီ။ ခေါ်ခဲ့လေ။ ဒီကောင်လေး မဆိုးပါဘူး"

အဘက ထိုသို့ပြောလိုက်ခြင်းကြောင့် ကျွန်တော် အလွန်ဝမ်းသာသွားရ၏။ အဘသည်လည်း စံမင်းအကြောင်းအား အတန်အသင့် သိရှိနေခြင်းကြောင့် ယခုကဲ့သို့ အလွယ်တကူ ခွင့်ပြုလက်ခံခြင်းလည်း

ဖြစ်ပေလိမ့်မည်။ ကျွန်တော်မှ ထိုသို့ဖွင့်ဟ ပြောဆိုလိုက်ခြင်းကြောင့် စံမင်းသည်လည်း ယခုကတည်းကပင် တရားဝင်လူတစ်ယောက် ဖြစ်သွား ရလေတော့၏။ မနက် စံမင်းနှင့်တွေ့ရမှ ထူးခြားမှုအပေါ်တွင် မူတည်၍ ကျွန်တော်တို့ငြိုယူ တိုင်ပင်ရပေလိမ့်မည်။

ဦးယက္ခမှလည်း ကျွန်တော်တို့နှစ်ယောက်အား မက်လုံးပေး လိုရာခိုင်းစေမည့် ဖြစ်သောကြောင့် ကျွန်တော်တို့ နှစ်ယောက်အတွက် နှစ်ဖက်စလုံးမှ အခြေအနေများအား ကောင်းစွာသိခွင့်ရမည် ဖြစ်၏။ ကျွန်တော်နှင့် စံမင်း၏ အခြေအနေများကိုသာ ဟုတ်တိုင်းမှန်စွာ ဦးယက္ခတို့ သိရှိပါက ကျွန်တော်တို့နှစ်ယောက်အား ဦးယက္ခသည် အရေစုပ်ပစ်မှာ သေချာလှ၏။

ထို့ကြောင့် တစ်ဖက်တွင်လည်း ထိုအတွေးများနှင့် ကျွန်တော့် စိတ်များ အဘာရွှေ့ပင် မငြိမ်မသက်ဖြစ်ရ၏။ အဘ မရိပ်မိ မသိရှိစေရန်လည်း ကျွန်တော် အတော်တော့ သတိထားရသည်။ အဘက ဆက်ပြော၏။

''ငါ့မြေး ... အဲဒီတစ်ခြမ်းစီ ရှိနေတဲ့မြေပုံကို အဘကပေးလိုက်ရင် သူတို့တစ်ခုလုံး ရသွားမယ်။ အဘကမပေးဘဲ သူတို့ဆီကရအောင်ယူရင် အဘလက်မှာ တစ်ခုလုံးရလာမယ်။ အဲဒီနှစ်လမ်းကို ငါ့မြေးဘယ်ဟာ သဘောကျတုန်း''

အဘသည် ကျွန်တော့်အား ကလေးတစ်ယောက်ကဲ့သို့ မေးလိုက်ခြင်းကြောင့် ကျွန်တော် အနည်းငယ်တော့ ရယ်ချင်သွား၏။ သို့သော် ကျွန်တော် တဆက်တည်းပြန်၍ စဉ်းစားမိလိုက်သည်။ အဘသည် ကျွန်တော်ရဲ့ စိတ်နေစိတ်ထား စိတ်ဓာတ်အား အများဆုံးစမ်းသပ်ကြည့်မှုသည့် သဘောပင် ဖြစ်နိုင်၏။ ထို့ကြောင့် ကျွန်တော်မရယ်ဖြစ်။ အဘ၏ မေးခွန်းအား တန်ဖိုးထား၍ပင် ပြန်၍ဖြေဆိုလိုက်၏။

''သူ့ပေးရမယ့်အစား ကိုယ်ယူရမှာပေါ့ အဘရဲ့''

''အဟဲ ... ဟဲ ... ငါ့မြေး မင်းမဆိုးဘူးကွ။ မင်းလည်း လူတိုင်းထဲက လူပဲ။ ဒီလိုပဲဖြစ်ရမယ်။ ဒါပေမယ့်ကွာ၊ သူတို့က အနိုင်ကျင့်ယူလို့ ကိုယ်ကပေးလိုက်ရမယ်ဆိုရင် ဘယ်လိုလုပ်မတုန်း''

''ဒါကတော့ ... အဘ၊ ကျွန်တော်တို့ကတော့ မရရတဲ့နည်းနဲ့ ယူရမှာပဲ။ ဘာလို့တုန်းဆိုတော့ ကိုယ့်ပိုင်နက် ကိုယ့်နယ်မြေထဲမှာ ဖြစ်နေလို့ အထူးသဖြင့် အဘကိုချစ်တာလည်း ပါတယ်''

ကျွန်တော့်စကားကြောင့် အဘမျက်နှာသည် လရောင်အောက်တွင် ပြီးယောင်သန်းနေသည်ကို တွေ့ရလေသည်။ အဘသည် ကျွန်တော့်အား လှောင်ပြောင်ပြီးရယ်နေခြင်း မဟုတ်ကြောင်း ကျွန်တော် အကြွင်းမဲ့ယုံကြည်၏။ ထိုယုံကြည်မှုနှင့်အတူ ကျွန်တော် အဘအား ကျွန်တော်မြေးတစ်ယောက်အဖေနှင့် ဆက်မေး၏။

''အဘ ... ဒီကိစ္စအတွက် ကျွန်တောတ်တို့နှစ်ယောက် ဘာလုပ်ပေးရ်မလဲ။ ဘယ်သွားပေးရမလဲ''

''ဘာမှလည်းလုပ်စရာ မလိုသေးသလို ဘယ်မှလည်း သွားစရာ မလိုသေးပါဘူးကွာ။ နောက်တော့ တဖြည်းဖြည်း ဖြစ်လာရမှာပေါ့''

အဘက ကျွန်တော့်မေးခွန်းအား ထိန်းထိန်းသိမ်းသိမ်းပြန်၍ အဖြေပေးခြင်း ဖြစ်ပုံရ၏။ အဘက ထိုသို့ဖြေလိုက်သည့်အတွက် ကျွန်တော် ဘာဆက်မေး၍ မေးရမည် မသိတော့ပေ။ ညကလည်း အတော်ပင် အချိန်လင့်သွားပြီမို့ အဘသည် စကားအားဖြတ်၍ ကျွန်တော့်အား အိပ်ယာအဝင်ခိုင်းလေတော့၏။ အိမ်အောက်ဆင်း အပေါ့အပါး သွားပြီးနောက် ကျွန်တော် အိပ်ရာဝင်တော့ ညနာရီပြန် တစ်ချက်ခွဲ သွားပေပြီ။

❖ ❖ ❖

အခန်း (၁၇)

''ညတုန်းက မင်းဘယ်အချိန် အိမ်ပြန်ရောက်တုန်း''

''ညက ငါတစ်နာရီလောက် ပြန်ရောက်တယ်''

''အေးကွာ၊ ငါလည်း ညက အဘနဲ့သာထိုင်ပြီး စကားပြော နေရတယ်။ မင်းဆီလည်း စိတ်ကမကြာ မကြာရောက်တယ်ကွ''

''အဘနဲ့ မင်းနဲ့ပြောရတာ ဘာထူးခြားတုန်း''

''ထူးခြားတာကတော့ လောလောဆယ် တစ်ခုပဲရှိတယ်ကွာ။ ဒီကိစ္စအတွက် လပြည့်နေ့ညကျရင် မင်းရောငါရော အဘတို့နဲ့အတူ လိုက်လို့ရမယ်။ ဒါတော့ အဘကိုပြောပြီးသွားပြီ''

''နောက်ရော ... ဘာထူးခြားသေးတုန်း''

''နောက်တော့ ဘာမှမထူးခြားသေးဘူးကွ''

စံမင်းသည် ကျွန်တော့်အဖြေစကားကြောင့် ဘာမျှဆက်မပြောသေး။ Lucky Strike စီးကရက်ဗူးအသစ်အား ဖောက်ထုတ်၍ စီးကရက်တစ်လိပ်အား မီးညှိဖွာရှိုက်လိုက်၏။ နောက်မှ စီးကရက်မီးခိုးများအား ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်ပြီးလျှင် သူကြုံတွေ့ခဲ့ရသည့် အကြောင်းများအား ပြောလေသည်။

''ဟော့ကောင် ... ဘုန်း၊ မင်းအဘကတော့ ဘယ်လိုနေမယ်မသိဘူးကွ။ ဦးယက္ခတို့ အဖွဲ့ကတော့ သူတို့ဖြစ်ချင်တာကို အပြတ်ချမယ့် သဘောရှိတယ်''

စံမင်းစကားကြောင့် ကျွန်တော့်ထိုင်ခုံတွင် ခြေတွဲလောင်းချထိုင်နေရာမှ ထိုင်ခုံပေါ်တွင် ဆောင့်ကြောင့်ပြောင်းထိုင်လိုက်၏။ ကျွန်တော့် အပြုအမူကြောင့် စံမင်း သူပြောမည့်စကားအား ပို၍ပြောအားရှိသကဲ့သို့ ဖြစ်သွားလေသည်။ ထို့ကြောင့် စံမင်းက ဆက်ပြောပြီး စီးကရက်ဗူးအား ကမ်းပေး၏။

''ဟင့်အင်း ... မသောက်ဘူး။ မင်းပြောမှာသာ ပြောစမ်းပါ''

''မင်းအဘဆီက မြေပုံတစ်ခြမ်းရတာနဲ့ သူတို့က ဒီရတနာသိုက်ကို တူးမှာတဲ့။ မင်းနဲ့ငါ့ကိုတော့ ကူညီခကြည့်ပေးမယ်တဲ့''

''ဆက်ပြောပါ''

''မင်းအဘက ပေကပ်ကပ်ရှုပ်ရင်တော့ ရဲအောင်ရှင်းယူမယ်တဲ့''

''ဟာ ... ဒါဆို မင်းနဲ့ငါ အဘနဲ့ ပတ်သက်နေတာမျိုး ဒီလူတွေ သိသွားကုန်ကြပြီလား''

''ဟင့်အင်း ... မသိဘူး။ ဘယ်သိမတုန်း ငါကမှ မပြောတာ။ မင်းပြောမှပဲ သူတို့သိရမှာပေါ့''

''ကြံကြံစည်စည် မင်းကလည်း ငါကကိုယ့်အကြောင်း ကိုယ်ပြောပါ့မလား''

''ဒါဆိုရင် မင်းစိတ်ချ မသိဘူး''

''ကဲ ... ထားပါ၊ မင်းကလည်း စီးကရက်ကြိုး တကားကားနဲ့ငါ့မျက်လုံးလည်း လာထိုးပစ်ပါဦးမယ်။ စုံထောက်ကြိုး ဦးစံရှားလိုလို ငံပြာရည်ပုလင်းနှင်းမောင်လိုလို စတိုင်လ်လုပ်နေသော အချင်းချင်းတွေပဲ''

''ဟ ... ဘယ်လိုဖြစ်နေတာတုန်း။ အဝါလောက်ကိုက်နေတဲ့ အတိုင်းပဲ။ ပြောမှာပေါ့။ ဘယ်မှ ထွက်မပြေးပါဘူး။ လပြည့်နေ့ည ကျရင် မင်းရောငါရော သူတို့ဆီသွားရလိမ့်မယ်။ သူတို့အဖွဲ့က ငါးယောက် မင်းရယ် ငါရယ် စုစုပေါင်း ခုနစ်ယောက်ပေါ့''

''ဟာ ... ဟိတ်ကောင် ဖြစ်ပါ့မလား။ ငါတို့က အဘတို့နဲ့ သွားမှာလေကွာ။ တော်ကြာ တီးတာတစ်ခြား ကတာတစ်ခြား ဖြစ်ကုန်လိမ့်မယ်''

''ဒါကတော့ကွာ ... ကြည့်စီစဉ်ရမှာပေါ့။ ဦးယက္ခတို့နဲ့သွားပြီး အဘတို့နဲ့ ပေါင်းရင်လည်း ပေါင်းမှာပေါ့။ မင်းကို အဘကဲ့ သူလက်ထဲက ပစ္စည်းထုတ်ပြသေးလား။

''ဟင့်အင်း ... ထုတ်မပြဘူး''

''အင်း ... ငါ့ကိုတော့ ဦးယက္ခက ထုတ်ပြတယ်ကွ။ ဒီပစ္စည်းကို သူ့ရဲ့အိတ်အတွင်းထဲမှာ အမြဲထည့်ထားပုံရတယ်။ အဓိကပစ်မှတ်က သူပဲ''

''အင်း ... သူတို့က အဝေးကလာရတာဆိုတော့ ကိုယ်နဲ့မကွာထားရမှာပေါ့။ အဘကတော့ တစ်နေရာရာမှာ ထားပုံရတယ်။ အဲဒါကြောင့်ငါ့ကို ထုတ်မပြတာနေမှာ။ ဘာပဲဖြစ်ဖြစ် အကြောင်းရင်းကို သိထားဖို့က လိုရင်းပါပဲ။ အဲဒါ အဓိက တစ်ဖက်လူရဲ့ အတွင်းစည်းလှုပ်ရှားသတင်းပဲကွ။ စစ်ပွဲတစ်ပွဲမှာတောင် လှုပ်ရှားထောက်လှမ်းရေးသတင်းက အဓိက အသက်သွေးကြောပဲ''

ကျွန်တော်က ထိုသို့ပြောတော့ စံမင်းက ကျွန်တော့်အား ''ဟာ မင်းကလည်း စကားလုံးကြီးလိုက်တာ (စကားကြီး စကားကျယ်နိုင်လိုက်

တာ)ဟူသည့် သဘောအဓိပ္ပါယ် မျက်နှာပေးနှင့် တစ်ချက်ကြည့်၏။

သူမည်သည့် အဓိပ္ပါယ်နှင့်ကြည့်သည် ဖြစ်စေ၊ ကျွန်တော်ကလည်း မကြာသေးသည့် ကာလကမှပင် အစွယ်ရေးနှင့် အာရုပ်တို့၏ ခြောက်ရက်ကြာစစ်ပွဲအကြောင်းကို ညက်ညက်ကျေမျှ ဖတ်ထားသူဖြစ်၏။ ထိုစစ်ပွဲသည် တစ်ယောက်နှင့်အများနွဲ့ရသည့် စစ်ပွဲဖြစ်သော်လည်း အစွယ်ရေးဖက်မှ လှုပ်ရှားထောက်လှမ်းရေးသတင်းများ ကောင်းလွန်းသောကြောင့် အစွယ်ရေးသည် ဆီးရီးယား အီဂျစ် ဂျော်ဒန်စသည့် နိုင်ငံများအား အချိန်တိုအတွင်း အလွယ်တကူသိမ်းပိုက် အနိုင်ယူနိုင်ခြင်း ဖြစ်၏။

ဆီးရီးယားနိုင်ငံ၏ ဂိုလန်ကုန်းမြင့်အား သိမ်းပိုက်နိုင်ရန် အတွက် အစွယ်ရေး မော့ဆက် ထောက်လှမ်းရေးအဖွဲ့၏ ထောက်လှမ်းရေးသူလှိုကိုဟင်၏ စွန့်စွန့်စားစား ထောက်လှမ်းသတင်း ရယူပုံများသည် အလွန်ချီးကျူးဖွယ် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှ၏။ ထိုအချင်းအရာများအား ကျွန်တော်က ဆက်စပ်စဉ်းစားမိ၍ စံမင်းအား ယခုကဲ့သို့ ပြောလိုက်ခြင်း ဖြစ်၏။ စကားလုံးကြီး၍ (စကားကြီး စကားကျယ်နိုင်၍) ပြောခြင်းတော့ မဟုတ်ပေ။

ကျွန်တော်သည် စံမင်း ထိုမျက်နှာပေးနှင့် ဆက်ပြောသည့် စကားအား နားထောင်နေလိုက်၏။

''မင်းက မင်းဖတ်ထားတဲ့ စစ်ပွဲအကြောင်း စာအုပ်နဲ့နှိုင်းယှဉ်

ပြီး ပြောတာပေါ့လေ။ မန္တိုင်းယှဉ်ရဲ့၊ လက်တွေ့မကျဘူး။ အဲဒါက ကြီးကျယ်ပါတယ်''

''အေး ... ဟုတ်တယ်၊ ကြီးတော့ ကြီးကျယ်တယ်ကွာ။ အဲဒါမပြောဘူး၊ မင်းဆက်ပြောကွာ''

ကျွန်တော်၏ တိုက်တွန်းမှုကြောင့် စံမင်းသည် ဆက်ပြော၏။

''မင်းဘာပြောပြော ဒီပွဲအတွက် ငါတို့ကောင်းကောင်းမွန်မွန် လှူပ်ရှားနိုင်မှာပါ။ တစ်ခုသတိထားရမှာက သူတို့ခါးကြားက သေနတ်တွေပဲ၊ အဲဒီ သေနတ်တွေကို ငါဘယ်လို လှည့်ကွက်နဲ့ နှောင့်ယှက်ဖျက်ဆီးပစ်ရရင် ကောင်းမတုန်း အကြံထုတ်နေတာ''

''ဟာ ... လက်နက်ကိုင်ထားပဲ့ ယူတစ်ယောက် အဲဒီ သေနက်က သူ့အသက်ပဲလေ။ လွယ်လွယ်နဲ့ ဘယ်အလစ်ပေးမတုန်း။ အဲဒါက သူတို့ရိပ်မိသွားရင် မင်းအတွက် အန္တရာယ်များမှာ သွားမလုပ်နဲ့၊ အခြားနည်းလမ်း စဉ်းစား။ ဒီလူတွေကလည်း လူညှဉ်တွေ လူခေတွေမှ မဟုတ်တာ''

''အဲဒါတော့ သဘောပေါက်တယ်။ မင်းတို့ငါတို့က ရွာသားတွေ သူတို့က မြန်မာပြည် ဒိုးယိုပေါက်လှည့်နေတဲ့ လူတွေ။ တို့ကို အသုံးချဖို့ သူတို့ကလည်း စီစဉ်နေတာ။ အဲဒါ နပ်ထားဖို့ပဲ''

စံမင်းသည် တစ်ခါတစ်ရံ ကျွန်တော်ထက် အစစအရာရာ

လက်တွေ့ဆန်သူ၊ သာလွန်သူ၊ သတ္တိကောင်းသူ ဖြစ်၏။ ညက အဖြစ်အပျက်၌ ကျွန်တော်သည် အသည်းငယ်သူ၊ စိတ်ဓာတ်မခိုင်သူ ဖြစ်ခြင်းကြောင့် ဖြစ်၏။ စံမင်းသည် ထိုနေရာမျိုး၌လည်း ကျွန်တော့်ထက်များစွာ သာလွန်သူဖြစ်၏။ ကျွန်တော်လည်း ကိုယ့်ကိုကိုယ်တော့ ဟုတ်လှပြီဟု အထင်ရှိခဲ့သူ ဖြစ်၏။ တစ်ကယ် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့ရသည့် အခါ ကျွန်တော်က နောက်လန်သွားခဲ့ရသည်။

ကျွန်တော့်သူငယ်ချင်း စံမင်းသာဆိုလျှင် ထိုနေရာမျိုး၌ ကျွန်တော့်ကဲ့သို့ ကြောက်ကန်ကန်၊ တောင်လုပ်မြောက်လုပ် လုပ်မည်မဟုတ်ပေ။ ထိုဥစ္စာစောင့် မိန်းကလေးနှစ်ယောက်နှင့် နှစ်ယောက်တစ်ယောက် နပန်းလုံးပစ်မှာ သေချာ၏။ ကာရံမတည့်က ထိုဥစ္စာစောင့် မိန်းကလေးနှစ်ယောက်နှင့်ပဖိ နပန်းလုံးရာမှ ဟိုတိ သည်ထိထိရင် ရသွားနိုင်လေသည်။ ကျွန်တော်ကတော့ နပန်းလုံးဖို့ နေနေသာသာ ထိုနှစ်ယောက်၏ လှောင်ပြောင်အရယ်မောခံရသူ ဖြစ်၏။

ထိုအကြောင်းကိစ္စများသည် ကျွန်တော် အရေးမကြီးသေး၍ စံမင်းအား မပြောဖြစ်သေး။ ထိန်းချုပ်ထားဆဲ ဖြစ်၏။ စံမင်းဆီက ကျွန်တော့်အား မည်သို့ဝေဖန်ဦးမည် မသိသေးပေ။ သူနှင့် ကျွန်တော်ကား တစ်ခါတစ်ရံ ကျွန်တော်ကလည်း ဝေဖန်တတ်သကဲ့သို့ သူကလည်း ကျွန်တော့်အား ဝေဖန်လေ့ရှိ၏။ ထိုအချင်းအရာကို ကောင်းစွာသိသော

ကျွန်တော်သည် စကားကို ကွက်ကျော်ကွက်ကြား ပြောနေရ၏။ ကွက်ကြော်ကွက်ကြား မပြောချ်လည်း မဖြစ်ပေ။

"ငါတို့အဖြစ်က အခုပြောရဲပဲ ပြောနေရသေး၊ ဘာမှကို မဆုပ်မိသေးဘူး"

"မင်းက ဘာကိုဆုပ်ချင်လို့တုန်း။ အခုပြောနေပြီပဲ ဟော့ကောင်။ မင်းယုံကြည်မှု အားနည်းနေပုံရတယ်။ အဲဒါကြောင့် နှလုံးတုန်ခြင်းရင်ခုန်ခြင်းဖြစ်နေတာ မဖြစ်ပါနဲ့ အချိန်ရှိပါသေးတယ်"

"အချိန်ရှိတဲ့ ကြားထဲကပဲ ဗေထိဆို ကိုယ်ကွဲမှာကြောက်လို့ကွ"

"မင်းစကားလုံးပြောင်ပြောင်နဲ့ အဲဒီလောက်ပဲ ပြောတတ်တဲ့ အကောင်။ ရွာနီးချုပ်စပ်မှာ ရွာသားတွေအဝင်ပြဇာတ်လိုက်စားနေဖို့ပဲ ကောင်းတယ်။ ဘီအီးဒီ အချောင်နိုက်တို့ စန္ဒာလ ဇာတ်ထိန်းဆိုသား မသိပါဘူးကွာ။ သူတို့နဲ့ ခေတ်ပြိုင်ဖြစ်အောင် အဟဲဟဲ"

"အင်း ... မင်းက သူတကာကို ပြောရရင် ဟောဒီသွားကြီးကိုက တို့အိမ်က နှစ်ချောင်းစိုက် ချိုထောင်ကြီးကျနေတာပဲ။ တစ်ဖြီးဖြီးနဲ့"

"ဟား ... ဟား ... ဟား ... ဟား"

ကျွန်တော့် မခံချင်မှုကြောင့် စံမင်း သွားနှစ်ချောင်းအား ကျွန်တော် ရုတ်တရက် လက်ညှိုးနှင့်ထောက်၍ ချက်ချင်းပြန်၍ တုန့်ပြန်ခဲ့ခြင်းကြောင့် စံမင်းသည် ကျွန်တော့်စကားအား သဘောကျစွာ

ခွက်ထိုးခွက်လန် ရယ်လေတော့၏။

"ငါ့ကောင် ဘုန်း၊ အဲဒါကြောင့် မင်းကို ငါချစ်နေရတာ"

"တော်စမ်းပါ၊ မင်းချစ်တာကြီးကို ငါကြောက်ပါတယ်။ လက်ကြမ်း ခြေကြမ်းကြီးနဲ့ သက်သာမှာ မဟုတ်ဘူး"

"ဟား ... ဟား ... ဟား ... ဟား"

ကျွန်တော်တို့နှစ်ယောက်သည် ယောကျ်ားလေး အချင်းချင်းများမို့ ထိုသို့လွတ်လပ်စွာ ပြောဆိုရယ်မောပြီး ဘေးဘီဝဲယာကိုလည်း တစ်ချက်ကြည့်ရသေး၏။ တစ်စုံတစ်ယောက်သော ဖြတ်သွားဖြတ်လာ မိန်းကလေးတစ်ယောက်ယောက်နှင့် ကြုံကြိုက်လိုက်ပါက ဘာရယ်မဟုတ် ပျော်စေ ပျက်စေ ပြောလိုက်သည့် စကားသည် ကြားရသူ တစ်စုံတစ်ယောက်သော မိန်းကလေးအဖို့ ရိုင်းပြရာကျပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော် စကားလမ်းကြောင်း ပြောင်းရ၏။ ကျွန်တော်က ဘာမျှမထူးခြားသေးသော်လည်း စံမင်းသည် ဦးယက္ခတို့ အဖွဲ့နှင့် ပြောဆိုသင့်သလောက် ပြောဆိုပြီးခဲ့သည်မို့ ထူးခြားသင့်သလောက် ထူးခြားနေပြီဖြစ်၏။ ထိုထူးခြားမှုများအား ကျွန်တော်တို့ ပိုင်နိုင်စွာ အသုံးချနိုင်ဖို့သာလိုလေသည်။

"ဒီည ဦးယက္ခတို့ဆီ သွားရဦးမှာလား"

"သွားရဦးမှာပေါ့ ... မင်းပါလိုက်ခဲ့ရမှာ"

''အေး ... လိုက်ခဲ့တာပေါ့''

''ဒီလူတွေက သဘောတော့ အတော်ကောင်းတယ်ကွ။ နဂါး ဆိုလည်း မင်းသိတာပဲ''

''ဟော့ကောင် ... လူတွေကို အဲဒီလောက်ကြည့်ပြီး မင်းမဝေ ဖန်နဲ့။ မမှန်ကန်နိုင်ဘူး။ သူတို့ဝမ်းခေါင်းထဲမှာ ရိုးသားခြင်း ကောက် ကျစ်ခြင်း ဘာတွေရှိတယ်ဆိုတာ မင်းသိမလား။ လိုဘတ်ရှိတဲ့ မင်းတို့ ငါတို့အပေါ်မှာ အဲဒီလောက် ရောပြတာတော့ လူတိုင်းဖြစ်လိမ့်မယ် ထင်တယ်''

''အဲဒီလိုဆိုရင်တော့လည်း မသိဘူးပေါ့ကွာ''

''ကောင်းပါတယ်။ ညထပ်လေ့လာကြတာပေါ့။ သတိတော့ ထားနော်။ ငါ့ကောင် ပထွေးမဟုတ်။ တစ်ချက်မှားရင် အသက်ခန္ဓာ အိုးစားကွဲသွားနိုင်တယ်။ ကြောက်လို့ပြောတာ မဟုတ်ဘူး။ ကြောက်လို့ ပြောတယ်လို့လည်း ထင်မနေနဲ့ဦး။ ဖြစ်နိုင်ချေရှိတာ သတိထားဖို့ပြော တာ''

''နားလည်ပါတယ် ကျောင်းဆရာရယ်''

''ကဲ ... ကျောင်းဆရာ လုပ်မနေနဲ့။ ဗိုက်ဆာလာပြီကွာ။ တစ်ခုခုစားရအောင်''

ကျွန်တော်မှ ထိုသို့တောင်းဆိုလိုက်ခြင်းကြောင့် စံမင်း အိမ်ပေါ်

သို့ တက်သွားလေ၏။ တအောင့်မျှကြာ၍ အိမ်ပေါ်မှပြန်ဆင်းလာသည့် အခါ၌ လက်ထဲတွင် စားသောက်ဖွယ်ရာများ ပါလာလေ၏။ ပန်းကန် ပြားထဲတွင် ရေခဲညှပ်ဘီစကွတ် မုန့်များနှင့် ကော်ဂျိုင့်ထဲတွင် ပုသိမ် ဟာလဝါများ ဖြစ်နေလေသည်။ ထို့နောက် အိမ်ပေါ်သို့တစ်ခေါက် ပြန် တက်သွားပြန်လေ၏။ ကော်ဖီဖျော်ရန် တက်သွားခြင်း ဖြစ်ပုံရ၏။ စားချင် သူက ကျွန်တော်၊ ဆင်းချည်တက်ချည်နှင့် လုပ်ပေးသူက သူဖြစ်နေသော ကြောင့် ကျွန်တော်တို့နှစ်ယောက်သည် ငါးပိသည်နှင့် ဆားသည်ကဲ့သို့ ဖြစ်နေရလေ၏။

(ကျွန်တော် ငါးပိသည်က အိပ်နေပြီး သူ ဆားသည်က ခွေးထခြောက် ပေးနေသကဲ့သို့ ဆိုလိုခြင်းဖြစ်၏။)

ဤသည်ကိုပင် ကျွန်တော်က စံမင်းအား ကျိစယ်သည့်အနေနှင့် ပြောလိုက်သေးသည်။

''ဟော့ကောင် ... မင်းကော်ဖီ ဖျော်နေတာလား''

''အေး ... ဟုတ်တယ်လေ''

''အေး ... ဒါဆိုလည်း မြန်မြန်ဖျော်ကွာ၊ ကြာလိုက်တာ''

''ဟ ... ငါ့မှာလက်နှစ်ချောင်းတည်း ရှိတာ''

''အဲဒါဆိုလည်း မင်းကုလားဘုရား ကိုးကွယ်ဦး။ ဒီနေရာမျိုး ကျတော့ လိုသွားပြန်ပြီ''

ကျွန်တော် ထိုသို့ပြော၍ တအောင့်မျှအကြာတွင် စံမင်းသည် ကော်ဖီများနှင့် ကျွန်တော့်ထံသို့ ရောက်လာလေ၏။ ထို့ကြောင့် ကောတီကောလတ် နေ့ခင်းပိုင်းအချိန်၌ ကျွန်တော်တို့နှစ်ယောက်သည် ကော်ဖီနှင့် ငြိမ့်နေကြတော့သတည်း။

❖ ❖ ❖

အခန်း (၁၈)

ညနေ ခြောက်နာရီခွဲခန့်တွင် စံမင်းသည် ကျွန်တော့်ထံသို့ ဦးစွာ ရောက်လာလေသည်။ ထိုအချိန်တွင် ကျွန်တော်က ရေချိုးနေဆဲသာ ရှိသေး၏။ ထို့ကြောင့် စံမင်းသည် သူစီးကရက်ပူးအတွင်းမှ စီးကရက်အား ထုတ်ယူဖွာရှိုက်ရင်း ကျွန်တော့်အား စောင့်ဆိုင်းနေလေ၏။

ထိုအချိန်တွင် ဆရာကြီးအဘ ဦးရွှေဂန်ထံသို့ ညှဉ်သည်သုံးယောက် ရောက်လာလေသည်။ အသက်ငါးဆယ်ကျော် သီလရှင်ကြီးတစ်ပါးနှင့် မိန်းကလေးနှစ်ယောက် ဖြစ်၏။ မိန်းကလေးများကား အသက် နှစ်ဆယ်ကျော် နှစ်ဆယ်လောက်မျှသာ ရှိကြသေးသော်လည်း မျက်နှာ

ပေါက်များ လုပကြ၏။

ကျွန်တော် ရေချိုးပြီး၍ အပေါ်ထပ်အခန်းတွင်းသို့ စံမင်းနှင့် အတူ ဝင်လာစဉ် ဆရာကြီးအဘ ဦးရွှေဂန်မှ ကျွန်တော့်အား ညည်သည်များအနီးသို့ ခေါ်ယူလေ၏။

''မောင်ဘုန်း ... လူလေး လာဦးကွာ''

''ဟုတ်ကဲ့ ... အဘ လာပါပြီ''

ကျွန်တော်သည် စွပ်ကျယ်အင်္ကျီအား အမြန်ဝတ်လိုက်ပြီး အဘအနီးသို့ သွားလိုက်၏။ စံမင်းကား အခန်းထဲတွင် ကျန်ခဲ့သည်။

''ညည်သည်တွေအတွက် တစ်ခုခုလုပ်စမ်းကွာ။ သူတို့ အမောပြေစားရအောင်''

''နေပါစေ ... အဘ၊ သမီးတို့ မဆာပါဘူး''

''ဘယ်ဟုတ်မလည်းကွယ် ငါ့မြေးတို့ရဲ့။ အေးအေးဆေးဆေး စားသောက် စကားပြောကြတာပေါ့''

အဘမှ ထိုသို့ခိုင်းစေခြင်းကြောင့် ကျွန်တော် ညည်သည်များ စားဖို့သောက်ဖို့အတွက် အမေ့အား ပြင်ဆင်ခိုင်းဖို့ ဆင်းလာစဉ် ကျွန်တော့် အမေသည် စားသောက်ဖွယ်ရာများ ပြင်ဆင်နေသည်ကို တွေ့ရ၏။ သီလရှင်ကြီးအတွက် သံပုရာရည်ပါ ဖျော်နေသေးသည်။ ထိုစားသောက်ဖွယ်ရာများအား ကျွန်တော် လင်ပန်းနှင့်အားလုံး ထည့်ယူ

ပြီး ညည်သည်များအား ချ၍ ညည့်ဆံပေးလိုက်၏။ ထိုအခါ အဘမှ ညည်သည် မိန်းကလေးများအားလည်း ဖော်ရွေစွာစားကြ သောက်ကြဖို့ပြောရင်း ကျွန်တော်နှင့် စံမင်းအားလည်း သူ့အနီးသို့ ခေါ်ယူလေသည်။ စံမင်း အခန်းတွင်းမှ ထွက်လာသည့်အခါ မိန်းကလေးများမှပင် နှစ်ပေါင်းများစွာကတည်းက ရင်းနှီးနေကြသည့် သူများကဲ့သို့ ကျွန်တော်တို့နှစ်ယောက်အား ရင်းနှီးစွာ နှုတ်ဆက်လေ၏။

''ဘယ်ဟာက ဘုန်း၊ ဘယ်ဟာက စံမင်းလည်း လာထိုင်ကြလေ။ နင်တို့ကို တို့ကရင်းနှီးနေပါပြီ အဟဲ ... ဟဲ''

''ဟိုက် ... ဗုဒ္ဓေါ၊ တယ်ပွင့်လင်းတဲ့ မိန်းကလေးပါလား''

ကျွန်တော့်စိတ်ထဲ ထိုသို့မှတ်ချက်ပြုလိုက်စဉ် ဆရာကြီးအဘ ဦးရွှေဂန်ရော သီလရှင်ကြီး ဒေါ်ဒိန္ဓာကပါ သဘောကျစွာရယ်မော ပြောဆိုကြခြင်းကြောင့် ကျွန်တော်တို့ နေရထိုင်ရ သက်သောင့်သက်သာ ရှိသွားလေ၏။ အဟုတ်ပင် ထိုမိန်းကလေးများမှလည်း ညည့်ခံချပေးသည့် သဘော်သီးမှည့် ဘီစကွတ်မုန့် ကော်ဖီ လက်ဖက်ရည်ပုပ် ငါးခြောက်ဖုတ်များအား စားသောက်ကြလေသည်။

''စံမင်း ... နင်မန္တလေးကို မသွားသေးဘူးလား''

''ဟင့်အင်း ... မသွားသေးဘူး။ သူတို့ တလောက ကားနဲ့ လာသွားတယ်လေ''

"နင့်အစ်ကိုဝမ်းကွဲ တစ်ယောက်တောင် အမေရိကကို သွားမယ်လို့ သိရတယ်။ နင်လိုက်သွားပါလား အဟဲ ... ဟဲ"

သူတို့က ခင်မင်ဖော်ရွေ ပွင့်လင်းစွာ ပြောဆိုကြသည့်အတွက် ကျွန်တော်တို့ကလည်း ထိုနည်းတူစွာပြန်၍ ပြောဆိုရ၏။

"ဘုန်းက အတော်သတ္တိကောင်းတယ် မှတ်တာ။ သိပ်ကြောက်တတ်တာပဲ"

"ဘာကိုကြည့်ပြီး ပြောတာတုန်း"

"ဘာမှကြည့်စရာ မလိုဘူး။ သိနေလို့ပေါ့"

ကျွန်တော် ထိုမိန်းကလေး၏ စကားအား မရှင်းပေ။ ယခုမှ ပြန်လေ့လာသုံးသပ်ကြည့်လေ တွေ့ဆုံမြင်တွေ့ရသည့် ထိုမိန်းကလေးက တပ်အပ်ကြီး ပြောဆိုနေခြင်းကြောင့် ကျွန်တော့်တွင် စဉ်းစားစရာ ဖြစ်သွားရ၏။ အဘနှင့် သီလရှင်ကြီးက သူတို့စကားနှင့် သူတို့ပြောနေကြသကဲ့သို့ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ကလည်း ကျွန်တော်တို့စကားနှင့် ဖောင်ဖွဲ့နေကြသည့်အတွက် တစ်ထိုင်တည်းနှင့် အတော်ကလေး ရင်းနှီးသွားလေ၏။ အံ့သြဖွယ်ကောင်းသည်ကား ထိုမိန်းကလေးနှစ်ယောက်က ကျွန်တော်တို့နှစ်ယောက်အား အလွန်ရင်းနှီးနှင့် နေကြပြီးခြင်း ဖြစ်၏။

နောက်ဆုံး ကျွန်တော် တွေးတောမိသည်ကား ဆရာကြီးအဘ ဦးရွှေဂန်နှင့် သီလရှင်ကြီးတို့သည် ကျွန်တော်တို့ လူငယ်များအား

လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ရန် ဟပေးထားသကဲ့သို့ ရှိလေ၏။ ကျွန်တော်တို့သည် တစ်နာရီကျော်ကျော်လောက်မှ စကားပြောဆိုပြီးကြသောအခါ ဆရာကြီးအဘ ဦးရွှေဂန်မှ ကျွန်တော်တို့ဖက်လှည့်၍ ...

"ကဲ ... ငါ့မြေးတို့ မင်းတို့ကိုယ်ရေးကိုယ်တာ ကိစ္စရှိရင်လည်း ပျက်ကွက်နေဦးမယ်။ ခုနှစ်နာရီ ထိုးပြီးသွားပြီ"

"ဟုတ်ကဲ့ ... အဘ၊ ကျွန်တော် ကိစ္စရှိသေးတယ်။ သွားလိုက်ပါဦးမယ်"

ကျွန်တော်ပြောဆိုသည့် ခဏခြင်္သေ့ စံမင်းသည်လည်း ထိုင်ရာမှ ထလိုက်ခြင်းကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အားလုံးအား နှုတ်ဆက်၍ စကားဝိုင်းမှ ဖယ်ခွာထွက်ခဲ့ကြလေသည်။ ကောင်မလေး နှစ်ယောက်ကား ကျွန်တော်နှင့် စံမင်းအား ဝိုင်းစက်သောမျက်လုံးများ နှင့်ကြည့်၍ ကျန်ရစ်ခဲ့ကြ၏။ အလွန်ချောမောလှပသည့် မိန်းကလေးများ ဖြစ်ကြောင်း ကျွန်တော်အနီးကပ် မြင်တွေ့ရမှုကြောင့် သိခွင့်ရခဲ့၏။ ၎င်းတို့၏ စိတ်သဏ္ဌာန်၌ မည်သို့ရှိကြမည်ကိုတော့ ကျွန်တော် မခန့်မှန်းနိုင်။

ကျွန်တော်က လယ်သမားကြီး ပုဆိုးနှင့် စွပ်ကျယ်အင်္ကျီအား လွတ်လပ်စွာ ဝတ်ဆင်ထားပြီး ဖြစ်သည့်အတွက် ဘာမျှပြင်ဆင်ရန် မလိုသော်လည်း စံမင်းကမူ သူ့အိမ်သို့တစ်ခေါက် ပြန်လိုသေးသောကြောင့်

ကျွန်တော် လိုက်ပါသွားရ၏။ အိမ်ရောက်တော့ သူက ရှင်းဘောင်းဘီအား ဝတ်ဆင်လိုက်ပြီးလျှင် အပေါ်မှ ကျွန်တော့်ကဲ့သို့ စွပ်ကျယ်အင်္ကျီသာ ဝတ်ဆင်ပြီး ကျွန်တော်တို့နှစ်ယောက် ရွာအနောက်တံခါးမှတဆင့် ဦးယက္ခ တို့အဖွဲ့နှင့် ချိန်းဆိုထားသည့် နေရာသို့ ထွက်လာခဲ့ကြ၏။

ညခုနှစ်နာရီခွဲခန့်ရှိပြီဖို့ လူဝင်လူထွက် သိပ်မတွေ့ရတော့ပေ။ လသည်လည်း အမှောင်အားကြီးလာသည်နှင့်အမျှ အစွမ်းကုန် လင်းလက်ခွင့်ရနေသည့်အတွက် လောကတစ်ခုလုံး သာယာအေးမြလျက် နေ၏။ ကျွန်တော်တို့ မည်သည့်လက်နက် တစ်စုံတစ်ရာမျှ ယူဆောင်လာ ခြင်း မရှိကြချေ။ တစ်ဖက်အဖွဲ့ဖြစ်သည့် ဦးယက္ခတို့ နဂိုးတို့ သံသယ ကင်းရှင်းစေလိုသောကြောင့် ဖြစ်၏။

ကျွန်တော်တို့နှစ်ယောက်၏ ထိုမိုးသားမှုများကြောင့်ပင် ဦးယက္ခ တို့ အဖွဲ့မှလည်း ကျွန်တော်တို့နှစ်ယောက်အား မည်သည့်သံသယမျှ မသားရှိကြလေဘဲ ပျူငှာစွာ ဆက်ဆံကြလေသည်။

"ဘယ့်နယ့်လည်း မောင်ဘုန်း။ မနေ့က မင်းဘယ်ခရီး လွန်နေ ခဲ့"

"ဟုတ်ကဲ့ ... ကျွန်တော် မနေ့က ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုနဲ့ ခရီးလွန်သွားတယ်"

"ငါထင်တယ် ... အဟားဟား မင်းပုံစံကို။ ကောင်မလေး

တွေ ဘာတွေနဲ့ ချိန်းတွေ့နေတာ မဟုတ်လား"

ကျွန်တော် ဝန်မခံသော်လည်း အသာဆိတ်ဆိတ် နေလိုက်၏။ ထိုသို့ ဆိတ်ဆိတ်နေမှုက ကျွန်တော့်အတွက် လုံခြုံသွားလေသည်။

"ကဲ ... ဆိုကြစမ်းပါဦး။ ဆရာ ဦးရွှေဂန်နဲ့ ပတ်သက်တဲ့ မင်းကိုအမြင် မင်းတို့တွေ့ရှိချက်ကလေးတွေ"

ဦးယက္ခသည် အမှန်တကယ်ပင် ကျွန်တော်တို့ နှစ်ယောက်အား ယုံကြည်ကိုးစားစွာ မေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်တို့ နှစ်ယောက်၏ ကူပံ့မှုအား သူတို့အဖွဲ့သည် ရွာတွင်းသို့ မဝင်ရဲကြသူများပီပီ အမှန် တကယ် လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ယောက်သည် လည်း အမှားအယွင်း မရှိရအောင် သတိရှိရှိနှင့် သူတို့အလိုရှိသည့် အရာအားပြန်၍ ဖြေဆိုရ၏။ ဤနေရာ၌ စံမင်းကလည်း ကျွန်တော့်ထက် ပင် အကင်းပါးနေသေးသည်။

"ဦးရွှေဂန်နဲ့ ပက်သက်တဲ့ သတင်းကတော့ ကျွန်တော်တို့တာ အထူးတလည် မရရှိဘူး။ ဘာလို့တုန်းဆိုတော့ ဘာလုပ်ရှားမှုမှ မတွေ့ ရလို့"

"မောင်ဘုန်း ... မင်းရော ဘာထူးထူးခြားခြား တွေ့ရတုန်း ကူညီစမ်းကွာ။ မင်းတို့အကျိုး မနည်းစေရဘူး"

"ထူးထူးခြားခြားကတော့ ကျွန်တော်တို့က သူကိုမေးခွင့်မ

တဲ့အတွက် ဘာမှမသိရဘူးဗျာ ... သူက အသက်ခုနှစ်ဆယ်ကျော် အဘိုးကြီးပါဗျာ။ သူကိုယ်သူတောင် ခုအချိန်မှာ အနိုင်နိုင်ဖြစ်နေပါပြီ။ အဲဒါကြောင့် ခင်ဗျားတို့အလုပ်က အေးအေးဆေးဆေးနဲ့ အောင်မြင်မှာပါ။

"ဟုတ်ပါ့မလားကွာ"

"ဟုတ်တာပေါ့ဗျ။ တစ်ခုတော့ရှိတယ်။ ရွာသူရွာသားတွေကို ရှောင်နိုင်ဖို့တော့ လိုလိမ့်မယ်။ ရွာသူရွာသားတွေ သိသွားရင်တော့ ခင်ဗျား တို့ချောင်မှာ မဟုတ်ဘူး။ ကျုပ်တို့ရွာက လူတွေက ရိုးသားသလို သတ္တိ လည်းကောင်းတယ်နော့"

ကျွန်တော် ဦးယက္ခတို့ အဖွဲ့အား အဆင်း ဘီးတပ်ပေးလိုက်ဇ။ ကျွန်တော့်စကားကြောင့် သူတို့ပို၍ ခေါင်းခြောက်သွားသကဲ့သို့ ရှိလေသည်။ မတရားလိုချင်သူများ အလိုလောဘအား ကြီးနေကြသော်လည်း သူသိရှင်ကြားကလည်း စိတ်ရှိလက်ရှိ မလုပ်ရဲကြသဖြင့် သူတို့တွင်လည်း အတွင်းကြေကြေလျက် ရှိကြဇ။

"မောင်ဘုန်းနဲ့ စံမင်း၊ မင်းတို့တာဝန်တစ်ခုတော့ ယူရမယ်ကွာ။ ဘို့အဖွဲ့ရဲ့ ရဲဘော်ရဲဘက်တွေ အဖြစ်နဲ့ပေါ့"

"ဘာတာဝန်တုန်းဗျ၊ ယူရမှာပေါ့"

"အေး ... ငါလိုချင်တာက အဲဒါပဲ။ ဘာမှမခက်ဘူး။ ဦးရွှေဂန်

ကို မင်းတို့နှစ်ယောက်က ရွာပြင်တိတ်တဆိတ် ခေါ်ထုတ်ပေးဖို့ပဲ"

"ဟင် ... ဒါက လပြည့်နေ့ညမှာ ခင်ဗျားတို့ချိန်းထားတာပဲ မဟုတ်လား"

"ချိန်းထားတာတော့ မှန်တယ်ကွာ။ ဒါပေမယ့် အဘိုးကြီးက ဥဏ္ဍာများပြီး ဝေ့နေရင်ပြောတာ"

"ဩော် ကျုပ်သိရသလောက် အဘိုးကြီး ဥဏ္ဍာများမှာတော့ ခင်ဗျားတို့မပူနဲ့။ အဘိုးကြီးအကြောင်းကို ကျုပ်တို့မှ မဟုတ်ဘူး။ တစ်ရွာလုံးသိတယ်။ အမှန်တကယ် ချိန်းထားတယ်ဆိုရင် လာပါလိမ့်မယ်"

"အေး ... သူလာရင် ကိစ္စကပြီးသွားပါပြီ"

"ဟာ ... ဟုတ်ပါ့မလား ဦးယက္ခရယ်။ ကိစ္စတစ်ခုအတွက် ဒီလောက်လွယ်ပါ့မလား"

"ဟာ ... ဘုန်း၊ မင်းကလည်းကွာ ပေရှည်နေသေး။ ဦးယက္ခက ကိစ္စပြီးတယ်ဆိုတဲ့နောက် ပြီးပြီပေါ့"

"ဟာ ... မဟုတ်ဘူး စံမင်း၊ တို့က ကူညီရမှာဆိုတော့ ဖြစ်လာနိုင်တာတွေကို တို့တစ်ခါတည်း စဉ်းစားရမယ်"

"မင်း ... ဘာမှမစဉ်းစားနဲ့။ သေနတ်ကို လူတိုင်းကြောက်တယ်။ သူ့မှာ လူတိုင်းကြောက်တဲ့ ပစ္စည်းရှိထားပြီးသား။ သူပြောတာက လိုရင်းကိုပြောတာ။ မင်းနားမလည်ဘူး"

"ကဲ ... ဟုတ်ပါပြီဗျာ။ အခု ဦးယက္ခဖြစ်စေချင်တဲ့ ကိစ္စကို ရှေ့မှာတင် တစ်ခါတည်းပြော၊ မင်းဘယ်လို သဘောရတုန်း"

"အင်း ... သူတို့ဖြစ်စေချင်တဲ့ အတိုင်းပဲ။ တို့က ရွာခံတွေ ဆိုတော့ ဆောင်ရွက်ပေးရမှာပေါ့။ ရပါတယ်"

ကျွန်တော်က ဝန်မလေးသည့် အမူအယာနှင့် ပြောလိုက်ခြင်း ကြောင့် ဦးယက္ခပါမက နဂါးပါ နှစ်ထောင်းအားရ ခေါင်းတဆတ်ဆတ် ခြစ်နေကြ၏။ ဦးယက္ခသည် သူ၏အစီအမံအား အလုံးစုံပြောမပြချေ။ ကျွန်တော်တို့နှစ်ယောက်အား အပိတ်အဆို့အဖြစ်နှင့် လိုရာကိစ္စအတွက် လိုသလိုအသုံးပြုမည့် သဘောရှိသည်။ ထိုမြုပ်ကွက်အား ကျွန်တော်နှင့် စံမင်းကလည်း သိထားပြီးသားဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် အတိုင်အဖောက်ညီညီ ပြောဆိုရခြင်း ဖြစ်၏။ ထိုအချင်းအရာအား ဦးယက္ခရော နဂါးပါ မရိပ်မိ မသိရှိကြချေ။ ထိုမသိသည့် အတိုင်းသာလျှင် နှစ်ဆောင်းအားရ ပြန်လည်ပြောဆို၏။

"ဘုန်း ... မင်းတော်တယ်။ ငါသဘော အရမ်းကျသွားပြီ မင်းစိတ်ဓာတ်ကို။ လူငယ်ဆိုတာ ဒါမျိုးပဲဖြစ်ရမယ်ကွ"

"ဩဇာ ... ကျွန်တော့်ထက် စံမင်းက ပိုတော်ပါတယ်။ ခင်ဗျားတို့မယုံရင် စောင့်ကြည့်ကြ။ ကျွန်တော်က တစ်ခါတစ်ခါ လက်တွေ့ မကျဘူး။ စံမင်းက သိပ်လက်တွေ့ကျတယ်"

"စံမင်းလည်း စံမင်းတစ်မျိုး၊ မင်းလည်း မင်းတစ်မျိုးပေါ့ကွ"

ဦးယက္ခသည် စကားနှင့် ကျွမ်းကျင်စွာပင် ကျွန်တော်နှင့် စံမင်းအား ချုပ်လေ၏။ သူ၏ အချိုသတ်မှုအား ကျွန်တော်တို့ကလည်း အချိုသတ်မှုနှင့်ပင် ပြန်၍တုံ့ပြန်လေ၏။ ထို့ကြောင့် သူတို့နှင့် ကျွန်တော်တို့အကြားတွင် ယခုအချိန်အထိ မည်သည့်အဖုအဆစ်မျှ မရှိသေးချေ။ အဖုအဆစ်ရှိလာပြီ ဆိုသည်နှင့် သူတို့မှလက်နက်များ ကိုင်ဆောင်ထားကြသဖြင့် ကျွန်တော်တို့နှစ်ယောက် အန္တရာယ်သည် မတွေးဝံ့လေအောင် ရှိလေ၏။ ထိုအန္တရာယ် အကြားမှ ကျွန်တော်တို့ ကစားနေရခြင်း ဖြစ်သည်။

"ဘုန်း ... မင်းငါတို့ကို ဘယ်လိုမြင်လဲကွ"

"ခင်ဗျားတို့ကို ကျုပ်ကတော့ လူညံ့တွေမဟုတ်ဘူးလို့ မြင်တာ ပဲ"

"ဘယ်လို မည့်တာလဲကွ"

"ခြုံပြောရမယ်ဆိုရင် အတွေးအခေါ်ပိုင်းဆိုင်ရာကစ စိတ်ထားတွေထိအောင်ပေါ့ဗျာ"

"ဒါဆိုတော့ မင်းသဘောကျရဲ့လားကွ"

"သဘောကျခြင်း မကျခြင်းတော့ ပြောလို့မရဘူးဗျ။ သဘော မကျဘူး ဆိုရင်လည်း ခင်ဗျားတို့နဲ့ ကျုပ်နဲ့ ပြဿနာတက်မယ်။ သဘော

ကျတယ်ဆိုရင်လည်း မင်းဘာလို့ ငါတို့နဲ့ မပူးပေါင်းချင်တာလဲလို့ မေးမယ်။ အဲဒါဆိုရင်တော့ လူတွေက သူ့အကြောင်းနဲ့သူ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ဝေဖန်ပေးလို့ မရဘူး''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''တော်တယ်ကွာ .... မင်းခေါင်းကြီးတယ်''

ကျွန်တော့်အဖြေအား ဦးယက္ခနဲ့ နဂါးတို့သည် လက်ခုပ်များ တဖြောင်းဖြောင်းတီး၍ ထောမနာပြုလိုက်ကြ၏။ စံမင်းကမူ သူ့စီးကရက်အား ဖွာမြဖွာလျက်ရှိပြီး ကျန်သုံးယောက်မှ အိပ်ချင်မူးတူး ပုံစံများဖြစ်ဦး မှိုင်းပျပျရှိကြလေသည်။ ကျွန်တော့်အထပ် ဆေးများသုံးစွဲထားကြာန်တူ၏။ စကားလည်း သိပ်ဝင်ရောက် မပြောဆိုကြပေ။ ထိုအချိန်တွင် ကျွန်တော်တို့၏ ခေါင်းထက်မှ ငှက်ဆိုးတစ်ကောင်သည် တောင်နှင့်မြောက် အရှေ့နှင့်အနောက် ထိုမှဤမှ လူးလာခေါက်တုံ့ အော်မြည်ပျံသန်းလျက် ရှိ၏။

''ဂိုး''

''ဖလူး ... ဖလူး ... ဖလူး''

''ဖလပ် ... ဖလပ် ... ဖလပ်''

''ဟင်း ... ဒီငှက်ကလည်း သောက်မြင်ကပ်စရာ ကောင်းလာ

ပြီ''

ကျွန်တော်က ထိုသို့ကောင်းကင်မော့၍ ပြောကာမျှရှိသေး။ ဦးယက္ခသည် သူ့ခါးကြားမှ ခြောက်လုံးပြူးသေနတ်အား ထုတ်ယူလိုက်ပြီး လျှင် ငှက်ဆိုးကြီးအား ပစ်ထည့်လိုက်၏။

''ဂိုး''

''ဒိုင်း''

''ဖောက် ... ဖုတ်''

ငှက်ဆိုးသည် ကျည်သင့်၍ ကျွန်တော်တို့ပြောဆိုသည့် စကားဝိုင်းနှင့် ခပ်လှမ်းလှမ်းသို့ ပြုတ်ကျသွား၏။ မည်သူမျှ ထမကြည့်ပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဦးယက္ခ၏ လက်စလက်နအား ခန့်မှန်း၍ ရနိုင်လေ၏။ ဖြုတော့ ဖြုချင်စရာပေ။

ဦးယက္ခသည် ဤလုပ်ရပ်နှင့် တစ်ဖက်လှည့်၍ ကျွန်တော်တို့အား ခြိမ်းခြောက်ပြခြင်းလည်း ဖြစ်နိုင်ကောင်း၏။ ကျွန်တော်က ထိုသို့တန်းခနဲ တွေးလိုက်မိသကဲ့သို့ စံမင်းလည်း တွန့်သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် စကားဝိုင်းသည် တန့်သွားပြီး ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အကဲခတ်မိလိုက်ကြသောကြောင့် ဖြစ်၏။

ထို့နောက် ဦးယက္ခသည် ကျွန်တော်တို့နှင့် စကားပြောဆိုရာ

၌ သိသိသာသာ စကားလမ်းကြောင်းပြောင်းပြီး ကျွန်တော်တို့အား ခြိမ်းခြောက်သည့် စကားလုံးများ ပါလာလေသည်။

''အရင်က ငါ့နာမည်က ယက္ခမဟုတ်ဘူး။ တင်နက္ခ။ အဲဒီ နာမည်ကနည်းနည်း ပျော့ပျောင်းနေတဲ့အတွက် ယက္ခလို့ပြောင်းလိုက်တာ။ ယက္ခလို့ ပြောင်းပြီးကတည်းက ငါဖြစ်ချင်တာတွေ အားလုံးကို ဖြစ်အောင် လုပ်နိုင်လာခဲ့တယ်။ နောက်နောင် ငါ့ဘဝမှာ မဖြစ်ဖူးဆိုတာ မရှိရဘူး။ ငါလိုချင်ရင် ရရမယ်။ အဲဒါ ငါ့မူပဲ''

ကျွန်တော်နှင့် စံမင်း ငြိမ်နေကြ၏။ သူရောကိုယ်ပါ ချက်ချင်း လက်ငင်း တုန့်ပြန်စရာစကား ရှာမတွေ့သေးပေ။ ထိုစဉ်မှာပင် ဦးယက္ခမ ဆက်ပြောပြန်၏။

''ဒီမှာ ... ငါ့တပည့်နဂါး။ ငါလက်တွဲလာတာ ဆယ်နှစ်ကျော်ပြီ။ သူကိုလူနေမှု အဆင့်အတန်းကအစ အားလုံးပြည့်မီအောင် ထားပေးထားတယ်။ သစ္စာမဖောက်တော့ သူအသက်ရှည်တယ်''

နဂါးသည် သူ့မခုံးအား ဦးယက္ခမ လက်နှင့်ပုတ်၍ ပြောလိုက်သော်လည်း မည်သည့်စကားမျှ ဝင်ရောက်စွက်ဖက် မပြော။ အသာငြိမ်၍ နေလေ၏။ ထို့ကြောင့် ဦးယက္ခသည် ပြောအားရှိရှိနှင့်ပင် ဆက်၍ပြောပြန်လေ၏။

''အခု ... ငဘုန်း၊ မင်းနဲ့ စံမင်းလည်း ဒီအတိုင်းဖြစ်ဖို့

မျှော်လင့်ပါတယ်။ မင်းတို့အသက်တွေ ငယ်ပါသေးတယ်။ မင်းတို့ ကားဒီးနိုင်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိတယ်။ မင်းတို့လိမ္မာရင်ပေါ့လေ။ မင်းတို့မှာ အရည်အချင်းတွေ ရှိတယ်ဆိုတာ ငါသိတယ်။ မကောက်ကျစ်ဖို့ပဲ လိုတယ်''

''ကျွန်တော်ရော စံမင်းရော မကောက်ကတော့ မကောက်ကျစ်တတ်ဘူး။ ဒါပေမယ့် မဟုတ်ရင်လည်း ငုံ့မခံတတ်ဘူး''

''သိပါတယ ... သိပါတယ်။ မင်းတို့ မျက်နှာပေါက်တွေနဲ့ မင်းတို့ရဲ့ စရိုက်လက္ခဏာတွေကိုကြည့်ပြီး မှန်းလို့ရတယ်။ ဒါပေမယ့် တစ်ချို့နေရာတွေမှာ မင်းတို့ကို ပြောလိုက်မယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ခံသင့်ရင် ခံပေးလိုက်တာက ပိုအကျိုးရှိတယ်ကွ။ ဒါက ငါ့ကိုယ်တွေ့အရ ပြောတာ။ အခု ဆရာလုပ်နေတဲ့ ကောင်တွေမှန်သမျှ တစ်ချိန်က တပည့်လုပ်ခဲ့ရတာတွေချည်းပဲ။ နားလည်ထား''

''ဒါကတော့ အထူးပြောစရာ မလိုပါဘူးဗျာ။ နားလည်ပါတယ်''

''မင်းတို့နားလည်တယ်ဆိုတာက ရှာပတ်ဝန်းကျင်တင် နားလည်တာပါကွ။ မြန်မာပြည်က ကျယ်တယ်။ အရပ်ရပ်ကို လိုက်လေ့လာလိုက်ဦး။ မင်းတို့ မသိသေးတာတွေ တစ်ပုံကြီးရှိသေးတယ်။ မင်းတို့ကို ငါမေးမယ်။ မင်းတို့ ငါ့သေနတ်ကို ဒါမှမဟုတ် ဖျက်ဆီးချင်

သလား''

ဦးယက္ခသည် ထိုသို့ကောက်ကာငင်ကာ မေးလိုက်ပြီး ကျွန်တော်တို့မျက်နှာများအားလည်း ခပ်စူးစူးအကဲခတ် ကြည့်ရှုလိုက်သေးသည်။ ထိုအခါ စံမင်းသည် ကျွန်တော့်ထက်ဦးအောင် ထပြောလေ၏။ ဤစကားသည် စံမင်းစကား ဖြစ်၏။ ဦးယက္ခ အဘယ်သို့ကြားသနည်း သို့မဟုတ် ခန့်မှန်း၍ ရမ်းတုတ်နေခြင်းလောတော့ ကျွန်တော်တို့ မသိနိုင်။

''အဲဒီမေးခွန်းတော့ မမေးပါနဲ့ဗျာ။ ခင်ဗျားသေနတ် ကျုပ်တို့က ဘာလုပ်ရမှာတုန်း။ ကျုပ်တို့အတွက် အသုံးမမဝင်တာ''

''အဲဒါကို ငါပြောချင်တာ။ ဟော့ကောင်တွေ ဒီသေနတ်ဟာ အများကြီး အသုံးဝင်တယ်။ ဒါပေမယ့် မင်းတို့အတွက် အသုံးမဝင်ဘူး ဖြစ်နေတယ်။ မင်းတို့မျောက်တွေ အဆင့်ပဲရှိသေးတယ်။ လူမဖြစ်သေးဘူး။ အုန်းသီးကို ခွဲစားတတ်အောင် ကြိုးစားကြဦး''

''ကဲ ... ထားပါဗျာ၊ အဲဒါကျုပ်တို့ ဝေးပါသေးတယ်။ အခု ခင်ဗျားတို့ လပြည့်နေ့ အလုပ်စကြမှာ မဟုတ်လား။ ဒါဆိုရင် ခင်ဗျားတို့ လိုအပ်ချက်အတိုင်း ကျုပ်တို့ဆောင်ရွက်ပေးရုံပဲပေါ့ မဟုတ်လား။ ခင်ဗျားတို့ဘက်ကလည်း သစ္စာရှိရမယ်နော်''

''စိတ်ချ ... ငါ့ညီတို့''

''ဒါဆိုရင် ... အိုကေ၊ ကျုပ်တို့ပြန်မယ်''

သူပြောကိုယ်ပြောနှင့် စကားဝိုင်းက ပြီးတော့မည် မဟုတ်။ ထို့ကြောင့် စကားဝိုင်းအား နှုတ်ခမ်းသတ်သည့်အနေနှင့် လိုရင်းအား ပြန်ကောက်၍ ကျွန်တော် အဆုံးသတ်လိုက်ရ၏။ ကျွန်တော်တို့ ပြန်ထွက်လာတော့ ညသည် ဆယ့်နှစ်နာရီကျော်နေပြီ ဖြစ်သည်။ ဤအချင်းအရာကိုသာ အမေတို့သိရှိပါက ကျွန်တော့်အတွက် စိုးရိမ်ပူပန်နေကြမည်မှာ မြေကြီးလက်ခတ် မလွဲပင်။

❖ ❖ ❖

အခန်း (၁၉)

ကျွန်တော်နှင့် စံမင်းသည် ဦးယက္ခတို့အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီးသည့်နောက် ထိုကိစ္စများနှင့် ပက်သက်၍ လမ်းကြောင်းရှာရလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် ထိုကိစ္စအား ရွာထဲမှလူများ သိရှိရိပ်မိသွားကြမည်စိုး၍ နေ့အခါ၌ မလှုပ်ရှားရဲ။ ညအခါများ၌သာ တိတ်တဆိတ် လှုပ်ရှားဖို့ ဆုံးဖြတ်လိုက်ရ၏။

ဆရာကြီးအဘ ဦးရွှေဂန်သည်လည်း ထိုကိစ္စနှင့် ပက်သက်၍ ကျွန်တော်တို့အား မည်သည့်စကားမျှ မပြောဆိုတော့သလို သူကိုယ်တိုင်ကလည်း မည်သည့်လှုပ်ရှားမှုမျှ မရှိသည်ကို အံ့သြဖွယ်တွေ့ရ၏။ သို့သော်

သီလရှင်ကြီး ဒေါ်ဒိန္နာနှင့် မိန်းကလေးများကမူ ကျွန်တော်တို့အိမ်သို့ ထပ်မံရောက်ရှိလာကြပြန်၏။

ထိုသီလရှင်ကြီးနှင့် မိန်းကလေးများ ရောက်ရှိလာကြသည့်အတွက် ကျွန်တော်သည်လည်း အပေါ်ထပ်တွင် စာအုပ်ဖတ်နေရာမှ ဖယ်ခွာပြီး အောက်ထပ်သို့ပြောင်းရွှေ့ ဖတ်နေလိုက်လေသည်။ မည်သည့်အကြောင်းအရာများ ပြောဆိုတိုင်ပင်ကြသနည်း ကျွန်တော် မသိနိုင်။ အောက်ထပ်တွင်လည်း အမေက ရှိသေးသည်မို့ ထိုမိန်းကလေးများနှင့် ပက်သက်၍လည်းကောင်း၊ ဆရာကြီးအဘ ဦးရွှေဂန်၏ကိစ္စနှင့် ပက်သက်၍လည်းကောင်း မရိပ်မိ မသိရှိစေလိုသည့်အတွက် ကျွန်တော် အလိုက်သိစွာပင် အာရုံပြောင်းလွဲထားလိုက်လေ၏။ နောက်တစ်အောင့်မျှ အကြာတွင် စံမင်း ကျွန်တော့်ထံသို့ ရောက်ရှိလာလေသည်။

"ဟေ့ကောင် ... မင်းကလည်း ဖတ်မိဖတ်ရာဖတ်ပြီး ကုပ်မိကုပ်ရာနေတဲ့ အကောင်ပဲ"

"ရှူး ... တိုးတိုး အပေါ်မှာ ညည့်သည်တွေရောက်နေတယ်"

"သီလရှင်ကြီးနဲ့ ဟာမလေးတွေ"

"ဟာ ... သူတို့က လာလှချည်လား"

"အေး ... ငါလည်း အဲဒါစဉ်းစားမရ ဖြစ်နေတာ"

"ဘာစဉ်းစားမရ ဖြစ်နေရမှာတုန်း။ အဲဒါ တို့ပြီးခဲ့တဲ့နှစ် အလှူ

တုန်းက တို့လိုက်တဲ့ ကောင်မလေးနှစ်ယောက်ပဲ''

''ဟာ ... မင်းက ဟုတ်လို့လားကွာ။ အဲဒီတုန်းက ရုပ်တွေနဲ့ အခုရုပ်တွေ မတူပါဘူး''

''မတူဘူး မလုပ်နဲ့ သူတို့ပဲ။ မန္တလေးက ငါ့ညီမတွေနဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေ'' သူတို့ကလည်း ငါ့ဓာတ်ပုံကိုကြည့်ပြီး သိနေသလို ငါကလည်း သူတို့ဓာတ်ပုံတွေ ကြည့်ပြီးမှ သိလိုက်ရတာ'' ဒါကြောင့် မန္တလေးက မိသားစုအကြောင်းနဲ့ ငါ့အကြောင်းကို သိနေတာပေါ့''

ကျွန်တော့်ကို ထိုသို့ပြောနေခိုက်မှာပင် အမေမှ စားသောက်ဖွယ်ရာများအား ပြင်ဆင်ပြီး၍ သွားရောက်အပို့ခိုင်းခြင်းကြောင့် ကျွန်တော်နှင့် ဝံမင်း စားသောက်ဖွယ်ရာများအား ကျွန်တော်တို့သွားရောက် ပို့ပေးလိုက်ကြသည်။

''ဟင် ... ငါ့မြေးတို့၊ မင်းတို့ဘယ်မှ မသွားကြဘူးလား''

''ဟုတ်ကဲ့ ... အဘ၊ ကျွန်တော်တို့ ဘယ်မှမသွားကြဘူး''

အဘနှင့် ကျွန်တော် ထိုသို့ပြောဆိုနေကြစဉ်မှာပင် မိန်းကလေးနှစ်ယောက်သည် ကျွန်တော်တို့နှစ်ယောက်အား ပြုံးရွှင်သည့် မျက်နှာထားများနှင့် ကြည့်နေကြ၏။ သူတို့ မျက်ဝန်းများတွင် လျှို့ဝှက်ချက်များ ဝှိနေကြကြောင်း ကျွန်တော် သတိပြုမိလေသည်။ အဘယ့်ကြောင့်ဆိုသော်

ကျွန်တော် အောက်ထပ်သို့ ဆင်းလာစဉ်က ကျွန်တော့်အား မသိလိုက် ဘာသာ ခပ်အေးအေး နေကြသောကြောင့်ဖြစ်၏။

ယခု အဘနှင့် သူတို့ပြောဆိုနေကြသည်မှာ နာရီဝက်ကျော် ကျော် ရှိသွားပြီမို့ လိုရင်းစကားများ ပြီးမြောက်သွား၍ ကျွန်တော်တို့ နှစ်ယောက်ဖက်သို့ အာရုံကကျလာခြင်း ဖြစ်ကြပေမည်။ ဤသည်ကို စံမင်းသား မသိ။ ကျွန်တော်ကတော့ ကောင်းစွာရိပ်မိ သိရှိလိုက်၏။

''ကဲ ... မင်းတို့ ဘယ်မှသွားစရာ မရှိရင်လည်း စကားထိုင် ပြောကြပေါ့ကွာ''

''ဟုတ်ကဲ့ ... ပြောလို့ရပါတယ် အဘ''

စံမင်းသည် ထိုသို့ပြောသော်လည်း မျက်လုံးအစုံက ကောင်မလေးနှစ်ယောက်ထံ ရောက်လျက်ရှိ၏။ ထိုသို့ ကျွန်တော်သတိပြုနေစဉ် စကားသွက်သည့် ကောင်မလေးကပင် ကျွန်တော်တို့နှစ်ယောက်အား ဖော်ရွေစွာ စတင်ပြောဆိုလာ၏။

''နင်တို့နှစ်ယောက်က ငါတို့အစ်ကိုတွေ မောင်တွေဆိုရင် သိပ်ကောင်းမှာပဲ''

''ဘာလို့လဲ''

''တစ်ယောက်နဲ့ တစ်ယောက် အတွဲညီလို့ပေါ့''

''ဩော် ... တို့မှာလည်း ပေါင်းစရာလူ သိပ်မရှိဘူးလေ။

ပြေးကြည့်မှ ဒီနှစ်ယောက်ပဲ ရှိတာ။ ဟုတ်ဖူးလား ဘုန်း''

''ပြောလေ ... နင်ကလည်း ခုမှ နှုတ်လေးနေလိုက်တာ။ ငါမပြောလိုက်ချင်ဘူး။ အဘတို့ရှေ့မှာမို့ နှုတ်လေးနေတာပါ အဘမြေး''

ကောင်မလေး၏ ထိုစကားက ကျွန်တော့်ရင်ထဲ ကလိကလိ ဖြစ်သွားစေသည်။

''မဆိုင်ပါဘူး၊ နင်တို့ပြောတဲ့ စကားကို နားထောင်နေတာပါ။ အဘမြေးအကြောင်း အဘသိပါတယ်''

ကျွန်တော့်စကားကြောင့် အဘပါမက သိလရှင်ကြီးပါ သဘောကျသွား၏။ အဘကပြုံး၍ ခေါင်းတဆတ်ဆတ် လုပ်နေသကဲ့သို့ သိလရှင်ကြီးက ကျွန်တော့်ဘက်လှည့်၍ ...

''နည်းနည်းလည်း လျော့ပါဦး မောင်ကာဠရယ်။ မင်းညီမတွေက မင်းတို့ကို သိပ်ခင်ပါတယ်။ အဲဒါကြောင့် အဒေါ်က မင်းတို့အကြောင်းကို ပြောဖြစ်ပါတယ်''

''အဒေါ်ကသာ ကျွန်တော်တို့အကြောင်း ပြောနေ။ အဘက သူတို့အကြောင်း ဘာမှမပြောဘူး''

''ဩော် ... ငါ့မြေးရယ်။ အချိန်မကျသေးလို့ အဘက ဘာမှ မပြောသေးတာ။ ဟော ... ခုအချိန်ကျလာတော့ အဘတောင် ဘာမှ ပြောစရာမလိုတော့ဘူး။ လူဆိုတာ အဲဒါပဲ ငါ့မြေးရ။ အကြောင်းတရား

မပက်သက်သေးရင်သာ ပက်သက်လာပြီဆိုရင် အဲဒီလူဟာ ရှောင်လို့ကို မရဘူး''

''အဲဒါကတော့ အဘပြောတာ အမှန်ဆုံးပဲ။ ညီအစ်ကို မောင်နှမတွေလို့ သဘောထားပြီး ချစ်ချစ်ခင်ခင်နေကြပေါ့ကွယ်။ အဘတို့အဒေါ်တို့ကတော့ အသက်ကြီးလာပါပြီ။ သူတို့က အမွာညီအစ်မ၊ ဒါ-ကြောင့် ရုပ်ချင်းဆင်ပြီး ကိုယ်လုံးကိုယ်ထည် တူနေကြတာ။ သူက စောနန္ဒာတဲ့။ သူက စောကလျာတဲ့ အတူတူပဲ''

သိလရှင်ကြီး၏ စကားကြောင့် ကျွန်တော့်စိတ်ထဲ အသေမှတ်လိုက်၏။ စောကလျာသည် စောနန္ဒာထက် အသေအချာကြည့်မှ နှုတ်ခမ်းစုံ အနည်းငယ် ပါးလျနေကြောင်း သိရလေသည်။ ထို့ကြောင့် သူမက စောနန္ဒာထက် စကားသွက်နေခြင်း ဖြစ်၏။ ကျွန်တော်သည် သူမတို့ နှစ်ယောက်အား ထိုသို့ အကဲခတ်သကဲ့သို့ သူမတို့ကလည်း ကျွန်တော်တို့နှစ်ယောက်အား အပြန်အလှန်အားဖြင့် အကဲခတ်နေပေလိမ့်မည်။

''မဒိန္ဒာ ... ဒီညကလေးတွေ စားသောက်ပြီးမှ ပြန်ကြပေါ့ မဟုတ်ဘူးလား''

''ဒို ... ဆရာရယ်၊ အလုပ်ရှုပ်အောင် ဟိုမှာအရေးထဲ ကိစ္စတွေလည်း ရှိနေသေးတယ်''

''အင်း ... အဲဒီလိုဆိုရင်လည်း သဘောပေါ့။ ကဲ ...

ဒါဆိုလည်း အချိန်ရှိတုန်း ပြန်ကြပေတော့။ ငါ့မြေးတို့ လိုက်ပို့လိုက်ကြ ကွာ''

''ဟုတ်ကဲ့ ... အာဘ''

အာဘမှ လိုက်ပို့လိုက်ကြဟု ဆိုခြင်းကြောင့် ကျွန်တော်နှင့် စံမင်း ရွာ၏အရှေ့တံခါး အလွန်သို့တိုင်အောင် လိုက်ပို့လိုက်ကြ၏။

''ကဲ ... ကောင်လေးတွေ ရပါပြီကွယ်''

''ဟုတ်ကဲ့ ... ရပြီလား ဆရာလေး''

''ရပြီ ... ရပြီ၊ အခုလို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်တယ်''

''ကဲ ... ဘုန်း၊ စံမင်းတို့သွားပြီး အခုလိုလိုက်ပို့ပေးတဲ့ အတွက် မိန်းမချောချောလှလှ ရပါစေရှင်''

''ဟင့်အင်း ... အဲဒီဆုကြိုးတော့ မလိုချင်ဘူး''

စံမင်းက ရယ်ကျဲကျဲနှင့် စောကလျာအား ထိုသို့ပြန်ပြောသော်လည်း စောနန္ဒာကမူ ပြုံးရုံသာ အသာပြုံးလျက်ရှိ၏။ စံမင်း၏ ဥပမိန့်ကိုယ်ခန္ဓာ အချိုးအစားသည် မိန်းကလေးများ အလွယ်တကူကျနိုင်သည့် အနေအထားတွင် ရှိနေခြင်းကြောင့် စောကလျာသည် စကားသွက်သူပီပီ ထို့မှ အငေါ့အတော့ကလေးများနှင့် ပြောဆိုနေခြင်းလည်း ပါနိုင်ကောင်း ၏။

စောနန္ဒာနှင့် ကျွန်တော်သည် ပုံမှန်အနေအထားတွင် ရှိသော်

လည်း စောကလျာနှင့် စံမင်းကမူ အတော်တော်ရင်းနှီးစွာ ပြောဆိုနေကြပြီး ဖြစ်သည်။ သို့သော် စောကလျာ၏ မျက်ဝန်းအိမ်များတွင် လှိုက်တက်ချက်များရှိကြောင်း ကျွန်တော် အကြမ်းဖျင်းအားဖြင့် နားလည်နေမိ၏။ စောနန္ဒာ၏ မျက်ဝန်းအိမ်၌မူ ထိုအရိပ်အငွေ့ ကျွန်တော့်မျက်စိတွင် လုံးဝ မတွေ့ရချေ။

''ကဲ ... သွားကြပေတော့။ ကျွန်တော်တို့တော့ ဒီလောက်လည်း မပြောနိုင်ဘူး။ နောက်ကြုံရင် ပြောစရာစကား မကျန်တော့မှာလည်း ကြောက်တယ်ဗျာ''

''ကောင်းပါပြီ ကျောင်းဆရာလေးရယ်။ ရှင်ပြောမှပဲ ရှင်းသွားတော့တယ်''

''သွားပြီနော်''

''ဟုတ်ကဲ့ ခင်ဗျာ''

စောနန္ဒာကပါ နောက်ဆုံးအနေနှင့် လက်ပြ၍ ခပ်ပြုံးပြုံးကလေး နှုတ်ဆက်ခြင်းကြောင့် ကျွန်တော် အသိအမှတ်ပြုရင်း ပြန်နှုတ်ဆက်လိုက်၏။ ထို့နောက် ကျွန်တော်နှင့် စံမင်းသည်လည်း လာလမ်းအတိုင်း သို့သာ လှည့်ပြန်ခဲ့ကြ၏။

ကျွန်တော်တို့နှစ်ယောက် ခပ်လှမ်းလှမ်းရောက်၍ နောက်ပြန်လှည့်ကြည့်သည့် အကြည့်၌ သီလရှင်ကြီးနှင့်တကွ ထိုမိန်းကလေးများ

အား မတွေ့ရှိရတော့။ အဘယ်သို့ ရောက်သွားသနည်း။ ကျွန်တော် တွေးနေစဉ်မှာ စံမင်းမှ သီချင်းကလေး ညည်းလိုက်၏။

မြတ်နိုးသူ ... ရယ် ချစ်မိုးစွေခဲ့တယ်

''တူနှယ် ... တူနှယ် ... တူနှယ်''

''တူနှယ် ... တဲ့''

စံမင်းသည် သူဟာသူသီဆိုပြီး ပါးစပ်တီးလုံးကလေးပါ လိုက်လိုက်ခြင်းကြောင့် ကျွန်တော် အနည်းငယ် သောက်မြင်ကပ်လာ၏။

''ဟေ့ကောင် ... မင်းပါးစပ်ကလည်း မြင်းအီးပေါက်နေတာ ကျနေတာပဲ။ အတော့်ကို ကြည်နူးနေတယ် ထင်ပါ့''

''ဟာ ... မင်းကလည်း မကြည်မူးဘဲ နေပါ့မလားကွ။ ခွီ ဘိသာပြောတယ်၊ မင်းကရော''

''ဘာမှ မဖြစ်ဘူး''

''မလိမ်နဲ့ ... မှန်းစမ်း''

စံမင်းသည် ထိုသို့ပြောပြီး ကျွန်တော့်ရင်ဘတ်သို့ နားနှင့် သာကပ်လေသည်။ ပြီးမှ ကျွန်တော့်ပခုံးအား ခပ်ဆတ်ဆတ်တွန်းလိုက် ပြီး ...

''အယ် ... ကြောက်စရာကြီး၊ ဝိုက်ထဲက တအုန်းအုန်း ဘဒိုင်းဒိုင်းနဲ့ အမြောက်တွေ စိန်ပြောင်းတွေ ပစ်နေပုံရတယ်''

''ဟာ ... အဲဒါက လူနှလုံးခုန်တာလေ။ လူနှလုံးမခုန်ရင် သေသွားမှာပေါ့''

''နှလုံးတုန် ရင်ခုန်တယ်ဆိုတာ အချစ်ပဲကွ။ မင်းမှတ်ထား''

''ဟင် ... တောက်တီးတောက်တဲ့ လျှောက်ပြောရော့မယ်''

''ဒါဆိုရင် ... မင်းရင်မခုန်ဘူးပေါ့''

''မခုန်ဘူး၊ အဲဒါက ငါမှမဟုတ်ဘူး။ စောနန္ဒာလဲ ဒီအတိုင်း ဖြစ်လိမ့်မယ်''

''ဟော့ကောင် ... အချင်းချင်း မလိမ်နဲ့။ သေချာသွားပြီ။ စောနန္ဒာက စကားနည်းပေမယ့် ပိုလှပါတယ်ကွာ။ စောနန္ဒာကို မင်းက ချိတ်မယ်ပေါ့လေ''

''ဒါက ... မင်းအထင်ပါ။ စောကလျာလို မဟုတ်ဘူးဆိုတဲ့ အကြောင်းပေါ်လွင်အောင် ငါပြောတာ''

ကျွန်တော့်စကားကြောင့် စံမင်း တိတ်သွား၏။ စံမင်းသည် စကားသွက်၍ ပွင့်လင်းသည့် စောကလျာအား အမှန်တကယ်စွဲလမ်းနေ ပြီဖြစ်ကြောင်း သူ့အရိပ်အကဲအားကြည့်၍ ကျွန်တော် ခန့်မှန်းမိလိုက် လေဖြီ။ သို့သော် ကျွန်တော် မနာလို မရှစိတ်မဖြစ်သလို လျှောင်ခြင်း ပြောင်ခြင်းလည်း မပြုလုပ်။ သူ့အကြောင်းတရားဟူ၍သာ သဘောထား လိုက်၏။

ကျွန်တော်နှင့် စံမင်း အိမ်ပြန်ရောက်သည့်အချိန်၌ ဆရာကြီး အဘ ဦးရွှေဂန်းသည် ဘုရားရှေ့၌ ငြိမ်သက်စွာ ပုတီးစိပ်နေပြီ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်သည် စံမင်းတို့အိမ်သို့သာ ထွက်လာခဲ့ကြ၏။ စံမင်းအဘက ထမင်းစားလျက်ရှိသည်။'

ထို့နောက် စံမင်းအဘ ထမင်းစားပြီး၍ တောင်ဘက်အိမ်သို့ ထွက်သွား၍ တအောင့်လောက်မျှကြာမှပင် ကျွန်တော်တို့နှစ်ယောက် ထမင်းစားကြ၏။ စံမင်းအိမ်သည် ကျွန်တော့်အိမ်ထက်ပင် အချိန်ပြည့် ဟင်းကောင်းလေ့ ရှိသည်။ စံမင်းသည်လည်း အကြော်အချက် ကျွမ်းကျင်သကဲ့သို့ သူ့အဘသည်လည်း အကြော်အချက် အလွန်ကျွမ်းကျင်လှ၏။ အသက်ငယ်ရွယ်စဉ်အခါက ရွာအလှူပွဲများနှင့် သာရေးနာရေးများအား အုံးသူကြီးလုပ်ခဲ့ဖူး၍ ယခုအချိန်ထိ ထိုလက်ရာများ ရှိနေသေးခြင်း ဖြစ်၏။

ယခုတော့ အသက်ခုနှစ်ဆယ်နား နီးလာပြီမို့ ထိုအလုပ်များအား မပြုလုပ်တော့။ ဘာသာရေးဖက်သို့လိုက်၍ အများဆုံးအားဖြင့် လူကြီးစုံရာ တောင်ဖက်အိမ်သို့သာ အများဆုံးသွား၍ တရားဓမ္မအကြောင်းဆွေးနွေး ပြောဆိုလေ့ရှိ၏။ ဘကြီးသည် အလွန်အနေအေး၍ အလွန်သဘောကောင်းသူ ဖြစ်လေသည်။ ထို့ကြောင့် စံမင်းသည်လည်း လုပ်လိုရာလုပ် ဤမျှချောင်နေခြင်း ဖြစ်၏။ ဘကြီးသည် သောက်သည်

ကို လုံးဝကြိုက်သူ မဟုတ်ပေ။ ဤမျှသဘောကောင်းသည့် ဘကြီးအား ငဲ့၍ စံမင်းမသောက်ခြင်း ဖြစ်၏။ ကျွန်တော် မသောက်ခြင်းကား အရက်ထန်းရည် စသည်တို့၏ ခါးတူးတူး ပူစပ်စပ်အရသာအား မကြိုက်၍ မနှစ်သက်၍ မသောက်ခြင်း ဖြစ်၏

ထို့ကြောင့် စံမင်းနှင့် ကျွန်တော်သည် ရွာမှလူများအတွက် လူဆိုးပြောရခက် လူကောင်းပြောရခက် ဖြစ်နေလေ၏။ ကျွန်တော်တို့နှစ်ယောက်သည် အသောက်အစား ကင်းရှင်းသော်လည်း အခိုးအငွေ့များ၌လည်း နာမည်ပျက်လုံးဝ မရှိခဲ့ကြချေ။ ကျွန်တော်တို့နှစ်ယောက် လူဆိုးစာရင်းဝင်သည်ကား တစ်ခါတရံ ရန်ဖြစ်တတ်၍ တစ်ခါတရံ ထော်လော်ကန့်လန့် ကျွတ်ဆတ်ဆတ် ပြောတတ်ကြ၍ ဖြစ်၏။ ထော်လော်ကန့်လန့် ကျွတ်ဆတ်ဆတ်ကတော့ ကျွန်တော်တို့အချင်းချင်းလည်း ပြောလျှင်ပြောကြသည်သာ ဖြစ်၏။

''ဟေ့ကောင် ... ငူတူတူ ငိုင်တိုင်တိုင် လုပ်မနေနဲ့။ ထမင်းလည်း စားပြီးပြီ။ မင်းအိမ်သွားမှာလား၊ အပြင်ထွက်မှာလား၊ ဘာလုပ်မလဲ တစ်ခုခုပြော''

''မင်းသဘောပဲ၊ အိမ်သွားရင်လည်း ရတယ်။ အပြင်ထွက်ရင်လည်း ရတယ်။ ကြည့်စမ်း လအားကတော့ ရှယ်ပဲ။ တစ်ညလုံး ပတ်ပစ်လို့ရတယ်''

''ကဲ ... ကောင်းပြီ၊ ဒါဆိုရင် မင်းအိမ်ခဏသွားမယ်။ အဘ အခြေအနေသိရအောင်ပေါ့။ ပြီးတာနဲ့ တို့အပြင်ထွက်ကြမယ်။ လာ ... သွား၀ို့''

သို့နှင့် စံမင်းနှင့် ကျွန်တော်သည် အိမ်သို့ အဘအခြေအနေသိလိုသည့်အတွက် ပြန်လာခဲ့ကြ၏။ သို့သော် အဘကား ထိုအချိန်သို့ တိုင်အောင် ငြိမ်သက်စွာထိုင်၍ ပုတီးစိပ်နေဆဲသာ ရှိသေး၏။

ကျွန်တော်တို့နှစ်ယောက်သည် အဘ နောက်ကျောပြင်အား အသာကလေးကြည့်၍ ပြန်ဆင်းခဲ့ကြ၏။

''မောင်ဘုန်း ... စံမင်း၊ မင်းတို့ထမင်း တစ်ခါတည်း ဝင်စားကြလေ''

''ဟင့်အင်း ... မစားတော့ဘူး အကြီး။ ကျွန်တော်တို့အိမ်ကစားပြီးခဲ့ကြပြီ''

စံမင်းသည် ကျွန်တော့် အဖေအနီးသို့ ကပ်လိုက်ပြီး ...

''ဦးလေးခင် ... အဘ ပုတီးစိပ်တာက ကြာလှချည်လား''

''အင်း ... နည်းနည်းတော့ကြာတယ်။ သုံးနာရီလောက် ထိုင်စိပ်တာ။ ဘယ်လိုဖြစ်လို့တုန်း၊ မင်းရော စိပ်ချင်လို့လား''

''ဟာ ... ဦးလေးခင်ကလည်း မဟုတ်တာ။ ဒီလောက် အကြာကြီးထိုင်တာ အံ့သြလို့မေးကြည့်တာ''

''ဒါ ... မင်းနည်းတောင် နည်းသေး''

ကျွန်တော့် အဖေစကားကြောင့် စံမင်း မျက်လုံးကြီးပြူး၍ နောက်ဆုတ်သွား၏။ သို့နှင့် ကျွန်တော်တို့နှစ်ယောက်သည် ဟိုနားသည်နားသွားတော့မည့် အမူအယာနှင့် အသာလစ်ထွက်လာခဲ့ကြသည်။ ရွာအရှေ့တံခါးမှပင် ထွက်လာခဲ့ခြင်း ဖြစ်၏။ ထို့နောက် လမ်းမကြီးအတိုင်း ရွာပြင်အရှေ့တောင်ဘက်သို့ ချီးကွေ့လိုက်၏။

ပထမ ကျွန်တော်သရဲ အခြောက်ခံရသည့်နေရာသို့ ရောက်ရှိလာသည်။ ဤတစ်ကြိမ်တွင်မတော့ နှစ်ယောက်မို့လား မဆိုနှင့်။ မည်သည့်ထူးခြားမှုမျှ မတွေ့ရှိရ။ ထို့နောက် ရွာ၏ တောင်ဖက်ကုန်းမှတဆင့် နယ်မြေကြမ်းဖြစ်သည့် အုတ်တိုက်နီဖက်သို့ တစ်ရွေ့ရွေ့လောက် ရှိလာလေသည်။ အေးမြသည့် လရောင်အောက်၌ ကြီးမားသည့် တမာပင်ကြီးများ မန်ကျည်းပင် ထနောင်းပင်ကြီးများအား တစ္ဆေကြီးများ ငုတ်တုတ်ထိုင်နေကြသည့်အလား တွေ့ရ၏။

''ဟူး ဟူး ... ဟူးဟူး ...''

''ဖျောဖျော ... ဖျောဖျော ...''

လေအတိုက်တွင် သစ်ကိုင်းချင်း ပွတ်တိုက်ကြသဖြင့် ထိုအသံပလံများ ထွက်ပေါ်လာလေသည်။ စံမင်းကရော့က ကျွန်တော်က နောက်ကမို့ ကျွန်တော် စိတ်မလုံစွာ မကြာမကြာနောက်ပြန် လှည့်ကြည့်

မိလျက်ရှိ၏။ နှစ်ယောက်မို့သာ တစ်ယောက်တည်းဆိုလျှင် တစ္ဆေခြောက်ကောင်း ခြောက်နိုင်လေသည်။

''ဟေ့ကောင် ... သတိထား။ မင်းကလည်း နောက်က အသက်မှ ပါသေးရဲ့လား။ နေရာအနေအထားတွေ သေချာကြည့်ပါဟာ။ ဦးယက္ခတို့ ပြောနေတာ။ ဒီနယ်တစ်ဝိုက်လည်း ပါရမယ်''

''ဟာ ... မဆိုင်တာ၊ မင်းကလည်း အဝေးကြီးရှိသေး။ ဟိုးက ကုန်းကျော်ရင် အဲဒီနယ်ထဲရောက်ပြီ''

ထိုသို့ပြောကာမျှရှိသေး ကျွန်တော့် မျက်စိတွင် အရိပ်နှစ်ခု ထင်လာလေသည်။ ကျွန်တော်နှင့် အနည်းဆုံးကိုက်တစ်ရာခန့် ကျော်ကျော်ခန့်မှ မြင်ရခြင်းဖြစ်၏။

''ဟင် ... ဟိုမှာ လူရိပ်နှစ်ခု''

''ဘယ်မတုန်း''

''ဟာ ... ဟိုးမှာမမြင်ဘူးလား။ ထနောင်းပင်ကြီးတွေ နောက်က ကိုင်းတောအစပ်မှာ''

ကျွန်တော် စံမင်းအား လက်ညှိုးနှင့် အသေအချာ ထိုးပြလိုက်၏။ စံမင်းပါ မြင်သွားလေသည်။

''ဟာ ... ဟုတ်တာပဲ၊ အဲဒါ ယောကျ်ားမဟုတ်ဘူး။ မိန်းကလေး နှစ်ယောက်ပဲ။ ဟင် ... တို့ကို လက်ယက်ခေါ်နေပြီ။

ဟေ့ကောင် ... ဘုန်း သွားမလား''

''ဖြစ်ပါ့မလား ... လူတွေမဖြစ်နိုင်ဘူး။ ဥစ္စာစောင့်တွေများ ဖြစ်နေမလား''

''ဟာ ... မင်းကလည်း ကြောက်သွေးကပေါ်ပြီ''

''ကြောက်သွေးပေါ်လို့ ပြောတာမဟုတ်ဘူး။ ဒီနေရာက လူပြောများတယ်။ ငါလည်း တွေးပြီးပြီ၊ နောက်တော်တော်များများလည်း တွေ့ဖူးကြတယ်။ အနီးဇရောက်သွားရင် ဘာလုပ်မယ်မှ မသိတာ''

''ဟာ ... အဲဒါတွေ စဉ်းစားမနေနဲ့။ ဖြစ်ချင်ရာဖြစ် သွားမယ်ကွာ''

ခြေစုံရပ်ကြည့်နေရာမှ ထိုမိန်းကလေးနှစ်ယောက်ထံသို့ စံမင်းသည် မကြောက်မရွံ့ မတွန့်မဆုတ် ဦးတည်သွားခြင်းကြောင့် ကျွန်တော် ပါနောက်က ခားမြောင်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း လိုက်ခဲ့ရသည်။ ကျွန်တော်တို့နှစ်ယောက် သွားရင်းမှ လေးပေလောက်သာ ကျယ်ဝန်းမည့် ခြောက်ကမ္ဘားကလေးအား နှစ်ယောက်သား အာရုံစိုက်၍ ကျော်လိုက်ကာမျှ ရှိသေး။ ထိုနေရာအား လှမ်းကြည့်သည့်အကြည့်၌ ထိုမိန်းကလေးနှစ်ယောက် ချက်ချင်းလက်ငင်း မရှိတော့။ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေသည်။

''ဟင် ... ဟေ့ကောင် မရှိတော့ဘူးဟ''

ကျွန်တော် ထိုသို့ပြောသည့်စကားအား စံမင်း တုံ့ပြန်မပြော ဆိုနိုင်။ ကြက်သေသေလျက်ရှိ၏။ သူမျက်လုံးအစုံများ ပြူးကျယ်နေ အောင်မျှ ကြည့်ရှုသော်လည်း အရိပ်အယောင်မျှ မတွေ့ရှိရတော့ချေ။

''ဟင် ... ဟုတ်တာပဲ၊ ဘယ်ရောက်ကုန်ပါလိမ့်။ သစ်ပင် တွေများ ပြေးကွယ်နေပါဦးမယ်''

''သစ်ပင်ပြေးကွယ်လောက်အောင် သူတို့မှာ အချိန်မရပါဘူး''

ဟုတ်လည်း ဟုတ်၏။ ကျွန်တော်တို့ ကူးဖြတ်လိုက်သည့် အချိန် သည် မိနစ်ဖက်မကူး၊ စက္ကန့်ပိုင်းလောက်မျှသာ ရှိ၏။ ထိုသံသယနှင့် အတူ ကျွန်တော်နှင့် စံမင်းကို ပတ်ဝန်းကျင်နေရာအား လိုက်လံကြည့်ရှု ၏။ လုံးဝအရိပ်အယောင်မျှ မတွေ့ရတော့ချေ။

ထိုအချင်းအရာကြောင့် ကျွန်တော် စံမင်းအား စကားတစ်စုံ တစ်ရာမပြော။ ကဲ ... ကိုယ့်လူ ဘယ့်နယ့်ရှိစဟူသည့် အကြည့်နှင့် တစ်ချက်ကြည့်လိုက်၏။ ရေညှိရောင်စွပ်ကျယ် ကိုယ်ကျပ်အင်္ကျီအား ဘော်ဆင်ထားသည့် ဘကြီးသား ဘာမျှမပြောနိုင်။ ရင်ဘတ်ကြီး မို့ချည် မောက်ချည် ဖြစ်နေ၏။ ထိုနေရာ၌ပင် စံမင်း အရှာကောင်းနေသည့် အတွက် ကျွန်တော်တို့ နှစ်နာရီကျော်ကျော်လောက်မျှ ခရီးဖင့်သွားလေ သည်။

ကိစ္စက ဤကိစ္စလောခြင်း မဟုတ်။ သို့သော် ဤကြားဖြတ်

ကိစ္စနှင့်ပင် အလုပ်က လိုရင်းမရောက်၊ ရှုပ်နေခြင်းဖြစ်၏။ ပုံသွားသည့် အချိန်အား ကျွန်တော်တို့ မနည်းမနောလုယူပြီး လိုရင်းကိစ္စအတွက် ခရီးဆက်ခဲ့ရသည်။ အဝင်လမ်းကြောင်း၊ အထွက်လမ်းကြောင်း၊ အကွေ့ အကောက် တွင်းဂလိုင်ကြီးများပါမကျန် ကျွန်တော်တို့ လေ့လာနိုင် သလောက် လေ့လာပြီး မှတ်သားနိုင်သလောက် မှတ်သားထား၏။ ဤကိစ္စသာ ပေါ်ပေါက်မလာလျှင် ကျွန်တော်တို့သည် ဤနေရာသို့ လာရောက်၍ စေ့စေ့ငုငု ဝင်ထွက်သွားလာကြလိမ့်မည် မဟုတ်ပေ။ တစ် ချို့နေရာများကား ကျွန်တော်တို့ရောက်တောင် မရောက်ဖူးသေး။ မြေ မကြောက် ကင်းမကြောက်နိုင်ဘဲ ကျွန်တော်တို့ စေ့စေ့ငုငု အသေအချာ လေ့လာပြီးမှ ပြန်လှည့်ခဲ့ကြ၏။ သို့သော် အကာလညအခါ၌ လရောင် အောက်မှ ထိုမိန်းကလေးနှစ်ယောက်အား မြင်တွေ့ပြီးမှ ပျောက်သွား သည့် အဖြစ်ကတော့ စံမင်းရော ကျွန်တော်ပါ ဘာမျှယုတ္တိရှိရှိ တီတီ ကျကျ မပြောဆိုနိုင်ခဲ့ကြပေ။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် လိုက်ကြရုံမှအပ ဘာမျှမတတ်နိုင်ခဲ့ကြ။

❖ ❖ ❖

အခန်း (၂၀)

ကျွန်တော်တို့အတွက် ရင်တုန်စရာ လပြည့်နေ့ကား ရောက်ရှိလာခဲ့ပြီ ဖြစ်၏။ ဆရာကြီးအဘ ဦးရွှေဂန်သည် လပြည့်နေ့ဖြစ်သည့်အတွက် ဘုန်းကြီးကျောင်းသို့ပင် ဥပုသ်သွားရောက် စောင့်နေသေးခြင်းကြောင့် ကျွန်တော့်တွင် အခွံသြမဆုံးနိုင်အောင် ဖြစ်ရသေးသည်။ ရင်ဆိုင်ကြုံတွေ့တော့မည့် အကြောင်းတရားများနှင့် သူလုပ်ရပ်က တစ်ကယ့်တစ်ခြားစီ ဖြစ်နေသောကြောင့် ဖြစ်၏။ ကျွန်တော်သည် သတိဝိရိယထားသူပီပီ အဘ၏ အနေအထားအား မည်သို့မျှ အားမရနိုင်အောင် ရှိလေ၏။

အဘသည် ထိုရန်မူမည့်သူများအား ရန်မရှည်လိုသောကြောင့် ထိုအလွန်တရာ တန်ဖိုးကြီးသည့် ရတနာသိုက်မြေပုံကြီးအား အလွယ်ပေးပစ်လိုက်ပါကဟူသည့် အတွေးသည် ကျွန်တော့်ရင်ထဲတွင် ဖွဲမီးလောင်သကဲ့သို့ တငွေ့ငွေ့ပူလောင်လွန်းလျက် ရှိ၏။ သို့သော် ဥပုသ်သည်အဖြစ်နှင့် ပုတီးသာ ငြိမ်သက်စွာစိပ်လျက်ရှိသော အဘအား ကျွန်တော် ထိုဂို့များအား မည်သို့မျှမေးရန် မသင့်သောကြောင့်သာလျှင် အောင့်အည်းသည်းခံနေရ၏။ စိတ်ကတော့ လုံးဝဂဏှာမငြိမ်ပေ။

သို့နှင့် ညနေငါးနာရီခွဲ အချိန်ခန့်တွင် အဘမှ ကျွန်တော့်အား ခေါ်ယူခြင်းကြောင့် ကျွန်တော် အဘရှိရာ အပေါ်ထပ်သို့ တက်ခဲ့ရသည်။

''လူလေး ... မောင်ဘုန်း၊ မင်းသူငယ်ချင်း စံမင်း မလာဘူးလား''

''ဟုတ်ကဲ့ ... အဘ၊ မလာဘူး''

''ဒါဆိုရင် မင်းသွားခေါ်ချေကွာ။ အဘ မင်းတို့ကို စကားပြောစရာရှိတယ်''

''ဟုတ်ကဲ့ ... အဘ၊ ကျွန်တော် အခုသွားခေါ်လိုက်ပါ့မယ်''

ကျွန်တော် ထိုသို့ပြောပြီး စံမင်းအား သွားရောက်ခေါ်ရ၏။ အဘရှေ့သို့ စံမင်းရော ကျွန်တော်ပါ ရောက်ရှိလာသည့်အခါ အဘမှ သူဖြစ်လိုသည့် အကြောင်းများအား အေးဆေးစွာပြောပြ၏။ ပြီးနောက်

"ငါ့မြေးတို့ မင်းတို့ယက္ခတို့ အဖွဲ့နဲ့ ဘာတွေပြောထားတုန်း"

ကျွန်တော်တို့နှစ်ယောက် အဘရှေ့မှောက်သို့ ထိုင်လိုက်ကြစဉ် ကျွန်တော်တို့ လုံးဝမျှော်လင့်မထားသည့် မေးခွန်းအား ဆောက်နှင့်ထွင်းသကဲ့သို့ အမေးခံလိုက်ရခြင်းကြောင့် ကျွန်တော်တို့ လက်ဖျားခြေဖျားများပါ အေးစက်သွားလေသည်။ ကျွန်တော်တို့နှစ်ယောက် ဘာပြောရမည်မသိ အုံအုံအဖြစ်နေစဉ် အဘသည် သူပြောလိုသည့် စကားအား ဆက်ပြောလေ၏။

"ငါ့မြေးတို့ ဒီကိစ္စအတွက် မင်းတို့ဘာမှ မစိုးရိမ်နဲ့။ ယက္ခတို့ အလိုရှိတဲ့အတိုင်း မင်းတို့လုပ်ပေးလိုက်ပါ"

"ဗျာ"

"မဗျာပါနဲ့ကွာ။ အဘ အကုန်သိပါတယ်။ ယက္ခဟာ သေနတ်အားကိုးနဲ့ အဘကို ခြိမ်းခြောက်အကြပ်ကိုင်တယ်။ အဲဒါကြောင့် အခွင့်သင့်မယ့် လပြည့်ညကို ရွေးချယ်လိုက်ရတာ ဟောဒီမှာ အဘလက်ထဲက မြေပုံ အဆင်သင့်ပါပဲ"

ထိုသို့ပြောပြီး အဘသည် အလျား ၁၂လက်မ၊ အနံ ၆လက်မခန့်လောက်သာရှိသည့် ပါးလွှာလှသာ ပြောင်လက်လက်ရှိသည့် ကြေးပြားချပ်အား ကျွန်တော်တို့နှစ်ယောက်ရှေ့ စားပွဲပေါ်သို့ ချပြ၏။

"အဲဒါ ဂျပန်ရတနာသိုက် မြေပုံပဲ။ မင်းတို့ မြင်ဖူးလား"

"ဟင့်အင်း ... မမြင်ဖူးဘူး အဘာ"

ကျွန်တော်ရော စံမင်းပါ ထိုကြေးပြားချပ် မြေပုံကြီးအား စူးစိုက်စွာကြည့်လိုက်ကြ၏။ ကျွန်တော်တို့ မသိရှိနိုင်သည့် အကွရာ အမှတ်အသားပုံစံများနှင့် ရေးဆွဲထားခြင်း ဖြစ်၏။ ကျွန်တော်တို့မှမဟုတ် ဤကြေးပြားချပ်ကြီးအား တစ်နေရာရာမှ အလွယ်တကူ တွေ့ရှိလျှင် လောင်မှ တော်ရုံလူ ကောက်ကိုင်ကြည့်ပြီး ချောင်ထိုးထားမည်မှာ သေချာလှ၏။ အဘယ့်ကြောင့်ဆိုသော် အဆက်စပ် မရှိသူများအတွက် မည်သို့မျှ မဝေဖန် မပိုင်းခြားနိုင်သောကြောင့် ဖြစ်၏။

"မင်းတို့သေချာကြည့်၊ အဲဒီကိစ္စအတွက် အခုပြဿနာတက်နေရတာပဲ"

"ဟုတ်ကဲ့ ... အဲဒါ အဘပြောပြလို့။ ကျွန်တော်တို့ သိနေရလေ။ အခု အဲဒါဘယ်လို ဆက်ဆောင်ရွက်ဖို့ စိတ်ကူးလဲ"

"အဲဒါပြောချင်လို့ ငါ့မြေးတို့ကို ခေါ်တာ။ ငါ့မြေးတို့က လူငယ်တွေဖြစ်တဲ့အပြင် အဘနဲ့လည်း ပက်သက်နေတယ်။ နောက် ယက္ခတို့အဖွဲ့နဲ့လည်း ပက်သက်နေတယ်ဆိုတော့ ဒီကိစ္စအတွက် မပါလို့မဖြစ်တော့ဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်တို့က အဘဖက်မှာပဲ ရှိပါတယ် အဘဖြစ်စေချင်တာကို ပြောပါ"

"အဘဖြစ်စေချင်တာကို ပြောရမယ်ဆိုရင် မင်းတို့နှစ်ယောက်ယက္ခတို့အဖွဲ့နဲ့ ပြောထားတဲ့အတိုင်း သွားတွေ့လိုက်ကြ"

"ဒါဆိုရင် အဘကလည်း ဒီမြေပုံကြီးနဲ့ သူတို့ဆီ လာတွေ့မှာပေါ့"

"လာမတွေ့ဘူးလေကွာ။ အဘ ထွက်မလာရင် မင်းတို့ကို သူတို့က အဘကို အခေါ်ခိုင်းမယ် မဟုတ်လား"

အဘစကားကြောင့် ကျွန်တော်ရော စံမင်းပါ မျက်လုံးပြူးသွားခဲ့ပြန်တ။ အဘသည် အဘယ်သို့ ထိုအကြောင်းချင်းရာများအား သိနေသနည်း။ ကျွန်တော် မစဉ်းစားတတ်အောင် ရှိလေတ။ ထို့ကြောင့် အံ့သြစွာပင် အဘအား ပြန်မေးမိလိုက်တ။

"အဘက အဲဒါတွေ ဘယ်လိုလုပ် သိနေတာလဲ"

"ထားပါ ... အဲဒါတွေမေးမနေနဲ့။ အဲဒီ အစီအစဉ်အတိုင်း မကောင်းဘူးလား"

အဘစကားသည် ကျွန်တော်တို့နှစ်ယောက်အတွက် ကောင်းတယ် ပြောရခက် မကောင်းဘူးပြောရခက် ဖြစ်နေလေတ။

"မင်းတို့ ဘာမှမစိုးရိမ်ပါနဲ့။ အဘမှာ အစီအစဉ်တွေ ရှိပါတယ်။ ဒီဂျပန်ရတနာသိုက်ကို အဘ ရအောင်ယူမယ်ကွာ။ နောက်ပြီး သက်ဆိုင်ရာကို အဘအပ်မယ်။ သက်ဆိုင်ရာက ပြန်ကြည့်လို့ရတဲ့ အဘရဲ့

အကျိုးခံစားခွင့်ကို အဘအနေနဲ့ ဒုတိယကမ္ဘာစစ်အတွင်းက သေကြေပျက်စီးခဲ့ကြရတဲ့ တို့ရွာသူရွာသားတွေ အပါအဝင် သတ္တဝါတွေအားလုံးကို ရည်စူးပြီး အထိမ်းအမှတ်အနေနဲ့ ဘုရားတည်ချင်တယ်ကွာ"

"ဟာ ... ကောင်းတာပေါ့ အဘရယ်။ အခုချိန်မှာ ဘုရားတစ်ဆူတည်နိုင်ဖို့ မလွယ်လှဘူး"

"ဒါကြောင့် ပြောတာပေါ့ကွာ။ အဘအနေနဲ့ အားလုံးရဲ့ ကိုယ်စား ခုနှစ်ရက်သားသမီးများအတွက် ကန်တော်မင်္ဂလာကျောင်း သိမ်ကုန်းပေါ်မှာ သန္တိသုခဆိုတဲ့ အမည်နဲ့ ဘုရားတည်လိုက်ရင် အမွန်မြတ်ဆုံးပဲလို့ တွေးတောကြိုဆမိလို့"

အဘစကားကြောင့် ကျွန်တော်သည်ပင် ရင်ထဲဝမ်းနည်းသလိုကြေကွဲသလို ဖြစ်သွားရတ။

"မောင်ဘုန်း ... လူလေး အဘစိတ်ကူး သဘောကျရဲ့လား"

"ကျပါတယ် ... အဘ"

"ကဲ ... ဒါဆိုရင် မင်းတို့ လုပ်စရာရှိတာကို ဆက်လုပ်ပေါ့ ပြင်ဆင်ကြတော့"

"ဟုတ်ကဲ့ ... အဘ"

ကျွန်တော်နှင့် စံမင်းသည် အဘအား ထိုသို့ပြောဆိုပြီး အဘအနီးမှ ဖယ်ခွာခဲ့ကြတ။ ထိုအချိန်တွင် ညနေခြောက်နာရီ ခွဲခဲ့ပေါ့

ထို့ကြောင့် ကျွန်တော်သည် အိမ်မှထမင်းအား စောင့်ဆိုင်း၍ စားမနေတော့။ စံမင်းအိမ်သို့ တစ်ခါတည်းလိုက်၍ စားသောက်ပြီးလျှင် ညခုနှစ်နာရီခွဲ အချိန်တွင် ရွာအနောက်တံခါးမှနေ၍ ဦးယက္ခတို့အဖွဲ့နှင့် ဆုံမှတ်ဖြစ်သည့် နေရာသို့ အရောက်လာခဲ့ကြ၏။

''ဖျောင်း ... ဖျောင်း ... ဖျောင်း''

''သူရဲကောင်းလေးတွေ ... တို့ဒီမှာကွ''

ဦးယက္ခတို့ အဖွဲ့ကပင် ဦးစွာကျွန်တော်တို့အား လက်ခုပ်တီး၍ ဂုဏ်ပြုကြိုဆို နှုတ်ဆက်ကြ၏။

''လာ ... ထိုင်ကြကွာ။ အချိန်ရပါသေးတယ်။ ညကိုးနာရီ ခွဲနီးထားတာကွ''

''အင်း ... ချိန်းထားရင် လာပါလိမ့်မယ်''

''မင်းတို့ ဘာလက်နက်တွေ ယူခဲ့ကြတုန်း''

''လက်နက်ကတော့ ဒါပဲ''

စံမင်းသည် သူ့ခါးကြားမှ ဆောင်ထားပေါက်ဖား ထားမြောင်နှင့်ချောင်းအား ဆွဲထုတ်ပြလိုက်၏။

''အင်း ... အဲဒီလောက်ဆိုရင် လုံလောက်ပါတယ်''

''ဒါက ကျွန်တော်တို့ရဲ့ အကောင်းဆုံးအဖော် သက်တော်စောင့် ဆွဲပဲလေ''

''မောင်ဘုန်း ... မင်းသေနတ်ကြီး မယူခဲ့ဘူးလား''

''ဟာ ... သေနတ်ကြီး ဘာလုပ်ရမှာတုန်းဗျ။ တောကောင်လိုက်တာမှ မဟုတ်တာ''

''လိုအပ်ရင် ပစ်လို့ရတာပေါ့ကွ''

ကျွန်တော်တို့ စကားပြောဆိုနေသည့် ထိုအချိန်မှာပင် ဦးယက္ခ၏ တပည့်သုံးယောက်သည် အဘယ်သို့ တိုင်ပင်ထားသည် မသိနိုင်။ စကားဝိုင်းမှ ကောက်ကာငင်ကာ ထသွားလေ၏။ ကျွန်တော်သည် သံသယ ဝင်မည်စိုး၍ သမင်လည်ပြန်နောက်လှည့်၍ မကြည့်သော်လည်း စံမင်းကမူ မျက်နှာနှင့် တည့်နေခြင်းကြောင့် ကောင်းစွာမြင်ရမည် ဖြစ်၏။ လပြည့်နေ့ည၏ လရောင်အောက်၌ ကျွန်တော်သည် စံမင်းအား သေချာကြည့်ထား ငဲ့လူ''ဟူသည့် အဓိပ္ပါယ်နှင့် ကြည့်ရုံမှအပ ဘာစကားမျှ မပြောဖြစ်။

စံမင်းကလည်း ဖျတ်ခနဲ ဖျတ်ခနဲ နှစ်ချက်လောက်သာ စူးစူးစိုက်စိုက် ကြည့်လိုက်ရုံမှအပ ဘာမျှမပြော။ သူတို့ပြောသည့် စကားများကိုသာ အာရုံမပျက် နားစိုက်ထောင်နေ၏။ ဦးယက္ခမှ ဆက်ပြော၏။

''ဒီည ... မင်းတို့ငါတို့ရဲ့ ဘဝအဆုံးအဖြတ် နောက်ဆုံးညပဲကွ''

မင်းတို့ ဘာမှမပူနဲ့။ ပေးတဲ့ တာဝန်ကိုသာ မင်းတို့ကျေပွန်

ပါစေ။ ငါ့ဖက်က လက်မနေးစေရဘူး ယုံလား''

''ယုံပါတယ်ဗျာ။ ဒါကြောင့် ကျွန်တော်တို့ အရောက်လာတာ ပေါ့''

ဤသို့နှင့် စကားပြောရင်း ညကိုးနာရီကား ထိုးလာခဲ့လေသည်။ သို့သော် ဆရာကြီးအဘ ဦးရွှေဂန်ကား ပြောထားသကဲ့သို့ပင် အမှန်တကယ် ရောက်မလာခဲ့။ ထို့ကြောင့် ဦးယက္ခနှင့် နဂါးကား ဂဏှာမငြိမ်လည်တဆန့်ဆန့် ဖြစ်လာကြ၏။ သူတို့၏ ခါးကြားမှ သေနတ်များအား လည်း တစမ်းစမ်း လုပ်လာကြသည်။

''တောက် ... ဒီအဘိုးကြီး ကလိန်ကျပြီနဲ့ တူတယ်''

ကလိန်ကျသည်ကား သူတို့။ သို့သော် အဖိုးကြီးအား ကလိန် ကျသည်ဟု ဦးယက္ခမှ ပြောင်းပြန်ပြောနေခြင်းကြောင့် ကျွန်တော် အနည်း ငယ်တော့ ရယ်ချင်သွားသည်။ သို့သော် မရယ်ဖြစ်ပေ။ မှင်သေသေနှင့်ပင် ဦးယက္ခအား ပြန်၍မေးရ၏။

''ကိုင်း ... ဒါဆိုရင် ဦးယက္ခ ကျုပ်တို့ ဘာဆောင်ရွက်ပေး ရမလဲပြော''

''အင်း ... ငါပြောတဲ့ အစီအစဉ်အတိုင်းပဲ လုပ်ရတော့မှာ ပေါ့။ မင်းတို့ပြန်ပြီး အဘိုးကြီးကို ရအောင်ခေါ်ထုတ်ကွာ''

''ဘယ်လို ခေါ်ထုတ်ရမလဲ''

''ဟ ... သူက ဆေးဆရာပဲ။ လူနာအတွက် အရေးပေါ်ပင့်တဲ့ အသွင်ယူပြီး ခေါ်ထုတ်ရင် လွယ်လွယ်လေးပါ''

''ကဲ ... ဒါဆိုရင် ကျုပ်တို့သွားမယ်လေ''

''အေး ... တစ်နာရီထက်တော့ ပိုမကြာစေနဲ့ကွာ''

''စိတ်ချ ... ဦးယက္ခ သွားပြီ''

ကျွန်တော်နှင့် စံမင်းသည် ဦးယက္ခတို့ အဖွဲ့ထံမှ ခပ်မြန်မြန် ပြန်ထွက်ခဲ့ကြ၏။ အိမ်အရောက်၌ အဘသည်း အသင့်စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။

အဘသည် ဤညနေ အပြုအမူ အပြောအဆိုများကြောင့် ကျွန်တော်တို့ မည်သို့မျှ လျှော့မတွက်ရဲအောင် ဖြစ်သွားရ၏။ ဦးယက္ခတို့ အဖွဲ့နှင့် တွေ့ဆုံမှပင် မည်သို့ဆောင်ရွက်မည်ကို ကျွန်တော်တို့ စောင့်ကြည့်ရုံသာ ရှိတော့၏။ အသည်းယားဖွယ် ကောင်းသည်ကား အဘ၏ တစ်ဖက်ရန်သူအား လုံးဝမမှုသည့် အေးစက်စက် အမူအရာများဖြစ်သည်။ ဦးယက္ခတို့ အဖွဲ့သည်လည်း အဘနှုဖူး သိုက်တူးဖို့ ဝန်မလေးသည့် လူစားမျိုးများဖြစ်၏။

စိုးရိမ်ဖွယ်ကောင်းသည်ကား ဦးယက္ခတို့သည် လက်နက်များ ကိုင်ဆောင်ထားကြခြင်း ဖြစ်၏။ စံမင်းတော့ မည်သို့ရှိမည် မသိ။ ကျွန်တော်ကတော့မူ အသိုက်နီးကပ်လာသည်နှင့်အမျှ ရင်ထဲတလှပ်လှပ်

စိတ်လှုပ်ရှားနေပြီး မကြေတတ်အောင် ရှိနေတော့တ၏။

အဘသည် ကျွန်တော်တို့ ဖျားယောင်းခေါ်၍ လိုက်လာသည့် အသွင်နှင့် ဦးယက္ခတို့ အဖွဲ့ရှိရာ မကွေ့မကောက် လှမ်းလာနေလေတ၏။ ထိုစိတ်လှုပ်ရှားမှုများနှင့် ကျွန်တော်သည် အဘနောက်မှနေ၍ ဆုံးဖြတ်ချက်အား ခိုင်ခိုင်မာမာ ချလိုက်ပြီးလျှင် ခါးကြားမှ ဓားမြှောင်အား ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိတ၏။ အဘအား ရန်သူတွေ့ရုပြုလာလျှင် ကျွန်တော်သည် အသေခံကာကွယ်ရန် ဖြစ်သည်။ မြေပုံကား အဘထံတွင် တစ်ခြမ်းရှိပြီး ဦးယက္ခထံတွင် တစ်ခြမ်းရှိနေခြင်းကြောင့် အဘ၁သည် လည်း သူ့အစွမ်း သူ့အစနှင့်အတူ အာခံတွင်းထဲက မီးတောက်မီးလျှံများနှင့်ပင် ဦးယက္ခတို့အား မွဲပြာကျသွားစေမည်လော မမှန်းဆနိုင်။

အဘနှင့်တကွ ကျွန်တော်တို့သုံးယောက် ညောင်ပင်ကန်မှ တဆင့် ရွာ၏အနောက်ကိုတောင်စွန်း နှစ်မိုင်ခန့်ရှိ ဖြူတူတောကြီး၏ အစပ်သို့ ချဉ်းကပ်မိလိုက်သည်နှင့် မထင်မှတ်သော တောင်ကုန်းထိပ်မှ နေရာယူထားသည့် ဦးယက္ခနှင့် နဂါးတို့အား ကောင်းစွာတွေ့လိုက်ရ၏။

"ဟေ့ကောင်တွေ ... ငါတို့အလိုရှိတာကို ဆောင်ကြဉ်းပေးတဲ့အတွက် ကျေးဇူးတင်တယ်။ နဂါးမင်း အဲဒီကောင်တွေကို ချိန်ထားလိုက်တော့"

နဂါးသည် သူ့ဆရာ ဦးယက္ခပြောသည့်အတိုင်း ကျွန်တော်တို့

အား သေနတ်နှင့် ထိုးချိန်လိုက်သည်။ ဦးယက္ခကမူ ဆရာကြီးအဘ ဦးရွှေဂန်၏ ရင်ဝတည့်တည့်ဆီသို့ တန်းတန်းမတ်မတ် ချိန်ရွယ်ထားပြီး ဖြစ်၏။

"ဟေ့လူ ဦးယက္ခ၊ ခင်ဗျားပြောတုန်းက ဘယ်လိုပြောတာလဲ သစ္စာဖောက်ကြီး"

စံမင်းသည် သေနတ်နှင့် အချိန်ခံထားရသည့် ကြားမှပင် ခံပြင်းစွာ ဒေါသတကြီး ပြန်လည်အော်ဟစ် ပြောဆိုလေ၏။

"ဟား ... ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား ... ဟား"

ဦးယက္ခရော နဂါးပါ သဘောကျစွာ ရယ်မောလိုက်သည့် ရယ်မောသံကြီးသည် တောအလုံးသို့ ပျံ့နှံ့သွား၏။

"ဟေ့ကောင် ယက္ခ၊ မင်းအပိုတွေ လုပ်မနေနဲ့။ မင်းလိုချင်တဲ့ ပစ္စည်း ငါ့လက်ထဲမှာပါတယ် ဟောဒီမှာကြည့်"

ထိုသို့ပြောရင်း ဆရာကြီးအဘ ဦးရွှေဂန်သည် ထိန်လင်းသည့် လရောင်အောက်၌ သူ့လက်တွင်းမှ ပြောင်လက်လက် မြေပုံကြေးပြားချပ်အား ထောင်ပြလိုက်၏။

"ကတိတည်တဲ့အတွက် လေးစားပါတယ် ဦးရွှေဂန်။ ခင်ဗျားလို ခုနှစ်ရက် သားသမီးတွေကို ကူညီကယ်တင်နေတဲ့ ဆရာတစ်ယောက်ကို

ကျုပ်မသတ်ချင်ဘူးဗျ။ တကယ်ပါ။ ဘာလို့တုန်း၊ ဒီအလုပ်တွေကို ကျုပ် မလုပ်နိုင်လို့''

''ဒီမှာ ယက္ခ၊ မင်းလိုချင်တဲ့ ပစ္စည်းကို မပေးဘူးမဟုတ်၊ ပေးမယ်''

''ဟာ ... အဘ၊ ဒီလူယုတ်မာတွေကို မပေးနဲ့''

''ဟိတ် ... တော် တိတ်၊ ဒီမှာသေနတ် မင်းတို့ပထွေး မဟုတ်ဘူး။ အကုန်သေကုန်ချင်လို့လား''

အဘမှ ဦးယက္ခအား မြေပုံပေးမည့်အကြောင်း ပြောဆိုခြင်း ကြောင့် ကျွန်တော် အဆောတလျင် ဟန့်တားပြောဆိုလိုက်စဉ် နဂိုးမှ ထိုသို့ ခြိမ်းဟောက်လိုက်ခြင်း ဖြစ်၏။

''မစိုးရိမ်ပါနဲ့ ငါ့မြေး။ လိုချင်တဲ့ကောင်တွေကို ပေးရမှာပေါ့။ နေပါဦး၊ ဒါနဲ့ ယက္ခ ငါ့ဆီက ပစ္စည်းတော့ ဟုတ်ပါပြီ။ မင်းဆီက ပစ္စည်းကော ရှိရဲ့လား။ ပေါင်နှံတော့ စားမထားပါဘူးနော့''

''ဟား ဟား ဟား ... ဦးရွှေဂန်ကလည်း အထင်သေးလိုက် တာဗျား။ ဟောဒီမှာ ရှိပါတယ်ဗျ။ ကျုပ်ဆီကပစ္စည်း ဒီနှစ်ခုပေါင်းမှ သူက အလုပ်ဖြစ်မှာကိုး''

ဦးယက္ခသည် ထိုသို့ပြောရင်း သူ့ခါးပတ်အိတ်အတွင်းမှ မြေပုံ ကြေးပြားချပ်အား ဆတ်ခနဲဆွဲထုတ် ထောင်ပြ၏။ လင်းလက်သည့် လရောင်အောက်၌ ရှင်းလင်းစွာ တွေ့ရလေသည်။

''မင်းငါ့ကို ခြိမ်းခြောက်စရာ မလိုဘူး ယက္ခ။ မင်းငါ့အကြောင်း သိပါတယ်။ မင်းလိုချင်တဲ့ ပစ္စည်းပေးမှာပါ။ ဒါပေမယ့် မင်းကိုပြောစရာ ရှိတာတော့ ပြောရမယ်''

''ပြောပါ ဦးရွှေဂန်၊ ကျုပ်ကလည်း အခြေအနေအရ လိုအပ် လာလို့ အခုလိုတောင်းရတာပါ''

ထိုသို့အပြန်အလှန် ပြောဆိုနေကြစဉ် စံမင်းနှင့် ကျွန်တော် သည် နဂိုးချိန်ရွယ်ထားသည့် သေနတ်ပြောင်းဝအောက်၌ မလူးသာ မလွန့်သာရှိ၏။ ကျွန်တော်တို့၏ နုနယ်သည့် မပိုင်ဝက်မွေး အလုပ်ဟု ဆိုနိုင်လေသည်။ စံမင်းတော့ မည်သို့ရှိမည် မသိ။ ကျွန်တော်ကတော့ စဉ်းစားရင်း ဒေါပွလာမိ၏။

''တောက်''

''ဟေ့ကောင် ... တောက်မခေါက်နဲ့။ ပါးစပ်ပိတ်ထား''

''တောက်ခေါက်တာတော့ ဘာမှမဖြစ်ပါဘူး။ နဂိုးရဲ့ သေနတ် ကြီး ကိုင်ထားပြီး မင်းကြောက်သလား''

ကျွန်တော်လက်ခြေ လှုပ်မရတော့။ ပါးစပ်နှင့်ပင် တံ့ပြန်ရ၏။ စံမင်း၏ မျက်နှာကား အလိမ်ခံရသည့် လူတစ်ယောက်၏ မျက်နှာကဲ့ သို့ ဂလယ်အူကြောင် ရှိလေသည်။ ဉာဏ်ကြီးရှင်လည်း ဘာမျှမတတ်နိုင်။

ထိုအချိန်တွင် တည်ငြိမ်သည့် အဘအသံ ပေါ်ထွက်လာပြန်၏။

"ယက္ခ ... မင်းကိုငါမေးမယ်။ ဒီလောက်များပြားတဲ့ ပစ္စည်းတွေကို မင်းက တစ်ယောက်တည်း သိမ်းဆည်းချင်တယ်ဆိုတော့ မင်းလောဘမကြီးလွန်းဘူးလား။ မင်းလိုကောင်ဟာ လှူလည်းလှူမယ့် ကောင်မဟုတ်ဘူး"

"လှူတာ တန်းတာ ကျုပ်ဝါသနာ မပါဘူးဗျ ဦးရွှေဂန်ရ အဟဲဟဲ"

ဦးယက္ခ၏ မျက်နှာသည် အကျေနပ်ကြီး ကျေနပ်နေလေ၏။ ယခုအချိန်တွင် မကျေနပ်စရာလည်း မရှိတော့ပေ။ သူအလိုရှိသည့် အကွက် အားလုံးဝင်နေခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော်တို့သာလျှင် မှန်းချက်နှင့် နှမ်းထွက်တက်တက်စင် လွဲသွားရခြင်း ဖြစ်သည်။ အဘပြောခဲ့သည့် စကားများသည်လည်း ယခုတော့ ဘာမျှမတတ်နိုင်တော့။ သဲထဲရေသွန်၊ အချည်းနှီး ဖြစ်သွားရသည်။

"ယက္ခ၊ မင်းငါတို့ကို ဘယ်နှစ်ရက်လောက် ချုပ်ထားမယ့် စိတ်ကူးတုန်း"

"အဟဲဟဲ ... သိပ်မကြာပါဘူး။ ကျုပ်တို့လုပ်ကိုင်နေတဲ့ ရက်ပိုင်းပေါ့ဗျာ"

"ပြီးရင်မင်းက ဘာလုပ်မှာတုန်း။ မင်းရည်ရွယ်ချက်ကလေး

ပြောပါဦး"

"ဦးရွှေဂန်ရယ် ... ခင်ဗျားကလည်း အမေးအမြန်း ထူလိုက်တာ။ အရင်တုန်းကအတိုင်းပါပဲလား"

"ဟ ... ငါက ဘယ်အချိန်တုန်းကမှ အပြောင်းအလဲ မရှိဘူးကွ"

"ဒါဆို ကျုပ်လည်း ဒီအတိုင်းပဲပေါ့ဗျ"

"ဒီပစ္စည်းတွေကို တောင်လုပ် မြောက်လုပ် လျှောက်လုပ်ပြီး သုံးမယ် ဖြုန်းမယ်ပေါ့လေ"

"အစစ်ပေါ့ဗျာ"

"မင်းကို လောကကြီးက ဒီအတိုင်း ခွင့်ပြုပို့မလားကွ ယက္ခရ"

"ခွင့်ပြုလား မပြုလားတော့ မသိဘူးဗျာ။ ကျုပ် အလိုရှိတဲ့ ခင်ဗျားတောင် အခုကျုပ်ရှေ့တော်မှောက် ရောက်နေရပြီပဲ။ အဲဒါကြောင့် ဒီစကားတွေ မပြောတော့နဲ့"

"မပြောလို့ မရဘူးကွ။ မင်းခုလိုလုပ်တဲ့ လုပ်ရပ်က မကောင်းမှုကို တစ်စုံတစ်ယောက်ယောက် မြင်မှာကြောက်လို့ ခြုံထဲနွားသတ်တဲ့ အဆင့်လောက်ပဲ ရှိတယ်။ လုံခြုံပြီပေါ့လေ။ ဒါပေမယ့် မလုံခြုံဘူး။ ခြုံထဲ နွားသတ် သိကြားသိဆိုတဲ့ စကားရှိတယ်ကွ။ မင်းကြားဖူးလား"

"မကြားဖူးပါဘူးဗျာ။ ခင်ဗျား ဒဿနတွေက တစ်ခုပြီးတစ်ခု

ပါ''

''ဩော် ... ကျွတ် ... ခင်ဗျားကလည်း ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေသေး။ ကောင်းပါပြီဗျာ ရပါတယ်''

ထိုသို့ပြောပြီး ဦးယက္ခသည် သူ၏ခြောက်လုံးပြူး သေနတ်အား ဟသ့်မတ်စွာ ချိန်ရွယ်ပြီး ဝါးတစ်ရိုက်ခန့်သာ ကွာဝေးသည့် ဆရာကြီးအဘ ဦးရွှေဂန်ထံသို့ တစ်လှမ်းချင်း သွားယူလေတော့၏။ ကျွန်တော့် ရင်ထဲတွင် မြွေပါလည်းဆုံး သားလည်းဆုံးဟူသည့် စကားကဲ့သို့ ''သွားပြီ ငါတို့ခွံ့နိမ့်သွားပြီ''ဟူ၍ မျှော်လင့်ချက် ကင်းမဲ့စွာ စိတ်ဒုံးဒုံးချလိုက်လေတော့သည်။

ဆရာကြီးအဘ ဦးရွှေဂန်မှ ပေးရန်အသင့်ပြင်ထားသကဲ့သို့ ဦးယက္ခသည်လည်း လှမ်းယူရန် ခြေလှမ်းသုံးလှမ်းလောက်သာ ကွာလေတော့သည်။ ထိုအချိန်တွင် မမျှော်လင့်သည့် အဖြစ်အပျက်တစ်ခုကြောင့် အားလုံးအံ့အားသင့်သွားကြရ၏။

''ဟိတ် ... မလှုပ်နဲ့။ တစ်ယောက်မှ မလှုပ်နဲ့''

လျှပ်တပြက်အတွင်း ခြံကြီးအတွင်းမှ မျက်နှာဖုံးစွပ်နှင့် ထွက်ပေါ်လာသည့် အရိပ်နှစ်ခု၏ တစ်ခုသောအသံသည် မာကြောပြတ်သားသည့် မိန်းကလေးအသံ ဖြစ်နေလေတော့၏။ ထိုမျက်နှာဖုံးစွပ် နှစ်ယောက်စလုံး ပစ္စတိုများအား ကိုင်ဆောင်ချိန်ရွယ် ထားကြလေသည်။

သွက်လာတော့မယ်။ ကျုပ်ခင်ဗျား တရားနာမနေနိုင်ဘူး။ ဒီတော့ ကျုပ် ခင်ဗျားရဲ့ သေတွင်းနေရာကို သေနတ်နဲ့ ချိန်ထားတယ်။ အဲဒါ ကျုပ် အလုပ်၊ ခင်ဗျားအလုပ်က ကျုပ်ဆီကို ကောင်းကောင်းမွန်မွန် ပစ္စည်း သာအပ်ဖို့ပဲ''

''သိပ်ဆန္ဒမစောစမ်းပါနဲ့ ယက္ခရာ၊ အစောကြီး ရှိပါသေးတယ်။ ခင်းအလိုရှိတာ ပြီးသလောက် ရှိနေပြီပဲ။ ငါက ဒါခုတစ်လုံး ပေးရမယ့် သူလေ။ အဲဒါတော့ မင်းနားလည်ပေးနိုင်ဦးမှပေါ့''

ဦးယက္ခမှ သူဖြစ်လိုသည့် အနေအထားအား ခပ်လောလော ဆောင်းဆိုနေသော်လည်း ဆရာကြီးအဘ ဦးရွှေဂန်မှ မဖြုန်သည့် မျက်နှာပေးနှင့် ထိုသို့ပြောဆိုနေခြင်းကြောင့် သေနတ်ကြီးကိုင်ထားသည့် ဦးယက္ခသည် သူတောင်းစားကြီးကဲ့သို့ ပေစောင်းစောင်းကြီး ဖြစ်နေလေ သတ္တ၏။

''ယက္ခ မင်းမကြားချင်ရင်လည်း ငါပြောရမှာပဲ မှတ်သွားပါ။ ဒီပစ္စည်းတွေက မင်းပစ္စည်းတွေ မဟုတ်သလို ငါ့ပစ္စည်းလည်း အပ်တို ဘဝခြောင်းလောက်မှ မပါဘူး။ ဥစ္စာရင်းမှန် အရင်းပြန်တဲ့။ အဲဒီပစ္စည်း ဆရာ့ရဲ့ (မူလ ဘူတ)အရင်းကတော့ မင်းလက်ဝယ်မဟုတ်တာ သေချာ တဲ့အတွက် မင်းဆီမပြန်နိုင်ဘူး။ ဒီတော့ ဒီပစ္စည်းကို မင်းဆီလည်း ငါ သေမပေးဘူး။ ငါပါ အပြစ်ရှိသွားလိမ့်မယ်။ အဲဒါကြောင့် မင်းလာယူလှည့်

တစ်ယောက်က ဦးယဉ်ကွအား ချိန်ရွယ်ထားပြီး တစ်ယောက်က နဂါးအား ချိန်ရွယ်ထားခြင်းကြောင့် စက္ကန့်ပိုင်းအတွင်း အခြေအနေက တစ်မျိုး တစ်မည် ပြောင်းလဲသွားပြန်လေသည်။ မရွှမလှ ထိုအခြေအနေကြောင့် ဦးယဉ်ကွ ရှေ့မတိုးဝံ့။ ကျောက်ရုပ်ကြီးကဲ့သို့ ရပ်နေရာမှ သူတပည့်များအား သံကုန်ဟစ်၍ အော်ခေါ်လေ၏။

"ဟေ့ကောင်တွေ တောက်တဲ့တို့ ဘယ်သွားသေနေကြတာတုန်း။ ဒီမှာ မင်းပထွေးတွေကို လာကြည့်လှည့်ဦး"

ဦးယဉ်ကွ၏ ထိုအော်ဟစ်သံကြောင့် အနောက်တောင်ကုန်းကမူကြီး၏ နောက်ကွယ်မှ တပည့်များ မြင်းရိုင်းများကဲ့သို့ တစ်ဟုန်ထိုးပြေးထွက်လာ၏။ ထိုပြေးထွက်လာသည့် သုံးယောက်အနက်မှ ရှေ့ဆုံးလူတောက်တဲ့အား စံမင်းသည် လျှပ်တပြက်အတွင်းမှာပင် ကိုယ်တစ်ပတ်လည်၍ ညာဖြောင့်ခြေနှင့် မျက်နှာအား ကန်ထည့်လိုက်၏။

"ဖျောင်း"

"အား"

"ဘုန်း"

ထိချက်ပြင်းသည့်အတွက် တောက်တဲ့ လူကျမကျ ခွေးကျဝက်ကျ ပုံခနဲ ကျသွားလေသည်။ ထို့နောက် စံမင်းသည် တဆက်တည်း နောက်တစ်ယောက်အား တိုက်ခိုက်၏။ ကျန်တစ်ယောက်မှ ကျွန်တော့်

အား တည်လိုက်ခြင်းကြောင့် အင်အားမျှသွားလေသည်။

"ယား"

"ဖောင်း"

ပြေးဝင်လာသည့် သကောင့်သား၏ မျက်နှာအား ကျွန်တော့် ညာခြေဖြင့် ကန်ထည့်လိုက်၏။ တောက်တဲ့ အတွေ့အကြုံရှိသွားပြီမို့ မရဲတရဲ။ မျက်နှာအား ဘယ်သို့တိမ်းရှောင်၍ ညာလက်ဖြင့်ပြန်၍ ခိုက်ထုတ်လိုက်ခြင်းကြောင့် ကျွန်တော် လည်ထွက်သွား၏။

တင့်သင့်လျောက်ပတ်သည့် တိုက်ရည်ခိုက်ရည်ရှိကြောင်း ကျွန်တော် နားလည်လိုက်လေသည်။ ထို့ကြောင့် ဘယ်လက်ဖြင့် ပိတ်ထိုးလိုက်သည့် သူလက်သီးအား ကျွန်တော်ငုံရှောင် နောက်ဆုတ်ခွာလိုက်၏။ ထိလျှင် ကျွန်တော် မေးရိုးကွဲသွားနိုင်သည်။ စံမင်းသည် တရကြမ်းရင်ဆိုင်နေရသကဲ့သို့ ကျွန်တော်သည်လည်း သတိဝိရိယနှင့် ရန်သူအားပြန်ပြုံးသည့် မြေနေရာသို့အရောက် ဆွဲခေါ်ယူလိုက်လေသည်။

"ဝှစ်"

"ဖြောင်း"

သူကန်ချက်အား ကျွန်တော်ရိုက်ထုတ်ပြီး ဘယ်ခြေဖျားနှင့် မျက်နှာသို့ ပြန်ခတ်၏။

"ဗိုး ..."

''ဒုတ်''

ကျွန်တော် ခြေဖျားခတ်ချက်သည် မျက်နှာမထိ ပခုံးစွန်း ထိသွားခြင်းကြောင့် သူလည်သွားသလို ကျွန်တော်လည်း ယိုင်ထွက်သွား ၏။ အခြေအနေက သူမသာ ကိုယ်မသာရှိလေသည်။ ပျက်သွားသည့် ဟန်ချက်အား ထိန်းလိုက်စဉ်မှာပင် တစ်ဖက်ရန်သူ၏ ညာဖြောင့်လက်သီး ကျွန်တော့်မျက်နှာဆီသို့ ဝင်လာပြန်၏။

''ဖျန်း''

ကျွန်တော် အလန့်တကြား ပုတ်ထုတ်လိုက်ရပြန်သည်။ အခြေ အနေက ကျွန်တော် အားနည်းလာပြီဖြစ်ကြောင်း ကိုယ့်ကိုကိုယ် သတိပြု မိလိုက်၏။ ထို့ကြောင့် ကျွန်တော် နောက်ဆုတ် ချက်ချင်းခွာလိုက်လေ သည်။ ထိုသို့ ကျွန်တော် နောက်ဆုတ်ခွာလိုက်စဉ်မှာပင် ကျွန်တော့်ထံ သို့ အာရုံရောက်နေသည့် ရန်သူအား စံမင်းသည် ဘယ်သို့ခုန်ဝိုက်၍ ညာခြေဖြင့် မျက်နှာဆီသို့ ပစ်ကန်ထည့်လိုက်၏။

''ဖြောင်း''

''အား''

''ဖုန်း''

စံမင်း၏ ပွဲသိမ်းကန်ချက်ကြောင့် ရန်သူအရှပ်ကြိုးပြတ် လဲကျ သွားလေသည်။ အားလုံး ရှင်းလင်းသွားသည်မို့ ဦးယက္ခနှင့် နဂါးအား

ပိုင်းထားလိုက်ကြ၏။

''တင်း ... သောက်ဆိုးကျတဲ့ကောင်တွေ''

''ဒုတ်''

''ဂွပ်''

ဦးယက္ခသည် ထိုသို့ခံပြင်းစွာ ပြောဆိုပြီး အခြေအနေမလှသည့် အတွက် နှစ်ယောက်စလုံး လက်နက်ချလိုက်ကြလေသည်။

''ကဲ ... ညီမလေး၊ လက်နက်တွေကို သိမ်းလိုက်ပါ''

ထိုသို့ပြောပြီး နှစ်ယောက်စလုံး မျက်နှာဖုံးစွပ်များအား ဖော် [illegible] သည့်အတွက် စံမင်းရော ကျွန်တော်ပါ အလွန်အံ့သြသွား [illegible] ဖြစ်သည်။

''ဟင်''

''ဟာ''

''စောနဲ့''

''စောကလျာ''

''ဆရာ ... နေကောင်းတယ်နော့''

''ဟင် ... သီလရှင်ကြီး''

ကျွန်တော့်ပါးစပ်မှ ထိုသို့အံ့သြစွာ ရေရွတ်လိုက်စဉ် သီလရှင်

ကြီးသည် အနီးသို့ ရောက်ရှိလာ၏။ သီလရှင်ကြီးအား မီးဝင်းဝင်းတောက် မျက်လုံးအစုံနှင့် မကျေမချမ်း ကြည့်ရှုနေသူကား ဦးယက္ခဖြစ်၏။

''တောက် ... မိန်းမယုတ်''

''ဟုတ်ပါတယ် သူတော်ကောင်းကြီးရယ်။ ကျွန်မ မိန်းမယုတ်ပါ''

''ကဲ ... အားလုံးကိစ္စပြီးပြီဆိုရင် ဆရာလေး သမီးတို့သွားကြမယ်။ အားလုံး လိုက်ခဲ့ကြပါ။ ခုခံဖို့တော့ မကြိုးစားနဲ့။ ဒီမှာတွေ့လား''

''ဒိုင်း ... ဒိုင်း''

ကျွန်တော်တို့ ယခင်က သာမန်မိန်းကလေး [illegible]ည်။ အခြေခင်မင်ခဲ့ရသည့် နှုတ်ခမ်းပါး၍ စကားသွက်သော ခစ [illegible]ကိုကိုယ် သတိပြု၊ တင်းတင်းပြတ်ပြတ်ပြောဆို အမိန့်ပေးလိုက်ပြီး လ[illegible]ခွာလိုက်လေသေနတ်အား ပစ်ပြလိုက်ခြင်းကြောင့် သေနတ်သံများ ယမ်းခိုး[illegible]ထုံများ ဆူပူမွှန်ထူသွား၏။

ဦးယက္ခတို့ အဖွဲ့သည်လည်း အချိန်တိုပိုင်းအတွင်းမှာပင် တရားခံများ ဖြစ်သွားလေသည်။ ထို့ကြောင့် စောကလျာ စေခိုင်းသည့် အတိုင်း အလိုက္ခလိုက်လုပ်ကြရ၏။ ဆရာကြီးအဘ ဦးရွှေဂန်၏ လိမ္မာပါးနပ်သည့် လုပ်ရပ်ဟု ကျွန်တော် သဘောပေါက်လိုက်မိလေသည်။

စောကလျာနှင့် စောနန္ဒာတို့က ကျွန်တော်တို့နှစ်ယောက်အား